
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## နုမျှစ်

စာမူခွင့်ပြုချက်အမှတ် - ၁၃၂၉/၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၉၃/၂၀၀၄ (၁၂)

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



# လမင်းမိုမို





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

အဖေ ပိုင်ဆိုင်သော ဒူးရင်းခြံ၊ တည်င်းခြံကြီးများထဲ မောင်နှမများနှင့် ရွယ်တူအဖော်များနှင့် ပြေးလွှားခုန်ပေါက်ဆော့ကစားရင်း **နုမျစ်** တစ်ယောက် အပျိုအရွယ် ရောက်လာတဲ့အခါတွင် ဘယ်လိုကြီးမှန်း မသိသော ကိုယ့်မိသားစုကိုကိုယ် နုမျစ် သဘောမတွေ့ ဖြစ်လာလေသည်။

အဖေသည် နုမျစ်တို့ မြို့ကလေးတွင် ဒူးရင်းခြံ၊ တည်င်းခြံ၊ ရာဘာခြံ သူဌေးဖြစ်သည်။ မနီးမဝေးက အခြားမြို့တစ်မြို့တွင်တော့ ပဲ၊ နှမ်း၊ မန်ကျည်း၊ ထန်းလျက် ကုန်သည်ပွဲရုံပိုင်ရှင်ကြီး ဖြစ်ပြန်သည်။ အတန်လှမ်းတဲ့ မြို့ကြီးတစ်မြို့တွင်တော့ အဖေက အဝေးပြေးကား၊ ကုန်ကားများ ထောင်ထားသော ကား



www.burmeseclassic.com

www.burmeseclassic.com



သင်းပိုင်ရှင် ဖြစ်နေပြန်သည်။ မြို့တိုင်းတွင် အဖေသည် သူဌေး စာရင်းဝင်။

ငယ်စဉ်ကတော့နှစ်လ သုံးလနေမှ တစ်ခေါက်ပြန်လာပြီး ဆယ်ရက်လောက် ဆယ့်ငါးရက်လောက် အတူနေ မြင်ရတွေ့ရပြီး ပြန်ထွက်ခွာ ပျောက်ကွယ်သွားပြန်တဲ့ အဖေ့ကို အလွန်အလုပ်များတဲ့ ကုန်သည်ပွဲစားလုပ်ငန်းပိုင်ရှင်ကြီးတစ်ဦးအဖြစ် သိခဲ့သည်။ ဒါ့ဟာလည်း အမေတို့ ကြီးတော်တို့ စကားအရပင်။

"နက်ဖြန် နင်တို့အဖေ လာမယ်၊ အဖေက အလုပ်သိပ်ပင်ပန်းလာတာနော်၊ နင်တို့ လိမ်လိမ်မာမာနေကြ၊ အဖေစိတ်မဆိုးစေနဲ့၊ သူလာတုန်းလာခိုက် စိတ်ဆိုးစရာ နင်တို့လုပ်ရင် နောက်ဆို အဖေက မလာပဲနေမယ်"

ဒါက အဖေ့အစ်မ ကြီးတော်ရဲ့စကား ဖြစ်သည်။

"အဖေက ဒီမလာတော့ ဘယ်အိမ်သွားနေမလဲ"

နုမျှစ်က ဒက်ခနဲ မေးခွန်းထုတ်တတ်သည်။ အစ်ကိုနှင့် အစ်မကတော့ မေးခွန်းရယ်လို့ထုတ်ဖို့ နားမလည်လို့လား၊ မေးခွန်းထုတ်နေရမှာ ပျင်းလို့လား၊ အပြစ်ဖြစ်မှာစိုးလို့လား မသိ။ အခါခပ်သိမ်း တုံဏှိဘာဝေ နေတတ်ကြသည်။





"အမယ်လေး ... ညည်းအဖေမှာ နေစရာအိမ်တွေ အများကြီး၊ ဘယ်နေနေ"

"အဲဒီအိမ်တွေ နုမျှစ်တို့လဲ လိုက်မနေရဘူးလား"

"ညည်းတို့ ဒီအိမ်ကြီးမှာ နေနေတာပဲဟာ၊ ဒီမှာပဲနေပေါ့"

"အဖေကျတော့ ဘာလို့ တခြားအိမ်မှာလဲ နေသလဲ"

"ညည်းအဖေက တခြားမြို့တွေမှာလဲ အလုပ်အကိုင်တွေရှိတယ် မဟုတ်လား ကလေးရဲ့၊ အဲဒီအလုပ်တွေလုပ်ရင်းနေဖို့ အိမ်လိုတာပေါ့၊ ညည်းတို့ကတော့ လိုက်နေဖို့မလိုပါဘူး၊ ဒီအိမ်ကြီးမှာပဲ ဘယ်လောက်ပျော်ဖို့ကောင်းသလဲ၊ အိမ်ဝင်းကြီးဆိုရင်လည်း အကျယ်ကြီး၊ အိမ်ကြီးက အကျယ်ကြီး၊ သူငယ်ချင်းတွေကလည်း ဒီမြို့မှာဟာကို၊ တစ်မြို့လုံးကလည်း ရဲတင့် သားသမီးတွေဆို အရေးလုပ်ထားကြရတာ"

ဒီအပြောမျိုးတွေနှင့် ကျေနပ်သွားရတတ်သည်မှာ ငယ်ငယ်တုန်းကသာ ဖြစ်သည်။ ကြီးလာတဲ့အခါတွင် ဘယ်သူကမှ ဘာမှ တကူးတက လုံးစေ့ပတ်စေ့ ဖွင့်ဟပြောပြစရာမလိုပဲ ဟိုစကားနှင့် ဒီစကား ဆက်စပ်ကာ ဟိုအဖြစ်အပျက်နှင့် ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းတွက်ကာ အစစအရာရာသော အခြေအနေတို့ကို အလိုလို နားလည်သိတတ်လာလေသည်။

အဖေ့ကို နှမျစ်တို့ ကြောက်ကြရသည်။ အမေရော အဖေ့အစ်မ ကြီးတော်ကပါ အဖေ့ကို ကြောက်ရရာ သားသမီးတွေ ကြောက်ရတာ ဘာမှမဆန်း။ ကြောက်ရလောက်အောင်လည်း အဖေက ဘယ်သူ့ကိုမှ မျက်နှာသာမပေး။ သားသမီးတွေကိုလည်း ယုယုယယမရှိ။ ထာဝစဉ် ဒေါသတကြီး ဆက်ဆံသည်။ အစ်ကို နှင့် အစ်မသည် အဖေ့နား ကပ်ကိုမကပ်။ နှမျစ်တစ်ယောက်သာ အငယ်ဆုံးသမီးမို့ ငယ်ငယ်က ဆိုးချင်နွဲ့ချင် ကပ်ချင်တဲ့အကျင့် က မကုန်သေးကာ ခုလည်းပဲ အဖေ့ကို ပြောစရာရှိ ပြောရဲဆိုရဲ ရှိသည်။

အဖေသည် သူ့နားမကပ်တဲ့ အစ်ကိုနှင့်အစ်မကို လည်း ဂရုမစိုက် ရှိတယ်လည်းမထင်။ မေးမြန်းမှုလည်းမပြု။ ကြီးလာတဲ့အခါ အဖေဟာ သားသမီးတွေအပေါ် ဟက်ဟက်ပက် ပက် မချစ်ခင်ဘူးဟု နားလည်လာသည်။

နာမည်ရင်းတွေဖြစ်သော "တိုးနှစ်" "သိမ်းသစ်" "နှမျစ်"စတဲ့ နာမည်ကောင်းကောင်းတွေကိုပင် အဖေက မခေါ်





ဝေါ်။ သားသမီးသုံးယောက်ကို သူ့အမြင်နှင့်သူ ချိုးနှိမ်၍ပေးထား သော အမည်ဆိုးများသာ ခေါ်နေကျ။ အစ်ကို့ကို "လူပျင်း"၊ အစ်မကို "အီးပေါလော"၊ နှမျစ်ကို "ပြဿနာမ"ဟူ၍ ဖြစ်သည်။

ကိုယ့်သားသမီးကိုယ် ဒီလိုခေါ်ရလားရယ်လို့ ရက် စက်ရာကျသော်လည်း အဖေမှည့်ခေါ်သော နာမည်တို့သည် သူမတို့ နှင့် အင်မတန်မှ လိုက်ဖက်အပ်စပ်လှသည်။

အစ်ကိုတိုးနှစ်သည် သားကြီးဩရသ ယောကျ်ားသား ရယ်လို့ ဘယ်နေရာမှာမှ အသုံးမကျ သုံးမရ။ ငေးတိငေးငိုင်နှင့် ငယ်ကတည်းက ပြေးလွှားကစားဖို့ပင် ပျင်းသလို ရှုပုပ်ပြီးတော့ သာ ငြိမ်နေတတ်သည်။ စာကလည်း ညံ့လှ၍ အတန်းတိုင်းနှစ် နှစ် သုံးနှစ် နေလာရာ အသက်ဆယ့်ခုနစ်နှစ်မှ ခုနစ်တန်းပဲရောက် သေးသည်။

ဆံပင်ဘုတ်သိုက်ကြီးကို မဖြီးမသင် ရှုပ်ပွ၍ လူက လည်း ညစ်တီးညစ်ပတ် နေတတ်သည်။ အရာရာကို အလိုမကျ။ ငြိမ်သက်ပြီး ထိုင်နေတတ်ကာ မျက်နှာသည် အစဉ်အမြဲ မှုန်တေ နေသည်။ သူ့ထံက ကြားရသော စကားဟူသမျှသည် ရှင်လန်း အားရစရာ တစ်လုံးမှမပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းအိပ်ရာထသည်နှင့် ထာဝစဉ် မကြည်မသာဖြစ်နေကာ ရေမချိုးချင်၊ ခေါင်းမဖြီးချင်၊ ကျောင်းမတက်ချင်။ ထမင်းပွဲရောက်လျှင် ဟင်းချေးများမည်။ သူ့ကို တစ်ခုခုပြောဆိုလျှင် အမေတို့ ကြီးတော်တို့နှင့် စကားများမည်။ တစ်အိမ်လုံးရှိသမျှထဲက ကောင်းနိုးရာရာ အဖြစ်ဆုံးကို ရှာဖွေစားသောက်ကာ အချိန်တန် အမေ့ဆီလက်ဖြန့် ပိုက်ဆံတောင်းမည်။

ယောက်ျားပျိုရယ်လို့ လည်ဟယ်ပတ်ဟယ် အရက်သောက်ဟယ် မကောင်းမှုလုပ်ဟယ် မရှိ။ အစားအသောက် ထွက်စားတာ ရုပ်ရှင်ထွက်ကြည့်တာကလွဲလျှင် အိမ်မြဲသည်။ အိမ်မှာပဲ မပျင်းမရိ ကွမ်းလေးဝါးလိုက်၊ ဆေးပေါ့လိပ်လေးဖွာလိုက်၊ စာဖတ်သလိုလို ဗီဒီယိုကြည့်သလိုလို၊ ယောင်တိယောင်နှ အဓိပ္ပာယ်မဲ့ဖြစ်နေတတ်ပြီး ညီမတွေကိုလည်း ညီမတွေရယ်လို့ ခေါင်းထဲမရှိ။ သူနေချင်သလို နေနေရလျှင် ပြီးနေကာ ခုနစ်တန်းစာမေးပွဲကိုပင် မဖြေတော့ဘဲ ကျောင်းပညာကို ပြီးဆုံးလိုက်တဲ့သူ ဖြစ်သည်။

ဘယ်လိုကြီးမှန်းကို မသိတဲ့ အစ်ကိုတိုးနှစ်သည် နုမျစ်ထက် ငါးနှစ်ကြီးသည်။ နုမျစ်သည် အသိဉာဏ်ရှိလာကတည်းက အစ်ကို့ကို ကြည့်လို့မရ။ စကားကောင်းလည်း ပြောလို့မရ။





ရုပ်ကလည်း မလှ။ အစ်ကိုသည် နုမျစ်အတွက် စိတ်ပျက်စရာကြီးပင်။

အစ်မ သိမ်းသစ်ကား အဖေ့ရဲ့ "အီးပေါလော"အမည်နှင့် လိုက်အောင်ပင် ပေါချာချာကြီး ဖြစ်သည်။ လူကြီးက ပေါင်တစ်ရာ့ရှစ်ဆယ်လောက်ရှိအောင် ဝသည်။ လှုပ်တုတ်တုတ်အိပ္ပဲပဲနှင့်။ သို့သော် အစ်မက အမြဲပြုံးနေတတ်သည်။ သူ့အနား ဘယ်သူလာလာ ပြုံးပြတတ်မြဲ။

ဖောင်းအိသော မျက်နှာကြီးမှာ ပြုံး၍မျက်စိသူငယ်ကြည့်တတ်ပုံက သနားစရာကောင်း၍ ထင်သည်။ ကြီးတော်က အစ်မကို ချစ်သည်။ အစ်မသည် အခန်းအောင်း ငြိမ်သက်နေတတ်ရာ အစ်ကိုနှင့်တူသည်။ သူ့ကို ဘယ်အချိန်အခါ ကြည့်လိုက်ကြည့်လိုက် လက်ထဲတွင် မုန့်တစ်ထုပ်ကိုင်ကာ တကျွတ်ကျွတ်ဝါးနေတတ်သည်။

မောင်နှမသုံးယောက်ထဲမှာ အစ်မက အသားဖြူဖွေးကာ မျက်ခုံး နှာတံ နှုတ်ခမ်းတွေ ပုံကျ၍ အချောဆုံး ဆိုနိုင်သော်လည်း မျက်စိမှာ အနည်းငယ် ဈွေနေလေသည်။ အစ်မရဲ့ပုံဟာ တစ်မျိုးကြီး။ ထုံထိုင်းကြီး။ နုမျစ် ကြီးလာတဲ့ အခါမှာတော့



www.burmeseclassic.com

www.burmeseclassic.com



အစ်မ့ဟာ ကျပ်မပြည့်လှဘူးရယ်လို့ အလိုလို သိလာပါသည်။ အစ်မက အစ်ကိုထက်ဆိုးကာ စာသင်မရ။ ငယ်ငယ်က ကျောင်းနေတုန်း အစ်ကို့လို စာမကျက်တာ မဟုတ်ပဲ ကျက်လျှက်နှင့် ဘာမှ မရသူပေ။

စာကျက်လျှင် တစ်လုံးချင်း ထစ်အ,ဆွံ့,တုံ့,ဗွာရှုတ်ဖတ်နေတတ်ပြီး စာမေးပွဲတွင် ဘာမှ ဖြေမလာ။ လေးတန်းထိတော့ ရောက်ခဲ့ကာ ကျောင်းထုတ်လိုက်ရပါသည်။ တစ်ခုခုဆိုလန့်ဖျပ်တတ်ကာ အငိုလွယ်သည်။ အဖေအသံမာနှင့် သူ့ဟာသူ စကားပြောနေတာကိုပဲ သူ့အခန်းထဲ သူနေရင်း အလန့်တကြား ငိုနေတတ်တဲ့အစ်မ ဖြစ်သည်။

အဖေနှင့် လူချင်းမဆုံရအောင် ပုန်းရှောင်နေတတ်သည်။ တစ်ခါတစ်ရံ နံ့သာပုင်္ကက်ပျော့သီးလေးလို ဖောင်းအိနေသော သူ့လက်မ သူကိုက်ရင်း ငေးမောနေတတ်သည်။ ငေးငိုင်နေရာမှ သတိဝင်လာသလို လက်ထဲက မုန့်ထုပ်ကို အလောတကြီး အပူတပြင်း စားနေတတ်ပြန်သည်။

အစ်မကိုကြည့်ရတာ ဗိုက်ပျက်စရာကြီးနှင့် စိတ်ဓာတ်ကျစရာကြီး ဖြစ်သည်။ ထို့ကြောင့် အစ်မနားလည်း နမျစ်မကပ်





ချင်။ ကလေးဘဝကသာ မောင်နှမသုံးယောက် အတူကစားဖူးသော်လည်း တဖြည်းဖြည်း အသက်ကြီးလာတော့ တစ်ယောက်စီ သီးသန့်ဝေးကွာနေလေသည်။

အမေ့အမည်က ဒေါ်စောနှစ် ဖြစ်သည်။

အမေသည် မလှပ။ အမေ့ အသားအရေသည် ဖြူသော်လည်း လျော်ဝါဝါနိုင်သည်။ အမေ့မျက်နှာအခွံသည် ကျောက်ဖရုံသီးတစ်လုံးနှင့် တူသည်။ လုံးတုံးတုံး ရှည်တည်တည် ဖြစ်သည်။ မျက်ခုံးမျက်လုံး နှာတံပါးစပ်တို့က အလယ်နားတွင် စုနေ၍ နဖူးတွင်လည်းကောင်း၊ ပါးပြင်အစွန်းတို့တွင်လည်းကောင်း၊ မေးစေ့တစ်ဝိုက်၌လည်းကောင်း နေရာလွတ်တွေ ပေါ်လွင်နေသည်မှာ ကြည့်ရတာ ဟာတာတာ နိုင်သည်။

အမေသည် အစ်ကိုနှင့် ချွတ်စွတ်တူသူ ဖြစ်သည်။ အစ်ကိုလည်း ဤပုံစံအတိုင်းပင်။ အစ်မသည် အမေ့မျက်နှာအခွံထဲတွင် အဖေ့မျက်ခုံး နှာတံ နှုတ်ခမ်းတို့ ထည့်ထားသလိုမို့ ရုပ်အနည်းငယ် ချောနေတာဖြစ်သည်။

နမျစ်ကတော့ မလှပတာ သေချာသော်လည်း အမေနှင့်လည်း သေချာမတူ၊ အဖေနှင့်လည်း သေချာမတူပေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ ဝိုင်းစက်နက်တောက်၍ စိမ်းမှောင်စူးရဲစွာကြည့်တတ်ပုံမှာ အဖေနှင့်တူ၍ နှာတံပါးစပ်တို့ အမေနှင့်တူကာ မလှ။ မျက်နှာအခွံသည် အမေ့လို ကျောက်ဖရုံသီးမကျ၊ အဖေ့လို လေးထောင့်မကျ။ မျက်ခုံးမွေးများများ။ ခြုံကာပြောရင် ဘယ်လိုမှ မလှ။

နုမျစ်တို့ မောင်နှမသုံးယောက်ကို မသိတဲ့ သူစိမ်းတွေ ခုမှစ,တွေ့ဖူးလည်း မောင်နှမမှန်း သိကြသည်။ သိသာတဲ့ တစ်စုံတစ်ခု သုံးဦးလုံးမှာ ပါနေလို့ ဆင်တူနေလို့ ဖြစ်မည်။ မျက်လုံးလား မဟုတ်။ မျက်ခုံးလား မဟုတ်။ နှာတံလား မဟုတ်။ ပါးစပ်လား မဟုတ်။

"နင်တို့မောင်နှမသုံးယောက်က တစ်ယောက်နဲ့တစ်ယောက် ရုပ်မတူကြပါဘူး၊ ဒါပေမဲ့ ဘာဖြစ်လို့ မောင်နှမမှန်း တန်းသိအောင် တူနေတာလဲ၊ နင် သိလား၊ မှတ်ထား၊ နင်တို့သုံးယောက်လုံး ရုပ်ပေါ်မှာ အီးဒီးယက်(Idiot) ရုပ် ထွက်နေလို့"

ထိုစကားကို နုမျစ်ရဲ့ ဘာန်းတူသူငယ်ချင်း နေဦးက ပြောတော့ သူမတို့ ဆယ်တန်းရွှယ်ရောက်ပေပြီ။ Idiot ရဲ့ အဓိပ္ပာယ်





ဟာ အဖျင်း၊ အထုံ၊ အ,အ၊ အရူးအနှမ်း၊ လူ့အနွံဆိုတဲ့ အဓိပ္ပာယ်မှန်းလည်း နုမျစ် သိနေပြီ။ အစ်မကို အဖေခေါ်သလို "အီးပေါလော"တွေပေါ့။

"ခေါင်းကြီးကြီး ခေါင်းစောင်းစောင်းကြီးတွေနဲ့ ကြည့်တဲ့ပုံ၊ ပါးစပ်လှုပ် စကားပြောတဲ့ပုံ၊ လက်လှုပ်ရှားတဲ့ပုံတွေက Idiot ရုပ်ထွက်ပြီး ဆင်တူနေတာ ... ဟား ဟား ဟား"

အဲသလို ပြောနေတဲ့ နေဦးကို ဘာမှန္တတ်က ဖွင့်ဟာ မတုံ့ပြန်ဖြစ်လိုက်ပေမဲ့ နုမျစ် စိတ်ထဲက နာလှသည်။ နာမည့်သာ နာသည်။ တကယ်တော့ နုမျစ်တို့မိသားစုသည် ဒီမြို့မှာ တကယ့် ၁င် Idiot မိသားစုဆိုတာ နုမျစ် ရိပ်မိနေပြီးခဲ့ပေပြီ။

အမေကစ,လို့ပေါ့။

ကိုယ့်အမေမို့ ချစ်ခင်မြတ်နိုး ရှိသေမှုအပြည့်နှင့်ပင် အပြုသဘော ဝေဖန်ကောက်ချက်ချတာ ဖြစ်ပါသည်။ အမေသည် ကျပ်မပြည့်ဘူးဆိုနိုင်ဖို့ တဲတဲကလေးပဲ လိုပါသည်။ ကျပ်ပြည့်တယ် ... လို့ ဆိုကြပါစို့။ သာမန်လူကောင်းတစ်ယောက်ကို ဒီလူကျပ်ပြည့်တယ်လို့ပြောနိုင် - မလိုသော်လည်း အမေက သူ "ကျပ်ပြည့်တယ်"လို့ ပြောရမှာမျိုး ဖြစ်ပါသည်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



နေဦး ပြောတာ မမှား။ ရုပ်ဆင်းအင်္ဂါတွေမှာကိုက ပါနေသည်။ ရုပ်ချင်းမတူတာတောင် မျက်နှာပေါ်က အကြောစိုင်တွေ လှုပ်ရှားတာကပဲ တူနေသလား မသိပါ။

နုမျစ်တို့ မိသားစုလေးယောက် (အမေ၊ အစ်ကို၊ အစ်မနှင့် နုမျစ်)ကို လူတိုင်းက သားအမိတွေမှန်း သိကြသည်။ အဖေကတော့ လူချောလူဖြောင့်ပင်။ အမေ့ရုပ်သည် အထုံအထိုင်း အနုံအဖျင်းရုပ် ထွက်ကို ထွက်နေသည်။ ထို့ကြောင့်လည်း ရုပ်ရည်ကြန်အင်မှာ ဖြူစင်အပြစ်ကင်းလှသည်။

မျက်လုံးနှင့် ဝေးကွာကာ အပေါ်ပင့်တက်နေသလိုရှိသော မျက်ခုံးကွေးကွေးက မသိနားမလည်ခြင်းကို ထင်းထင်းပြနေသည်။ အဲဒီအထက်မှာ မဟာနဖူးပြင် ကျယ်ကျယ်ပြောင်ပြောင် ရှင်းရှင်းကြီး ကျန်နေသေးသည်။ အမေ့မျက်လုံးလေးများမှာ ပိကျနေသည်ကိုပင် ဖွင့်ထားရသလိုလို လျားလျားလေးနဲ့ ကျဉ်းပါလှသည်။ ထိုအထဲမှ မျက်ဆန်သေးသေးတို့သည် ရွှေ့လျားမှုနှေးကွေး၍ အစွမ်းအစ မရှိတော့ ထင်ထင်ရှားရှား ပေါ်နေသည်။

နှာတံသည် အရင်းရော အဖျားရော တစ်ဖြောင့်တည်းသစ်ပင်စည်လို ခပ်တန်းတန်းကျနေကာ အတန်ငယ် ပိပိလေးဖြစ်





၍ ပြားသည်လည်း မဆိုသာ။ အမေ၊ အစ်ကို၊ အစ်မတို့ရဲ့ ပါးစပ်တို့သည် အလကားနေရင်း ဒီတိုင်းနေရင်း အမြဲပွင့်ဟနေသည်။ နဂိုနေကိုက ပါးစပ်အဟောင်းသား ဖြစ်နေတာမျိုး ဖြစ်သည်။

နုမျစ်လည်းပဲ ငယ်စဉ်က ဒီလိုပင် ပါးစပ်အဟောင်းသားနှင့် ဖြစ်သည်။ ကိုယ့်ရှေ့က ကိုယ့်အနီးကလူတွေ နေတဲ့ထိုင်တဲ့ လှုပ်ရှားတဲ့အတိုင်း လိုက်လုပ် လိုက်နေမိလို့ပင်။ အတော်အရွယ်ရလာမှ ပါးစပ်အဟောင်းသားဟ,ပြီး နေခြင်းဟာ လူတစ်ယောက်ရဲ့ အသရေကို ယုတ်လျော့ကျဆင်းစေတာ သိနားလည်လာကာ ကိုယ့်ပါးစပ်ကိုကိုယ် သတိထား၍ စေ့ရပိတ်ရသည်။

ဒါတောင် ခုထိ တစ်ခါတစ်ရံ မေ့လျော့ပြီး သတိလက်လွတ်နေမိလျှင် ပါးစပ်က ဟ,သွားတတ်သည်။ မနည်းသတိထား၍ ကိုယ်ဟန်မျက်နှာအမူအရာကို နုမျစ် ပြင်ယူထားခဲ့ပါသည်။ မပြင်လို့လည်း မရတော့။ နုမျစ်တို့ မိသားစုအပေါ် မြို့က အနီးပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့ အမြင်ကိုလည်း သိလာရိပ်မိလာပြီ။ အတင်းစကား တချို့ကိုလည်း ကြားဖူးပြီ။ ကျောင်းမှာ ရွယ်တူတွေကြားမှာ နုမျစ်တို့ မောင်နှမတွေကို ကျဉ်ချင်တာလည်း သိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နုမျစ် အကျဥ်မခံနိုင်။ လူထဲဝင်ဆန့်ပေါင်းသင်းချင်သည်။ နုမျစ်သည် Idiot တစ်ယောက် မဟုတ်တာ လူသိစေလိုသည်။ အားလုံးက ငပေါကြီးတွေ သဘောထား၊ ကျဥ်ရှောင်ကာ စာရင်းမထည့်နေကြလျှင် နုမျစ်ဘဝသည် အစ်ကိုတို့ အစ်မတို့အတိုင်း အိမ်ထဲပိတ်အောင်းကာ ဘဝသေဆုံးသွားမည်။

အစ်ကိုနှင့် အစ်မကိုတော့ ဘဝသေနေပြီထိ မဆိုသာ။ ဘာကြောင့်လဲဆိုတော့ အစ်ကိုက ရာခိုင်နှုန်းနည်းနည်း၊ အစ်မက ရာခိုင်နှုန်း အသင့်အတင့် တကယ်ပဲ ကျပ်မပြည့်ကြလို့ပင်။ စားဖို့အိပ်ဖို့လောက်ပဲ သိကြကာ အစ်ကိုက ဒေါသကြီး၍ အင်မက သဘောကောင်းတာပဲ ကွာသည်။ သူတို့အတွက်ကလွဲ၍ ဘာဆိုဘာမှ မသိနားမလည်ကြ။ သူတို့အတွက်တောင် သူတို့ အကွက်စေ့အောင် မသိကြရှာပါ။

ဆယ်တန်းလောက် အရောက်တွင် နုမျစ်သည် အသက်ဆယ့်ရှစ် ဆယ့်ကိုး ရှိပြီ။ နုမျစ် ကိုယ်တိုင်ပင် ဉာဏ်မကောင်းလှ၍ ရှစ်တန်းနှင့် ကိုးတန်းကို နှစ်နှစ်စီဖြေမှ အောင်ခဲ့လို့ပင်။ ဒါပေမဲ့ နုမျစ်သည် သူ့ကိုယ်သူ သိသည်။ သူမက Bright မဖြစ်လွန်းတာကလွဲ၍ လူကောင်း။ လူသာမန်။





သူငယ်ချင်းတွေက တစ်တန်းတည်းထား ပေါင်းတာကိုပဲ ခံချင်သည်။ နုမျစ်တွင် ပုံမှန်အသိပညာ ဗဟုသုတ အတွေးအခေါ်တွေ ရှိသည်။ နုမျစ် စာလည်းဖတ်သည်။ စာဖတ်ဝါသနာပါ၍ ဝတ္ထုမဂ္ဂဇင်း၊ ဂျာနယ်၊ ပညာပေး စာစုံအောင်ဖတ်သည်။ အတွေးလည်း အတော်ကို ဖြန့်ကျက်တတ်လေပြီ။

တစ်နေ့တော့ အိမ်က တစ်ဦးတည်းသော ပုံမှန်ထက်ထက်မြက်မြက်ရှိသူ ကြီးတော်ကို နုမျစ် ဆိုင်းမဆင့် ဗုံမဆင့် မေးကြည့်သည်။

“ကြီးတော် … အဖေနဲ့ အမေကို လူကြီးတွေ ပေးစားတာလား”

ကြီးတော်သည် အလန့်တကြား ဖြစ်သွားကာ …

“ဟဲ့ … နုမျစ်၊ ညည်းကို ဘယ်သူ ဘာပြောတာ ကြားခဲ့လို့လဲ”

“ဘာမှမပြောပါဘူး၊ ဘာမှမကြားပါဘူး၊ နုမျစ် စဥ်းစားကြည့်တာ၊ အဖေက လူချော လူဖြောင့်၊ ထက်မြက်ပြီးအစွမ်းအစ အရည်အချင်းလည်း ပြည့်စုံတယ်၊ ပြီးတော့ အဖေက တစ်ကိုယ်ကောင်းလည်း နည်းနည်းဆန်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စရိုက် ရှိတော့ အမေလို မိန်းမကို ချစ်လို့စောင့်ရှောက်ဖို့ ကြင်ကြင်နာနာ ယူခဲ့တာတော့ မဖြစ်နိုင်ဘူး၊ သူများပေးစားလို့ ယူရတာပဲ နေမယ်”

ကြီးတော်က နုမျစ် တွေးခေါ်တတ်တာကိုပဲ အားရဝမ်းသာ ဖြစ်နေပုံနှင့် မငြင်းမဆန် ခေါင်းညိတ်ပြရင်း ...

“အေးဟဲ့ ... နုမျစ်၊ ညည်း စဉ်းစားတာ မှန်တယ်၊ လူကြီးပေးစားပြီး ယူဖြစ်ကြတာဟဲ့”

“ဒါဖြင့် အမေက အရင်ကတည်းက သူဌေးသမီးပေါ့”

ကြီးတော်က နုမျစ် အတွေး ကွက်တိမှန်တာကို ပြုံးလိုက်ရင်း ...

“အေးပေါ့၊ မစောနှစ် မိဘတွေက ဒီဒူးရင်းခြံ တညင်းခြံတွေ ရာဘာခြံတွေ ပိုင်ခဲ့တာပဲလေ။ သူတို့က မျိုးရိုးရှိတယ်အေ့၊ မစောနှစ် အဒေါ်လေး တစ်ယောက်လည်း ဒီလိုပဲ ကျပ်မပြည့်ဘူး၊ သေတော့လည်း အတော်သွက်သွက်လည်ပြီးမှ သေတာ၊ သူတို့မျိုးရိုးထဲမှာ အဲဒီရောဂါ ဗီဇပိုးပါတယ်ဟဲ့၊ မစောနှစ်ကတော့ ကျပ်မပြည့်ဘူး ပြောမရဘူးပေါ့လေ၊ ဒါပေမဲ့ ပြောမရရုံတစ်မယ်ပါ၊ စာလည်းသင်လို့မရခဲ့ဘူး ...





ဒီသမီးလေးတစ်ယောက်တည်းဆိုတော့ ညည်းတို့ဘိုးဘွားတွေ ဘယ်ရတက်အေးပါ့မလဲအေ၊ တစ်သက်လုံးပစ်မသွားမဲ့ယောကျ်ားမျိုး ရှာပေးစားရစ်ခဲ့မှ ဖြစ်မှာမဟုတ်လား”

“အဖေက အဘိုးအဘွားတို့ရဲ့ အလုပ်သမားလား”

“အေးကွယ်၊ ငါတို့မောင်နှမ ရာဘာခြံထဲ စောင့်ပြီးနေရတာ၊ ညည်းအဖေက ရာဘာလုပ်သားပေါ့၊ ဒါပေမဲ့ ညည်းအဖေက သွက်လက်ထက်မြက် ဖင်ပေါ့ပြီး နိုးကြားလုံ့လရှိတာ သိပ်သိသာတာကိုး၊ ညည်းအဘိုးအဘွားက အားကိုးတယ်အေ့၊ နောက်ဆုံးတော့အေ ... မစောနှစ်ကို တစ်သက်လုံး မပစ်ဘူး၊ မကွာဘူး၊ ပေါင်းပါ့မယ်၊ ရှာကျွေးပါ့မယ်ဆိုတဲ့ ကတိတောင်းပြီး လက်ထပ်ပေးစားခဲ့ကြတာပဲ”

“အဖေက လက်ခံတယ်လား”

“ကျေးဇူးရှင်ကလည်းဖြစ်၊ ပြီးတော့ ညည်းအဖေက ရည်မှန်းချက်သိပ်ကြီးတာအေ့”

“ခုတော့ အမေ့ကို ပစ်တော့ မပစ်ဘူးပေါ့နော်”

ကြီးတော်က နုမျစ် မျက်နှာကို စေ့စေ့ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ညည်းအဖေကို ညည်းနားလည်တဲ့စိတ်နဲ့ တွေးပေးသင့်တယ်၊ ကြီးတော်က ကိုယ့်မောင်မို့ မောင်ဘက်လိုက်မပြောပါဘူး၊ မစောနှစ်ကို ငါ ချစ်ပါတယ် နုမျှစ်ရဲ့၊ ဒါပေမဲ့အေ ..."

"နုမျှစ် နားလည်ပါတယ် ကြီးတော်၊ ကြီးတော်ကိုလည်း သိပ်ကျေးဇူးတင်တာပဲ"

"အလိုတော်"

"ကြီးတော်က အမေက အစပြုပြီး နုမျှစ်တို့ မောင်နှမသုံးယောက်လုံးကိုပါ စောင့်ရှောက်ပေးတယ် မဟုတ်လား၊ နုမျှစ်တို့ မမွေးခင်တည်းကနေ ဒီအရွယ်ရောက်တဲ့ထိ။ ကြီးတော် အတူမရှိခဲ့ရင် ဘယ်လိုများ ဖြစ်နေခဲ့ကြမယ် မသိဘူးနော်၊ ကြီးတော်ပဲ ချက်ပြုတ်ကျွေးမွေးတာကအစ၊ အမေတို့ အစ်မတို့ဆိုတာ ဗိုက်ဆာတာတောင် ကိုယ့်ဟာကိုယ် ထ,မစားတတ်၊ မစားရဲတာမျိုးလေ၊ ကြီးတော်က စားကြစို့၊ ရေချိုးကြဟော့လို့ မနှိုးဆော်ရင် အမိန့်မရဘူးထင်ပြီး ဘာမှမလုပ်ရဲတာကိုး၊ အမေဆိုလည်း ကိုယ့်အိမ်အလုပ် ကိုယ်မလုပ်တတ်ဘူး၊ ကြီးတော်က ကြမ်းတွေတိုက်





စမ်းဆိုလည်း တိုက်တာပဲ၊ ကြီးတော် ရှိလို့ပါပဲ၊ အဲဒါကြောင့် ကြီးတော်ကို ကျေးဇူးတင်တယ် ပြောတာပါ"

"အင်း ... ငါ့တူမလေး နုမျှစ် တစ်ယောက် တွေးတတ်ခေါ်တတ် အသိဉာဏ်နဲ့ ပါလာတာ ဘုရားပေးတဲ့ဆုပဲ၊ ညည်းတို့အဖေကို မပစ်မှားနဲ့နော်၊ သူ့ခမျာ ဒီလာရင် စိတ်ချမ်းသာစရာ ဘာရှိလို့လဲ၊ သားရယ် သမီးရယ်လို့ ကြည့်လိုက်တော့လည်း စိတ်ပျက်စရာကြီးတွေ ဖြစ်နေတာ ...

အစကတည်းက သားသမီးတောင်ယူဖို့ ညည်းအဖေက ချင့်ချိန်သေးတယ်၊ ဒါပေမဲ့ ညည်းအမေကလည်း မသိနားမလည်နဲ့ဆိုတော့ ...။ အင်း ...၊ ညည်းအဖေကမွေးရင်လည်း မစောနှစ် မျိုးဆက်ရယ်လို့ တစ်ယောက်လောက်တော်ပြီပေါ့၊ ဒါပေမဲ့ မစောနှစ်ကလည်း နားလည်အောင်ပြောပြလို့မရ။ သုံးယောက်ထိ မွေးမိလို့လည်း ညည်းပါလာတာဆိုတော့ ဘာပဲဖြစ်ဖြစ် ကံဆိုးထဲက ကံကောင်းပါပဲအေ"

နုမျှစ်သည် သူတို့မိသားစုရဲ့ အသွင်သဏ္ဌာန်မျိုးတော့ ါတာ အမှန်ပင်။ ဦးခေါင်းကြီးကြီး နဖူးကျယ်ကျယ် ပခုံးကားကား



www.burmeseclassic.com

www.burmeseclassic.com



လူကောင်ထွားထွားနှင့် လမ်းလျှောက်လျှင် မရဲတရဲလိုလို လိမ်ဖယ်ဖယ် ရှိတတ်သည်။ ကိုယ့်ကိုယ်ကိုယ် လူကောင်းပါလို့ ဘယ်လောက် သိသိ ပြင်ပကလူတွေနှင့် မျက်လုံးချင်း အကြာကြီး တည့်တည့်ဆိုင် မကြည့်ဝံ့ပေ။

ကိုယ့်ကို လူတွေက ဘယ်လိုထင်မလဲ၊ မြင်မလဲဆိုသည့် အားငယ်တတ်သော လူတောမတိုး လူရာမဝင် စိတ်လည်း တိတ်တခိုး အမြဲရှိပေသည်။ တစ်ခါတစ်ရံမှာ ကိုယ့်ကို ခွဲခြားတဲ့ သူ့အပေါ် နာကြည်းမှတ်တေးတတ်၍ ကလေးဘဝကတည်းက ကြောက်ကန်ကန်သလို တုံ့ပြန်ရန်လုပ်မှုမျိုး ရှိတတ်၍ “ပြဿနာမ” အမည်တွင်ရတာပင်။

အပျိုရွယ်ရောက်လာလျှင် အခြားအပျိုတို့နည်းတူ လှချင်သည်၊ ပချင်သည်၊ ဝတ်ကောင်းစားလှ ဝတ်ချင်သည်။ ကိုယ့်အပေါ် စိတ်ဝင်စားသူ ရှိမည့်အရေး မျှော်လင့် ရင်ခုန်တတ်ပေသည်။

ခက်တာက နုမျစ်က ခြုံ၍ကြည့်သော် မလှပ။ ကိုးလိုးကန့်လန့် မှုရာမျိုး ရုံဖန်ရံခါ ရှိတတ်သည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် တစ်မြို့လုံးက သူလည်း ကျပ်ပြည့်ချင်မှပြည့်မှာ၊





မပြည့်တပြည့် နေမှာပေါ့လို့ သတ်မှတ်ထင်မြင်ကြသည်။ ဤအချက်တွေကြောင့် ဘယ်ယောက်ျားလေးတစ်ယောက်ကမှလည်း နုမျစ်ကို စိတ်မဝင်စားပေ။

အတန်းထဲတွင် နုမျစ်သည် လှပကျော်ကြားသော မိန်းကလေးတို့နှင့် ရွေး၍ပေါင်းသည်။ တစ်ဖက်က ပေါင်းချင်ချင် မပေါင်းချင်ချင် သူက ကျွေး၍ ပေး၍ ပေါင်းသည်။ အတင်းလိုက်၍ အုပ်စုထဲ ဝင်နေသည်။ မြို့မှာထင်ရှားသော အသင့်အတင့်ကြွယ်ဝသော နေဇာ၊ သီဂီ၊ ဝင်းဝင်းသင်းတို့ သုံးယောက်တွဲနှင့် အတန်းထဲမဟာ အတူသွားတွဲထိုင်ကာ သူပါ အများဂရုစိုက်ရတဲ့ အထဲ မပါ,ပါအောင် တိုးဝင်သည်။

နေဇာတို့ သူမကို မလိုလားကြလှတာ နုမျစ် သိပါသည်။ ဝမ်းနည်းခြင်း၊ မခံချင်ခြင်း၊ သူတို့ကို အမြင်ကတ်ခြင်းကြားထဲကပင် နုမျစ်သည် သူတို့ကို သည်းခံပေါင်းသည်။ လူတကာရဲ့အမြင် သူမအပေါ် နိမ့်ပါးမှန်းသိ၍ မြင့်မြင့်မားမားတွေနှင့် တမင် အတင်းကပ်ပေါင်းနေခြင်းတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂

မရှက်မကြောက်တန်း ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် နုမျစ် အပျိုဖော်ဝင်စ ဆယ့်ငါးနှစ်ပတ်လည် အရွယ်လောက်တွင် တိတ်တခိုး စွဲလမ်းမှုးသည်ကား သူငယ်ချင်း "နေဦး"ပင်။ စွဲလမ်းရအောင်ကလည်း ရွယ်တူတန်းတူ အဆင့်တူထဲ များများ စားစား ရှိတာမဟုတ်။

နေဦးရဲ့အဖေဟာ မြို့တလေးက ဆရာဝန်ကြီးတစ်ဦး ဖြစ်ပါသည်။ ဆရာဝန်သားအဖြစ် နေဦးက ကျောင်းမှာထင်ပေါ်သည်။ နုမျစ်တို့ ခုနစ်တန်းလောက်ကတည်းက မြို့ကိုပြောင်းလာကာ ကျောင်းအတူနေခဲ့ကြတာ ဖြစ်ပါသည်။ နေဦးက နုမျစ်ထက် ငယ်ပါသည်။





နေဦးဟာ မျက်လုံးမျက်ခုံး လှပမည်းတောက်၍ ဉာဏ်ထက်မြက်ကာ သွက်လက်ဖျတ်လတ်လွန်းတဲ့ လူငယ်လေး တစ်ဦး ဖြစ်ပါသည်။ ပထမတော့ နေဦးနှင့် ဒီလောက်ကြီး မခင်မင်။ နုမျစ် ရှစ်တန်းနှစ်မှာ အစ်မအပြင်းဖျား၍ အပြင်ကို ဆေးခန်းပြဖို့လည်း ခေါ်ငင်မရ၍ အိမ်ကို ဆရာဝန်ပင့်ရတော့ သူ့အဖေနှင့်အတူ နေဦး ပါလာသည်။

နေဦးသည် နုမျစ်တို့ တစ်အိမ်လုံးရဲ့ ပုံသဏ္ဍာန်တွေကို စိတ်ဝင်တစား အံ့အားတသင့် ဖြစ်နေတာမို့ နုမျစ် ရှက်နေခဲ့မိသည်။ အဖေရှိချိန်ဖြစ်၍ အဖေကပဲ ဆရာဝန်နှင့် စကားပြောဆိုသည်မို့သာ အဆင်ပြေပြေ ရှိတာ။ အမေချည်းသာဆိုလျှင် အမေဟာ ဘာလုပ်လို့ လုပ်ရမည် ပြောရမည် သိမှာမဟုတ်။

ခုလည်း ဖြူဖြူပုံ့ပုံ့ကြီး တစ်နေရာမှာ ကျုံ့ကျုံ့ထိုင်လျက် ဆရာဝန်ထံ ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။ အရင်က ကျောင်းမှာ ခပ်တန်းတန်းပဲဖြစ်သော နေဦးနှင့် ထိုအချိန်ကစ,ပြီး နောက်ပိုင်းမှာ ခင်မင်သွားကြရတာပင်။

ချောသော ဉာဏ်ထက်သော စာတော်သော ဆရာဝန်သားလေး နေဦးကို ဝန်းရံကြတဲ့ မိန်းကလေးတွေက အများသား။



www.burmeseclassic.com

www.burmeseclassic.com



နမျစ်အဖို့ တိုးမပေါက်နိုင်ပါ။ ဒါပေမဲ့ နေဦး ကိုယ်တိုင်ကိုက နမျစ်တို့ မိသားစုကို စိတ်ဝင်စားလာသည်ဖြစ်၍ နမျစ်ကိုပါ ခေါ်ခေါ်ပြောပြော တရင်းတနှီး ဆက်ဆံလာသည်။

ကိုးတန်းမှာ အတန်းတူလာကြတဲ့အခါ နေဇာတို့ သိဂီတို့ ဝင်းဝင်းသင်းတို့ဟာ နေဦး အရေးစိုက် ခေါ်ပြောလာတဲ့ နမျစ်ကို အရင်ကလောက် မဖယ်ကျဉ်ကြပဲ သူတို့အုပ်စုထဲ ချဉ်းကပ်တိုးဝင်မှုကို အနည်းငယ် လက်သင့်ခံသလို ငြိမ်နေကြပါတော့သည်။ လိုလိုလားလားကြီးတော့ မဟုတ်လှ။

မဟုတ်လည်းပဲ နမျစ် အဖို့အရေးမကြီးပါ။ သူမကို "တစ်မျိုးကြီးပဲ"ဟု မပေါင်းချင် မသင်းချင်သလိုလို ရှိတတ်ကြမြဲဟာ ထုံးစံမို့ ကျောင်းရဲ့နာမည်ကြီးအုပ်စုက အင်တင်တင်ကလေး လက်သင့်ခံတာကိုပင် နမျစ်ကတော့ ကျေနပ်လှပြီ။

ကျောင်းရဲ့ နာမည်ကျော် အလုပဂေးတွေဖြစ်သော သူတို့ကိုပင်လျှင် နေဦးက ခင်မင်ခေါ်ပြောပေမဲ့ အများကြီးစကား လက်ဆုံကျတာမဟုတ်။ နမျစ်ကိုတော့ နေဦးက အကြာကြီးစကား လက်ဆုံကျ ပြောဆိုမေးမြန်းနေတတ်သည်။ သူ့စကားတွေကတော့ ဘာမှ အဆန်းတကြယ် မရှိ။





နမျစ်တို့ မိသားစုကိုပဲ သူ့အဖေနဲ့ထပ်တူ နေဦးက စိတ်ဝင်စားနေကာ ဒီအကြောင်းကိုပဲ လှည့်ပတ်မေးမြန်းနေတတ်တာ။ တစ်ခါတစ်ရံမှာတော့ နမျစ်က နေဦး အမေးတွေကို ဖြေဖို့ ရှက်နေတတ်ပါသေးသည်။

"နင့်အစ်မက ကျောင်းမနေတော့ဘူးပေါ့"

"အင်း"

"ဘယ်နှတန်းနဲ့ ထွက်လိုက်တာလဲ"

"ငါ မသိဘူး"

"ဟာ ... နင် မသိဘူးလို့ ဖြစ်နိုင်ပါ့မလား၊ နင့်အစ်မ အကြောင်းပဲဟာ"

"ငါ ငယ်သေးတာကိုးဟဲ့"

"နှစ်နှစ်ခွဲပဲ ငယ်တယ်ဆို"

"ဟုတ်တယ်"

"ဒါဖြင့် နင့်အစ်မ ကျောင်းမတက်တော့တဲ့ အချိန်မှာ နင်လည်း အတော်အတန်း ရနေလောက်ပါပြီ၊ မသိဘူးမှ မဖြစ်နိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်က ဖွတ်မိုတ်၍ ...

"ငါမေ့နေတယ်"

"ရှစ်တန်းလောက်လား"

"ဟင့်အင်း"

"ခုနစ်တန်းလား ... ခြောက်တန်းလား"

"မသိဘူး"

နုမျစ် တမင်တကာ မေ့ချင်ယောင်ဆောင်နေတာကို ရိပ်မိနေသော နေဦးက ပြုံးစိစိ ဖြစ်နေတတ်သည်။ ခဏနေမှ အငိုက်ဖမ်းကာ မေးတတ်တဲ့သူမို့ ကယောင်ကတန်း အငိုက်မိတတ်တဲ့ နုမျစ် ထံမှ သူသိချင်တာကို မသိရဘဲ မနေပါ။

"နင့်အစ်ကိုရော ဘယ်နှတန်းမှာ ထွက်လဲ"

"ခုနစ်တန်း"

ခုနစ်တန်းလောက်မှ ထွက်တာကိုတော့ နုမျစ်က သိပ်မရှက်လှ၍ လေးတန်းနဲ့ထွက်တဲ့ အစ်မလို မဖုံးဖိ။

"နင် နှစ်တန်းတုန်းကပေါ့၊ နင့်အစ်ကိုနဲ့ နင်က ငါးနှစ်ကွာတယ်ဆို"





"ငါးနှစ်တော့ ကွာတယ်၊ ဒါပေမဲ့ ငါ နှစ်တန်းတုန်းက ထွက်တာမဟုတ်ဘူး၊ ငါလည်း ခြောက်တန်းလား မသိဘူး ရှိပြီ"

"ဘယ်လို ဖြစ်လို့လဲ"

"အစ်ကိုက ကြားမှာ စာမေးပွဲတွေ ကျသေးတယ်လေ"

"သြော် ... ဟုတ်ပြီ၊ နင့်အစ်ကိုနဲ့ နင့်အစ်မ ဘယ်သူအရင် ကျောင်းထွက်လဲ"

"အစ်မ"

"နင့်အစ်မကော စာမေးပွဲတွေ ကျသေးသလား"

"နှစ်ခါလောက် ကျဖူးတယ် ထင်တယ်"

"ဒါဖြင့် နင့်အစ်မ ကျောင်းထွက်လိုက်တော့ နင်နဲ့အတန်း အတူတူလောက်မှာ ဖြစ်မှာပေါ့"

"အင်း ... ဟုတ်တယ်"

"ဒါဖြင့် နင့်အစ်မက လေးတန်းလောက်မှာ ကျောင်းထွက်လိုက်တာ ဖြစ်မှာပေါ့"

နုမျစ်က နေဦးကို မျက်လုံးကြီးပြူးကာ ကြည့်မိသည်။ ဘယ်လိုများ တွက်ချက်စဉ်းစားလိုက်ပါလိမ့်။ စိတ်ထဲ ကျဉ်းကျပ် ကသိကအောက်ဖြစ်သွား၍ နုမျစ် ခေါင်းကိုစောင်းမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ ဆောင်းနှင်းကြီး ထားနေမိကာ မျက်လုံးကြီးပြူး ပါးစပ်က သတိလက်လွတ် အငိုက်မိခိုက် ဟ,လာသည်။ နုမျစ်ရဲ့ ဤအသွင်သဏ္ဌာန်ကို နေဦးက အတော်မျက်စိစပါးမွေးစူးဟန်ရှိပြီး ...

"ဟိတ် ... ဟိတ် ... နုမျစ်၊ နင့်ခေါင်းကြီး ပြန်တည့်လိုက်စမ်း၊ ပါးစပ်ကို ပိတ်ထားလေ၊ နှုတ်ခမ်းကို ဟောလိုစေ့ပြီး"

နုမျစ်သည် ရှက်ရှက်နှင့် ကိုယ့်ပုံစံကို ပြင်ကာ မျက်နှာပြင်ပင် နီရဲလာသည် ထင်သည်။

"နင် ခုန ဖြစ်သွားတဲ့ပုံမျိုးကြီး ဘယ်တော့မှ မလုပ်နဲ့ သိလား"

"ဘာဖြစ်လို့လဲ"

"နင် အဲသလိုကြီး သတိလက်လွတ်နေရင် နင့်အစ်မတို့ နင့်အစ်ကိုတို့နဲ့ တူတယ်၊ ဘယ်လိုကြီးလဲ မသိဘူး၊ နင် သိပ်မစဉ်းစားနဲ့၊ နင် စဉ်းစားခန်းဝင်နေ အတွေးနက်နေရင် အဲဒီပုံမျိုး ဖြစ်ဖြစ်လာတယ်"

"ငါ့အစ်မ လေးတန်းနဲ့ ကျောင်းထွက်တာ နင် ဘယ်လိုလုပ် သိသွားလဲလို့ ငါ စဉ်းစားနေတာ၊ နင် ဘယ်လိုတွက်နည်းနဲ့ တွက်လိုက်တာလဲ"





နေဦးက တဟားဟား ရယ်ပါသည်။ ရယ်မောတဲ့အခါ နေဦးမှာ သွားစွယ်ချွန်ကလေး တစ်ဖက်တစ်ချက် ရှိသည်။ ထိုသွားစွယ်လေးတွေကြောင့် သူ့မျက်လုံးတွေပါ ရီလဲ့တောက်ပြောင်သွားတတ်ပြီး ပိုပြီး လှပသွားတယ်လို့ နုမျစ် ထင်သည်။ နေဦး မျက်နှာ ရွှင်ပျရယ်မောနေလျှင် နုမျစ် အမြဲပဲ အငေးတမော ဖြစ်နေမိတတ်ခဲ့ပါသည်။

"ငါ့အဖေကိုတောင် နင့်အဖေက ထမင်းစားဖိတ်ဦးမယ်လို့ ပြောထားတယ်"

"အခု အဖေမရှိဘူး"

"ဟုတ်လား"

"ဟိုလေ ... ဟိုဟာလေ၊ အဖေက တခြားမြို့မှာလည်း အလုပ်တွေ ရှိသေးတယ်ဟ၊ အဖေ့အလုပ်တွေက အများကြီး"

"အင်းပေါ့ ... ကုန်သည်အလုပ်ဆိုတော့ အချိန်မရွေး အလုပ်ရှုပ်တတ်တာပဲ၊ နင့်အဖေ ပွဲရုံတွေ "--" မြို့မှာရှိတာ ငါ့အဖေ ပြောဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နုမျှစ် မျက်နှာလေး နီမြန်းသွားသည်။ အဲဒီ "––" မြို့မှာ ပွဲရုံအပြင် ဘာရှိသေးတယ် ဆိုတာကော နေဦး သိလေမလား။ နေဦးက ဉာဏ်ပြေးတဲ့သူပဲ။ မှန်းဆတွက်ချက်တော်တဲ့သူပဲ။ သူတစ်ပါးတွေဆီကလည်း ကြားရပြီး ဖြစ်နိုင်သည့် အတင်းအဖျင်း သတင်းပလင်းတို့ကို ရင်းရင်းချာချာ သဘောထားပြီး တိုင်တိုင်ပင်ပင် ဖွင့်ပြောပြရင်များ ကောင်းမလား။

"နင်တို့ အဖေက အလုပ်များပေမဲ့ နင်တို့ကို သူ့စိတ်ထဲ ရှိပါတယ်၊ နင့်အစ်မက ကျန်းမာရေး မကောင်းဆုံးဆိုတော့ နင့်အစ်မနဲ့ ပတ်သက်ပြီး ဖေဖေ့ဆီမှာ ပူပူပန်ပန် တိုင်ပင်တတ်ပါတယ်၊ နင်တို့ကို နင်တို့အဖေက ချစ်ပါတယ်ဟ"

ဤစကားဟာ တကူးတက နှစ်သိမ့်အားပေးတဲ့ စကားရယ်လို့ နုမျှစ်က နားမလည်တတ်ပေ။ နေဦး ဒီလိုထင်နေတာကိုပဲ ချော်လဲရောထိုင် ဂုဏ်ယူကျေနပ်နေလိုက်မည်ဆိုတဲ့ စိတ်ပဲ ရှိသည်။

ဘာကိုမဆို လည့်ပတ်မေးရင်း တွက်ဆရင်း အမြဲ သိသွားတတ်မြဲ နေဦးဟာ အဖေနှင့် ပတ်သက်လို့တော့ တစ်ခါမှ လှည့်ပတ်အစ်အောက်မမေးပါ။ အားပေးစကားသာ ဆိုတတ်သည်။





သူ့ဘာမှမသိဘူးပဲ ထင်ကာ နုမျှစ်ကလည်း စိတ်လုံခြုံနေတတ်ပါသည်။

"နင် စာတွေ လိုက်နိုင်ရဲ့လား နုမျှစ်"

"အင်း ..."

"မရတာရှိရင် ငါ့ကို မေးလေ၊ ငါလည်း ကူပြောပြပေးမှာပေါ့၊ ငါက နည်းနည်းပါးပါးတော့ နားလည်အောင် ရှင်းပြတတ်ပါတယ်"

"တကယ်လား"

"တကယ်ရှင်းပြတတ်ပါတယ်ဟ"

"ရှင်းပြတတ်မှာ ငါ ယုံပြီးသားပါဟ၊ စာမေးရမယ်ဆိုတာ တကယ်လားလို့"

"ဪ ... တကယ်ပေါ့ဟ"

"ဒါဖြင့် ငါ ဘယ်တော့မေးရမလဲဟင်၊ ပြီးတော့ ဘယ်မှာ မေးရမလဲ"

"ကြိုက်တဲ့အချိန် ကြိုက်သလိုမေး၊ ကျောင်းမှာမေးလည်း ရတယ်၊ ငါတို့အိမ် လာမေးရင်လည်းမေး"

"ရလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်ဆို"

ဤအခွင့်အရေးအတွက် နုမျစ် တစ်ယောက် အကျေ
နပ်ကြီး ကျေနပ်ရင်ဖိုခဲ့ရပါသည်။ တစ်ကျောင်းလုံးရဲ့ စိတ်ဝင်စာ
စရာ အကောင်းဆုံး ယောကျ်ားလေး တစ်ယောက်က သူမကို
ဤသို့ ဖော်ဖော်ရွေရွေ အရေးတယူ ရှိတာအတွက် ဟန်ဆောင်
လို့ မရနိုင်လောက်အောင်ကို ခေါင်းမော်နေခဲ့မိသေးသည်။

"ဟဲ့ ... နုမျစ်"

"ဘာလဲ သင်္ဂီ"

"နင်နဲ့ နေဦး စကားတွေ အများကြီး ပြောပြောနေကြတာ ဘာတွေ ပြောနေကြတာလဲ"

နုမျစ်သည် သူ့လို အခွင့်အရေး မရကြသော အလ
သုံးယောက်ကို ဂုဏ်ယူဝံ့ကြွားသော ရုပ်နှင့်ပေမဲ့ ဘာမှအရေး
မကြီးလေဟန် ...

"သြော် ... နေဦးက သူ့အိမ်ကို လာဖို့ ငါ့ကိုဖိတ်နေတာ ပါ"

"နေဦးက ... !"

"အင်း ..."





"နင့်ကို ... !"

"အင်း"

"ဘာလုပ်ဖို့တဲ့လဲ"

နုမျစ်က သင်္ဂီတို့ သုံးယောက်ကို မျက်စောင်းရှယ်
ရင်း ...

"ဘာလုပ်ရမလဲဟဲ့၊ လာလည်ဖို့ ခေါ်ပါတယ်ဆို"

သူတို့သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်
ယောက်ကြည့်၍ ကုပ်ကို ပြိုင်တူပုလိုက်ကြကာ "ဟီ"ခနဲ အသံ
ထွက်အောင် ရယ်တာလား၊ ကျိတ်အော်တာလား၊ ဘာသံပြုတာလဲ
သေချာခွဲနားမလည်နိုင်အောင် ရှုတ်မြည်ကြပြီး ရယ်ကျဲကျဲ ဖြစ်နေ
ကြပါသည်။

နုမျစ်က မျက်မှောင်ကြုတ်ရင်း ...

"ဘာလဲ ... နင်တို့က"

"သြော် ... ဘာ ... အဲ ... မသွားပါဘူး ဆိုမှီက နင့်ကို
သူ့အိမ်ဖိတ်တယ်... လုပ်မနေပါနဲ့ နုမျစ်ကလည်း၊ ဒီ ...
နော်" ...ရင်လေ နေဦးအတွက် ဖားတွေဝယ်သွား"

"ဒါတော့ ငါလည်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ မိဝင်း ဆိုရင် နေဦးအိမ် သိပ်သွားလည်ချင်တာ

အပဲ ...၊ ဒါပေမဲ့ နေဦးက သူ့ကိုမဖိတ်ပါဘူး၊ နှင့်ကို

ဖိတ်တာတော့ အပဲ"

"နှင်ကလည်း တဟဲဟဲနဲ့ ဘာဖြစ်နေတာလဲ"

"ဪ ... နှင့်အတွက်နဲ့ ပျော်လို့ပေါ့ဟယ်"

"သူက ဖိတ်ပေမဲ့ ငါက သွားချင်မှ သွားမှာပါ"

"ဟယ် ... ဟုတ်လား၊ ဘာဖြစ်လို့လဲဟယ်၊ နှင့်နေရာမှ

မိနေဇာသာဆိုရင် ကျွမ်းပစ်ပြီးတောင် သွားလည်မှာ။ နှ

ကလည်း အဲလိုမလုပ်ပါနဲ့ဟယ်၊ နေဦးက ခင်လို့ခေါ်တာ

ပဲဟာ သွားလည်လိုက်ပေါ့ နုမျှစ်ရယ်၊ ဟိုကခေါ်ရတဲ့သူ

သနားပါတယ်ဟယ်"

နုမျှစ်က ခေါင်းကလေး တစ်ချက်ကုတ်ရင်း ...

"ဪ ... နေဦးက သူ့အိမ်ကို သနားပါတယ်၊ ဒါပေမဲ့

ပါ" ပါ၊ သူက ယောက်ျားလေး

"နေဦးက ... !" ကွဲ"

"အင်း ..." ဟဲ ... ဘာဖြစ်လို့လဲ"





"နှင်ကလည်း ...၊ အဲသလို တစ်ခွန်းဖိတ်တာနဲ့ သွားတော့

ကောင်းမလားဟဲ့"

"ဪ ... နုမျှစ်ကလည်း၊ နှစ်ခွန်းလောက် ဖိတ်လာရင်

တော့ သွားလိုက်ပါဟယ် ... နော်၊ သိလား"

နုမျှစ်သည် သူတို့သုံးယောက်ကို သက်ာမကင်းကြည့်

ရင်း ခေါင်းကလေး ကုတ်ကာ ကုတ်ကာ ...

"ဟာ ... မသိဘူးဟာ၊ နှင်တို့ကလည်း ငါ့ကိုဝိုင်းစ,နေ

သလိုပဲ"

"ဪ ... မစပါဘူး၊ နှင်ကလည်း၊ တစ်လွဲထင်နေပြန်ပြီ၊

နှင့်ကို နေဦးက ခင်မင်အရေးပေးတော့ ငါတို့ကလည်း

နှင့်သူငယ်ချင်းတွေဆိုတော့ ငါတို့လည်း ဂုဏ်ရှိသလိုပဲပေါ့

ဟယ်၊ နှင် ဘယ်နေ့သွားလည်မယ် စိတ်ကူးလဲ"

"ဒီအပတ် ... အို ... မသွားပါဘူး ဆိုမှပဲဟာ"

"အမယ်လေး ... လုပ်မနေပါနဲ့ နုမျှစ်ကလည်း၊ ဒီ ပဲ ...

အပဲ ...၊ နှင်သွားရင်လေ နေဦးအတွက် ဖားတွေဝယ်သွား"

"ဖား ... !"



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျရာသီမို့ သူမတို့မြို့မှာ ထိုအချိန် ဖားပေါပါသည်။ ဈေးထဲတွင် ဆူဆူဝဝ စားဖားတွေ ကားနေအောင်ပုံကာ ထပ်ကာ ရောင်းနေတတ်ပါသည်။ သူတို့မြို့က လူအတော်များများလည်း ဖားသားဟင်းကို နှစ်ခြိုက်စားသောက်လေ့ ရှိကြပါသည်။

နုမျစ်ကတော့ မစားပါ။ ကြိုက်လည်း မကြိုက်ပါ ကြောက်လည်း ကြောက်ပါသည်။ ဗိုက်ပူပူ ဖားဖောင်းဖောင်းတွေကို အစ်ကို ပူဆာလို့ ကြီးတော် ဈေးကဝယ်လာပြီး ချက်ကျွေးတဲ့နေ့ဆို ဟင်းရန့်က ဘယ်လိုပဲ မဆလာနံ့လေးကဲကဲနှင့် မွှေးကြိုင်နေနေ ထိုနေ့အဖို့ နုမျစ်က ကြက်ဥကြော်နှင့်ပဲ ထမင်းစားလိုက်ပါတော့သည်။

"နေဦးက ဖားကြိုက်ပါ့မလား"

"ဩော် … ဒီလောက် စားကောင်းတဲ့ဟာ ဘာလို့ မကြိုက်ရမှာလဲ"

"သူက ရန်ကုန်ကလာတဲ့ ရန်ကုန်သား၊ ဆရာဝန်ကြီးသားလေ"





"အဲဒါနဲ့ ဘာဆိုင်သလဲ၊ နင်ကလည်း ကြောင်လိုက်တာ နုမျစ်ရယ်၊ ဟိုနေ့က သင်္ဂြိုဟ်ထမင်းဘူးထဲ ထည့်လာတာ နေဦး တောင်းစားလိုက်လို့ သင်္ဂြိုဟ်တောင် မစားရတော့ဘူး၊ ကုန်ရော"

"ငါလည်း မသိပါလား"

"ဩော် … နင် အမှတ်တမဲ့ မသိလိုက်တာပေါ့၊ နေဦး ကြိုက်တာ သေချာတယ်၊ ဟိုတစ်နေ့ကတောင် နေဦးအမေ ဈေးထဲမှာ ဖားမေးနေသံ ကြားသေးတယ်၊ အဲဒီနှစ်ရက် သုံးရက်က မိုးတိတ်နေတော့ ဈေးထဲမှာလည်း ဖားမရကြလို့ သူ မဝယ်လိုက်ရဘူးဟဲ့ …

ခုရက်ပိုင်းက မိုးရွာသားပဲ၊ ဈေးထဲလည်း ဖားကရှိနေတယ် နုမျစ်ရဲ့၊ နင် ဝယ်သွားလိုက်၊ နေဦး ကြိုက်တာ ဝယ်သွားပေးတော့ သူလည်း သဘောကျမှာပေါ့"

နုမျစ်သည် ဘာမှန်း ညာမှန်း သိပ်သိတတ် နားလည်တာ မဟုတ်။ နေဦး ကြိုက်တဲ့ဟာ ဆိုသည်နှင့်ပဲ စိတ်ပါသွားပါသည်။ ဒီလိုနှင့် စနေနေ့ တစ်ရက်ရဲ့ နံနက်ခင်းမှာ စာမေးဖို့ သချာၤစာအုပ်တွေ ထည့်ထားသည့်အိတ်က တစ်ဖက် ဈေးထဲက



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဝယ်လာသော ဖားဝဝကားကားကြီးတွေပါသည့် ကြွပ်ကြွပ်အိတ်က တစ်ဖက်နှင့် နုမျစ် တစ်ယောက် နေဦးတို့ ခြံဆီသို့ ရောက်သွားပါသည်။

ဆေးရုံအနီးက ခြံဝင်းကြီးနှင့် တိုက်ခံအိမ် နီနီကြီးမှာ နေဦးတို့မိသားစု နေသည်။ ခြံတံခါးဖွင့်ထား၍ လျှောက်ဝင်သွားကာ အိမ်ကြီးရဲ့ဆင်ဝင်အောက် ရပ်မိလျှင် ...

"နေဦး ... နေဦးရေ ..."

နုမျစ်သည် ခပ်ကြောက်ကြောက် ခပ်ရှက်ရှက် အသံတုန်လေးနှင့် နေဦးကို အော်ခေါ်ပါသည်။ သုံးခါလောက် ခေါ်မိလျှင် အိမ်တံခါးဝသို့ အသက်လေးဆယ်နီး အမျိုးသမီး ချောချောခန့်ခန့်တစ်ယောက် လက်သုတ်ရင်း ထွက်လာကာ ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ့်"

ဒါဟာ နေဦးအမေပဲ ဖြစ်ရမည်ဟု နုမျစ် သိသည်။ ဆရာဝန်ကြီးကတော်သည် မျက်နှာထား မတင်းပါ။ သဘောကောင်းဟန်အပြည့်နှင့် ချိုသာဖော်ရွေသောမျက်နှာ ရှိသည်။

"နေဦးနဲ့ပါ အန်တီ"

"ဩော် ... နေဦး သူငယ်ချင်း ထင်တယ်"





"ဟုတ်"

"လာလေ ... သမီး၊ ဝင်ထိုင်ပါ၊ သမီးသူငယ်ချင်းက ခုလေးတင်မှ အိပ်ရာထ,တယ်၊ ရေချိုးနေတယ် ထင်တယ်၊ အန်တီ ခေါ်ပေးမယ်"

နုမျစ်သည် နေဦးအမေ နောက်မှ လိုက်ဝင်လာကာ ...

"အန် ... အန်တီ ... ဒီမှာပါ"

"ဘာလဲ သမီး"

"ဟို ... ဖား၊ ဖားပါ၊ နေဦး စားဖို့"

"ဖား ... ! "

နေဦးအမေရဲ့ မျက်ခုံးများဟာ ပင့်တက်သွားကာ နဖူးအထက် တက်ကပ်တော့မည်။ မျက်လုံးမှာလည်း ပြူးဝိုင်းနေပြီးလျှင် နုမျစ် ကမ်းနေသော အထုပ်ကိုလည်း လှမ်းမယူပေ။

"ဖား ! ... ဘာလုပ်ဖို့ဖားလဲ သမီး၊ ဩော် ... ဘိုင်အိုမှာ ဖားခွဲဖို့တို့ ဘာတို့ ရှိလို့လား"

"မဟုတ်ပါဘူး အန်တီ၊ နေဦး စားဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နေဦး စားဖို့"

"ဟုတ်ကဲ့ ... ဘာဖြစ်လို့လဲ အန်တီ"

"နေဦးက မှာထားလို့လား သမီး"

"ဟို ... နေဦးကတော့ ... မမှာ ..."

"ဟဲ့ ... နုမျှစ်"

အပေါ်ထပ်လှေကားမှ တဒိုင်းဒိုင်း ဆင်းလာသော နေဦးက အောက်မရောက်ခင်ကတည်းက နုမျှစ်ကို လှမ်းနှုတ်ဆက်လိုက်သည်။ ရေချိုးပြီးစ, ဆင်းလာသော နေဦးသည် လတ်ဆတ်ရှင်းသန့် ဖြူဥနေသည်။ နုမျှစ်က နေဦးကို မော့ငေးကြည့်နေမိလေသည်။

နေဦးအမေက နေဦးကိုတစ်လှည့် နုမျှစ်ကိုတစ်လှည့် ကြည့်ရင်း ...

"သား သူငယ်ချင်းကို ဖားမှာထားလို့လား"

"ဘာလဲ မေမေ"

"ဖားလေ"

"ဖား ဘာလုပ်ဖို့လဲ"





နေဦးက မျက်ခုံး ဆတ်ခနဲ ရှုံ့ကာမေးလျှင် နေဦးအမေက နုမျှစ်ကို လှည့်ကြည့်လိုက်တာမို့ နုမျှစ်သည် ထစ်ထစ်အအနှင့် ...

"ဟိုလေ ... ဖား၊ ဖားသားဟင်း ... နင် ချက်စားဖို့"

"အမယ်လေး ဖားသားဟင်း၊ ငါက ဖားသားဟင်း ဘာဖြစ်လို့ ချက်စားရမှာလဲ၊ မစားချင်ပါဘူး"

နုမျှစ်သည် ချွေးသီးချွေးပေါက် သီးလာကာ မျက်နှာငယ်ငယ်နှင့် ...

"စားပါဟယ်၊ နင့်ဖို့ ငါ တကူးတက ဝယ်လာတာပါ၊ ယူလိုက်ပါ"

"အာ ... ဘာလို့ယူရမှာလဲ၊ နင့်ဟာနင် ပြန်ယူသွား၊ စိတ်ညစ်လိုက်တာ နုမျှစ်ရာ၊ နင်ကလည်း၊ ငါစားဖို့ ဝယ်လာစရာ ဒီလောက်ပဲ ရှားလား"

"ဟို ... ဟိုလေ ... နင် ကြိုက်တယ်ဆို"

"ဝေါ့"

နေဦး အမူအရာကြောင့် နေဦးအမေက လန့်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သားကလည်း၊ သူက စေတနာနဲ့ ဝယ်လာတာ ဥစ္စာ"

"တကယ်ပျို့သွားတာ မေမေရ၊ ကျွတ် ...၊ နင် ဘာစိတ်ကူးနဲ့များ ဒီဖားတွေကို ဝယ်လာရတာလဲဟာ၊ မုန့်တစ်ခုခုဝယ်ခဲ့တော့ ဘာဖြစ်သွားမှာမို့လို့လဲ"

"နင်က ဖားသားဟင်း သိပ်ကြိုက်တယ်ဆို"

"ဘယ်သူက ပြောလဲ"

"နေ့ဇာတို့၊ ဟိုးတစ်ခါ သိင်္ဂီ ထမင်းဘူးထဲ ပါလာတော့ နင် အရမ်းကြိုက်လို့ ယူစားလိုက်တာ ပြောင်ရောတဲ့၊ နင့်ဆီ သွားမယ်ဆိုရင် ဖားဝယ်သွားဆိုလို့ ... ငါက ..."

"ဟာ ... အဲဒီကောင်မလေးအုပ်စု အတော်ရှုပ်တာပဲ၊ အဲဒါ နင့်ကို တမင်တကာ ချွန်လိုက်တာဟ၊ ငါက ဖားဆိုရင် ကြောက်လွန်း ရွံလွန်းလို့ သိင်္ဂီစားနေတာမြင်တော့ ရှုံ့မဲ့နေမိလို့ ငါ့ထဲတောင် အတင်းထည့်ကြမလို့ လုပ်နေတာ၊ ငါ ထွက်ပြေးရတာ၊ အဲဒါ အခု နင့်ကို တမင်တကာ ချောက်တွန်းလွှတ်လိုက်တာ၊ သွား ... သွား ...၊ နင့်ဖားတွေ





တခြားယူသွားဟာ၊ အိတ်ထဲမှာ ကားယားတွေ တွေ့နေရတာတောင် ငါ စိတ်ညစ်လွန်းလို့"

မျက်နှာငယ်နှင့် ငိုင်နေသော နုမျစ်ကို နေဦးအမေက အကဲခတ်နေပါသည်။ ပခုံးထောက်ကာ နောက်ကိုကော့ထွက်နေတဲ့ ပုံမကျတဲ့ ဆံပင်တိုမှာ လက်ဖက်ရည်ပန်းကန်လုံးလောက် နှင်းဆီပွင့် ပန်းရင့်ရင့် တစ်ပွင့်ကို နားရွက်ပေါ်တင်ကာ ပန်ထားတဲ့ ခန္ဓာကိုယ်တောင့်တင်းတင်း ကြံ့ခိုင်ခိုင်နှင့် နုမျစ်ရဲ့ အချိုးမကျတဲ့ အသွင်သဏ္ဌာန်ကို ယဉ်ကျေးမှုမမဲ့ရုံတမယ် စိတ်ဝင်တစား ဖြစ်နေပုံပင်။

"မေမေ ... အဲဒါ ဖေဖေ ပြောဖူးတယ်မို့လား ... ဦးရဲတင့်လေ၊ ဦးရဲတင့်သမီး အငယ်ဆုံး နုမျစ်တဲ့၊ သားတို့နဲ့တစ်တန်းထဲ"

"သြော် ... ... ..."

သံရှည်ဆွဲလိုက်တဲ့ သူ့အမေရဲ့ "သြော်"မှာ အဓိပ္ပာယ်တွေ တစ်လှေကြီး တစ်ထွေးကြီး ပါဝင်သွားပါသည်။ ဦးရဲတင့်သမီးကိုး ... ဟု သိလိုက်တာနှင့် ဆက်ပြီး အကဲခတ်နေဖို့မလို



www.burmeseclassic.com

www.burmeseclassic.com



သလို နားလည်သဘောပေါက်သွားဟန်က နုမျစ် ရင်ကို အောင့်သက်စေသည်။ နေဦးအမေရဲ့ မျက်နှာတွင် ခုနကထက်ပင် ဖော်ရွေချိုသာဟန်ဲ့ ကြင်နာခြင်း စွက်လာကာ ...

"ကဲ ... သမီး၊ အထုပ်ပေးထား၊ အန်တီ ရေခဲသေတ္တာထဲ ထည့်ထားမယ်၊ သမီး ပြန်တော့ ပြန်ယူသွားလိုက်၊ နေဦးရော အန်တီရော ဖားမစားတတ်ဘူးကွယ့်၊ ဘာမှမဟုတ်ပါဘူး၊ စားနေမကျတော့ မစားရဲတာပေါ့၊ သမီးစေတနာကို ကျေးဇူးတင်ပါတယ် ...

သူငယ်ချင်းတွေကလည်း ဒီလိုတော့ နောက်ပြောင်ချောက်တွန်းဖို့ မကောင်းပါဘူး သားရယ်၊ ခမျာ ... အဟုတ်မှတ်လို့ တကူးတက ဝင်ဝယ်လာရှာတယ်"

နေဦးက ရယ်မောလိုက်ရင်း ...

"အဲဒီကောင်မလေးတွေက အဲလိုပဲ မေမေ၊ နောက်ရွှတ်ရွှတ်တွေ၊ နင်ကလည်း သူတို့ တစ်ခွန်းပြောတာနဲ့ ယုံရလား နုမျစ်ရယ်၊ ငါ့ကို အရင်မေးကြည့်ပါဦးလား၊ ဟုတ်လား မဟုတ်လား ဆိုတာ"





နုမျစ်သည် ရှက်လွန်း၍ မျက်ရည်လည်ရာမှ မအောင့်နိုင်ပဲ ထိုမျက်ရည်တို့က စီးလိမ့်ဆင်းကျလာသည်။ သူ့ကို ချောက်တွန်းတာ ခံရ၍ ဝမ်းလည်းနည်းမိသည်။ ရွယ်တူသူငယ်ချင်းချင်းက ချောက်တွန်းတာကိုကော နေဦးအမေ မျက်ဝန်းထဲက သာမန်မဟုတ်တဲ့ ကရုဏာသက်ပုံနှင့် အကဲခတ်ခြင်းကို ရင်ဆိုင်ရတာကြောင့်ရော စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိပါသည်။

"အို ... သမီး ... မငိုနဲ့လေ ... မငိုပါနဲ့၊ ကဲ ... ပေး ... ပေး ...၊ အန်တီ ခဏသိမ်းထားမယ်၊ နေဦးနဲ့ စကားပြောဦး"

နေဦးကတော့ အသံကျယ်ကြီးနှင့် ညှစ်ကာ ရယ်မောနေကာ ...

"နင်ကလည်းဟာ ငိုစရာလား၊ ကလေးပေါက်စ ကျနေတာပဲ"

နေဦး အဲသလိုပြောတော့ ပိုငိုချင်သည်။ နေဦးက ရီးရီးပဲပြောပြော နုမျစ် နားထဲတွင် အရှုးတို့ အပေါတို့ စတဲ့ စကားလုံးတွေကို ခံနိုင်ရည်မရှိပါ။ ကိုယ့်ကို တိုက်ရိုက်ကြီး အထိနာသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီအိတ်ကကော ဘာအိတ်လဲ၊ စာအုပ်တွေလား၊ နင် စာမေးမလို့လား၊ ဖားချည်းသက်သက် လာပေးတာတော့ မဟုတ်ဘူးမို့လား"

"ငါ စာမေးမလို့ လာတာပါပဲ၊ ဒါပေမဲ့ မမေးတော့ပါဘူးဟယ်၊ ငါ ပြန်တော့မယ်"

"စာမေးဖို့လာတာ မေးပေါ့ဟ၊ ဘာလဲ ... သနျာလား"

"အင်း ... ဒါပေမဲ့၊ ငါ ပြန်ပဲပြန်တော့မယ်ဟာ"

"ဘာဖြစ်လို့လဲ"

"ငါ ... ငါ ... ငါ ရှက်လို့"

နုမျှစ်က ဤသို့ပြောလျှင် နေဦးကတော့ လက်ခုပ်တီးကာ ခါးကုန်းကာပင် အားရပါးရ ရယ်သော်လည်း ထမင်းစားခန်းမှ နေဦးအမေက ပြန်ထွက်လာကာ ...

"အို ... ဘာရှက်ရမှာလဲ၊ သမီး နားမလည်တဲ့စာ နေဦးကိုမေးပေါ့၊ နေဦးက သူငယ်ချင်းကို စာရှင်းပြလိုက်၊ သားက တအားနဲ့ ရယ်နေတော့ နုမျှစ်က နေရခက်မှာပေါ့၊ နောက်လည်း စာနားမလည်တာရှိ လာမေး၊ ရတယ်သိလား သမီး၊ နေဦးလည်း အပန်းမကြီးဘူး၊ တစ်ကြော့





ပြန်ပြီး Revision လုပ်ရာတောင် ရောက်သေးတယ်၊ ဘာမှ အားမနာနဲ့၊ လုပ် ... လုပ် ... စာလုပ်ကြ၊ နေ့ခင်းကျ ... သမီး ထမင်းစားပြီးမှ ပြန်ပေါ့၊ ဘာမှ အားနာစရာမရှိဘူးသမီး၊ အချင်းချင်း ကူညီရမှာပေါ့၊ ဒီနှစ်တော့ သမီး ကိုးတန်းအောင်မှာပါ"

နုမျှစ်သည် နေဦးနားကပ်၍ စာမေးရ ဂဏန်းတွက်နေသော်လည်း စိတ်ထဲ မပျော်တော့ပဲ မွန်းကျပ်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃

နေဦးအမေဟာ သဘောကောင်းပေမဲ့ နေဇာတို့ အုပ်စုကိုဆိုလျှင် ခပ်တည်တည် ခပ်အေးအေးလေးသာ ဆက်ဆံပြောဆိုတတ်တယ်လို့ သိရသည်။ သဲသဲလှုပ် အရေးပေးပေး မရှိတတ်ပါ။ သို့သော် နေဦးအမေဟာ နုမျှစ်ကို ဆိုရင် လိုအပ်တာထက်ပိုပြီး ကြင်နာညှာတာ ချိုသာဖော်ရွေစွာ လိုလိုလားလား ဆက်ဆံမြဲပင်။

ဒါဟာ အဖေက မြို့ရဲ့မျက်နှာဖုံး ဂုဏ်ရှိသူဌေးမို့ မဟုတ်ဘူးဆိုတာ နုမျှစ်သိသည်။ နေဇာတို့ သိင်္ဂီတို့ ဝင်းဝင်းသင်းတို့ မိဘတွေဟာလည်း သူတို့ဟာနှင့်သူတို့ ပြည့်စုံကြွယ်ဝချမ်းသာကြသားပါပဲ။ နုမျှစ်ကိုမှ ဘာကြောင့် သိပ်ပြီးအရေးပေးသလဲ ဆိုတာကို နုမျှစ်သည် ရိပ်မိသလိုလိုနှင့် မရိပ်မိချင်ပေ။





ရိပ်မိရင် ဝမ်းနည်းအားငယ်ရမှာပေါ့။ အသက်တစ်နှစ် ပိုကြီးလာလေ နုမျှစ်၌ အသိဉာဏ်လေး အတွေးအခေါ်လေးလည်း ပိုရှိလာလေပင်။ သူများတကာလောက် ထက်ထက်မြက်မြက်ကြီး မရှိရင်သာနေမည်။ နုမျှစ်ဟာ ဘာမှမသိနားမလည်တဲ့ အထုံအထိုင်းကြီးတော့ မဟုတ်။

မြို့နယ်ဆရာဝန်ကြီးဆိုတဲ့ဂုဏ်နှင့် ဆရာဝန်ကြီးကတော်အဖြစ် ပွဲတကာတက် ဝင်ဆန့်ရ နေရာရလှတဲ့ နေဦးအမေဟာ သဘောကောင်းတာ အဆင့်အတန်း မခွဲခြားတတ်တာ တစ်ကဏ္ဍ။ သူ့ဂုဏ်သူ့ဒြပ်နှင့် ညီမျှသော မာန်ကလေးတော့ ရှိတာပါပင်။

ဒီကြားထဲမှာ သားချော သားလှ ထက်ထက်မြက်မြက်ကို မိခင်တော်ထားရတဲ့အတွက် မာနဂုဏ်လေးတော့ အထိုက်အလျောက် မောက်ပါသေးသည်။ ရန်ကုန်က ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းကြီး ချမ်းသာကြွယ်ဝတဲ့ မျိုးရိုးမှ ဆင်းသက်လာကာ လက်ရှိမှာ ဖခင်ဖြစ်သူက မြို့နယ်ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်ဒြပ်ဟာ နယ်မြို့တစ်မြို့အတွက်တော့ အတော်ပဲ ကြီးကျယ်ခမ်းနားနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် ဆယ်တန်းကျောင်းသားဘဝ ခုမှရောက် တဲ့ ဆယ့်ခြောက်နှစ်သား နေဦးကိုပင်လျှင် မြို့ပေါ်က မျက်နှာဖုံး သမီးရှင်တို့က သည်းသည်းလှုပ် ရည်မှန်းချက်ထားကာ အကြောင် မရှိ အကြောင်းရှာ ဝင်ရ ထွက်ရ ဖားရနှင့် အတော်ခြေရှုပ်ကြ ပါသည်။ ဒါတွေကြောင့်လည်း နေဦးအမေ မျက်နှာဟာ ခပ်မော် မော် ရှိနေတာ။

ရွယ်တူသမီးရှိတဲ့ သမီးရှင် အသိအကျွမ်းတို့နှ ရိုးရိုးသာမန်အသိအကျွမ်းတို့အပေါ် နေဦးအမေရဲ့ သဘောထားက မတူညီ။ သမီးရှိသူတို့ရဲ့ အဝင်အထွက်ကို မျှော်ကိုးချက်မကင်း မရိုးသားဟု ယူဆပုံရပါသည်။ ဣန္ဒြေရရသာ ဆက်ဆံတတ်ပုံက သက်သေတည်း။

သမီးရှင်တို့ကိုသော်လည်းကောင်း၊ သမီးဖြစ်သူတေ ကိုသော်လည်းကောင်း၊ ဣန္ဒြေရရ ဆက်ဆံတတ်ပေမဲ့ နုမျ အတွက်တော့ ချွင်းချက်။ နုမျစ်ရဲ့အဖေဟာလည်း မြို့မှာရှိချိန်ရှ ၍ ဒီလို ဝင်ထွက်နေဖို့ မအားပါ။ စိတ်ကူးထဲလည်း မရှိပါ အမေကတော့ ပြောနေစရာ မလို။ သမက်လောင်းအဖြစ် နေဦ ကို မက်မောမျှော်မြင်တတ်ဖို့ နေနေသာသာ ဈေးထဲမှာ ဈေးဝယ်





ရင်း နပ်အချမခံရအောင်ပင် မနည်း အားထုတ်ကြိုးပမ်းရတဲ့ အမေမို့ နေဦးအမေကိုဆိုရင် နုမျစ်အမေဟာ မြင်တောင်မမြင်ဖူး၊ ရှိမှန်းတောင် မသိပေ။

ဤသို့သော နုမျစ်အမေကိုမှ နေဦးအမေက သူကစ၊ တကူးတက မိတ်ဖွဲ့ကာ အတင်းလိုက်လျော ခင်မင်ပြသူ ဖြစ်သည်။

အမေမို့ ဈေးသွားလျှင် မြို့ခံ အရင်းတိုင်းသိကြတဲ့ ဈေးသည်တို့ဟာ ဘယ်လို လိုးရရိတ်ရမလဲ အကွက်ချောင်းနေ တတ်ကြသည်။ အားနည်းသူကို ဖေးကူလိုတဲ့သူဟာ လောကမှာ မရှိမဟုတ်၊ ရှိပေမဲ့ နည်းပါသည်။ အများစုဟာ တစ်ဖက်သားရဲ့ အားနည်းချက် အပေါ်မှာ ဘယ်လိုအမြတ်ထုတ် သွေးစုပ်လို့ရမလဲ ကိုယ့်အတွက် ချောင်းကြသည်။

ဈေးသည်တို့ဟာ သူတို့ရဲ့ တစ်နေ့တာ ရောင်းမကုန် တဲ့ အသားငါး ဟင်းသီးဟင်းရွက် အကျန်များကို အမေ့ကိုထိုး ကြိတ် သိမ်းကျုံးရောင်းဖို့ ကြိုးစားကြသည်။ နားဝင်အောင် ချော့ မော့တောင်းပန် ပြောလိုက်လျှင် အမေသည် လေးငါးရက် စား မကုန်နိုင်လောက်တဲ့ ပမာဏမျိုးကိုလည်း ဝယ်ချင်ဝယ်ချလာတာ ပင်။



www.burmeseclassic.com

www.burmeseclassic.com



"သနားလို့ မကြီးရဲ့၊ သနားလို့၊ ကျွန်မမှ မဝယ်ရင် သူတို့လည်း ရောင်းမကုန်တော့ဘူး၊ ဈွတ်ရောင်းတော့လဲ"

ဒါက ကြီးတော်ကို ပြန်ပြီး လေပြည်ထိုးတတ်တဲ့ အမေ့အပြောပင်။

"သူတို့ကို ညည်း သနားဖို့ မလိုဘူး မစောနှစ်ရဲ့။ သနားချင်း သနား သူတို့က ညည်းကို သနားရမှာ"

"မကြီးကလည်း သူတို့က ကျွန်မကို ဘာသနားစရာလိုလဲ၊ ကျွန်မက ခြေအကောင်း လက်အကောင်း"

"သူတို့ကကော ကျိုးပဲ့နေ့ဝဲနေလို့လား"

"သူတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာလေ"

"ညည်းလည်း ညည်းယောကျ်ားက နေ့တိုင်းလုပ်လို့ နေ့တိုင်း စားနေရတာပါပဲအေ၊ လူတွေကလည်း ယုတ်ကို ယုတ်တယ်၊ ကိုယ့်မလွန်ဆန်နိုင်တဲ့သူဆိုတာ သိသိနဲ့များ ဈွတ်အနိုင်ကျင့်ကြတယ်"

တစ်ခါတစ်ရံတွင် ပါလာသည့် သားငါးများက ပုပ်တာပုပ်နေတတ်သည်။ အဲသလိုဆိုလျှင် ကြီးတော်သည် ဒေါသတကြီး အော်ဟစ်ဆဲဆိုနေတတ်သည်။ ဈေးသည်တို့ကိုလည်း





ကျိန်ဆဲမဆုံး။ ရံဖန်ရံခါ ကြီးတော် ဈေးသွားတတ်ပေမဲ့ အားအားလျားလျား အေးအေးလူလူ ရှိလွန်းမှ။

အိမ်ကကိစ္စဝိစ္စတွေ စီမံခန့်ခွဲဖို့က ပိုအရေးကြီး၍ ကြီးတော်က အိမ်မှာနေရတာ ပိုများသည်။ အစ်ကိုရော အစ်မရော ဟာ ကြီးတော်စကားကိုမှ နည်းနည်းပါးပါး နားထောင်သေးသည်။ လန့်သေးသည်။

ပိုက်ဆံကျတော့ ကြီးတော်ထံတောင်းလျှင် ကြီးတော်က ဘာလုပ်ဖို့လဲ၊ ဘာလဲညာလဲ၊ များတယ်၊ မပေးဘူး လုပ်တတ်သည်။ အမေကတော့ အစ်ကို လာတောင်းလျှင် မျက်ခုံးကြီးပင့်ကြည့်ကာ ...

"ဘယ်လောက်လဲ"

"ငါးရာ"

ဆိုလျှင် ...

"အင့် ... ငါးရာ"

"တစ်ထောင်"

ဆိုလျှင်လည်း ...

"အင့် တစ်ထောင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီသားအမိနဲ့ ခက်သေးတယ်၊ သားလုပ်တဲ့သူကလည်း အိမ်မှာ ဒီလောက် ဗိုက်ရိုက်စားနေရတာ အပြင်ထွက် ဝယ်ခြမ်းစားသောက်ချင်သေးတယ်၊ မအေလုပ်တဲ့သူကလည်း တအင့်အင့်နဲ့ လက်လွယ်လိုက်တာ ပြောမနေနဲ့၊ ဖအေလုပ်တဲ့သူက ရှာနိုင်ပေလို့ပဲ၊ မဟုတ်ရင် ခက်ဦးမယ်"

ကြီးတော်သည်လည်း ဒီလောက်ပဲ ညည်းညူမြည်တွန်လို့ ရပါသည်။ အမေသည် သားငါးဟင်းသီးဟင်းရွက်သာမက တစ်ခါတစ်ရံ အဝတ်အထည်လိုဟာမျိုးပါ မတော်မတည့် ဝယ်လာတတ်သည်။

"ဟဲ့ ... မစောနှစ်ရဲ့၊ ဒါ ဘယ်သူဝတ်ဖို့လဲ၊ ဒီလောက်သေးသေးလေး၊ တစ်အိမ်လုံးက ဝိတ်ပေါကြီးတွေဟာကို၊ ဒီဟာလေး ဘယ်လိုသွားဝတ်မလို့လဲ၊ အတင်းထိုးရောင်းတိုင်း နင် ပါးစပ်ကြီး ရေငုံပြီး ဝယ်လာစရာလား၊ သေချင်တယ် ... သေချင်တယ်၊ ငါတော့ သေသာသေလိုက်ချင်တယ်၊ နောက်တစ်ခါ နင့်ကို ဖွတ်လက်ဆွဲရောင်းရင် ရှန်းပြီးတော့သာ ပြေးခဲ့၊ ကြားလား၊ ကြိတ်မှိတ်ပြီး အပါယူမလာနဲ့ဟဲ့၊ ဒုက္ခ ... ဒုက္ခ"





ဤသို့သော အမေကို ရံဖန်ရံခါ ဈေးမှာဆုံသော နေဦးအမေသည် ဆိုင်ဆိုင် မဆိုင်ဆိုင် ဘေးကဝင်ရပ်ကာ ...

"မစောနှစ် ... ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ၊ အိမ်အတွက် တန်သလောက်ဝယ်ပေါ့၊ ခါတိုင်း ရှင့်ယောက်မ ဘယ်လောက်သား မှာလဲ"

"ခြောက်ဆယ်သား"

"ခြောက်ဆယ်သား မှာတဲ့ဟာကို ဒီမှာ ချိန်နေတာ နှစ်ပိဿာကျော်နေပြီ၊ ရှင်တို့ကလည်း သူလိုသလောက်ပဲ ရောင်းပါ၊ ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာလဲ၊ ကိုယ့်ဟာတော့ ရောင်းကုန်ချင်ကြတာချည်းပေါ့၊ ရှင်တို့ သူများတွေကိုကျ ဒီလိုပဲ အထင်းထိုးကြိတ် ရောင်းရဲလား၊ ပြန်လျှော့လိုက်ပါ၊ သူ လိုချင်သလောက်ပဲ ချိန်ပေးလိုက်ပါ"

ဤသို့ ဝင်ပြီးကာကွယ် ပြင်းခုန်တတ်တဲ့အပြင် ...

"မစောနှစ် ဒီဝက်သားတွေ မဝယ်နဲ့လေ၊ မလတ်တော့ဘူး၊ အနံ့ထွက်နေပြီ၊ ဦးတရုတ်နှော် ... မလတ်တဲ့ ဝက်သားအပုပ်တွေ ဆိုင်ပေါ်တင်တဲ့အပြင် မသိတဲ့သူကို ရောင်းနေသလား ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဟာ … မဟုတ်ပါဘူး ဆရာဝန်ကြီးကတော်ရယ်၊ မရောင်းဖို့ ဖယ်ထားတာတွေပါ၊ ဟိုကောင်လေးက မသိလို့ ဆွဲချိန်မိတာပါ၊ မစောနှစ် ဒီဘက်ထဲကယူ … ရော … ရော့"

နေဦးအမေဟာ အမေ့ကို သူ့ဘက်က လိုက်လံစ တင်ပြီး ရင်းနှီးကျွမ်းဝင် ကူညီနေကာ …

"မစောနှစ် သမီးနဲ့ ကျွန်မသားနဲ့ ဆယ်တန်းမှာ အတူတူ တွေလေ"

အဲသလိုလည်း စတင် မိတ်ဖွဲ့ယူသည်။ တကယ်လည်း အမေ့အပေါ် ခင်မင်စေတနာထားတာပင်။ ဒါဟာ ဘာကြောင့်လဲ။ သားဂုဏ်ကလေး မောက်ချင်တတ်တဲ့ နေဦးအမေဟာ အမေ့အပေါ် နုမျစ်အပေါ် သားဂုဏ်မမောက်သည်မှာ ဘာဖြစ်လို့ပါလဲ။

တခြားသော မိန်းကလေးတွေဟာ သူ့သားကို စိတ်ညွတ်စေနိုင်စွမ်း ရှိနိုင်ပေမဲ့ နုမျစ်ဟာတော့ သူ့သားကို စိတ်ညွတ်စေနိုင်စွမ်း မရှိနိုင်ဘူးလို့ လုံးဝဥဿုံ ယုံကြည်ထားလို့ပဲ ရယ်လို့ နုမျစ် မရိပ်မိချင်ပေ။ ရိပ်မိလျှင် ရင်နာရသည်။ နေဦး





အမေ အန်တီသန့်ရဲ့ စေတနာတွေ အကြင်နာတွေဟာ တကယ်ပဲ စစ်မှန်ဖြူစင်လှပေမဲ့ နုမျစ် အတွက် နှစ်သိမ့်ကြည်နူးခြင်းကို မပေးစွမ်းနိုင်ပါ။

ကိုယ့်ထက် နိမ့်ပါးတဲ့ သူတွေအပေါ် ထားရှိတဲ့ အကြင်နာမျိုး နုမျစ်တို့ မိသားစုအပေါ် နေဦး အမေက ထားရှိနေခြင်းဆိုတာကို သိသည်။ တခြားအချက်အလက်တွေ နိမ့်ပါးနေတာ မရှိတာမို့ ဘာကနိမ့်ပါးသလို ဖြစ်နေတာကိုလည်း နုမျစ် သိသည်။ သူ့အမေ ထင်မြင်သလိုပဲ နေဦးဟာလည်း နုမျစ်အပေါ် လုံးဝ ဘယ်တော့မှ စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုတာကိုလည်း သိနေပါသည်။

နုမျစ်သည် နေဦးထံ စာမေးဖို့ သွားလျှင် ဘယ်တော့မှ လက်ချည်းမသွား။ စားစရာတစ်ခုခု လက်ဆောင်တစ်ခုခု ယုတ်စွအဆုံး အန်တီသန့်အတွက် ဘုရားပန်းဖြစ်ဖြစ် ယူသွားလေ့ရှိသည်။

ဒါကို မမျှော်လင့်ပဲ ပတ်ဝန်းကျင်ကလူတွေ၊ အတန်းထဲကလူတွေ သိနေကြတာကို နုမျစ် ပြန်သိလာရတဲ့အခါ အံ့အားတသင့် စိတ်မကောင်း ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နှမျစ်၊ နင် ဟိုတစ်နေ့က နေဦးအိမ်ကို ပန်းစည်းကြီးနဲ့ ရောက်သွားတယ်ဆို"

နေဇာက ပြုံးစိစိမေးလျှင် နှမျစ်က နေဇာ့ကို ကြောင်အ,ငေးငိုင်ကြည့်နေမိသည်။ အတန်ကြာမှ ...

"အဲဒါ ဘာဖြစ်လဲ"

"သြော် ... ဘာမှမဖြစ်ပါဘူး၊ ပန်းစည်းကြီးနဲ့ နေဦးဆီ သွားတယ်ဆိုတော့ နင်က ကဗျာဆန်ဆန်ပါလားလို့ တွေးကြည့်တာပါ ... အဟိ"

"နင့်ကို ဘယ်သူက ပြောတာလဲ"

"သြော် ... နေဦး ပြောတာပေါ့ဟဲ့"

"နေဦးက ငါ ပန်းစည်းကြီးနဲ့ လာတယ်လို့ ပြောတာပေါ့"

"အေး"

"ငါ သူ့အမေဘုရားတင်ဖို့ ပန်းစည်းပေးတာ ဘာဖြစ်လို့လဲ"

"သြော် ... ဘာမှ မဖြစ်ပါဘူး နှမျစ်ရယ်၊ ငါက ဒီလိုပဲ မေးကြည့်တာပါ"





ဒါပေမဲ့ ဒီမေးခွန်း ဒီစကားထဲမှာ မမြင်ရတဲ့ အဓိပ္ပာယ်တွေ ပါဝင်နေတာမို့ နှမျစ်စိတ်ထဲ မကောင်းသလို ခံစားရကာ နေဦးကို ပြန်မေးကြည့်သည်။

"နေဦး ... နင့်အိမ်ကို ငါက ပန်းစည်းကြီးပိုက်ပြီး ရောက်လာတယ်လို့ နင် နေဇာ့ကို ပြောတယ်ဆို"

"အင်းလေ ... ဘာဖြစ်လို့လဲ၊ ဟုတ်တာပဲဟာ"

နှမျစ်သည် နေဦးကို ခပ်တည်တည် စိုက်ကြည့်နေမိသည်။ အတိအလင်း ဖွင့်ပြောနေစရာ မလိုပဲ သဘောထားတွေက အထင်အရှား။ နေဦးဟာ ကွယ်ရာမှာ ဟားစရာတစ်ခုလုပ်ပြီး ပြောနေတာမှန်း နားလည်သည်။

ဒီလို ကွယ်ရာမှာ အရေးတယူ တခုတ်တရစကား ဖွဲ့ဆို ခံရတာ အကြိမ်များလာတဲ့အခါ နှမျစ် ရင်ထဲ နာကျင်လာသည်။ ရင်းနှီး ခင်မင်မှု ရှည်ကြာလာပြီး ဘာမဆို ပြောရဲဆိုရဲ ပြောမနာ ဆိုမနာ ရှိလာတဲ့ နေဦးဟာ နှမျစ်ကို စကားပြောလျှင်လည်း အားမနာ လျှာမကျိုး၊ ပိုးခနဲ ပက်ခနဲ ပိသလေးနှင့် ပစ်သလို ပြောတတ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်စ စိတ်ကစားချင်ချင်နှင့် နေဦးကို တိတ်တခိုး စွဲလမ်းရင်ခုန်ဖူးသော နုမျစ်သည် တဖြည်းဖြည်းနှင့် နေဦးကို စိတ်နာလာသည်။ ချောမောထက်မြက်သော ဤကောင်ကလေးဟာလည်း ကွယ်ရာမှာ နုမျစ်ကို ဟားမဲ့သူတစ်ယောက် မမျှော်လင့်ပဲ ဖြစ်နေလေသည်။

"နုမျစ် ဆိုတဲ့ Idiot မက ငါ့ကို ကြိုက်နေတာဟေ့ ... ဟား ဟား ဟား"... လို့ ကွယ်ရာတို့မှာ ရယ်ပွဲဖွဲ့နေမှာပင်။ ဒီလောက်ကြီး အတိအကျ ပြန်မပြောကြပေမဲ့ ကိုယ်တိုင်လည်း နားနှင့်ဆတ်ဆတ် မကြားရပေမဲ့ ဤသတင်းစကားတို့ ဖြစ်ပွားနေတာ သေချာသည့် သက်သေတစ်ခုမှာ ဆယ်တန်းက သင်္ချာဆရာမ ဒေါ်အေးခင်သည် အမေကြီးတော်တို့နှင့် ခင်မင်ကာ နုမျစ်ကိုလည်း အတန်ဂရုစိုက်တဲ့ ဆရာမတစ်ယောက်ဖြစ်ရာ တစ်နေ့တွင် နုမျစ်နှင့် ကျောင်းမှအပြန် လမ်းအတူလျှောက်လာရင်း ပြောသည်။

"နုမျစ် ... သမီး ... နေဦးဆီ စာသွားသွားမေးတယ်ဆို"

"ဟုတ်ကဲ့ ဆရာမ"





"နားမလည်တာရှိရင် ဆရာမကို ဘာဖြစ်လို့ မမေးလဲ သမီး"

"ဟို ... ဟို ... ဆရာမကို ကြောက် ... ကြောက်လို့ရော"

"အို ... ဘာကြောက်စရာရှိလဲ နုမျစ်ရယ်"

"အားလည်းနာလို့ရော"

"အားနာစရာလည်း မလိုဘူး၊ စာမေးချင်ရင် စနေတနင်္ဂနွေ တွေ ဆရာမအိမ်ကို လာခဲ့ ... ကြားလား၊ ဆရာမအိမ်မှာ အားတာပဲ၊ သမီးကို ထပ်ရှင်းပြမယ်၊ နေဦးကလည်း သမီးလိုပဲ ကျောင်းသားပဲဟာ၊ စာတော်ပေမဲ့ သူများကို ပြန်သင်ပေးတာတော့ ဘယ်ကျွမ်းကျင်ပါ့မလဲ၊ မဟုတ်ဘူးလား၊ ပြီးတော့ သူက ယောကျ်ားလေးဆိုတော့ သမီးတို့ ချင်း သူငယ်ချင်းတွေပေမဲ့ သမီးကချည်း သူ့အိမ် အမြဲ ဝင်ထွက်သွားလာနေတာ မကောင်းဘူးပေါ့၊ ကြားလား နောင်ကို မေးစရာရှိရင် ဆရာမဆီ လာခဲ့။ ဘာမှအားမနာ ဝန်မလေးနဲ့"

"ဟုတ်ကဲ့ပါ ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"အေး-... အေး ...၊ သမီးက ငယ်ရွယ်သေးတယ် နုမျစ်ရဲ့၊ လောက လူ့သဘောတွေကို သိပ်နားမလည်သေးဘူး၊ ကိုယ်က မသိနားမလည်လို့ ရိုးရိုးသားသား ပြုမူမိတာတွေ တစ်ခါတစ်ခါ လူပြောမလွတ်တာတွေ ရှိတတ်တယ်၊ ဒါ ဆရာမက သမီးကို မိခင်တစ်ယောက်လို ဆုံးမတာ ကြားလား"

နုမျစ်သည် အလိုအလျောက် ဝမ်းနည်းမျက်ရည်လည်လာသည်။

"မငိုပါနဲ့ သမီး၊ ဝမ်းမနည်းနဲ့၊ နုမျစ်ကို လောကရေးရာတွေ နားလည်သဘောပေါက်အောင် အေးအေးဆေးဆေး ဆွေးနွေးပြောပြမဲ့သူမျိုးက မရှိတော့ သမီးအနေနဲ့ တချို့ ကိစ္စတွေကို မသိလိုက် မသိဘာသာ အရေးမကြီးဘူး ထင်မိတာရှိမယ်၊ ဆရာမဆီကိုသာ လာပါ၊ သချ်ာရော အင်္ဂလိပ်စာရော နားမလည်တာလည်း ရှင်းပြပေးမယ်၊ နုမျစ် သိသင့်သိထိုက်တဲ့ နေထိုင်ဆက်ဆံရေးတွေပါ ဆရာမ တဖြည်းဖြည်း သင်ပေးမယ်၊ ကြားလား သမီး"

"ဟုတ်ကဲ့ ဆရာမ"





ဆရာမဒေါ်အေးခင်မှာ နုမျစ်အတွက် ကျေးဇူးတင်ကြက်လှသူ စာရင်းမှာ ပါဝင်သည်။ ဆရာမ ဒီလောက်ပြောသည်ကို နုမျစ် သဘောပေါက်ပါသည်။ နေဦးကိုပဲ နုမျစ်က ပိုးပန်းသလိုလို စကားတွေဟာ ဆရာမနားသို့ ပေါက်ပြီး၍ဖြစ်သည်။

နေဦးကို အပျိုဖော်ဝင်စတို့ထုံးစံ ကိုယ်နဲ့အတန်းမတူတာတည်းက နာမည်ကျော်ကြားပြီး ချောမောမှုတို့ကြောင့် စိတ်ဝင်စား ရင်ခုန်သာယာမိခဲ့တာ မှန်သည်။ နုမျစ် ရှစ်တန်းကတည်းက နေဦး အဖေက နုမျစ်တို့အိမ်ကို ဝင်ထွက်ဆေးကုနေခဲ့တာ ဟုတ်လား။

နေဦးဟာ တကယ်တော့ နုမျစ်ထက် နှစ်နှစ်နီးပါး ကြီးပါသည်။ ကိုးတန်း ဒုတိယအကြိမ်ဖြေမည့်နှစ်မှာ အတန်းတူကြတော့ နေဦးက ဆယ့်ငါးနှစ်ကျော်၊ နုမျစ်က ဆယ့်ခုနစ်နှစ်ကျော်လောက် ရှိနေပြီ။ အဲဒီနှစ်မှာပဲ နေဦးနှင့် နုမျစ်ရဲ့ရင်းနှီးမှုလည်း ပိုပြီးကြီးမားလာကာ နုမျစ်ဘက်ကလည်း စွဲလမ်းမှုစိုးဆုံးနှစ်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းနှစ်မှာ ထိုထိုဤဤ အသံတွေထွက်လ ပြီးတဲ့အခါ နုမျစ်သည် တဖြည်းဖြည်းချင်း နေဦးကို စိတ်ပျ နာကြည်းလာတာ ဖြစ်သည်။ နဂိုကတည်းက စိတ်သာယ ကစားမှုသက်သက် ဖြစ်ခဲ့လို့ ထင်ပါသည်။ နေဦးကို စိတ်နာ မှာ စွဲလမ်းတာတွေ ဘာတွေဟာ နုမျစ် ရင်ထဲ မြူမှုန်လော တောင် မကျန်ရစ်တော့။

ဤအချိန်မှာ အရူးအပေါမ,သာသာ နုမျစ်ဟ နေဦးကို တစ်ဖက်သတ်လိုက်ကြိုက်၊ ပိုးပန်းပြီး လက်ဆောင်ဒေ ဝယ်ခြမ်းပေး၊ ပန်းတွေပေး၊ အိမ်ကို ဂဒီး ဂဒီးသွား စတဲ့အတ အဖျင်းတွေလည်း ခိုင်မာနေပြီ။

နေဦးဟာ နုမျစ်ကို ဟားစရာသာသာ သဘောထ တာလည်း သိခဲ့ပြီ။ ဒါကြောင့်သာ ကွယ်ရာမှာ သူပြောမှ သိ မည်ဖြစ်တဲ့ စကားတွေ ပျံ့လွင့်ကုန်ခဲ့တာပေါ့။ တကယ်က သူ့ကို ချစ်ကြိုက်လာဘ်ထိုးရတာလည်း မဟုတ်ခဲ့။ ကိုယ်ကိုပေါ် သင်းဆက်ဆံချင်အောင် ပေးကမ်းပေါင်းတဲ့ အကျင့်ဟာ နု မှာ ငယ်ကတည်းက စွဲခဲ့ရာ ခုလည်း ဒီသဘောမျိုးပင်။





သူ့ဆီက စာလည်းမေးနေရ၊ အိမ်ကိုသွားကာ ရံဖန် ါ သူ့အမေချော်ခဲ့တဲ့ ကော်ဖီ မုန့်တို့လည်း စားနေရ ဖြစ်နေ၍ ခ်က သွားတိုင်း တစ်ခုခု ဝယ်ခြမ်းသွားပေးသည်မှာ သိတတ်မှု က်သက်သာဖြစ်ပြီး ပိုးကြေးပန်းကြေး မဟုတ်။

သို့သော် သတင်းကတော့ ပိုးကြေးပန်းကြေးအနေ သာ ပျံ့နေခဲ့ပါသည်။ ဆရာမ ဒေါ်အေးခင်ထံ စာသွားမေးဖြစ် အချိန်ကစပြီး နုမျစ်ရဲ့ အသိဉာဏ် အတွေးအခေါ်တို့ဟာလည်း ဖြည်းဖြည်း တိုးတက်ခဲ့ရသည်။ ဆရာမဟာ စာသာသင်ပေးရုံ ဟုတ်၊ လောကလူမှုရေးရာတို့ကိုပါ နုမျစ် နားလည်သဘော ပေါက်အောင် ဆုံးမသင်ကြားပေးခဲ့သူပင်။

နေဦးရဲ့ သတင်းဖြန့်မှု၊ ရယ်ပွဲဖွဲ့မှုတို့ကြောင့် နုမျစ် ခါးသီးနာကြည်းခဲ့ရသည်မှာ အဖေ့ကြောင့်။ နုမျစ်ရဲ့အကြောင်း တင်းအဖျင်း စကားတို့ဟာ မြို့မှာ အနေနည်းလှသည့် အဖေ့ သို့တိုင် ပေါက်ခဲ့သည်။ အဖေ အိမ်ကိုပြန်လာတဲ့ အကြိမ် ကြိမ်မှာ အဖေက နုမျစ်ကို ဒေါသတကြီး ပြောဆိုခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



“နုမျစ် ... နင့်အကြောင်းတွေ ငါကြားရတာ နားနဲ့မဆံ့ ဘူး၊ အဖေတစ်ယောက်အနေနဲ့ ရှက်ပြီး လဲတောင်သေ ကောင်းတယ်၊ ဆရာဝန်ကြီး ဦးလင်းဦးနဲ့ ငါ ခင်မင်တ ခင်မင်တာ တစ်ပိုင်း၊ သူ့သားကို နင် အရောဝင်စရာမ ဘူး၊ ကြားလား”

နုမျစ်သည် သူ့ရင်ထဲစိမ်းလှသော အဖေ့ကို ခပ်စိမ်း စိမ်းပဲ ကြည့်နေမိသည်။

“နင် ငါ့ကို အဲဒီလို အူကြောင်ကြောင် အမူအရာနဲ့ ကြ နေနဲ့၊ နင် ဘယ်လိုဖြစ်နေလဲ။ ငယ်ငယ်လေး ရှိသေးတ နင် မရှက်ဘူးလား”

“နုမျစ် ဘာကိုရှက်ရမှာလဲ အဖေ”

“အောင်မာ ... ငါ နားရင်းတရိုက်မိပြန်ရောမယ်၊ သူ များ ခံတန်တန် ပြန်ပြောချင်သေးတယ်၊ နင် ... ဒေါက်တ လင်းဦး သားကို ထွန့်ထွန့်လူး ကြိုက်ပြီး နင်ကချည်း သ အိမ် ချောင်းပေါက်အောင် သွားပြီး ပိုးကြေးပန်းကြေ သွားသွားပေးနေတာဆို”

“အဲဒါ မဟုတ်ဘူး အဖေ”





“နင် မသွားဘူးလား”

“သွားတယ် အဖေ၊ ဒါပေမဲ့ စာသွားမေးတာ”

“စာက နေဦးကို မေးစရာလား၊ စာသင်တဲ့ ဆရာမကို မေးပါလား၊ သူ့ကိုသွားမေးတယ်ဆိုကတည်းက လူပြော စရာ လုပ်နေတာ၊ သူငယ်ချင်းထဲမှာလည်း စာမေးစရာ ရှားသလား၊ ယောကျ်ားလေးကိုမှ ရွေးမေးလို့ရသလား”

“သူက မေးပါဆိုလို့ နုမျစ်က ...”

“တော်စမ်း ... ငါ့ကို ဘာဆင်ခြေမှ မပေးနဲ့၊ သားသမီး တွေများ နင့်အမေ မွေးထားတတ်လိုက်တာ၊ တစ်ယောက် မှ ငါ့ကို မျက်နှာရှိအောင် လုပ်ပေးမဲ့ဟာ မပါဘူး၊ အရူး နဲ့ ကျပ်မပြည့်နဲ့ သောက်ပျင်နဲ့ သုံးမရတဲ့ အီးပေါလောတွေ ချည်းပဲ၊ နင်က နောက်တစ်မျိုး တစ်စခန်းထ,ပြီး ပျံတန်တန် ရှုတတ ဆိုတဲ့ နာမည်ဆိုးနဲ့ ငါ့သိက္ခာကို မချနဲ့”

နုမျစ်သည် မျက်ရည်ပေါက်ပေါက်ကျကာ ရင်ထဲက တစစ်စစ် နာလာပါသည်။

“နုမျစ် ပျံတန်တန် မဟုတ်ပါဘူး အဖေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်ရမှာလဲ၊ နင် အခုလုပ်တဲ့အလုပ်က ဤခြေ သိက္ခာမရှိတဲ့ အပေါစားမတွေလုပ်တဲ့ အလုပ်မျိုး၊ မိန်းမက စပြီး နောက်ပိုး ပိုးနေတာ၊ ငါ သိက္ခာကျစရာ မဟုတ်လို့ ဘာလဲ၊ နင်တို့ဘာသာ အသုံးမကျတဲ့ အထုံအထိုင်းတွေ ဖြစ်ရင် ဖြစ်နေကြ၊ ဒါမျိုးတော့ ဖောက်မလာနဲ့၊ ငါကသတ် ပစ်ပြီး စက်တိုင်တက်မယ်၊ အရှက်ကွဲတော့ မခံဘူး၊ နင် တို့လို အရှုးမဟုတ် အကောင်းမဟုတ်တွေ နန့်တန့်တန့် နေရင် ထိုင်ရင် ယောကျ်ားတွေက ဘယ်လိုသဘောထား တယ်၊ ဘာဖြစ်တတ်တယ်၊ နင်. နားလည်လား"

အဖေ့စကားတွေက ရက်စက်လှ၍ ကြီးတော်ကပင် မျက်နှာပျက်ပျက်နှင့် ဝင်ကာ ...

"တော်ပါတော့ မောင်ရဲတင့်ရယ်၊ မင်း၊စကားတွေက ကြမ်း လှပါတယ်၊ နုမျစ်က မင်းထင်သလောက်လည်း မဟုတ်ပါ ဘူးကွယ်၊ အပြင်မှာ အတင်းအဖျင်းက လိုတာထက် ပိုကားနေတာပါ၊ မင်းသိတဲ့အတိုင်း မြေနိမ့်ရာလှံစိုက်ပဲ၊ မင်းမိန်းမနဲ့ သားသမီးတွေကို လူတကာက အထင်သေး ချင် လှောင်ချင် ဟားချင် တစ်ဆိတ်တစ်အိတ်လုပ်ချင်၊





တကယ်ဖြစ်တာထက် ပိုနှိမ်ချင်တာ၊ တခြားကိစ္စတွေမှာ လည်း ဒီတိုင်းပဲ မဟုတ်လား၊ ခုကိစ္စကလည်း နုမျစ်ကိုမို့ ဒီလိုပြောကြတာ၊ သူများသားသမီးဆိုရင် ဒီလောက်အတင်း အဖျင်း ထွက်မလာပါဘူး ...

အပြင်စကားချည်းပဲ ယုံစားလာပြီး ဒေါသမကြီးနဲ့၊ နောက်ပြီး ... မင်းသိထားဖို့က နုမျစ်ဟာ မင်းသားသမီး အကြီးနှစ်ယောက်လို မဟုတ်ဘူး၊ သူ့အသိဉာဏ်နဲ့သူ အရည်မီတဲ့သူ တစ်ယောက်ပဲ၊ နုမျစ်ကို အကြီးကောင် အကြီးမတွေကို မြင်သလို အမြင်နဲ့ မင်း မဆက်ဆံနဲ့၊ နုမျစ် ဆယ်တန်းပဲ ရောက်နေပြီ၊ မင်း အထင်သေးနေသလို ဆိုရင် ဒီအတန်းထိ ရောက်ပါ့မလား၊ သာမန်မိန်းကလေး တစ်ယောက်ကို မင်း သာမန်အမြင်နဲ့ပဲ ဆုံးမ၊ မဆိုင်တဲ့ စကားတွေနဲ့ ကလေး စိတ်ငယ်အောင် ဖိမပြောပါနဲ့ ...

ခုဆို ဟိုဆရာဝန်သားဆီလည်း စာသွားမမေးတော့ ဘူး၊ ကောင်လေးကိုက သဘောထားမကောင်းလို့ ချဲ့ပြော ပြီး ဟားနေတာ၊ ဆရာမဒေါ်အေးခင်ဆီပဲ စာမေးတယ်၊ ဒေါ်အေးခင်ကလည်း နုမျစ်ကို ဂရုစိုက်တယ်၊ ကျောင်းစာ



www.burmeseclassic.com

www.burmeseclassic.com



အဖေက သူ့ဘဝမှာ ပြည့်စုံသာယာဘက်ညီတဲ့ အိမ်ထောင်ရေးကို အမေနှင့် မရခဲ့၍ တခြားမှာ အိမ်ထောင်သစ် ဖန်တီးတည်ဆောက်ထားတာလည်း အမှန်။ သားသမီးတွေအတွက် အားမလို အားမရ ဆန္ဒမပြည့်ဝပဲ မကျေနပ်တာလည်း အမှန်။ ဒေါ်သကြီးတတ်သူပီပီ အိမ်ကိုရောက်တိုင်း အချိုးမပြေ မသာမယာ ရှိတဲ့ ဇနီးနဲ့ သားသမီးတို့ကိုမြင်ကာ အလိုလိုနေရင်း အမြဲစိတ်တိုကြမ်းတမ်းနေတတ်သူ ဖြစ်တာလည်း အမှန်။

သို့ပေမဲ့ နှမျှစ် တစ်ယောက် သူမျှားတန်းတူရည်တူ ကလေး ဖြစ်နေတာ အပေါ်ကို နှစ်သိမ့်ကြည်နူးလျက် ဆရာမ ဒေါ်အေးခင်ကိုတော့ ဖခင်ပီပီ ကျေးဇူးအထူးတင်နေတာ နှမျှစ် သိရပါသည်။ ဆရာမရဲ့အိမ်အတွက် တီဗီတစ်လုံး လက်ဆောင် ဝယ်ကာ ကိုယ်တိုင်သွားပို့ပေးခဲ့တာက သက်သေပင်။

ဆရာမက ငြင်းပေမဲ့ အဖေ့ရဲ့ ခိုင်လုံချက်ကျတဲ့ ကျေးဇူးတင်စကားတွေကြောင့် နောက်ဆုံးမှာ လက်ခံရသည်။ အဖေဟာ နှမျှစ်ကို အနည်းငယ် မျှော်လင့်ချက်ရောင်ခြည် ယှက်သမ်းလာပုံရကာ မယုံမရဲတော့လည်း ဖြစ်နေသေးတာပင်။





အပြင် မိခင်တစ်ယောက်လိုလည်း ဆိုဆုံးမသင်ကြားပေး သေးတယ်၊ နှမျှစ်ဟာ အသိတရားနဲ့ အလိမ္မာနဲ့၊ ဆင်ခြင် ဉာဏ်နဲ့ ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ပါ မောင်ရဲ့တင့် ရယ်”

“ဟိုဘက်က ချဲ့ကားပြောတယ်ဆိုလည်း ပြောစရာရှိအောင် ကိုယ်က မနေနဲ့ပေါ့၊ ဒီကောင်နဲ့ သတင်းထပ်ကြားရင် တော့ ငါနဲ့အတွေ့ပဲ၊ ကြားလား နှမျှစ်”

“ဟုတ်ကဲ့”

“ပိပိပြားပြားနေပါ၊ သိက္ခာကျသထက် ကျစရာ မဖြစ်ပါ ရစေနဲ့၊ နင့်အမေကို ငါ ယူခဲ့ပေမဲ့ သားသမီးတွေလက် ထက်ကို မရဲတရဲ မျှော်လင့်ချက်တော့ ထားခဲ့သေးတယ်၊ တစ်ယောက်မှ တင်းပြည့် ကျပ်ပြည့် ဖြစ်မလာဘူး၊ အခု နင်က ဆယ်တန်းထိရောက်ပြီး ဟန်သလို ရှိလာတာလေး ကို ငါ ဂုဏ်ယူပါရစေ၊ တခြားတစ်ဖက်က မဖောက်ပါနဲ့၊ စာသင်မရတာထက် ရှက်စရာကောင်းတဲ့ အဖြစ်အပျက်မျိုး မဖန်တီးနဲ့၊ ကြားလား”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



အတူနေချိန်နည်း၍ နုမျစ်ရဲ့ အနေအထား အခြေအနေကို အဖေ တိတိကျကျ အသေးစိတ်စိတ် မသိ။ စာသင်လို့ ရပြီး ဆယ်တန်းရောက်လာတာ တစ်ခုနှင့် နုမျစ်ဟာ သူ့အမေ မျိုးရိုးမပါ၊ သာမန်ဉာဏ်ရည်နှင့် မိန်းကလေးတစ်ယောက်လို့ အဖေ ရဲရဲကြီး မယုံကြည်ဝံ့သေးပါ။ မျှော်လင့်ချက်လေး ရေးရေးထားကာ စောင့်ကြည့်လာတဲ့သဘောပဲ ရှိပါသေးသည်။

အမေ ... အစ်ကိုနှင့် အစ်မတို့ကို ဟိန်းဟောက်မာန်မဲ ဆက်ဆံတတ်သော်လည်း နုမျစ် အပေါ်တော့ အလကားနေရင်း မအော်ဟစ် မဆူပူတော့ပေ။ သို့သော် လေသံကတော့ မာမြဲ။ ဤမိသားစုအတွက် အဖေ ပြဋ္ဌာန်းထားသော လေသံ၊ ဟန်ပန်၊ ဆက်ဆံမှုသည် ဤဆက်ဆံမှုသာ အသားသေနေပြီ။

အဖေသည် ဦးလင်းဦးနှင့်လည်း ခင်ခင်မင်မင်သာ ဆက်ဆံသည်။ နေဦးနှင့် တွေ့လျှင်လည်း နေဦးကို ဟက်ဟက်ပက်ပက် ဆက်ဆံပါသည်။ အဖေသည် နေဦးလို ထူးချွန်တဲ့ထက်မြက်တဲ့ ကောင်လေးမျိုးကို နှစ်ထောင်းအားရ သဘောကျတတ်မြဲဖြစ်ပါသည်။ သဘောကျတာက သတ်သတ်၊ ကိုယ့် သမီးအနေနှင့် သိက္ခာကျရတဲ့ ဖြစ်ရပ်ကို လက်သင့်မခံနိုင်တာက သတ်သတ်ပင်။





အဖေက နုမျစ်ကိုသာ ရက်ရက်စက်စက် ဆူကြိမ်းပြောဆိုထားသော်လည်း အိမ်ကို ဦးလင်းဦး လာ၍ နေဦး ပါလာတိုင်း ...

"ဟာ ... မောင်နေဦး၊ လာ ... ထိုင်ဟေ့၊ သမီးရေ ... နုမျစ် လာပါဦးဟေ့၊ သမီးသူငယ်ချင်းလည်း ပါလာတယ်"

နုမျစ်ကို အော်ဟစ်ခေါ်ထုတ်တတ်သည်။ အဖေ့ရဲ့ နာကျင်စရာ စကားလုံးများနှင့် တုန်တုန်ယင်ယင် အရှက်ရခဲ့ဖူးတဲ့ နုမျစ်ကတော့ အဲဒီနောက်ပိုင်းမှာ အဖေ ခေါ်ထုတ်သော်လည်း မထွက်တော့ပါ။

ကြီးတော်ကတစ်ဆင့် ...

"နုမျစ် အိပ်နေတယ်"

"နုမျစ် ရေချိုးနေတယ်ကွယ့်"

စသဖြင့် အပြောလွှတ်သည်။ နေဦးဟာ "နုမျစ်ဆီ" ရယ်လို့ နာမည်တပ်ပြီး တစ်ကြိမ်မှ တစ်ယောက်တည်း လာမလည်ဖူးပဲ သူ့အဖေက ကိုယ့်အဖေဆီ လာလည်တုန်း အဖော်ပါလာတဲ့ သဘောမျိုးသာ ပါလာတာမို့ နုမျစ် မထွက်လာလို့လည်း ရပ်ပျက်ဆင်းပျက်တော့ မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နေဦးဟာ ဤအိမ်မှာ နုမျစ်ကိုသာ စိတ်ဝင်စားနေတာမှ မဟုတ်တာ။ နုမျစ် ထွက်မလာလည်း အမေနှင့်ဖြစ်စေ၊ အစ်ကိုနှင့်ဖြစ်စေ သူက သွားပြီး စကားလက်ဆုံ ကျနေတတ်သည်။ အမေကတော့ နေဦး မေးသရွေ့ စပ်စုသရွေ့ စိတ်ရှည်လက်ရှည် ဖြေသည်။ အစ်ကိုကတော့ တစ်ခါတစ်ရံ နေဦး အမေးအမြန်း ထူလာလျှင် "မသိဘူးကွာ"ဟု ဘုတောဖျှ မျက်နှာပုပ်ပြီး ထ, ထွက်သွားတတ်သည်။

ဘယ်လိုပင် ဖြစ်စေ အကြိမ်များလာတော့ နေဦး ရိပ်မိလာသည်။ မခေါ်မပြောနေတာ မဟုတ်သော်လည်း အရေးကိစ္စရှိလွန်းမှ ကျောင်းမှာလည်း အနည်းအကျဉ်းသာ ဆက်ဆံပြောဆိုဖြစ်တော့တဲ့ နုမျစ်ကို ...

"ဟဲ့ ... နုမျစ် ... နင် ခုတလော ဘာဖြစ်နေလဲ"

"ငါက ဘာဖြစ်လို့လဲ နေဦး"

"နင်က ငါ့ကို မခေါ်ချင် မပြောချင်သလိုနဲ့ ခပ်တန်းတန်းလုပ်နေတယ်လေ"

နုမျစ်သည် နေဦးကို စိတ်နာသော်လည်း ပြင်းပြင်းထန်ထန်တော့ ပြောမထွက်ပေ။ နောက်တစ်မျိုး အတင်းပြောစရာလည်း မဖြစ်လိုပါ။





"ငါ့ကို ဆရာမအေါ်အေးခင်က မိန်းကလေးတစ်ယောက် ဘယ်လိုနေထိုင် ပြောဆိုရမယ် ဆိုတာလည်း သွန်သင်ဆုံးမတယ်၊ အနေမဲ့တတ်ရင် လူပြောစရာ ဖြစ်နိုင်တယ်ဆိုတာ ကြောင့်ပါ"

နုမျစ် စကားကို နေဦးက နှုတ်ခမ်းရွဲ့ ပခုံးတွန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဟယ် ... မမဇွန်တို့ ရောက်နေတယ်"

နုမျစ်သည် စာအုပ်တချို့ ရင်မှာပိုက်ကာ ဆရာမခြံဝိုင်းလေးထဲ ဝင်ဝင်လာချင်း အိပ်ရှေ့ကွပ်ပျစ်လေးမှာ အန်တီမိကို မြင်လိုက်ရ၍ ဝမ်းသာအားရ အော်ဟစ်ပြေးသွားမိတာ ဖြစ်သည်။

အန်တီမိသည် ဆရာမ၏ ညီမရင်း ဒေါ်ခင်မိမိဖြစ်ကာ မမဇွန်သည် အန်တီမိရဲ့သမီး ဖြစ်သည်။ နုမျစ်ထက် ငါးနှစ်လောက် ကြီးမည်ဖြစ်၍ မမဇွန်ဟာ အသက်နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံး ရှိပြီ။ တက္ကသိုလ် အဝေးသင်ဖြင့် ဘွဲ့တစ်ခုရပြီးကာ ဘွဲ့မရမီကတည်းက နာမည်ရ ဖက်ရှင်အပ်ချုပ်ဆိုင် တစ်ဆိုင် ဦးစီးဖွင့်လှစ် အောင်မြင်နေသူ ဖြစ်သည်။





ထို့အပြင်ကား ... မမဇွန်သည် နုမျစ်တွေ့ဖူးသမျှ အရွယ်ငယ်မိန်းမတို့ အားလုံးထဲတွင် အချောအလှဆုံးတစ်ယောက် ဖြစ်ပါသည်။ နှစ်လလျှင် တစ်ကြိမ်၊ သူတို့သားအမိက ဆရာမထံ ရောက်ဖြစ်အောင် ရောက်လာမြဲ။

ဆရာမဒေါ်အေးခင်သည် အပျိုကြီးတစ်ယောက်ဖြစ်ကာ ဆွေနီးမျိုးစပ် ဝမ်းကွဲတူမတစ်ဦးကို အဖော်အလျှော် ခေါ်ထားပြီး ဇာတိမြို့က မခွာသူဖြစ်သည်။ မိဘမရှိတော့ကတည်းက အန်ဟိမိဟာ သူ့အစ်မကို အမေတစ်ယောက်နှယ် သဘောထားသူ ဖြစ်သည်။

နှစ်လတစ်ကြိမ်လောက် မလာရ မနေနိုင်။ လာတိုင်းလည်း ပစ္စည်းပစ္စယ စားစရာ လက်ဆောင်တွေ တစ်ပုံတစ်ပင်နှင့် ကန်တော့ရန် ငွေကြေးနှင့်ပါ လာခြင်းဖြစ်သည်။ အန်တီမိက ခင်ပွန်းသည် ကွယ်လွန်ပြီးသော်လည်း သားအကြီးက နိုင်ငံခြားသင်္ဘောအရာရှိ လူပျိုဖြစ်၍ သမီးအငယ်က ကိုယ်ပိုင်စီးပွားရေးနှင့်ဖြစ်ရာ၊ မတောင့်မတ မကြောင့်မကျ ငြိမ်းငြိမ်းလေး ထိုင်စားရသော ဘဝဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားချက်မှာ ဆရာမဒေါ်အေးခင် အပါအဝ
အန်တီမိတို့ သားအမိရော၊ သူတို့ရဲ့ ဒီမြို့မှာရှိသည့် ဆွေမျိုးသာ
ချင်း ဝမ်းကွဲတို့ပါ မျိုးနှင့်ရိုးနှင့်ချို၍ သဘောကောင်းပြီး လူတ
ဖက်သားကို နားလည်စာနာတတ်ကြခြင်းပင်။

နုမျစ် စနေ တနင်္ဂနွေတိုင်း ဒီမှာ စာလာမေး စ
လာသင်နေတဲ့ ကာလရဲ့နောက်မှာ မခွန်တို့ ဒီကို တစ်ကြိမ်ရောက်
လာပြီးပြီ။ တစ်ပတ်လောက် နေသွားသော တစ်ကြိမ်တည်းနှင့်
ပင် မခွန်နှင့် နုမျစ် အလွန်ရင်းနှီးခင်မင်ခဲ့ရသည်။ နုမျစ် အတွက်
အရင်းနှီးဆုံး သူစိမ်းမိတ်ဆွေပင်။

ဆရာမနှင့်တောင်မှ ဒီလောက် ဝင်ထွက်နေသော်
လည်း ဆရာမဆိုတဲ့ အဟန့်အကြောက်ကြောင့် ဒီလောက်ထ
မရင်းနှီးပါ။ မခွန်ကတော့ သိပ်ကို ချစ်ခင်စရာ ကောင်းလှသည်။
နုမျစ် အကြောင်းကို ဆရာမ ဒေါ်အေးခင် ထံမှ သိရပြီးဖြစ်မည်
ဖြစ်သော်လည်း ဘာမှ ထူးခြားဆန်းကြယ်ဟန် မပြ။ စပ်စပ်စု
လည်း မမေး။ သူငယ်ချင်းချင်းလို ရင်းရင်းနှီးနှီး ဆက်ဆံသည်။

"အန်တီမိ ... အန်တီမိ ... မခွန်ရော ... မခွန်ပါလား"





"အေး ... ပါတာပေါ့ဟဲ့၊ အိမ်ထဲမှာ၊ အမယ်လေး ... အမောတကော နုမျစ်ရယ်၊ ညည်းရဲ့ မခွန် ဘယ်မှ မပြေးပါဘူး"

"မခွန် ... မခွန်"

နုမျစ်သည် ဖိနပ်ပင် ကစဉ့်ကရဲချွတ်၍ အိမ်ထဲ လူမရောက်ခင် အော်ဟစ်ခေါ်နှင့်သည်။

"ဟေး ... နုမျစ်"

မခွန် အသံကလည်း မီးဖိုဘက်ထဲမှ အားရကျယ်လောင်စွာ တုံ့ပြန်ထွက်လာသည်။

"ဟဲ့ ... ဟဲ့ ...၊ ငါ့ အိမ်ပြိုပါဦးမယ် နုမျစ်ရယ်"

ဆရာမကပင် ရယ်စပ်စပ် တားယူရအောင် ခြေသံလည်းပြင်း၊ ပြေးပုံလည်းကြမ်း၊ သစ်သားအိမ်လေးဟာ တဝုန်းဝုန်းကို မြည်တဲ့အထိပင်။

"မခွန်"

နုမျစ်သည် ဒီဇယ်မီးဖိုနံဘေးမှာ တစ်စုံတစ်ရာ ချက်ပြုတ်နေသည့် မခွန်ရဲ့ ခန္ဓာကိုယ်ကို နောက်ကနေ ဆောင့်ကြောင့်ထိုင် ပုံစံအတိုင်း ပြေးဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သေပါပြီဟဲ့ ... နုမျစ်ရဲ့၊ နင့်အားကြီးနဲ့"

"အဟီးဟီး"

ဆရာမသည် နုမျစ် ဤမျှ ပျော်မြူးရွှင်သွက်နေတာကို သဘောကျသလို မီးဖိုဝမှ ပြုံးကာရပ်ကြည့်နေရင်း ...

"နင်တို့ လဲတာ အရေးမကြီးဘူး၊ မီးဖိုလဲရင် မီးထတောက်ပြီး ငါ့အိမ်ပါ ကုန်မယ်၊ ဒွန်ရေ ... နုမျစ်တစ်ယောက်လည်း ခုမှ ဆန္ဒပြည့်ရှာတော့တယ်၊ တစ်နေ့ တစ်နေ့ မဒွန်တို့ ဘယ်တော့လာမလဲ၊ မဒွန်ဆီက စာလာလား ... နဲ့၊ စာမလာပါဘူး ... ဒီဟာမက စာရေးသိပ်ပျင်းတာ၊ တစ်ခါမှ ရေးတာမဟုတ်ဘူးဆိုတာ အာပေါက်အောင် ပြောရတယ်"

"မဒွန်ကလည်း နုမျစ် စာထည့်တာရော မရောက်ဘူးလား"

"ရောက်တယ်လေ"

"ဟင် ... စာလည်းမပြန်ဘူး"

"ငါ စာပြန်ရအောင် ဘာမှလဲ အထူးအထွေ ရေးစရာအကြောင်းက မရှိ ငါက စာရေးသိပ်ပျင်းတာ နုမျစ်ရဲ့ ... ပြောဖူးသားပဲ၊ အစ်ကိုဆီလည်း သူကသာ စာရေးတယ်၊ ငါက ရေးတာမဟုတ်ဘူး၊ မေမေပဲ ရေးတာ၊ ငါဘယ်သူ့ဆီမှ စာမရေးဖူးဘူး၊ ရည်းစားစာလည်း မပြန်ဖူးဘူး ... ပြီးရော"





"ဟင် ... မဒွန်ကလည်း"

နုမျစ်က ဆရာမကို တစ်ချက်လှည့်ကြည့်ရင်း ရှက်သလို ရေရွတ်သည်။ မဒွန်ဟာ ပွင့်လင်းသွက်လက်လှ၍ ဟိုတစ်ခေါက်ကတည်းက သူ့ကို လူတွေကြိုက်ကြတာ၊ စာပေးကြတာ၊ ရည်းစားတစ်ခါ ထားဖူးတာ၊ ကွဲသွားတာ၊ ယောကျ်ားတွေကို စိတ်မရှည်လှတာတွေ နုမျစ်ကို တီးတိုးဖောက်သည်ချ ခင်းပြဖူးပါသည်။

သူ့အမေရှေ့မှာလည်း မဒွန်က ဒီလိုပဲ ပြောရဲသည်။ ဆရာမရှေ့မှာသာ နည်းနည်းရှိန်ပုံနှင့် မပြော။ "တော်ကြာ ... ကြီးကြီးက ကလေးကို ဘာတွေပြောတာလဲ၊ သင်တာလဲလို့ ငါ့ကို ဆူဦးမယ်ဟဲ့"ဟု ဆိုတတ်သည်။

"ဒါဖြင့် မဒွန် ... နုမျစ်ကို သတိမရဘူးပေါ့"

"သတိတော့ ရတာပေါ့ဟဲ့၊ နင့်လို ပေါက်ကရလေးဆယ်လျှောက်မေးတတ်တဲ့ သူမျိုးမှ မသိမရရင် ဘာကိုသတိရရမှာလဲ၊ တကယ်ပါပါဟယ်၊ ငါ့ဆီ အကျိုးလာအပ်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ထဲ နင့်လို ဖခုံးကြီးကြီးမ,တွေပါရင် ငါ့မှာ ကိုယ်တိုင်းရင်း ခစ်ခနဲတောင် ရယ်မိတယ်၊ နင့်ကို သတိရလို့”

“အဟိ ဟိ”

နုမျစ်သည် မဖွန် ဘာပြောပြော မနာပေ။ စိတ်လည်း မဆိုးပေ။ မဖွန်က အရူးမ ခေါ်လျှင်လည်း ဘယ်လိုမှ မနေပေ။ အဲဒါဟာ ခေါ်တဲ့သူ ပြောတဲ့သူရဲ့ စိတ်ရင်းကို နားလည်ယုံကြည်၍ ဖြစ်ပေမည်။

“ဟဲ့ ... နုမျစ်ရယ် ... နင် ဘာတွေ ဒီလောက်တောင် စားနေသလဲဟယ်၊ ဟိုတစ်ခေါက်ကထက်တောင် ပိုတုတ်လာသလိုပဲ ... နင်ကလည်း”

“ဒီလို ဒီလိုပဲ စားတာပေါ့ မဖွန်ရဲ့”

“ဘာလဲ ... ဒီလို ဒီလိုလား”

မဖွန်က လက်နှစ်ဖက်နှင့် အနားတဝိုက်ကဟာတွေ ဆွဲပြီး ပါးစပ်ထဲ ပစ်ထည့်စားဟန် လုပ်ပြသည်။

“ခိ ခိ”

“အေး ... ရယ်နေ၊ နာမည်လေးက ချစ်စရာ နုမျစ်တဲ့၊ လူကဖြင့် ဖုထစ် ဖြစ်နေပြီ”





“အား ဟား ဟား၊ ဟား ဟား”

နုမျစ် အကျယ်ကြီး အော်ရယ်ကာ ဆောင့်ကြောင့် ထိုင်နိုင်တော့ဘဲ မီးဖိုကြမ်းပေါ် ဖင်ပစ်ကျပြီး လက်ထောက်ရင်း ရယ်နေရတာမို့ ဆရာမ ဟန့်နေတာကိုပင် စကားမပြန်နိုင်ပေ။

“ဟုတ်တယ်လေ၊ နင့်ဟာ ဝ,ရမဲ့နေရာကျတော့ မဝ,၊ မဝ,ရမဲ့ နေရာကျတော့ ဝ,”

“ဟား ဟား ဟား၊ အား ... မဖွန်ရယ်၊ ရယ်ရလွန်းလို့ ဗိုက်နာလှပါပြီ၊ တော်ပါပြီ၊ ဟား ဟား ဟား”

“ဟဲ့ ... နုမျစ် တစ်ယောက် အူတက်ပါဦးမယ်ဟယ်”

“ကဲ ... တော်တော့၊ ရယ်မနေနဲ့၊ ငါ နင့်ဖို့ ပိတ်စဝယ်ပြီး အင်္ကျီတစ်ထည် ချုပ်လာပေးတာတောင် တော်သေးရဲ့လား မသိပါဘူး နုမျစ်ရယ်”

“နုမျစ်ဖို့ ... ! ”

“အေးလေ၊ ကြည့်ပါဦး၊ နင် အခုဝတ်ထားတဲ့ အင်္ကျီကလည်းဟယ်၊ နင်က ပခုံးကြီးကြီးနဲ့ ပခုံးမှာ ဖော့ထည့်ထားသေးတယ်၊ ပခုံးဖော့ထည့်တယ်ဆိုတာ ကုတ်တို့ စတိုင်လ် အင်္ကျီတို့မှ ထည့်လို့လိုက်တာ၊ ရိုးရိုးဂျပန်အရိပ်ပန်းကို အထဲက ဖော့ထည့်ချုပ်ဝတ်ရတယ်လို့ မအပ်မစပ်”



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ဈေးထဲက ဈေးချုပ်ဝယ်တာ မဖွန်ရဲ့”

“အင်္ကျီကို ကိုယ်နဲ့ပုံကျတာ ရှာဝတ်စမ်း နုမျစ်ရဲ့၊ ချုပ်ပဲချုပ်ချုပ်၊ ရယ်ဒီမိတ်ပဲဝယ်ဝယ်၊ ကိုယ်နဲ့လိုက်မှဝတ်၊ ပိုက်ဆံလည်း တတ်နိုင်သားနဲ့ အထည်ကို မရွေးတတ်တာ၊ နင်ဝတ်လိုက်ရင်လေ၊ အရိပ်ပန်းတို့ ပန်းရိုက်တို့ အပေါ်စားပန်းကျဲကျဲထိုးတာတို့ အဆမတန်ကြီးတဲ့ တီရှပ်တို့၊ ရှပ်အင်္ကျီဖားဖားတို့၊ တစ်ခုမှ ပုံကျတာ မပါဘူး”

“ဖွန်ရေ … သူ့ဟာသူ မလှမပချင်သေးတာကို သိပ်မြှောက်ပေးမနေနဲ့ဟော့”

“သူလား မလှချင်တာ ကြီးကြီးကလည်း၊ ကြီးကြီးတပည့်မလား … လှချင်လိုက်တာ ဝမ်းထဲက ကျိကျိတက်နေတာ”

“အဟိ”

“ကြီးကြီးက မသိလို့၊ ကဲ … လာစမ်း၊ ငါ့အင်္ကျီဝတ်ကြည့်ရအောင်ဟယ်”

မဖွန်က ရှေ့ကို ထွက်သွားသည်။ မဖွန်တို့ ခရီးဆောင်အိတ်တွေက အိမ်ရှေ့ခန်းမှာပဲ ရှိပါသေးသည်။ နုမျစ်မှာ မဖွန်ချုပ်လာပေးတယ်ဆိုတဲ့ လက်ဆောင်အင်္ကျီအတွက် ရင်တောင်တဒိတ်ဒိတ် ခုန်နေသည်။





“ရော့ … ဒီမှာ”

“ဟယ် … အကောင်းစား အင်္ကျီကြီး”

မဖွန် အင်္ကျီမှာ မဖွန် ပြောတဲ့ စတိုင်လ်အင်္ကျီပင်။ ဖော့စလို ခပ်ထူထူဖျင်ထဲမှာ ငွေမျှင်ကျဲကျဲရောရက်ထားတဲ့ ပိတ်စကို ချုပ်ထားတာ ဖြစ်သည်။ လည်ပင်းဗီပုံ၊ လက်တို။ ပခုံးဆက်တွေ လည်ပင်းနားတွေ အောက်နားတွေ ညှပ်ပုံချုပ်ပုံ အထူးသပ်ရပ်၍ နိုင်ငံခြားကဝင်တဲ့ ရယ်ဒီမိတ်တွေအတိုင်း ဖြစ်သည်။

ကုတ်ကြယ်သီးပေါက်နှင့် စိန်တစ်လုံး မြှုပ်ထားတဲ့ ကြယ်သီးနက်တွေ တပ်ထားပုံကလည်း ခေတ်မီသည်။ ခရမ်းပြေပြေအရောင်ပေါ်မှာ ခါးအောက်ပိုင်းနား၌ အနက်ရောင် အပွင့်တချို့အပေါ်က ထပ်ကပ်ချုပ်ပြီးမှ ငွေမျှင်တွေ စီးကွင့်စ်တွေ ကျဲကျဲထိုးထားပုံက ပွဲထိုင်ဆန်သည်။

“ဈေးကြီးမှာပဲ”

“ဒါမျိုး ကိုရီးယားက ထိုင်ဝမ်က ရယ်ဒီမိတ်တွေ ဝင်ရင်တော့ နှစ်သောင်းကျော် ပေးရတယ်၊ ငါက ပိတ်စဝယ်ချုပ်တာ ကိုယ်တိုင်ချုပ်တာဆိုတော့ မကျပါဘူးဟယ်”

“ရယ်ဒီမိတ်အတိုင်းပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေဝတ်ရင် ပခုံးဖော့ထည့်ဖို့ လိုပေမဲ့ နှင့်ကိုတော့ ဖော့မထည့်ဘူး၊ လက်တိုကျပုံကို ကုတ်လက်အတိုင်းပဲချုပ်ထားတာလေ၊ ပြီးတော့ တမင် လည်ပင်းဗီပုံထားပေးတာ၊ နှင်က ပခုံးတောင့်ပြီး လည်ပင်းပုတော့ လည်ဝိုင်းနဲ့မလိုက်ဘူး နုမျစ်ရဲ့၊ ကဲ ... ဝတ်ကြည့်"

အင်္ကျီရှေ့ဘက် ရင်စေ့အနား အောက်အနား လက်အဖျားနားတို့ကို ငွေခြည်မျှင်ကြောင်းနှင့် အရာပေါ်အောင် ပေါက်ထားသေးသည်။ နုမျစ်သည် မရဲတရဲနှင့်ပင် အင်္ကျီကိုလည်း ဝတ်ကြည့်ပြီး ဧည့်ခန်းက မှန်ချပ်ရှည်ပါသော ဆရာမရဲ့ ဗီရိုကြီးမှာပဲ မှန်ကြည့်လိုက်မိသည်။

"ဟယ် ... လှလိုက်တာတော်"

"အမယ်လေး ... ကိုယ့်ဟာကိုယ်ပဲ ချီးကျူးတော့"

"တကယ်လှတာလေ မဒွန်ရဲ့၊ နုမျစ် အရမ်းကို ရုပ်တက်သွားတာ"

ဆရာမရော အန်တီမီရော မဒွန်ပါ နုမျစ်ကို သဘောတကျ ကြည့်နေကြပါသည်။

"ဒါပေမဲ့ မဒွန် ဝတ်ရင်တော့ ပိုလှမှာပဲ"





နုမျစ်က မှန်ထဲက သူ့ရုပ်သွင်ကို ကြည့်ရင်း တီးတိုးရေရွတ်မိသည်။ ပခုံးကားကား ကြံ့ခိုင်ခိုင် ခါးတုတ်တုတ် မျက်နှာကြီးကြီးနှင့် မလှပတဲ့ မိန်းမတစ်ယောက်ဟာ ဤအင်္ကျီကြောင့် ရုပ်တက်လာတာ သေချာသော်ငြား မလှတဲ့သူဆိုတဲ့ အချက်ကိုတော့ မဖုံးဖိနိုင်ပါ။

"ဒါတော့ နှင်က ပိန်အောင်မှ မလုပ်တာ"

"ဘယ်လောက်လုပ်လုပ် မျိုးရိုးနဲ့ချီ ပါလာတဲ့ ဒီပခုံးကားကားနဲ့ ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင်ခိုင်ကြီးက မပျောက်ပျက်နိုင်ပါဘူး မဒွန်ရယ်၊ ရုပ်ကကော ဘယ်မှာလှလို့လဲ၊ အဟီးဟီး"

"ဒါတော့ နှင်က ခုလိုရယ်ရင် ပါးစပ်ကြီးကိုဖြဲပြီး သွားအကုန်ပေါ်အောင် ရယ်ပစ်တာကိုး၊ နိုင်ငံတကာမှာ နင့်ထက် ဆယ်ဆရုပ်ဆိုးတဲ့သူတွေ လူကြိုက်များတဲ့ မင်းသမီးတွေ ဖြစ်နေတာ အများကြီး နုမျစ်ရဲ့၊ ကိုယ့်ရုပ်ရည်ပေါ် မူတည်ပြီး စတိုင်ကျကျ နေတတ်ဖို့ပဲ လိုတယ်"

"ဇွန်တော့ နုမျစ်ကို အတတ်ကောင်းတွေ သင်ပေးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ တကယ် အတတ်ကောင်းပဲဟာ ကြိုးကြိုးကလဲ၊ တတ်ထားရမယ်၊ လူဆိုတာ မွေးကတည်းက ပြစ်မျိုးမှဲ့မ ထင်လှလာတဲ့ လူက ရှားသားပဲဟာ၊ နေတတ်ရင် ကြည့်ကောင်းတယ်၊ စတိုင်ကျတယ် ...

နင် မသိနားမလည်တဲ့ရုပ်ကြီးနဲ့ မျက်လုံးကြီးဝိုင်း၊ ပါးစပ်ကြီးဟပြီး အမေ့မေ့ အလျော့လျော့ ဖြစ်သလို မနေစမ်းနဲ့ နုမျစ်၊ မျက်နှာထားကို တည်ပြီး အသာလေးချီထားစမ်းပါ၊ နင်က မျက်လုံးလှတယ်၊ မျက်ခုံးပြားကြီးကို ပုံသွင်းပြုပြင်လို့ ရတယ်၊ နှုတ်ခမ်းကို နှုတ်ခမ်းဆိုးတဲ့ပုံနဲ့ နည်းနည်းပြင်လို့ ရတယ်၊ ကိုယ့်ရဲ့လှတဲ့ မျက်လုံးကို အသားပေးပြီး မျက်လုံးကြည့်တဲ့ဟန်ကို မြင့်နေအောင်စားနေအောင် ပြင်ယူရမယ်"

"ခွန်ရေ ... မကြာခင် ဆယ်တန်းဖြေရဦးမယ်နော်၊ အလှချည်း စိတ်ဝင်စားသွားဦးမယ်"

"မဝင်စားပါဘူး ဆရာမရယ်"

နုမျစ် ရှက်ကိုး ရှက်ကန်း ပြောမိသည်။





"ဆယ်တန်းအောင်ပြီးတော့မှ စိတ်ဝင်စားပေါ့ဟယ်၊ ငါပြောတဲ့ အနေအထိုင် အပြုအမူ၊ အပြုံးအရယ်၊ အပြောအဆို၊ ဟန်ပန်မှုရာတွေဆိုတာ မိန်းမတိုင်း တတ်ထားအပ်တဲ့ ပညာပါ၊ အလွန်အကျွံ ရှုံးထုတ် မှုယာမာယာပေးနေဖို့ မဟုတ်ဘူး၊ ကိုယ့်ရှိတဲ့ တိမ်မြုပ်ပုန်းကွယ်နေတဲ့ အလှအဖကိုတော့ ထုတ်ဖော်ထားနိုင်ရမယ် ...

ပါးတွေ နှုတ်ခမ်းတွေ ရဲတွတ်ပြီး မျက်ခွံပြာပြာကြီးနဲ့ နင်းကန်ခြယ်သထားရင် ရွံစရာကောင်းပေမဲ့၊ ကိုယ့်မျက်နှာပေါ်က အစိတ်အပိုင်းလေးတွေ ပေါ်လွင်ရုံလေး ကျဲကျဲခြယ်သတတ်ရင် ပညာလို့ခေါ်တယ် သိရဲ့လား၊ ကိုယ့်ခန္ဓာကိုယ်က ကြံ့ခိုင်နေတယ်ဆိုရင် ဒီထက် ပိုဝတုတ်မလာအောင် ထိန်းထားပေါ့၊ နင်က အဆီတွေနဲ့ ဝ,နေတာမျိုးမှ မဟုတ်တာ၊ ခါးကိုလည်း တုတ်မလာစေနဲ့၊ ပခုံးတစ်ဝိုက်အတွက် လေ့ကျင့်ခန်း လုပ်ပေး၊ ဆံပင်ကို ဘဲဖင်မြီးလို ကော့ထားတဲ့ပုံကိုကော နင် ဘာကြိုက်နေလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကြီးတော်က ဆံပင်ရှည် မထားရသေးဘူး ပြော လို့ပါ"

"ဒါဖြင့်လည်း ဆယ်တန်းဖြေပြီးမှ စ,ထားပေါ့၊ နဖူးပေါ်က ဆံပင်ကိုလည်း နင် အားတိုင်းယားတိုင်း ပျင်းတိုင်း ဆွဲတိမနေနဲ့၊ မျက်ခုံးပေါ် တိုဝင်နေပြီ၊ နင့်နဖူးကကျယ်တယ်၊ မျက်နှာက ကြီးတယ်၊ ဒီတော့ ရှေ့ဆံပင်ကို မညှပ်ဘဲ နားအောက် မေးရိုးစွန်းလောက် ရှည်ရှည်လေး ဘေး တစ်ဖက်တစ်ချက် ကပိုကရိုချထား"

"အဟိ ... ဟိ၊ ဟုတ်ကဲ့ မဇွန်"

"ကဲ ... တော်လောက်ပါပြီ ဇွန်ရယ်၊ ညည်း လက်ချာတွေ ငါတောင် တစ်ထိုင်တည်း အကုန်မမှတ်နိုင်ဘူး **မူးလာပြီ** ညည်း နုမျစ်ကို ပုံပြောင်းချင်ရင် ဒီ**ဆယ်တန်းစာမေးပွဲ** ကြီးပြီးမှ ပြောင်းလဲပေးတော့။ ခုတော့ **သူ့ဟာနဲ့သူ** မလှ ချင် မပချင် စာကိုပဲ စိတ်ဝင်စားနေတာ လွှတ်**ထား**ပေးဦး နုမျစ်က အခုအခြေအနေအတိုင်းဆိုရင် ဆယ်တန်းကိုနှစ် ချင်းပေါက် အောင်နိုင်တယ်"





"တကယ်လား **ဆရာမ**"

"တကယ်ပေါ့၊ **ဆယ်တန်းအောင်**ရင် ဘာလုပ်ချင်လဲ၊ ပြောစမ်း"

"ဟို ... ဆယ်တန်းအောင်ရင် လှချင်တယ် ဆရာမ"

နုမျစ် စကားကို အားလုံး ဝိုင်းရယ်ကြ၍ နုမျစ်ကလည်း အားပါးတရ ရယ်ပစ်လိုက်ပါသည်။ ဟုတ်တယ်လေ။ တခြား မျှော်မှန်းချက် ကြီးကြီးမားမားတွေ မရှိသေးပါဘူး။ လှချင်တာပဲ ရှိတယ် ... တကယ်ပဲလေ။

"နင်ဟာလေ ... ဟား ဟား ... ငါက အရူးမလို့ ပြောရင်လည်း နင်ကြိုက်မှာ မဟုတ်ဘူး၊ စိတ်က တကယ့်ကို အရူးစိတ်တော့"

"မဇွန် ပြောရင် မကြိုက်တာ မရှိပါဘူး၊ ကြိုက်ပါတယ်၊ ဟုတ်တာပဲဟာ၊ နုမျစ်က အရူးစိတ်ပဲဟာ၊ ကြီးလာရင် ဘာလုပ်မယ်ဆိုတဲ့ ရည်မှန်းချက်မျိုးလည်း မရှိပါဘူး၊ ဒါ ... ဒါပေမဲ့လေ တစ်ခုတော့ ရှိတယ်၊ နုမျစ်လည်း ချော မောလှပလာပြီး ယောကျ်ားချောချောလေးလည်း လိုချင်တယ် ... အဟိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နှမျစ်ရဲ့ ... ညည်းနှယ် ... ပြောတော့မယ်"

ဆရာမက မျက်မှောင်ကုတ်ဟန့်၍ မဇွန်တို့ သားအမိကတော့ နှမျစ်ကို ငေးမောပြုံးကြည့်နေကြပါသည်။

***





## ၅

စာမေးပွဲအပြီးအချိန်မှာ အစီအစဉ်တစ်ခု ရှိလာခဲ့ပါသည်။ အဲဒီအစီအစဉ်ကတော့ ဆယ်တန်းဖြေထားတဲ့ ကျောင်းသားအများစု စိတ်လှုပ်ရှားစွာ ပျော်ရွှင်နှစ်သက်ကြသည့် အစီအစဉ်တစ်ခုပင်။ ဆရာမဒေါ်အေးခင်၊ ဆရာမဒေါ်ဝင်းဝင်းနှင့် ဆရာဦးအောင်ကျော်တို့ ဦးဆောင်ဦးရွက်ပြုပြီး လိုက်ပါချင်တဲ့ တပည့်အချို့နှင့်အတူ ချောင်းသာကမ်းခြေ အပျော်ခရီး အစီအစဉ်ပင်ဖြစ်သည်။

အတော်များများက လိုက်ပါချင်ကြသော်လည်း တကယ်တန်း လုံ့စုံလိုက်တော့ ကျောင်းသား ကျောင်းသူ ဆယ့်နှစ်ယောက်လောက်သာ လိုက်ပါဖြစ်မှာ ဖြစ်ပါသည်။ အခိက



www.burmeseclassic.com

www.burmeseclassic.com



ငွေရေးကြေးရေး။ ခရီးစရိတ် တည်းစရိတ် စားစရိတ် စသည်ဖြင့် အသုံးစရိတ်ငွေ မဖြုန်းတီး မသုံးစွဲနိုင်ကြသူက များသည်။

တချို့ကတော့ လူကြီးမိဘရဲ့ ရှေးရိုးဆန်မှုကြောင့် မိဘဆွေမျိုး မပါပဲ ဆရာ,ဆရာမ သုံးယောက်နှင့် လူပျိုအပျို ပေါက်တစ်စု အပျော်ခရီးသွားကြမှာကို ခွင့်မပြုနိုင်တဲ့ မိဘလည်း ရှိသည်ပင်။

ကိုယ့်မြို့ ကျဉ်းကျဉ်းကွက်ကွက်လေးက လွဲလျှင် ဘယ်ကိုမှ မရောက်ဖူးသည့် အပျော်ခရီး မသွားဖူးသည့် နုမျစ် တစ်ယောက်တော့ လိုက်ချင်လှသည်မှာ နှစ်ပိုင်းလုံး သေနေပါ သည်။ စာမေးပွဲ မဖြေခင်ကတည်းက ကြီးတော်ကို ကပ်ကာပူ ဆာသည်။

"ညည်းအဖေ ကြိုက်ပါ့မလား နုမျစ်ရယ်"

"ကြီးတော် ပြောပေးပေါ့၊ ပြောပေးပါ ကြီးတော်ရယ် နော်"

"အေး … ပြောပေးချင်ပါတယ်အေ၊ ပြောလည်း ပြောကြည့် ဦးမှာပါ၊ ညည်းအဖေလည်း တစ်ရက် နှစ်ရက်ဆို လာတော့ မှာ၊ ညည်းစာမေးပွဲရက်လည်း သူဒီမှာရှိနေမှာပဲ၊ ညည်းနည်း ညည်းဟန်နဲ့လည်း ပူဆာဦးပေါ့"





"အိုး … အဖေက နုမျစ်တို့ စကားကို ဘယ်တုန်းက လူရာသွင်းလို့လဲ ကြီးတော်ရဲ့ … နုမျစ် ပြောရင် ရမှာမ မဟုတ်တာပဲ"

"ပြောကြည့်ဦးပေါ့အေ၊ ငါလည်း ကွယ်ရာမှာ တစ်ဖက် တစ်လမ်း ပြောမှာပေါ့၊ ညည်းလည်း ဆယ်တန်းတောင် ဖြေပြီပဲ၊ အောင်ရင် တက္ကသိုလ်ကျောင်းသူ ဖြစ်မှာ၊ ဖြစ် ရင်လည်း ရန်ကုန်လွှတ် ကျောင်းတက်ခိုင်းရမဲ့ဟာပဲ၊ ညည်းအဖေကလည်း ညည်းကို ဟိုးအရင်ကလို အမြင်မျိုး နဲ့တော့ မဆက်ဆံတော့ပါဘူး"

အဖေ ရောက်လာတဲ့အခါ ပထမတစ်ရက် ဤကိစ္စ ကို အဖေကြားအောင် ကြီးတော်နှင့် နုမျစ် အချီအချ အပြန်အလှန် လေသံပစ်ရသည်။ အဖေ ယုံကြည်လေးစားတဲ့ ဆရာမ ဒေါ်အေးခင် တို့ ဘာတို့ ပါတာတွေ အဖေ ကြားအောင် ကိုယ့်ဟာကိုယ် ပြော သလို ဆိုကြရသည်။

နှစ်ရက် သုံးရက်နေမှ စာမေးပွဲကို အခွင့်အရေးယူ ကာ အဖေ့ထံမှ ခါတိုင်းလို ခက်ထန်ကြိမ်းမောင်းခြင်းတို့ ရင်မ ဆိုင်ရပဲ ရှိနေသည့် နုမျစ်က အရဲစွန့်၍ အဖေ့ကို ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ... ဆရာမ ဒေါ်အေးခင်တို့ ချောင်းသာသွားကြ
အထဲ နုမျစ်လည်း လိုက်ချင်လို့"

အဖေက မျက်မှောင်ကုတ်ကာ ...

"အိမ်က အမေတို့ ကြီးတော်တို့လည်း လိုက်လို့မရ၊ သ
များလက်ထဲ အပ်လွှတ်ရမှာ၊ ညည်းကလည်း ဒီလိုမသွားဖူ
မလာဖူးနဲ့ လူအများကြားမှာ မနေတတ် မထိုင်တတ်
မဆက်ဆံတတ် ကိုးရိုးကားရား ဖြစ်နေမှာ၊ မလိုက်ပါနဲ့
နုမျစ်ရယ်"

"နုမျစ် လိုက်ချင်လို့ပါ အဖေ"

"မလိုက်တဲ့လူတွေလည်း အများကြီး မဟုတ်လား"

"လိုက်တဲ့လူတွေလည်း အများကြီးပါ အဖေ"

"ဘယ်နှယောက်လဲ"

"ဆယ့်နှစ်ယောက်လောက် ရှိတယ်တဲ့"

"နည်းနည်းလေးပဲ၊ မလိုက်တဲ့ဦးရေက များတာပဲ၊ လူမျ
စုတောင် မလိုက်တာ၊ ညည်းလည်း မလိုက်ပါနဲ့"

"နုမျစ် သိပ်လိုက်ချင်တယ် အဖေ၊ နုမျစ် တစ်ခါမှဒီင
ပျော်ပျော်ပါးပါး မသွားဖူးဘူး၊ ဘယ်မှလဲ မရောက်ဖူးဖ





ဘူး၊ မိသားစုနဲ့ သွားရဖို့ ဆိုတာလည်း အခွင့်အရေး မရှိ
ပါဘူး၊ ဆရာမတို့လို စိတ်ချ အားကိုးရတဲ့ အထိန်းအသိမ်း
အစောင့်အရှောက်ပါတုန်း သွားပါရစေ"

ဦးရဲတင့် မျက်နှာမှာ စိတ်မရှည်နိုင်တော့သလို
က်ထန်လာကာ နုမျစ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။
မျစ်သည် ရင်ထဲ၌ အံ့သြလောက်စရာကောင်းသော အာခံတော်
လှန်လိုစိတ်တစ်မျိုး ဆူပွက်လှိုင်းထလာကာ တစ်ကြိမ်မှ မျက်လွှာ
င့်မကြည့်ရဲသော အဖေကို တန်ပြန်ရင်ဆိုင်ကြည့်နေမိသည်။

"တောက် ...၊ ဆယ်တန်းမှ အောင်မယ်မကြံသေးဘူး၊ ငါ့
ကို ဒီလိုအာခံတဲ့အကြည့်မျိုးတောင် ကြည့်တတ်နေပြီ
ဟုတ်လား၊ သွား ... ငါ့ရှေ့က ထွက်သွားတော့၊ လုပ်မိရင်
သေဦးမယ်၊ ငါ့ခေါင်းထဲမှာ ငါ့အလုပ်ကိစ္စနဲ့မှ ရှုပ်ထွေးနေ
ရတဲ့ကြားထဲ ...

နင်တို့မိသားတစ်စု စားဝတ်နေရေး ငါဘယ်လောက်
အပင်ပန်းခံ ရှာဖွေပေးနေရတယ် ထင်လဲ၊ အထုံအထိုင်း
ဖြစ်တဲ့သူကဖြစ်၊ မဖြစ်တဲ့သူက အဖေကို ပြန်အာခံချင်
သလိုလိုနဲ့၊ ငါ ပိတ်မရိုက်မီခင် ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်သည် မျက်ရည်လည်လာကာ ...

"အစ်ကိုနဲ့ အစ်မ ထုံထိုင်းနေတာကို အပြစ်တစ်ခုလို အမြဲ ထည့်ထည့်ပြောနေဖို့လည်း မသင့်ပါဘူး အမေ၊ သူတို့ တမင်တကာ လုပ်နေကြတာမှ မဟုတ်တာ၊ အဖေနဲ့ အမေ မွေးလိုက်တဲ့ အတိုင်းပါ"

"ဘာ"

အဖေသည် နုမျစ်ရဲ့ နဖူးထိပ်က ဆံပင်စုလေးကို ဆွဲဆောင့် လှုပ်ယမ်းကာ တစ်ချက်တွန်းထုတ်လိုက်ရင်း ...

"တောက် ... သွား ... သွား ...၊ ငါ့ရှေ့ ဆက်နေရင် နင် သေလိမ့်မယ်၊ ကိုယ့်ဟာကိုယ် အလုပ်ကရှုံးလို့ စိတ်ညစ်ရတာကတစ်မျိုး၊ သွားလို့ ပြောနေတယ် မဟုတ်လား"

အကျယ်ကြီး အော်ဟစ်မောင်းထုတ်လိုက်၍ နုမျစ် ချာခနဲ လှည့်ထွက်ဆုတ်ပြန်ခဲ့ရသည်။ ရင်ထဲ၌ နည်းနည်းမှ မကျေနပ်။ တစ်ကိုယ်လုံး ပူထူကာ နားထဲ၌ပင် တစီစီ မြည်နေသည်။ ခုချက်ချင်းတောင် အိမ်က ဆင်းပြေးသွားလိုက်ချင်သည်။ စာမေးပွဲဖြေလျက် တန်းလန်းကြီးမို့ မဖြစ်နိုင်လွန်းလို့ပင်။





သနားသောအားဖြင့် လိုက်လျောလိုက်သင့်တာကို အဖေ ချုပ်ချယ်သည်လို့ပဲ စိတ်ထဲထင်သည်။

"ဟင်း ... ဟိုဆရာဝန်သားက ပါဦးမယ်၊ ငါမသိဘူးများ မှတ်နေသလား၊ ဤကြွေရံရကို မနေချင်ဘူး"

အဖေ့စကားသံက နောက်မှ ကပ်လိုက်လာသည့်တွင် နုမျစ်သည် ဝမ်းနည်းနာကျင်စွာ အံကို ကြိတ်ထားမိသည်။ 'ဘာ သပ်ဖို့တုန်း ... အဲဒီ ဆရာဝန်သားကို။ ကိုယ့်အပေါ် လှောင်ပြောင် သိက္ခာချမည့်သူဟု နားလည်ထား၍ ခပ်တန်းတန်းနေတာ ကြာလှပြီ။

မဟုတ်တာကို စွပ်စွဲခံရ၍ နုမျစ် နာကျင်နေပါသည်။ အခု လိုက်ချင်တာဟာ ခရီးမသွားစဖူးမို့ သွားချင်တာရယ်၊ ချောင်းသာကမ်းခြေဆိုတဲ့ လူတကာ ရောက်ဖူးနေတဲ့ နေရာကို ကိုယ်လည်း ရောက်ဖူးချင်တာရယ်၊ ကားစင်းလုံးငှားပြီး ရန်ကုန်က တစ်ဆင့် မောင်းသွားရမှာမို့ ရန်ကုန်ရောက်တဲ့အခါ မဇွန်တို့သား အမိကိုပါ ဝင်ခေါ်သွားမည်ဆိုတာ သိထား၍ မဇွန်တို့နှင့်လည်း တွေ့ဆုံ အတူသွားချင်တာရယ်။ ဒါတွေကြောင့်ပင်။

ဘာကြောင့်များ နေဦး ပါတဲ့ ခရီးတစ်ခုမို့ မျှော်တလင့်လင့်နှင့် အနားကအတူကပ် လိုက်ပါချင်တယ်လို့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်သေးရပါလိမ့်။ အဖေ ခုတလော လုပ်ငန်းတချို့ အဆင်မပြေဘူး ဆိုတာလည်း နုမျစ် သိပါသည်။ သို့သော် နုမျစ် ချောင်းသာလိုက်ချင်တာဟာ အဖေ့ရဲ့ စိတ်ရှုပ်စိတ်ပျက်မှုကို ပိုဆိုးစေစရာ ဘာမှမဆိုင်လို့ နုမျစ် ထင်သည်။

နုမျစ်သည် ဆယ်တန်းစာမေးပွဲကြီးကို ရှောရှောရှူရှူ ဖြေဆိုပြီးစီးသွားလေသည်။ စာမေးပွဲအပြီး နှစ်ရက်လောက်မှာ အဖေလည်း ခရီးပြန်ထွက်သည်။ အဖေ အိမ်မှာမရှိတော့တာကို ဒီတစ်ကြိမ် အပျော်ဆုံးပင်။

“ကြီးတော် ... နုမျစ် ချောင်းသာလိုက်သွားမယ် သိလား၊ ရှေ့အပတ် သွားကြလိမ့်မယ်”

“ဟဲ့ ... နင့်အဖေက ...”

“အို ... အဖေမှ မရှိတာ၊ အဖေ နောက်တစ်လလောက် အတွင်း ပြန်ရောက်လာစရာ မရှိဘူးဆိုတာ ကြီးတော်လည်း သိတာပဲ၊ နုမျစ်တို့ခရီးက ငါးရက်ထဲရယ်၊ နုမျစ် ပြန်ရောက်ပြီး အကြာကြီးနေမှ အဖေ ပြန်လာမှာ”

“ဒီတော့ ညည်းအဖေ မသိအောင် ခိုးသွားသလို ဖြစ်နေတာပေါ့”





“ခိုးသွားတာမှ မဟုတ်တာ၊ ကြီးတော်တို့ သိတာပဲ”

“အို ... ညည်း ပြဿနာရှာလိုက်တာ နုမျစ်ရယ်”

“ကြီးတော် ... နုမျစ်ကို သနားပါဦး၊ နုမျစ် လိုက်ချင်လွန်းလို့ပါ၊ ဆွေရင်းမျိုးရင်းတွေထဲက ဘုရားဖူးလေး ဘာလေး သွားကြရင်လည်း ဘယ်တုန်းက ထည့်သလဲ၊ နုမျစ် ဘယ်မှလဲ မရောက်ဖူးဘူး၊ နုမျစ် ဒီဆယ်တန်းကိုလည်း အောင်မှာသေချာတယ်၊ အဲဒီကျရင်လည်း တက္ကသိုလ်တက်ရမှာပဲ ကြီးတော်ရယ် ...

နုမျစ်ဟာ သာမန်လူတစ်ယောက် ဖြစ်ရက်နဲ့ ဝေဒနာသည်အစ်မလိုပဲ အိမ်ထဲချည်း နေရတယ်၊ နုမျစ် ငယ်ပါသေးတယ်၊ နုမျစ် ပျော်ချင်ပါသေးတယ် ကြီးတော်ရယ်”

“မတော်တဆ ညည်းအဖေ သိသွားရင် ငါကော ကောင်းပါ့မလားအေ၊ ညည်းကိုလည်း သွားစေလာစေ ပျော်စေချင်ပါတယ်၊ ငါ့တူမလေးရယ်၊ အင်း ... ငါ့ခေါင်း ဆင်နင်းတာပဲ”

“နုမျစ် လိမ်လိမ်မာမာ လိုက်သွားမှာပါ၊ လိုက်ပါရစေ ကြီးတော်ရယ် ... နော် ... နော် ...”



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော် ခမျာ သက်ပြင်းကြီး တရှိုက်ရှိုက်နှင့် စကားမပြန်နိုင်ရှာ။ ပြန်မပြောရင် အဖေ မသိနိုင်ဘူးလို့ပဲ နုမျစ် ထင်နေသည်။ ဆရာမကိုလည်း လိုက်မည့်အကြောင်း သွားပြော လိုက်ပါသည်။ အဝတ်အိတ်တွေ ဘာတွေလဲ ပြင်ဆင်ထားပြီ။

တကယ်တမ်း အဝတ်အစားထည့်တော့ နုမျစ်တွင် လှုကြားထဲရော၍ တူတူတန်တန် ဝတ်စရာ ဘာမှာသိပ်မရှိ။ ပိုက် ဆံရှိပေမဲ့ နုမျစ်တို့ မိသားစုက အိမ်ထဲပဲ နေသူတွေမို့ မသုံးတတ် တာ ဖြစ်ပါသည်။ မဝယ်မခြမ်းတတ်တာ ဖြစ်ပါသည်။ ခပ်တုံးတုံး လှုတောာမတိုးတဲ့ အဝတ်အစားတချို့သာ သူ့မှာ ရှိသည်။

တစ်ကိုယ်ရည်သုံး ပစ္စည်းလေးတွေသာမက အဝတ် အစားတချို့ ဝယ်ချင်သည်။ ဟိုမှာသုံးရစွဲရမှာလည်း ရှိသေးသည်။ ကားခ ထမင်းစရိတ် ဟိုမှာ တည်းခိုစရိတ်တို့ကိုတော့ ဆရာမတို့ကို ကြီးတော်က သွားရှင်းပေးထားပြီးပါပြီ။

"အမေ"

နုမျစ်သည် သူပြင်ဆင်ထည့်သိုနေတာကို ငြိုးကြည့်နေ သော အမေ့နား ကပ်ရသည်။

"အမေ့မှာ ပိုက်ဆံရှိလား"





"ပိုက်ဆံ ... ! ၊ နုမျစ် ဘာလုပ်ဖို့လဲ"

"နုမျစ် မုန့်ဖိုးလိုချင်လို့ အမေရဲ့"

"မုန့်ဖိုး ဘယ့်လောက်လဲ"

"အမေ့မှာ ဘယ်လောက်ရှိလဲ၊ နုမျစ်က များများလေး လိုချင်တာ၊ နုမျစ်လေး အဝတ်အစားလည်း ဝယ်ချင်တယ်၊ ရေကူးဖို့ ဘောင်းဘီတို့ ဘာတို့လည်း လိုချင်တယ် အမေ ရဲ့၊ ဘာလေး ညာလေးတွေ ဝယ်ချင်တာ အများကြီးပဲ"

"အေး ... အေး ... လာ"

အမေက သူ့ထုံးစံအတိုင်း ပြုံးပြုံးရယ်ရယ်နှင့် ဗီရိုဆီ သွားကာ အံဆွဲဖွင့်လျက် စာရွက်တစ်ရွက် ထုတ်ယူလိုက်ပါသည်။

"ဒါဘာလဲ အမေ၊ ဟင် ... ချက်လက်မှတ် ထင်တယ်"

"အေး ...၊ နုမျစ်အဖေ လက်မှတ်ထိုးပြီးသားလေ"

"ဒါဖြင့် ထုတ်ယူရုံပဲပေါ့၊ ဘယ်လိုထုတ်ရသလဲ မသိဘူး"

"အဲဒါ ဘဏ်မှာထုတ်ရတဲ့စာရွက် သမီးရဲ့"

"ဘဏ်မှာ ထုတ်ရတာတော့ ဟုတ်တာပေါ့ အမေကလည်း၊ ဟင် ... ပိုက်ဆံက အများကြီးပါလား၊ သုံးသိန်းတောင်"

"အေး"



www.burmeseclassic.com

"အမေ့ကို အဖေ ပေးထားတာလား"

"အေး"

"အမေ့မှာ တခြားပိုက်ဆံ မရှိဘူးလား"

"မရှိဘူး နုမျစ်"

"ဒါဖြင့် ဒီပိုက်ဆံကို သိမ်းထုတ်ပြီး နည်းနည်းယူသုံးလိုက် ရမလား"

"ယူသုံးလိုက်ပေါ့၊ တခြားမှ မရှိတာ"

နုမျစ်သည် အင်မတန် ပျော်ရွှင်ကာ အမေ့ကိုဖက်၍ တရှုပ်ရှုပ် နမ်းမိသည်။ အမေက တဟိဟိနှင့် သဘောကျနေပါသည်။ နုမျစ်သည် ကြီးတော်ကိုတောင် ပြောပြမနေတော့။ ကြီးတော်က ကန့်ကွက်ရင် ကန့်ကွက်နေဦးမည်။ တစ်ခါတလေ ငွေပေါပေါ သုံးစွဲဖြုန်းတီးလိုက်ချင်စိတ်နှင့်သာ ပျော်ရွှင်နေပြီး တခြားလည်း ဘာမှ ရှည်ရှည်ဝေးဝေး မတွေးမိတာ အမှန်။

ဒီလိုနှင့် နုမျစ်သည် ချောင်းသာသွားမည့် စင်းလုံးဘတ်စ်ကားပေါ်မှာ ငွေအများအပြားနှင့် ပျော်ရွှင်စွာ ပါသွားပါတော့သည်။ နေဇာတို့အုပ်စုလည်း ပါသည်။ နေဦးလည်း ပါသည်။ နေဇာနှင့် နေဦးဟာ ခုချိန်မှာ ဘာလိုလိုဖြစ်နေတာ နုမျစ် ရိပ်မိသည်။





ဒါကို နုမျစ် စိတ်မဝင်စားပါ။ နုမျစ်သည် မသွားခင် မြို့ဈေးကပဲ ဝယ်ခြမ်းလာသည့် အဝတ်အစားသစ် ဒေါက်ဖိနပ်သစ်၊ နေကာမျက်မှန်၊ စလွယ်သိုင်းကြိုးရှည်နှင့် စလင်းဘက်အိတ်တို့နှင့် သားသားနားနား သစ်သစ်လွင်လွင် ဖြစ်နေသည်။

နံနက်နှစ်နာရီခွဲ သုံးနာရီမှာ ထွက်လာသော နုမျစ်တို့ရဲ့ ဘတ်စ်ကားကြီးဟာ ရန်ကုန်မြို့ကို နေ့လယ်မွန်းလွဲကာစ ဝင်လာသည်။ ရန်ကုန်မှာ နေ့လယ်စာ စားကြမည်ဟု စီစဉ်ခဲ့တာမို့ လမ်းမှာ တစ်ကြိမ်ရပ်ကာ လက်ဖက်ရည်နှင့် မုန့်သာစားခဲ့ကြပါသည်။

ကားကို မဖွန်တို့ အိမ်ရှေ့နား သံဈေးနားမှာပင်ရပ် ၂၅က် တရုတ်တန်းတစ်လျှောက်မှာပဲ စားကြသောက်ကြဖို့ဖြစ်သည်။ မဖွန်တို့အိမ်ဟာ သံဈေးထောင့် မဟာဗန္ဓုလလမ်းပေါ်မှာပင်ဖြစ်သည်။ မဖွန်တို့ သားအမိနှင့် မဖွန်ရဲ့ အပ်ချုပ်ဆိုင်မှ တပည့်မနှစ်ယောက်တို့လည်း အသင့်ပြင် ဆိုင်ပိတ်ပြီး စောင့်နေကြပါပြီ။

မဖွန်သည် ကားပေါ်က ဆင်းလာသော နေဇာတို့အုပ်စုကိုကြည့်ကာ နုမျစ်ကို အပြစ်တင်သည်။

www.burmeseclassic.com



"နုမျစ်ရယ် ... နင်ဟာလေ အသစ်တွေတော့ ဝတ်လာပါရဲ့၊ ဘယ်တော့မှ ခေတ်မီတာ မဝယ်မခြမ်းတတ်ဘူး၊ ငါနင့်ကို အားမရလိုက်တာ၊ ဝယ်စရာရှိလည်း ရန်ကုန်ရောက်မှ ဝယ်တာ မဟုတ်ဘူး၊ ငါဝယ်ပေးမှာပေါ့"

"ဒီမှာဝယ်ခြမ်းဖို့ အချိန်ရမယ် မထင်တော့ နုမျစ်လည်း ဟိုကပဲ ဝယ်လာလိုက်တယ်"

မဖွန်သည် နေဇာ၊ သင်္ဂီ၊ ဝင်းဝင်းသင်းတို့ကို ကြည့်လိုက် နုမျစ်ကို ကြည့်လိုက်နှင့် သူ့နုမျစ် အတွက် ကြားထဲကနေ အားမလို အားမရ ဖြစ်နေသည်။ ဟိုကောင်မလေးအုပ်စုနားမှာ နေဦးနှင့် ယောကျ်ားလေးတစ်စု တကပ်ကပ် ရစ်ဝဲပြီး ရှိနေကာ နုမျစ်ကတော့ တစ်ယောက်တည်း ဖြစ်နေပါသည်။ ဖွန်သာ မလိုက်ဖြစ်လျှင် နုမျစ် အဖော်ရှိမည့်ပုံပင် မရပါ။

"မဖွန် ဘာဖြစ်လို့လဲဟင်"

"နင့်ကို စိတ်တိုလို့ပေါ့၊ နင်ဟာလေ ဘာမှလဲ မဝယ့်မခြမ်းတတ်ဘူး၊ ခရီးသွားတာ သူများတွေလို ဂျင်းပဲန်လေး ဘာလေး ရောပါလား"

"ဟင့်အင်း"





"ရေကူးဖို့ရော"

"မြို့မှာဝယ်ဖို့ အဆင်ပြေပြေ မရှိဘူး မဖွန်ရဲ့၊ လုံခြည်နဲ့ပဲ ဆင်းလိုက်လည်း ရတယ်မဟုတ်လား"

"ခုပဲကြည့် ... နင့်ပုံစံကို အထင်တသေးနဲ့ မိန်းကလေးချင်းတောင် နင့်ကိုမတွဲပဲ ရှောင်ဖယ်ဖယ်နဲ့၊ နင်နဲ့တွဲရမှာ ပုံတုံးတယ်ဆိုတဲ့သဘော၊ ကျွတ်၊ ဒါမျိုး ငါက ကြားထဲကနေ မခံချင်ပါဘူး၊ နေဦး ငါ့အိမ်မှာ နင့်ကိုငှားဝတ်လို့ရတာ ဘာရှိမလဲ၊ အင်း ... နင်ကလည်း ငါ့ရဲ့တစ်ဆခွဲလောက်တောင့်တင်းနေတာ မတော်နိုင်ပါဘူး"

ဖွန်မှာ နုမျစ်ကို တစ်ပုံစံ တစ်ဘာသာ ကွဲထွက်နေရှောင်မှိန်ပြီး ပုံတုံးနေတာ ကြည့်ပြီး အတော်စိတ်မကျေမနပ်ဖြစ်နေသည်။ နုမျစ်ကို သူ ချစ်သည် ခင်သည်။ နုမျစ်ကိုချစ်၍ နေဦး ဆိုတဲ့ ကောင်လေးကိုတောင် ချဉ်နေတဲ့သူပါ။ နုမျစ် ပုံစံကို သူတို့ အထင်မသေးနိုင်ပဲ အံ့အားတသင့် ဖြစ်ရတာမျိုး ဖြစ်စေချင်သော်လည်း နုမျစ် တစ်ယောက်ကလည်း မဝယ်မခြမ်းတတ်မဝတ်မစားတတ်ဖြစ်၍ ကရုဏာဒေါသ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဗွန် ... နုမျစ်မှာ ပိုက်ဆံပါတယ်၊ အချိန်ရရင် မဗွန် ကြိုက်တာ ဝယ်ဆင်ပေးလေ"

"ဘယ်လောက်ပါလဲ"

"သိန်းချီပြီး ပါတယ်"

"အမယ့် ... များလှချည်လား"

"အမေ့ကို အဖေပေးခဲ့တဲ့ ချက်လက်မှတ် ထုတ်ခဲ့ရတာမို့လို့ ငွေတွေပါလာတယ်"

"သုံးခွင့်ရော ရှိလို့လား"

"အမေကလည်း ဘာဝယ်ဝယ် ဘာသုံးသုံး ကြိုက်တာလုပ်တဲ့"

"တကယ်နော်၊ ဒါဆို ပြီးရော၊ နင့်ကို အပျံစားဖြစ်အောင် ရှိုင်းပစ်မယ်၊ ဘောင်းဘီအရှည်၊အတို၊စကဲ၊တွေလည်း ဒီ နားမှာတင် ဂျော်ဒါးနီးဆိုင် ရှိတယ်၊ ဒီတစ်ဝိုက်မှာ လိုချင် တာအားလုံး ဝယ်လို့ရတယ်၊ နင် သူတို့နဲ့ ထမင်းလိုက်မစား နဲ့တော့ ဘူးနဲ့ပါဆယ်ပဲ မှာလိုက်တော့၊ နင့်ကို လိုက်ဝယ် ခြမ်းပြီး ဆင်ပေးမယ်"





"အဟီး ... မဗွန် စိတ်ကြိုက်သာဝယ်ဆင်၊ လှအောင်လုပ် ပေးနော် ... အဟီးဟီး၊ ပိုက်ဆံက အများကြီးပါတာ ... အဟင်း"

"အေး ... နင်သာ အကုန်ခံနိုင်လို့ကတော့ သုံးတောင်မ လောက်ဘူး"

"ဝယ်မယ် ... သုံးမယ်၊ မဗွန် ဝယ်ပေး ... အဟီး"

မကြာခင် အချိန်အတွင်း ဘတ်စ်ကားကြီးပေါ်တစ်ဖွဲ့လုံး အချိန်ကိုက် ပြန်ဆုံကြတဲ့ အချိန်မှာတော့ တစ်ကားလုံးဟာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ရတာ အမှန်ပင်။

ကာကီရောင် ဦးထုပ်၊ ကာကီရောင် ဘောင်းဘီရှည်ပွ၊ မီးခိုးဖျော့ ကိုယ်တီစပို့ရှပ် ခါးတိုတိုနှင့် လှပသော ကျောပိုး အိတ်အကွက်လေးပိုးကာ အပျံစားဝေ့ကင်းရှူး ဖြူဖြူကလေးနှင့် နေကာမျက်မှန်တပ်ကာ ကားပေါ်တက်လာတဲ့ နုမျစ်ကို ရုတ်တရက် ဘယ်သူမှ နုမျစ်မှန်းမသိ။

ခြေဆုံးခေါင်းဖျား ဂျော်ဒါးနီး ဆင်ယင်ထားကာ အဆင့်မြင့်မြင့် တန်ဖိုးကြီးတွေ ဝတ်ထားသည့် နုမျစ် တစ်ယောက် လက်ဖျားတွေ လည်တိုင်တွေမှာပါ ပလက်တီနမ်ကြိုး ပါးပါးလေး တွေနှင့် သန့်ကာ တောက်ပြောင်နေသည်။ နုမျစ် ရုပ်ဟာ မလှပ



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ အကောင်းစားတွေ ဆင်ယင်လိုက်တဲ့အခါ အဆင့်မြင့်တဲ့ ရုပ်ဆန်းဆန်းတစ်မျိုး ထွက်သွားစေသည်။

မဗွန် စကားအတိုင်း အပြုံးအရယ်ကို ဖျောက်၍ မျက်နှာထားလည်း ခပ်တည်တည်ဖြစ်လာ၊ မျက်ခုံးပြားကြီးကိုပင် စင်ရော်တောင်ပံ့ ရိတ်သွင်းလာသေးသော နုမျစ် တစ်ယောက် တစ်နာရီအတွင်း တကယ့်ကို ရုပ်ပြောင်းသွားတော့တာ ဖြစ်သည်။

"ဟင် … နုမျစ်၊ နုမျစ် ဘယ်လိုဖြစ်တာလဲ"

ခါတိုင်း နုမျစ် အလုပ်ဖြင့်လာတုန်းကလို ဘယ်သူမှ ပြုံးစိပြုံးစိ မလုပ်နိုင်ပါ။ အံ့အားတသင့်နှင့် သူတို့ပါးစပ်တွေ အဟောင်းသား ဟ,အလှည့်ဖြစ်သည်။ မတိုမရှည် ကော့နေတဲ့ ဆံပင်တိုဟာ သံပရာခွဲဦးထုပ်အောက်မှာတော့ ကပိုကရိုနှင့် အချိုးကျနေတော့သည်။ နုမျစ်ကို မဗွန် အဆင့်မြင့်မြင့် ပြင်ဆင်ထားပုံမှာ အလွန်အကျွံ ခြယ်သဖန်တီးမှုကြီးတွေ မပါ။

နေဇာတို့ တစ်အုပ်စုလုံး ဆင်ပြင်ထားတာတို့သည် နုမျစ်ရဲ့ အဆင်အပြင်အောက်၌ မှေးမှိန်ညှိုးနွမ်းကုန်ပါသည်။ တောင့်တောင့်တင်းတင်း ခပ်တုတ်တုတ် ကောင်မလေးတစ်ယောက် ဖြစ်နေသော်လည်း အပြင်အဆင်တို့ကြောင့် လိုက်ဖက်ကြည့်ကောင်းနေသည်။





ဆရာမနှင့် အန်တီမိကတော့ အံ့လည်းသြ သဘောလည်းကျ၊ ဗွန့်ကို သြချတဲ့ အပြုံးတွေနှင့် ကျေနပ်ရှုံ့မဲ့ ဂုဏ်ယူသလို ဆန့်ကျင်ဘက်တွေ ခံစားနေရပါသည်။ ဗွန်က ရယ်ခွင့်ပြုံးခွင့် မပြု၍ ရှောင်တခင် "တည်"သွားတဲ့ နုမျစ်ရဲ့ ဟန်မြင့်မြင့်ကို တစ်ကားလုံး အံ့အားတသင့်။ နေဦး တစ်ယောက် လှည့်တကြည့်ကြည့် ပြုံးနေပုံမှာလည်း အရင်ကလို လှောင်ပြောင်ရိပ်မပါ။ ပုံပြောင်းသွားတာကို သဘောတကျ ဖြစ်နေတာပင်။

နဂိုအလှမှာ နုမျစ်ထက်ပိုပြီး ပြေပြစ်သွယ်လျ အချိုးကျကြပါလျက်နှင့် နုမျစ်ကို နေဇာတို့သုံးယောက်အုပ်စု အံ့သြတကြီး မနာလို ဖြစ်ရလောက်အောင် နုမျစ် ပြောင်းလဲသွားတာဖြစ်သည်။ သူတို့ကသာ ပိုလှပနေသေးတာ မှန်ပေမဲ့ သူတို့က နဂိုကလည်း ဒီအတိုင်း၊ ခုလည်းဒီအတိုင်း။ နုမျစ်က နဂိုကထက် ဆယ်ဆခုန်ပြီး ပြောင်းလဲကြည့်ကောင်းသွားတာဖြစ်၍ သိသာထူးခြားနေပါတော့သည်။

နုမျစ်သည် မျက်နှာကို ခပ်တည်တည်ထားရင်း ရင်ထဲ၌ တဒိတ်ဒိတ် ခုန်မြည်ကာ စိတ်တွေ အကြီးအကျယ် လှုပ်ရှားနေသည်။ ရှိရှိသမျှ တစ်ကားလုံးက ကျားမ အားလုံးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အာရုံဟာ ကိုယ့်ဆီမှာလေ။ အလွန်ဝတ်ချင်လှပြီး မြို့မှာ မဝယ်ခြမ်း မဝတ်ဆင်ရသော ပလက်တီနမ်ကြိုးနှင့် ဟဲန်းချိန်းပျော့ကိုလည်း အရဲစွန့် ဝယ်ချပစ်လိုက်ပြီမို့ ကိုယ့်လက်က ဖြူလက်လက်အရောင်ကိုကြည့်ကာ သဘောကျနေသည်။

ဝင်းဝါဖြူနုစ်ဝကစ်တဲ့ နုမျစ်ရဲ့လက်ကောက်ဝတ်လေးဟာ မွေးညင်းရှည်လေးများနှင့် နဂိုလှပပြီးသားတွင် ဖြူလက်လက် ဟဲန်းချိန်းပျော့ပျော့ကလေးနှင့်ပနာရကာအသွင်ဆန်းနေသည်။

ဘတ်စ်ကားကြီး ရန်ကုန်မြို့က စ,ခွာတဲ့အချိန်ကစပြီး အားလုံးရဲ့ အာရုံတို့ဟာ နုမျစ်ပေါ်မှာ စုပြုံကျရောက်နေသည်။ ချောင်းသာရောက်ပြီးတော့လည်း နုမျစ် အဝတ်အစားလဲထွက်လာလျှင် ဘာများဝတ်ထွက်လာမလဲရယ်လို့ အားလုံးဟာ စိတ်ဝင်တစား စူးစမ်းစပ်စုနေရပါတော့သည်။

နဂိုကတည်းက ဟန်မရှိ ပန်မရှိ ကလေးကြီးဆန်သော နုမျစ်ရဲ့ လှုပ်ရှားဟန်တို့ဟာ ချောင်းသာကမ်းခြေမှာ ဘောင်းဘီစက ပုံကျကျနှင့် ခုန်ပေါက်ပြေးလွှားနေတာမျိုးနှင့်ကျတော့ လိုက်ဖက်အပ်စပ်နေကာ နုမျစ်ဟာ ပါလာတဲ့ ကောင်လေးတစ်စုတို့ တအံ့တသြ ငေးမောချင်စရာ ဖြစ်နေခဲ့သည်။





အားလုံးထဲမှာ ယောက်ျားလေးဆိုလို့ နေဦး တစ်ယောက်နှင့်ပဲ နုမျစ်က ရင်းနှီးခင်မင်မှုတာမို့ နေဦးက နုမျစ်နားကပ်၍ စကားရော ဖောရော လုပ်သည်။

"နုမျစ် ... လာစမ်း"

"မဇွန် ... ဘာလဲဟင်"

"နင့်ကို ငါ ပြောထားတယ် မဟုတ်လား၊ နေဦးကို ခပ်တန်းတန်း လုပ်နေ၊ အရောမဝင်နဲ့လို့"

"သူ လာစကားပြောတာ မဇွန်"

"အရင်က နင့်ကို သူ ဘယ်လို ကွယ်ရာမှာ ဟားလှောင်လဲ နင်သိတယ်နော်၊ ခုမှ နင့်ပုံစံက ကောင်မလေးအားလုံးထဲ အပြတ်အသတ် ခေတ်မီပြီး သူဌေးသမီး အဆင့်မြင့်မြင့်ပုံ ထွက်လာလို့ တခြားကောင်လေးတွေရှေ့မှာ သူပိုင်ပါတယ်ဆိုတဲ့ပုံမျိုး လုပ်နေတာ၊ နင် အလုပ်မခံနဲ့၊ ခပ်တင်းတင်း အနိုင်ယူထားစမ်း"

"ဟုတ်ကဲ့"

နေဇာ၊ သီဂီနှင့် ဝင်းဝင်းသင်းတို့သည် သူတို့နဲ့မယှဉ်သာအောင် လှပခေတ်ဆန်သော မဇွန် ဆိုတဲ့ အစ်မကြီးက နုမျစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အရေးပေး ဖော်ရွေလျက် အားလုံးနဲ့ ခပ်တန်းတန်းလေး နေတာကို အံ့အားတသင့် ငေးနေကြရသည်။ မဇွန်ကို မိတ်ဖွဲ့ အဖွဲ့ကျနိုင်ဖို့လည်း အမြဲ မျက်နှာရိပ် မျက်နှာကဲ ကြည့်နေကြပါသည်။

သူတို့ဟာ ဘယ်လိုပဲ လှလှပပ ကောင်မလေးတွေ ပါဆိုဆို မဇွန်ကိုတော့ ခြေဖျားလည်းမမီ၊ လက်ဖျားလည်းမမီ။ မဇွန်ဟာ ကမ်းခြေတစ်လျှောက်လုံးမှာ ရှိနေတဲ့ ညည့်သည်အားလုံး ထဲ "Queen"ဖြစ်နေတယ် ဆိုနိုင်အောင် ရုပ်ပါစတား ဖြစ်နေသည်။ မဇွန်နှင့် တကပ်ကပ် တတွဲတွဲရှိတဲ့ နုမျစ်ပါ ရောပြီး ကမ်းခြေပရိသတ်ရဲ့ မြင်ကွင်းမှာ ထင်းနေပါသည်။

မဇွန်ရဲ့တပည့်မလေးတွေကိုက အပျံစား။ ချောင်းသာကမ်းခြေမှာ ရှိရှိနေသမျှ ပရိသအားလုံးရဲ့ အာရုံကို မဇွန်နှင့်အဖွဲ့ကသာ သိမ်းပိုက်ထားနိုင်တာ ဖြစ်သည်။ နေဇာတို့အဖွဲ့လိုက်ဟာ မှေးမှိန်ပျောက်ကွယ်နေပါသည်။

"နင့်ကို မိတ်ဆက်ပေးရဦးမယ် ... လာ၊ မေမေ့ အသိမိသားစုလည်း ရောက်နေတယ်"

"ဘယ်မှာလဲ"





"ဟိုရှေ့က ဆွယ်တာချိုင်းပြတ် ထပ်ဝတ်ထားတဲ့ လူကိုတွေ့လား၊ အဲဒါ မေမေ့မိတ်ဆွေတွေရဲ့ တူကလေး"

"ဟင် ... ဟိုတစ်ယောက်လား"

စပို့ရှပ်လက်တို အဖြူပေါ်မှာ မီးခိုးရောင်ချိုင်းပြတ်ဆွယ်တာဗီပုံ ထပ်ဝတ်လျက် ဒူးလောက်ရှိသော ဂျီးရောင်ဘောင်းဘီတို၊ ကွင်းထိုးဖိနပ် ခပ်လှလှနှင့်လူဆီ မဇွန်က လက်ဆွဲလျှောက်သွားပြီမို့ နုမျစ်က တွန့်ဆုတ်ဆုတ် ပါသွားရပါသည်။

ဒီလူကို မနေ့ညနေ ရောက်ကတည်းက နုမျစ် သတိပြုမိတာ။ ချိုင်းပြတ်ဆွယ်တာလေးတွေ ထပ်ဝတ်ပြီး ဆံပင်လေး လိမ်ကောက်ကောက်နှင့် ခပ်တင်းတင်း ရုပ်ပုပ်ပုပ်ရုပ်က ကြည့်ကောင်းလှတဲ့အတွက် မျက်စိထဲ စွဲနေခဲ့တာပင်။ သူ့ကို နေဇာတို့အုပ်စုပါ ခိုးကြည့်ကာ ဝေဖန်နှစ်သက်နေကြတာ နုမျစ်သိသည်။ နုမျစ် ကိုယ်တိုင်လည်း တိတ်တခိုး နှစ်သက်သလိုရှိနေ၍ မဇွန် ခေါ်သွားနေတော့ အလန့်တကြား ရင်တွေပိုနေရတော့တာပင်။

"ဟိတ် ... ဘိုဘို"

သူက လှည့်ကြည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မဗွန်"

"ဘိုဘို တစ်ယောက်တည်းလား"

"ဟုတ်ကဲ့၊ အန်တီမိတောင် အန်တီလေးတို့နားမှာ၊ ဟိုးနားမှာ လမ်းလျှောက်နေကြတယ်"

"ဟုတ်တယ်၊ တွေ့တယ်၊ ရေမကစားသေးဘူးလား"

"နေအတော်ကျမှပဲ ဆင်းမယ် မဗွန်"

"ဘိုဘိုနဲ့ မိတ်ဆက်ပေးရဦးမယ်"

ပြောလိုက်သည်နှင့် သူက နုမျစ်ကို ဖျတ်ခနဲကြည့်လိုက်သည်။ ရုက်ကိုးရုက်ကန်းနှင့် မနေတတ်တော့လျှင် ဖြစ်နေကျအတိုင်း နုမျစ်က ခေါင်းကြီးစောင်းကာ လျှာကို အာခေါင်မှာ ဟိုထောက် ဒီထောက် လုပ်ရင်း ပါးစပ်ကဟ,လာပြီ။ ရုက်၍ သူ့ကိုကြည့်လိုက် မကြည့်လိုက် မျက်လုံးမငြိမ် ဖြစ်နေသည်။ ရဲရဲမကြည့်ရဲပဲ အလွန်မနေတတ်အောင်ရှိသည့် ကြားက မဗွန်မှာထားသလို ဂရုမစိုက်ပါဘူးဆိုတဲ့ ရုပ်ကိုလည်း ဖွတ်ဖမ်းနေသေးတဲ့ အတွက် နုမျစ် ပုံစံက ခွတီးခွကျ ဟိုမရောက် ဒီမရောက်။

မင်းထင်ဘိုက ဘာရုပ်ထွက်နေမှန်း မသိတဲ့ နုမျစ်ကို တစ်ချက် မျက်မှောင်တွန့်မိစဉ် ...





"နုမျစ် ... ဒါက မင်းထင်ဘိုတဲ့၊ မဗွန်တို့နဲ့ မိသားစုဆယ့်ခင်မင်ကြတယ်၊ ဘိုဘို ... ဒါက နုမျစ်တဲ့၊ (---)မြို့ မဗွန် ကြီးကြီးရဲ့ တပည့်မလေးပေါ့၊ မဗွန်နဲ့ ညီအစ်မလိုပဲ ချစ်ခင်ကြတယ်"

မင်းထင်ဘိုက မျက်မှောင်တွန့်နှင့်ပင် ...

"ဟုတ်ကဲ့"

နုမျစ်က သူ့မျက်နှာကို ဖျတ်ခနဲရှိုးကြည့်ပြီး မျက်နှာရဲရဲနှင့် ...

"အင်း ... အင်း"

"ဘိုဘို တစ်ယောက်တည်း ပျင်းရင် မဗွန်တို့ ဟိုးဘက်အထိ လမ်းလျှောက်မလို့ လိုက်မလား"

"တော်ပြီ၊ ကျွန်တော် ဒီကနေ ပင်လယ်ကို ရုပ်ကြည့်နေချင်လို့"

"ဩော် ... ဒါဆိုလည်း လျှောက်လိုက်ဦးမယ်"

သူ့ကို မင်းထင်ဘို ထပ်မကြည့်တာ သေချာမှ နုမျစ်က တစ်ချက်ခိုးကြည့်လိုက်ပြီး မဗွန် ဆွဲခေါ်ရာ ပါလာသည်။ နှုတ်ကလည်း မကျေမနပ်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖင်ခေါင်းကျယ်တဲ့ ရုပ်ကြီးနော်"

"ဟဲ့ …၊ ဒီလိုပဲ ပြောရလား၊ ဘိုဘိုက သိပ်အေးတာ၊ သူက ဒီလိုပဲ၊ မိဘတွေ မရှိကြတော့ဘူးလေ၊ အဒေါ်တွေနဲ့ နေတယ်၊ သူ့အဒေါ်တွေ ပါတယ်၊ မနေ့ညနေကတောင် သူ့အဒေါ်တစ်ယောက်က နင် ဂဏန်းစားနေတာကိုကြည့်ပြီး အားရပါးရ ဟန်မဆောင် ပန်မဆောင် ကလေးဆန်လို့ ချစ်စရာလေးလို့ ပြောနေသေးတယ်"

"ဟင် … အဲသလို အားရပါးရကြီး ဂဏန်းစားနေတုန်းက ဆိုရင် နမျစ် လှမှာမဟုတ်ဘူးနော်၊ ဂဏန်းက စားလို့ ကောင်းတော့ နမျစ် အိုက်တင်မထုတ်မိပဲ ပေပေရေရေ သရဲမရဲ စားမိတယ်"

"ဟား ဟား … အဲဒါကြောင့် သူတို့က ဟန်မဆောင် တတ်တဲ့ ကလေးလေးလိုပဲလို့ ပြောတာပေါ့၊ သူ့အဒေါ်တွေ သဘောကောင်းကြပါတယ်၊ သူတို့က ဘယ်သွားသွား သူတို့တူ ဘိုဘို အတွက် ရိုးသားသန့်ရှင်းတဲ့ ဇနီးလောင်း တစ်ယောက် မျက်စိဖွင့် ရှာနေတာ"

"ဟင် … အဲဒီ ဘိုဘိုက ငယ်ငယ်ပဲ ရှိသေးတာပဲ"





"နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ အသက်နှစ်ဆယ့် နှစ်နှစ်မှာ သူက အိမ်ထောင်ပြုရမယ်"

"ဟယ် … ဘာဖြစ်လို့လဲ"

"ဒါ သူတို့မိသားစု အိမ်တွင်းရေးပဲလေ၊ အကြမ်းဖျဉ်းက တော့ ဘိုဘို အဲသလို **အိမ်ထောင်ပြုမှ** ဟိုဘက်က အဖေ ဘက်က ရစရာ**အမွေတွေကို** ရမယ်၊ ဒီတော့ ဒီဘက်က အဒေါ်တွေက **အိမ်ထောင်ချချင်**တယ်၊ ဘိုဘိုကလည်း မိန်းမ မယူချင်ဘူး"

"ဘယ်ယူချင်မလဲ၊ ငယ်သေးတာကိုး၊ သူ့ဟာသူ လွတ်လွတ် လပ်လပ် နေချင်မှာပေါ့နော် မဇွန်၊ သူတို့က မဇွန်တို့နဲ့ ခင်တယ်ဆို၊ ပြီးတော့ မဇွန်ကလည်း ဒီလောက်ပြည့်စုံလှပ တာ မဇွန်နဲ့ သူ့ကို မစပ်ကြဘူးလား"

မဇွန်က အားရပါးရ ရယ်မောနေပြီးမှ …

"ဘယ်နေ့မလဲ၊ ကမ်းလှမ်းဖူးတာပေါ့၊ တို့က လက်ခံစရာ လား၊ ငြင်းပစ်လိုက်တာပေါ့"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘယ်လောက်စပ်စပ်၊ သူတို့တူက ကိုယ့်ကို စိတ်မဝင်စားတာ အသိသာကြီး၊ ကိုယ်ကလည်း သူ့ရဲ့မပွင့်တပွင့် မြူစိစိပုံစံကို သဘောမကျပါဘူး၊ ဟိုကလည်းမကြိုက် ဒီကလည်းမကြိုက်တာ အသေချာကြီးမို့ မလုပ်ပါနဲ့၊ ခင်ခင်မင်မင် နေလက်စ နေပါရစေလို့ပဲ ယတိပြတ် ငြင်းလိုက်တာပေါ့ နုမျစ်ရဲ့"

"ဟယ် ... မဖွန်ကလည်း ယူလိုက်တာ မဟုတ်ဘူး၊ သူက ချောပါတယ် မဖွန်ရဲ့"

"ဟဲ့ ... ချောတာနဲ့ပဲ ယူစရာလား၊ မိန်းမဆိုတာ ကိုယ့်ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတဲ့ ယောက်ျားမျိုးကို ရှာယူရတယ် နုမျစ်၊ မှတ်ထား"

နုမျစ်သည် လက်မကိုကော့၍ ကိုက်ကာ စဉ်းစားမိသည်။ နုမျစ်လို မိန်းကလေးမျိုးအပေါ် မြတ်မြတ်နိုးနိုး တန်ဖိုးထားမဲ့ယောက်ျားကော ဒီကမ္ဘာမှာ ဒီတစ်သက် ပေါ်လာပါ့မလား။ မဖွန်ကတော့ ဟုတ်တာပေါ့။ ပြည့်စုံထက်မြက်ကာ လှလည်းလှပလွန်းတာကိုး။





ဘာပဲဖြစ်ဖြစ် နုမျစ်သည် နေသမျှရက်အတွင်း မင်းထင်ဘိုနှင့် ထမင်းစားလည်း နီးနီးကပ်ကပ် ရှိရတာအတွက်တော့ ဂုဏ်ယူနေမိသည်။ အဲဒီကြည့်ကောင်းလွန်းတဲ့ ခပ်တည်တည်မာနကြီးကြီး မင်းထင်ဘိုကို နေဓာတို့ပါ ကွက်ကြည့်ကွက်ကြည့်နှင့် သိချင်ကျွမ်းချင် ရှိကြစဉ်မှာ နုမျစ်ကတော့ မဖွန်နား ကပ်နေရသူမို့ မင်းထင်ဘိုနှင့်ရော မင်းထင်ဘို အဒေါ်တွေနှင့်ပါ ပြောပြောဆိုဆို နီးနီးကပ်ကပ် ရှိခွင့်ရသည် မဟုတ်လား။

ချောင်းသာမှာ နုမျစ် အင်မတန် ပျော်ခဲ့ပါသည်။ နောက်ဆုံးည မီးပုံပွဲမှာတောင်မှ မဖွန်က သူကိုယ်တိုင် ဂစ်တာတီးကာ နုမျစ်ကို အတင်းတိုက်တွန်းတဲ့အတွက် "ချစ်သူရဲ့သီချင်း" ဆိုတဲ့ သီချင်းတစ်ပုဒ်ကို ကြောက်ကြောက်ရှက်ရှက် အသံတုန်တုန်လေး ကြားကပဲ နဂိုသံချိုအေးအေးလေးနှင့် အရဲစွန့် ဆိုဖြစ်ခဲ့မိသေးသည်။

မြို့မှာ တစ်ကြိမ်မှ မရခဲ့ဖူးတဲ့ လူအများရဲ့ အာရုံစိုက်မှုကိုလည်း ရခဲ့သည်။ အားလုံးနဲ့ တန်းတူရည်တူ လူတောတိုးတိုး လှုပ်ရှားပြုမူခွင့်မျိုးလည်း ရခဲ့သည်။ ကိုယ်တိုင်ရဲ့စိတ်ကိုကလည်း ဤရက်အတွင်း အနည်းငယ်ရဲတင်း၍ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ယုံကြည်ချက် ပိုမိုရှိလာခဲ့တဲ့အတွက် နုမျစ် အရမ်းပျော်သည်။

ငွေတွေ သိမ်းချီပြီး ဝယ်ခြမ်းဝတ်စား ဆင်ယင်သုံးဖြုန်းပစ်လိုက်မိတာနှင့် တန်သော "မိမိကိုယ်မိမိ လူကြားထဲမှာ ကျေနပ်ခြင်း"ကို နုမျစ် ပိုင်ဆိုင် ရရှိခဲ့တယ်လို့ ထင်သည်။ ချောင်းသာက ပြန်ကာ မြို့ကိုရောက်ရှိလာခဲ့သည်နှင့် မမျှော်လင့်ဘဲ အိမ်ပြန်ရောက်နေတဲ့ အဖေ့ရဲ့ ဒေါသနှင့် နုမျစ် ရင်ဆိုင်တိုးခဲ့ရတဲ့ အခါမှာတော့ စိတ်ချမ်းသာမှုလေးတွေအားလုံး နိဂုံးချုပ် အဆုံးသတ်ခဲ့ရသည်။





၆

"နင့်အမေ ပေးလိုက်တဲ့ ငွေသုံးသိန်းရော ဘယ်မလဲ"

အဖေ့ဒေါသသံမှာ အိမ်ပင် ပြိုမတတ် ကျယ်လောင်ပါက်ကွဲလှသည်။ နုမျစ်သည် ခရီးရောက်မဆိုက်ပင် အိတ်ကိုချ၍ အိတ်ထဲမှ ကျန်ငွေတစ်သောင်းကို တုန်တုန်ယင်ယင်ထုတ်ပြီး အဖေ့ရှေ့ စားပွဲပေါ် တင်လိုက်ပါသည်။

"ဘာ … ဒါ ကျန်တဲ့ငွေ … ဒါပဲလား၊ နင် … နင် ငွေသုံးသိန်းတောင် ဘာတွေလုပ်ပစ်သလဲ နုမျစ်၊ လမ်းစရိတ် တည်းခိုစရိတ် ပုံမှန်စားစရိတ်တွေက နင့်ကြီးတော် ရှင်းပြီးသားဆို"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်သည် ခြောက်ကပ်သော လည်ချောင်းမှ တိုး ထွက်လာသော အသံတုန်တုန်နှင့် ...

"နု ... နုမျစ် ဝယ်လိုက် သုံးလိုက်တာတွေ ရှိလို့ပါ"

"ဘာ ... နင်က ပိုက်ဆံသုံးသိန်းကို လေးငါးရက်နဲ့ကုန် အောင် သုံးပစ်နိုင်တယ်၊ နင် ဘာတွေဝယ်လို့လဲ"

"ဟို ... ဟို ... ဒီ ... ဆွဲကြိုးနဲ့ ဟဲန်းချိန်းကတင် တစ် သိန်းခွဲလောက် ... ကျ ... ကျ ..."

"ကျန်တာကကော" -

နုမျစ်သည် တံတွေးမျိုချလိုက်ကာ သတ္တိကို မွေးပါ သည်။ လုပ်ရဲရင် ခံရဲမှပေါ့။ မိဘငွေကို ကြိုတင်ခွင့်မတောင်းပဲ ဒီလောက်ကုန်အောင် သုံးစွဲပစ်တာ နုမျစ်မှာ အပြစ်ရှိတာ မှန်တာ ပဲ။

"အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်တွေ အိတ်တွေ ဝယ်ပစ်လိုက် တယ်အဖေ၊ သူများတွေ ဝတ်စားကြတော့ နုမျစ်လည်း ဝတ်ချင်လာပြီး ဘာမှ မစဉ်းစားတော့ပဲ စိတ်ကူးပေါ်ရာ လျှောက်ဝယ်ပစ်မိပါတယ်၊ နုမျစ်မှာ အပြစ်ရှိရင် ရိုက်ပါ အဖေ"





"အပြစ်ရှိရင် ရိုက်ပါ ဟုတ်လား၊ အေး ... နင် ငါ့ကိုသင် ပြစရာ မလိုပါဘူး၊ ငါကလည်း ရိုက်ဖို့အသင့် စိတ်ကူးရှိ ပြီးသား ... မှတ်ထား"

အဖေသည် နုမျစ်ရဲ့ ပါးတစ်ဖက်ကို ဖြောင်းခနဲ အသံထွက်၍ မျက်နှာပါ လည်ထွက်သွားအောင် ရိုက်ချလိုက်ပါ သည်။ လည်သွားတဲ့ အရှိန်ကြောင့် နုမျစ် ကြမ်းပေါ်သို့ ဖင်ထိုင် လဲကျသွားခဲ့သည်၊ နာလိုက်သမှ တစ်သက်တစ်ခါ မကြုံစဖူးပင်။ နားထဲမှာ စီစီမြည်အောင် လေတွေအူထွက်ပြီး အဖေ့ ဒေါသတကြီး စကားသံတို့ကိုပင် သဲ့သဲ့သာ ကြားတော့သည်။

မျက်လုံးထဲ ပြာကာ ကြယ်တွေ လတွေ လင်းလင်း ဖျက်ဖျက် ဖြစ်ကုန်သည် ဆိုတာမျိုးကို ကိုယ်တွေ့ခံစားဖူးခြင်းပင်။ ပါးတစ်ဖက်ဟာ ချက်ချင်းရောင်ကိုင်းတက်လာပြီး နှုတ်ခမ်းစွန်းမှ ငန်ကျိကျိသွေးတွေ ထွက်လာသည်။ အဖေ့စကားတွေ သဲကွဲစွာ မကြားရတဲ့တူတူ နဲ့သွားတဲ့ သွားတစ်ချောင်း နှစ်ချောင်းကို ပါးစပ်ထဲ လက်ထည့်၍ လှုပ်ကြည့်နေမိသည်။

ဟုန်တုန်တုန်နှင့် လူက ဝမ်းလည်းမနည်းသလိုလို နာလည်းမနာသလိုလို။ ခုနက ကြောက်တုန်နေတာ ပျောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မခံစားရပဲ နေသည်။ ထုံပေပေနှင့် ဘာဖြစ်လို့ ဘာဖြစ်မှန်းပင် မမှတ်မိသလိုလို အူကြောင်ကြောင် ခေတ္တထုံထိုင်းသွားလေသည်။

"ကြားလား ... ငါပြောတာ ကြားလား"

အဖေက နားနားကပ် ကုန်းအော်လိုက်၍ ...

"ဟင့်အင်း ... မကြားဖူး အဖေ"

"ဘာ"

နဖူးထိပ်က ဆံပင်ကိုဆွဲ၍ အဖေ နောက်တစ်ချက် ရိုက်မည်ပြင်စဉ် ကြီးတော်က အဖေ့ကို နောက်ကဖက်ကာ ဆွဲသည်။

"မောင်ရဲတင့် လွန်မယ်၊ ကလေးပါကွယ်၊ နားမလည်ပါဘူး၊ ရိုက်မဆုံးမပါနဲ့"

"ဘာကလေးလဲ၊ နားလည်ချင်တာကျ နားလည်၊ နားမလည်ချင်တာကျ နားမလည်၊ သူတို့ သောက်ရူးထတိုင်း ကြည့်မနေနိုင်ဘူး၊ ရှာရဖွေရတဲ့သူက အသက်ထွက်တော့မယ်၊ ငွေသုံးသိန်းကို ဒီလိုလုပ်ပစ်တာ အရူးလား အကောင်းလား"





ရိုက်ချက်ထပ်ကျမလာပေမဲ့ စကားကိုဆောင့်၍ အော်ပြောတိုင်း အားယူလှုပ်ယမ်းပစ်တဲ့ ဆံပင်တို့က ပြတ်ထွက်မလိုလာပြီး ခေါင်းတစ်ခုလုံးမှာလည်း ဆွဲခါခံနေရ၍ မူးမိုက်လာပါသည်။ မလှမ်းမကမ်းမှ အမေ့အော်ငိုသံ၊ အစ်မရဲ့ ကျိတ်ရှိုက်ငိုသံတွေ။ နုမျှစ်သည် သည်းညည်းမခံနိုင်အောင် စိတ်ညစ်မူးဝေလာသည်။

"တော်တော့ ... အဖေ၊ အဖေ့ငွေသုံးသိန်း နုမျှစ် ပြန်ရှာဆပ်မယ်"

ဘယ်လိုကဘယ်လို သတ္တိပေါ်လာပြီး ပြောထွက်ရဲလိုက်တယ် မသိ။ တကယ်တော့ သတ္တိလည်း မဟုတ်။ အဖေ့ကိုကြောက်ပါသည်။ ဘာပြောလို့ ပြောမိမှန်း မသိ။ သူ့အလိုအလျောက် ထွက်သွားတာ ဖြစ်သည်။

"ဘာ ... နင်ကများ သုံးသိန်းကို ပြန်ရှာဆပ်မယ်၊ နင်က ဘယ်ကရှာမှာမို့"

"မောင်ရဲတင့်၊ တော်တော့၊ မရိုက်နဲ့၊ မင်းအားကြီးနဲ့၊ သူလည်း သူ့အမေက ပေးလိုက်တော့ သုံးလို့ရတယ် သုံးခွင့်ရှိတယ်ထင်လို့ နေမှာပေါ့၊ အမြဲ ဒီလိုသုံးဖြုန်းနေတဲ့ကလေးမှ မဟုတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ မအေးဆိုတဲ့ အသုံးမကျတဲ့ မိန်းမကလည်း အစက သောက်သုံးမကျရုံရယ်၊ တဖြည်းဖြည်း သူက ဆိုးလာတယ်၊ အစ်မ ပြောတော့ ကျပ်ပြည့်ပါတယ်ဆို၊ ဒါလား ကျပ်ပြည့်တာ၊ ဦးဘမြင့်ကို ပေးစရာရှိလို့ သူလာယူရင်ပေးဖို့ ကုန်ဖိုးဆိုပြီး ပြောပြီးထားခဲ့တာ၊ သူများပေးရမဲ့ ကုန်ကြွေး၊ ကျပ်မပြည့်တဲ့ဟာမက အရှုံးလက်ကို အပ်တယ်၊ အရှုံးမက ငါးရက်နဲ့ ငွေသုံးသိန်းကုန်လာအောင် သုံးပစ်ခဲ့တယ်"

ကြီးတော်က ရှိုက်ကာ ငိုကာ ...

"နုမျစ်ရယ် ... ညည်းကလည်း ညည်းပဲ၊ ဒီလောက် သုံးဖြုန်းပစ်ရသလားအေ၊ ဒါ သူများပေးဖို့ငွေဟဲ့၊ နင့်အမေ လည်း ခုတလော အဆင်မပြေတာ အရှုံးပေါ်တာတွေ ရှိတယ်ဆိုတာ ညည်းသိသားနဲ့"

"နုမျစ် မသိပါဘူး ကြီးတော်ရယ်၊ နုမျစ်ကို ဘယ်သူက အရေးလုပ်ပြောတာမို့လို့လဲ၊ ခုလည်း အမေ့မှာ အပြစ်မရှိ ပါဘူး အဖေ၊ နုမျစ် တောင်းမိလို့ အမေတစ်ယောက်အရေ နဲ့ သူပေးချင်လာပြီး ပေးရှာတာပါ၊ အဖေ့ငွေကို နုမျစ် ပြန်ရှာပေးပါ့မယ်"





"နင်က ဘယ်လိုရှာမှာမို့လဲ၊ ငွေသုံးသိန်းဆိုတာ ဘယ် လောက်များ မှတ်နေလို့လဲ၊ နင်လား ရှာနိုင်မှာ"

"နုမျစ် မရ,ရအောင် ရှာမယ်၊ နုမျစ် အလုပ်လုပ်မယ်၊ ကျွန်ခံရ ခံရ"

နုမျစ်က ငိုသံပါကြီးနှင့် စိတ်လိုက်မာန်ပါ ပြောသည်။

"အေး ... ကျွန်ခံ၊ ကျွန်ခံတော့ရော နင် ပိုက်ဆံ ဘယ် လောက်ရမှာမို့လဲ၊ ဆယ်တန်းလေးဖြေပြီးခါရှိသေးတယ်၊ လူက ခံတန်တန်နဲ့ အမောက်ထောင်လာတယ်၊ နင်တို့ အေးအေးလူလူ နေနိုင်ဖို့ ငါရှာဖွေနေတာကို နင်က အလွယ်လေး မှတ်နေတာပေါ့ ဟုတ်လား၊ ရှာကြည့်လေ ရှာကြည့်လိုက်စမ်းပါ၊ ဒါမှ ဒီငွေလောက်ကို ဘယ်လောက် ခဲရာခဲဆစ် ရှာရတယ် နင် သိသွားမယ် ...

ခုလို အဖေကို ခံပြောနေဖို့တော့ နင့်အတွက် အလွယ်ကလေးပေါ့ ဟုတ်လား၊ သူ့ကိုတောင် ဖအေက ပြန်တောင်းပန်ရဦးတော့မလိုပဲ၊ ဖအေက မလိုက်ပါနဲ့ဆို တာကို ရအောင်လိုက်သွားတယ်၊ သူများပေးဖို့ငွေကို ယူ သွားပြီး သုံးဖြုန်းပစ်တယ်၊ နင် သိပ်မှန်တယ်ပေါ့ ဟုတ် လား နုမျစ်"



www.burmeseclassic.com

www.burmeseclassic.com



"နုမျစ် မှန်တယ်လို့ မပြောပါဘူး၊ ဒီလောက်တောင် သုံးပစ်မိတာ နုမျစ် မှားပါတယ်၊ ဒါပေမဲ့ သူများပေးဖို့ငွေမှန်း မသိလို့ပါ၊ သုံးချင်ရာသုံးလို့ရအောင် အမေ့ကို ပေးထားတာ ထင်လို့ပါ"

"ဖြစ်ပျက်လာတဲ့ ပုံစံကိုက၊ နင့်ကိုယ်နင် ဘာများမှတ်နေလဲ နုမျစ်၊ နင်တို့သားအမိတစ်တွေကို လူတွေက မလေးစား အထင်မကြီးဘူးဆိုတာ သိရက်နဲ့ ပိုအထင်သေးအောင် နင်လုပ်နေတာလား၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ် ဟိုရန်ကုန်မြို့သူ ဆရာမတူမကို ဘာမှအတုခိုးနေစရာ မလိုဘူး၊ ကိုယ့်ဘဝနဲ့ ကိုယ်နေ"

အဖေ့စကားက နုမျစ်ရဲ့စိတ်ကို ထိခိုက်စေခဲ့သည်။ ကိုယ့်ဘဝနဲ့ကိုယ်နေ ဆိုတော့ နုမျစ် ဘဝက ဘယ်လောက်တောင် ဘာဖြစ်နေလို့လဲ။ သူများတန်းတူ မနေမထိုင်ဖို့ ဘာအကြောင်းကများ ခိုင်လုံစေသလဲ။ ခုတလော သိပ်အဆင်မပြေဘူး ဆိုပေမဲ့ အဖေဟာ ပိုက်ဆံရှိတဲ့သူတစ်ယောက် မဟုတ်လား။ ကိုယ့်အဖေ သူဌေးတစ်ယောက် ဖြစ်ပါလျက် ကိုယ့်လောက်မရှိတဲ့ လူတွေလောက်တောင် နုမျစ်က မနေရဘူးလား။





"ငွေသုံးသိန်းဆိုတာ ဖြုန်းပစ်တော့ ခဏလေး၊ တကယ်ရအောင် ရှာကြည့်တော့မှ ဘယ်လောက် အရှာရခက်မှန်း သိမယ်"

ဤစကားဟာ ပြန်ရှာ ဆိုတဲ့ အဓိပ္ပာယ်ပင် မဟုတ်ဘူးလား။ နုမျစ်သည် အဖေ့ကို စိတ်နာကြည်းသည် မဟုတ်ပေမဲ့ အဖေ့စကားတို့ကိုတော့ နာကြည်းမိခဲ့ပါသည်။ ချောင်းသာရက်တွေမှာ အညွန့်အခက် တက်လာခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကျေနပ်တဲ့ စိတ်ဓာတ်တို့ကို အဖေ့စကားတို့က ဖိနှိပ်ပစ်သလိုပင်။

မာနစိတ်ကလေး တလူလူသည် ပိပြားကျိုးကြေမသွားပဲ ပိုပြီး ရုန်းကြွကုန်းထ,လာသလို ဖြစ်သည်။ နုမျစ်အတွက်ကြောင့် အမေပါ အဆူခံရတာကိုလည်း စိတ်မကောင်း။ အမေ့ကို တောင်းပန်ချော့မော့ နှစ်သိမ့်ရသည်။ အမေကတော့ "အေး ... အေး" ... သာ။

အဖေက ခါတိုင်းလို တစ်ပတ် ဆယ်ရက်နေတာ မဟုတ်။ သူ့အလုပ်ကိစ္စတခုကြောင့် ခဏပြန်လာလိုက်ရတာဖြစ်၍ နှစ်ရက်သာ နေသည်။ နုမျစ် မရောက်ခင်တစ်ရက်က အဖေရောက်ကာ နုမျစ် ရောက်တဲ့ရက် ညမှာပဲ"---"မြို့ကို ပြန်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် နုမျစ်သည် ဆက်သွယ်ရေးရုံးသို့သွား၍ ရန်ကုန်သို့ ဖုန်းခေါ်သည်။ မဇွန်တို့ ဖုန်းနံပါတ်ကို နုမျစ် သိခဲ့ပြီ မဟုတ်လား။

"မဇွန် ... နုမျစ်လေ ... နုမျစ် ... မဇွန်ဆီ ရန်ကုန်ကို လာခဲ့ချင်လို့ ရမလားဟင်"

ငိုသံပါကြီးနှင့် ကမူးရှူးထိုးမေးလျှင် မဇွန်က အံ့အားသင့်နေကာ ...

"လာလို့ရတာပေါ့၊ ငါတို့အိမ်တည်းလည်း ရတယ်၊ နင်က ဘာလာလုပ်မလို့လဲ"

"နုမျစ် ... နုမျစ်ကို အလုပ်တစ်ခုခု ရှာပေးပါလား မဇွန်ရယ်၊ နုမျစ် အလုပ်လုပ်ချင်တယ်၊ လခရချင်တယ်၊ ပိုက်ဆံစုပြီး အဖေ့ကို ... အဖေ့ကို ..."

"နင့်အဖေက ဘာဖြစ်လို့လဲ"

"နုမျစ် ချောင်းသာသွားရင်း သူ့ငွေတွေ သုံးဖြုန်းပစ်လိုက်လို့ နုမျစ်ကို အရမ်းဆူတယ်၊ ရိုက်လည်းရိုက်တယ်၊ အဖေ့ပိုက်ဆံတွေ ပြန်ရှာပေးပါ့မယ်လို့ နုမျစ် ပြောလိုက်တယ်၊ နုမျစ် အလုပ်လုပ်ပြီး အဖေ့ပိုက်ဆံတွေကို ပြန်ဆပ်ချင်တယ်"





မဇွန်က ခဏတိတ်နေပြီးမှ ...

"ရန်ကုန်ဘက် အပိုင်းကိုတော့ နင် ထည့်ပူစရာ မလိုဘူး၊ ငါ နင့်ကို နေစရာလည်း ပေးနိုင်တယ်၊ အလုပ်တစ်ခုလည်း ပေးနိုင်တယ်၊ ဒီဘက်ကိစ္စက ပြေလည်ပါတယ်၊ ဒါပေမဲ့ နင့်ဘက်ကိုတော့ ငါ မသိဘူး၊ နင် ထွက်လာလို့ကော ရလို့လား၊ နင့်အဖေနဲ့ နင့်အိမ်က ဘာပြောမလဲ၊ အဲဒါတွေတော့ ငါနဲ့မဆိုင်ဘူး၊ နင့်ဘက်က ရှင်းရင် နင် ထွက်သာလာခဲ့ ... ရတယ်"

"ဟုတ်ကဲ့ မဇွန်"

"နင် တစ်ယောက်တည်းလား၊ နင်လာတတ်လို့လား"

"တစ်ယောက်တည်းပဲ၊ ဒါပေမဲ့ နုမျစ် လာတတ်တယ်၊ နုမျစ် ကလေးလေးလည်း မဟုတ်ဘူး၊ ကျပ်မပြည့်တဲ့ Idiot လည်း မဟုတ်ဘူး"

နုမျစ်က ခပ်ပြတ်ပြတ် ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကဆိုင်ကလည်း မဗွန်တို့ ပိုင်တာပေါ့နော်"

"ငါ့ဆိုင် ဆိုပေမဲ့ ဆိုင်ခန်းငှားဖွင့်တာပေါ့၊ ဒီနေရာမှာ အောက်ထပ်အခန်းမျိုး ငါတို့ ထပ်မဝယ်နိုင်သေးပါဘူး။ ဒီနှစ်ထပ်ကတော့ ငါတို့ပိုင်တာပေါ့၊ အောက်ထပ်က အပ်ချုပ်ဆိုင်ပေါ့၊ အပေါ်ထပ်က ငါတို့သားအမိနေတယ်၊ နင့်လည်း ဒီမှာပဲနေပေါ့ ...

ရှေ့ဆိုင်ကတော့ ငှားမယ်သတင်းကြားတာနဲ့ ငါငှားလိုက်ပြီး ဖက်ရှင်ပစ္စည်းနဲ့ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင် ဖွင့်မလို့ ပြင်ဆင်နေတာ ကြာပြီ၊ အခုဆိုင်က အသင့်ဖွင့်ဖို့ပဲ ရှိတော့တယ်၊ နင့်ကို အဲဒီဆိုင်ရဲ့ ငွေသိမ်းရတဲ့ ကောင်တာမှာ အလုပ်ခန့်မယ်၊ တခြားဝန်ထမ်းမိန်းကလေးနှစ်ယောက်လည်း ရှိသေးတယ်၊ နင်ကတော့ အဓိကပေါ့၊ ဘာခေါ်မလဲ၊ ဆိုင်မန်နေဂျာပဲ ဆိုပါတော့ဟယ်"

"ဆိုင်မန်နေဂျာ ... ! ... ဟဲ ဟဲ"





နုမျစ်က ကျေနပ်နေပါသည်။ နုမျစ် အလုပ်လုပ်ရမဲ့ ဆိုင်သည် မဟာဗန္ဓုလလမ်းမကြီးပေါ်မှာပဲ - မဗွန်တို့ရဲ့ "June-fashion" ဆိုတဲ့ အပ်ချုပ်ဆိုင်နှင့် မျက်နှာချင်းဆိုင်မှာပဲ တည်ရှိပါသည်။ နုမျစ် ရောက်သွားခဲ့ချိန်မှာ ရှေ့ဆိုင်ဟာ ပြင်ဆင်ပြီး ဖွင့်ဖို့အသင့် ...။

ချောင်းသာ မသွားခင်ကတည်းက ဆိုင်ကအဆင်သင့်ပြီးစီးနေပြီ။ ချောင်းသာက ပြန်လာပြီးမှ ဖွင့်ပွဲလုပ်မည်ဟု စောင့်နေခြင်းပါ။ ရန်ကုန်ကို နုမျစ် ရောက်လာအပြီး နှစ်ရက်တွင် ဆိုင်ဖွင့်ပွဲ။

ဆိုင်သည် စ,ဖွင့်သည့်နေ့ကစ၍ လူဝင်သည်။ ဖက်ရှင်ပစ္စည်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းသည့်ဆိုင်မို့ လူငယ်မိန်းကလေး ယောကျ်ားလေးတွေ အလာများသည်။ နုမျစ်က ငွေရှင်းသည့် ကောင်တာမှာ ထိုင်၍ ဆိုင်ကတခြားအကူမိန်းကလေးနှစ်ယောက်ကို အုပ်ချုပ်ရ စီမံခန့်ခွဲရပါသည်။

ရောက်စက မေမေနှင့် ကြီးတော်ကို လွမ်းလှသည်။ အစ်ကိုနှင့် အစ်မဟာတော့ အရင်ကတည်းက နုမျစ်နှင့် လုံးလားထွေးလား မရှိ၍ အစ်ကိုရယ် အစ်မရယ်ဟု စိတ်ထဲရှိပေမဲ့ တအားမရင်းနှီးလှ၍ အလွမ်းလည်း လျော့ပါသည်။ အဖေ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



လွမ်းတယ်မဆိုချင်၊ သတိရတယ်ပဲ ဆိုချင်သည်။ ပြီးတော့ အဖေ့ကို စိတ်နာချင်ချင်ရှိသည်။

နုမျစ်က ဖုန်းလှမ်းဆက် မေးပေမဲ့ တကယ်ရောက်လာမည် မထင်သေးသည့် မဇွန်က နုမျစ်ကို အထုပ်ဆွဲပြီး ဘွားခနဲတွေ့မှသာ အံ့အားတသင့်ဖြစ်ပြီး ဆရာမဒေါ်အေးခင်ထံ အကြောင်းကြားရပါသည်။ ပုလောင် ဒေါင်းတောက်နေတဲ့ နုမျစ်ရဲ့ကြီးတော်ဆီလည်း တစ်ဆင့် အကြောင်းကြားရသည်။ ကြီးတော်ဟာ အိမ်ကသားအမိသုံးယောက်ကို ထားပစ်ရစ်ခဲ့ပြီး နုမျစ်ဆီ လိုက်လာဖို့လည်း လုံးဝမဖြစ်နိုင်ပါ။

"ဆရာမရယ် ... ခုပြန်ရောက်လာရင်တောင် သူ့အဖေ ရိုက်သတ်မှာ ကြောက်ရသေးတယ်၊ သူ့အဖေကလည်း စိတ်လည်းပူ ဒေါသလည်း မွန်ထူနေတာ၊ တခြားပြေးမသွားဘဲ ဆရာမတူမတွေ ညီမတွေဆီ ရောက်နေတာပဲ ကံကြီးလွန်းလို့ပါ၊ ဖြစ်နိုင်ရင်တော့လေ သူ့ကို အဲဒီမှာသာ ခေါ်ထားပေးပါဦး၊ ပြန်ခေါ်လည်း ဒီကောင်မလေးက ပြန်လာမှာ မဟုတ်ပါဘူး၊ တခြားထပ်ပြေးရင် ပိုဆိုးပါမယ် ဆရာမရယ် ...





ကျွန်မလည်း ဆရာမသိတဲ့အတိုင်း ဘယ်နည်းနဲ့မှ သူ့နောက်မလိုက်နိုင်ပါဘူး ဆရာမရယ်၊ ဖြစ်နိုင်ရင် သူ့ကိုသာ စိတ်ပြေလက်ပျောက် ခဏတဖြုတ် ဆွဲခေါ်ထားပါလို့ တောင်းပန်ချင်တာပါ"

"ဟိုမှာ ကျွန်မတူမက သူ့ကိုခန့်ဖို့ အလုပ်တစ်ခု အသင့်ရှိတယ်၊ ခေါ်ထားဖို့က ဝန်မလေးဘူး၊ လခလေးလည်းပေးပြီး အိမ်မှာပဲ ထားမှာပေါ့၊ သူလည်း ကျောင်းပိတ်ထားတာပဲ၊ သူ့အဖေလည်း လက်ခံနိုင်ရင်တော့ ဟိုမှာသာထားလိုက်၊ အဲဒါက အစစ ပိုအဆင်ပြေတယ်လေ၊ ဟိုအိမ်မှာ ကျွန်မညီမနဲ့ တူမပဲရှိတာ၊ ယောကျ်ားသားလည်း မရှိဘူး၊ စိတ်မချစရာ ဘာမှမရှိဘူး"

"စိတ်ချပါတယ်၊ ဆရာမကြီး ညီမအိမ် ရောက်နေတယ်ဆိုမှပဲ အပူလုံးကြီး ကျသွားတာပါ"

ဤသို့ဖြင့် နုမျစ်ကို ပြန်ခေါ်ဖို့မရှိ၊ နှင်ထုတ်ဖို့မရှိ၊ မဇွန်တို့ထံမှာ တည်တည်ငြိမ်ငြိမ် အခြေကျကျနေဖို့ ဖြစ်သွားခဲ့ပါသည်။ နုမျစ်သည် ဝန်းကျင်သစ် အသိုင်းအဝိုင်းသစ်မှာ သူ့ကို အကဲခတ်မည့်သူ၊ ခွဲခြားမည့်သူ၊ နှိမ်ချသလိုလို သနားသလိုလို ကြည့်မည့်သူ မရှိသည့် နေရာတစ်နေရာ၌ သူ့အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



အစနှင့်သူ လခတစ်ခု ခံစားတာဝန်ယူရမည့် အလုပ်တစ်ခုကိုလည်း ပိုင်ဆိုင်နေရသောအခါ အပျော်ကြီး ပျော်ရွှင်နေပါတော့သည်။

သူ့ဆိုင်မှာ အများဆုံး ဝင်ထွက်နေကြသူတွေဟာလည်း လူငယ်ပိုင်းတွေဖြစ်ရာ နုမျစ်သည် စိတ်ချမ်းသာ တက်ကြွလျက်ရှိသည်။

"နင် ဆံပင်မညှပ်နဲ့တော့၊ ကျောလယ်ထိ အရှည်ထား"

"ဟုတ်ကဲ့"

နုမျစ်သည် မဖွန်ကပြောလျှင် တစ်ခွန်းပင်။ မဖွန်ဟာ သူ့အပေါ် ချစ်ခင်စေတနာထားတာကိုလည်း ယုံကြည်သည်။

နုမျစ် ဆံပင်လေးများက ပျော့စင်း၍ အရှည်မြန်လှရာ သုံးလေးလကြာလျှင် ပခုံးကျော်ကျော်ကလေး ဝဲနေပြီ။ မျက်ခုံးမွေးကို တစ်ပတ်တစ်ခါ ပုံသွင်း၍ မှန်မှန်ပြုပြင်ပေးကာ နှုတ်ခမ်းဆိုးဆေး ခပ်ဖျော့ဖျော့လေး ဆိုးစေရုံနှင့် နုမျစ် မျက်နှာက အတော်ကြည့်ပျော်ရှုပျော် တင့်တယ်လာပါသည်။

"နင် အလကားနေ အဲဒီအာလူးကျော်ထုပ်တွေ စားမနေစမ်းနဲ့ နုမျစ်-လူလည်းဝတယ်၊ ဆာတာလည်း မဟုတ်ပဲနဲ့ ပိုက်ဆံလည်း ကုန်တယ်"





မဖွန်သည် နုမျစ်ကို အစားအသောက်ကအစ ပုံသွင်းစနစ်ချပေးသည်။ မနက်ဆိုလျှင် စောစောကြီးထ,ရတာကို ပထမပိုင်း၌ နုမျစ် ငိုချင်လှသည်။ ငါးနာရီခွဲလောက်ဆိုထ,ပြီး မဖွန်နှင့်အတူ လေ့ကျင့်ခန်း လိုက်လုပ်ရသည်။ ရေသာခိုကာ ပျော့စိစိလုပ်နေတဲ့ နုမျစ်ကို မဖွန်က ဖိုးခနဲ ဖတ်ခနဲလည်း ရိုက်ပစ်တတ်သည်။

"နင့်ကိုယ် အပေါ်ပိုင်းကို ချပစ်ရမယ်ဟဲ့ အပျင်းမရဲ့၊ ပခုံးသား လက်ပြင်သားတွေ ထွက်ပြီး Breast ကလည်း လိုတာထက်ကို တအားကြီး ထွားနေတာ မလှဘူး၊ နင့် Bra size ဆိုရင် ကြောက်ဖို့တောင် ကောင်းတယ်၊ အဲဒီ Bra size ကို လျှော့ချရမယ်၊ မပျင်းနဲ့ လုပ်စမ်း၊ ဒီလကုန်ရင် နင့် Braတွေ ငါ အားလုံးလွှင့်ပစ်မှာ၊ size နည်းနည်းပိုသေးတာ ဝယ်ပေးမှာ"

"မတော်ရင်ကော မဖွန်ရဲ့"

"မတော်ရင် မဝတ်နဲ့၊ ဒါပဲ၊ ဒီတိုင်းနေပေတော့"

မဖွန် စိတ်ပေါက်ပေါက်နှင့် အော်လျှင် နုမျစ်မှာ ငိုယ်ချင်ငိုချင် လိမ်တွန့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်လွှင့်ပစ်ပစ်မှာ၊ ရှိနေရင် နင်က ဝတ်လို့ရနေတော့ ကြိုးစားပြီးချမှာ မဟုတ်ဘူး၊ သေးတာတွေ ဝယ်ထားမယ်၊ အဲဒါပဲ ရအောင်ဝတ်၊ မဝတ်နိုင်ရင် မဝတ်ရဘူး"

"မလုပ်ပါနဲ့ မခွန်ရယ်၊ ဘယ်ဖြစ်မလဲ"

"ငါ့ကို မလုပ်စေချင်ရင် နင်လုပ်၊ အခုကြည့်စမ်း၊ လက်မောင်းသားတောင် နည်းနည်းကျလာပြီ"

သုံးလလောက်ကြာလျှင် နုမျစ်သည် လက်မောင်းတွေ သိသိသာသာ လုံးပတ်သေးသွားသည်။ ပခုံးသား လက်ပြင်သားတွေရော Breast ပါ လျော့ကျလာသည်။ လည်ပင်းတစ်ဝိုက်ပါ အသားအရေ စစ်၍ အရင်ကလောက် ကုပ်မတိုတော့ပါ။ လည်ပင်း သွယ်လာ၍ ရှည်လာသလို ထင်ရပြီး ကြော့ကြော့မော့မော့လေး ဖြစ်လာသည်။ သူများထက် ထွားကျိုင်းတုတ်ခိုင်တာတော့ မှန်ပေမဲ့ ပုံပျက်ပန်းပျက် မဟုတ်။

အချိုးတကျ တောင့်တင်းပုံမျိုး ဖြစ်လာသည်။ ဆံပင်ပျော့ပျော့ ကုပ်ကျော်ကျော်ရှည်သွဲ့သွဲ့နှင့် နားကွင်းလေးတွေ ဆွဲပြီး ဒေါက်ဖိနပ် စီးထားသည့် နုမျစ် အသွင်သဏ္ဌာန်ဟာ မြို့မှာတုန်းကနှင့်တော့ ဘာမှ မဆိုင်တော့ပါ။





အားလုံးထက် ဝမ်းသာမြူးတူးရသည့် အချက်ကား နုလိုင်လ ဆယ်တန်းအောင်စာရင်းတွေ ထွက်သည့်အခါ နုမျစ် ဆယ်တန်းအောင်မြင်နေခြင်းပင်တည်း။

"ပျော်လိုက်တာ အန်တီမိရယ်၊ ဆရာမကို ကန်တော့ချင်လိုက်တာ၊ မြို့ကိုလည်း မပြန်ချင်၊ အန်တီမိကိုပဲ ဆရာမ အစား ကန်တော့လိုက်တော့မယ်၊ ပျော်လိုက်တာ၊ ကျွမ်းတောင် ထိုးချင်လာပြီ"

ထိုးဆိုလျှင် တကယ်ထ,ထိုးမည့် နုမျစ် ဖြစ်သည်။

"နင့်ကို ငါ အဲသလို အပေါ်အလုပ်တွေ ခေါင်းထဲပေါ် မလာစေနဲ့လို့ ပြောထားတယ် မဟုတ်လား၊ ခုဆို နင့်ပုံစံ ဘယ်လောက်ပြောင်းလာလဲ၊ ငါ မနည်းပုံသွင်းထားတာ၊ တဖြည်းဖြည်း ဒီထက်တိုးတက်ဖို့ပဲရှိတယ်၊ ဒါတောင် တစ်ခါတစ်ခါ ပါးစပ်အဟောင်းသားပုံစံကြီးကို ပြန်ပြန် ဖော်ချင်သေးတယ်"

"အဲဒါက တစ်သက်လုံး စွဲလာတာ မခွန်ရဲ့ ... အဟီးဟီး"

"အဟီးဟီးလို့လည်း မရယ်ရဘူး"

"ဟုတ် ... အဟိ"



www.burmeseclassic.com

www.burmeseclassic.com



နှမျစ်ကို ကြည့်ကာ မဗွန်ဟာ ကျေနပ်ပီတိ ဖြစ်[illegible] တတ်ပါသည်။ တဖြည်းဖြည်း သူ့လက်ထဲမှာ အသွင်ပြောင်းလာ[illegible] နှမျစ်ဟာ သူ့ရဲ့အောင်မြင်မှုပဲ မဟုတ်လား။ နှမျစ် နေတ[illegible] ထိုင်တတ် စားတတ် သွားတတ် လာတတ် လူရာဝင်လာခြင်းဟ[illegible] လည်း သူ့ရဲ့စွမ်းဆောင်နိုင်မှုပဲ မဟုတ်လား။

အန်တီမိရော မဗွန်ရောဟာ သူတို့အပေါ် က[illegible] တစ်ယောက်လို ရှိသေကျိုးနွံ အားကိုးသော နှမျစ်ကို အလွန်[illegible] ချစ်ကြပါသည်။ ငွေရေး ကြေးရေးနှင့်တကွ ရှေ့ဆိုင်ကိစ္စ အ[illegible] စိတ်ချရ မျက်နှာလွှဲရ၍ သူတို့ကလည်း နှမျစ် အပေါ် တစ်[illegible] အားကိုးနိုင်တဲ့ အခြေအနေ ဖြစ်သည်။

နှမျစ်ကို မဗွန်က လခနှစ်သောင်းပေးသည်။ ထ[illegible] ကျွေးထား၍ စားစရိတ် ကုန်စရာမရှိ။ နှမျစ်သည် သူ့အတွ[illegible] တစ်ကိုယ်ရည်စာ ဝယ်ခြမ်းသုံးစွဲရခါနီးတိုင်း နှမြောကြီးစွာ လ[illegible] တောင်တုန်တဲ့ အထိပင်။

"အဲသလောက်ပဲ ကပ်စေးနည်းရသလား နှမျစ်ရယ်၊ လို[illegible] တဲ့ဟာ သုံးမှပေါ့"





"နှမျစ် ငွေစုချင်တာ မဗွန်ရဲ့၊ အဖေ့ပိုက်ဆံ သုံးသိန်းကို မြန်မြန်ကြီး ပြန်ဆပ်ချင်တာ၊ ခုဆို တစ်လတစ်သောင်း အနိုင်နိုင် စုရတယ်၊ နှမျစ် မုန့်စားချင်လို့ ဝယ်စားပစ်တာရော တိုလီမိုလီ ဝယ်ရတာရော တစ်သောင်းလောက်ကုန်တယ်၊ ဒါတောင် မဗွန်က အဝတ်အစားကအစ ဝယ်ဆင်ပေးနေလို့၊ တစ်လတစ်သောင်းဆိုရင် အဖေ့ကို ပြန်ဆပ်နိုင်ဖို့ နှစ်နှစ်ခွဲတောင် စုရမှာတော့၊ အကြာကြီးပဲနော် ... မဗွန် ... နော်"

"ဒီပိုက်ဆံတွေ ပြန်မရလည်း နင့်အဖေက ဘယ်လိုမှနေမယ် မဟုတ်ပါဘူးဟယ်၊ နင့်ကို စိတ်တိုတိုနဲ့သာ ပြောလိုက်တာ ဖြစ်မှာပါ၊ နင့်မှာ အရည်အချင်း အရောင်အသွေးတွေ ပြောင်းလက်တောက်ပလာမယ် ဆိုရင်ပဲ နင့်အဖေ အရမ်းကျေနပ်နေမှာပါ"

"ဟင် ... ဒါပေမဲ့ နှမျစ်ကတော့ အဖေ့ကို တစ်ပြားမကျန်ဆပ်မှာပဲ"

"ဆပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်သည် ရုပ်လက္ခဏာအားဖြင့်လည်း အရည်တက်လာသည်။ လူမကြောက်တော့ပဲ ပြောရဲဆိုရဲ ဝင်ဆန့်လာသော အရည်အချင်း၌လည်း အရည်တက်လာသည်။ အတွေ့အကြုံ ဗဟုသုတ ကြားဖူးနားဝတွေ ပိုလာကာ မျက်စိပွင့် အမြင်ကျယ်လာ စဉ်းစားတွေးခေါ်နိုင်ခြင်း၌လည်း အရည်တက်လာသည်။

ဆိုင်ရဲ့ကောင်တာက နုမျစ်ကို ဆိုင်ကိုလာတဲ့ ယောကျ်ားလေးတွေထဲက အရောတဝင် အဖွဲ့ကျကာ ခင်မင်ကျွမ်းဝင်လိုဟန် ပြကြတာမျိုးတွေပင် ရှိလာပါသည်။

ဤအရာဟာတော့ နုမျစ် တစ်သက်နှင့်တစ်ကိုယ် ဘယ်ယောကျ်ားလေးထံကမှ မရရှိခဲ့တဲ့ အရာမျိုးတွေဖြစ်ရာ ဒါကို နုမျစ် တစ်ယောက် ဂုဏ်ယူကျေနပ်တတ်သည်။ ဒါကိုလည်း ဟန်ဆောင်မျိုသိပ်မထားပဲ မဖွန့်ကို ဖွင့်ပြောသည်ချည်းပင်။

"နုမျစ်ရယ် ...! နင့်ရဲ့စိတ်က ဖြူစင်ရိုးသားတာ ငါက သိပေလို့ပဲ၊ ယောကျ်ားလေးတစ်ယောက်က ခင်ချင်ဟန်ပြတာကို ဒီလောက်ဝမ်းသာအယ်လဲ အူမြူးရဘူးဟဲ့ ... နုမျစ်ရဲ့"

"မဖွန့်ရယ် ... သူတို့ကိုလည်း နုမျစ်က သိပ်ပြန်ခင်ချင်လွန်းလို့ မဟုတ်ဘူး သိလား"





"အဲဒါကို ငါ သိပေလို့ပေါ့"

"ဟိုးအရင်က မြို့မှာ နုမျစ်ကိုပါ အားလုံးက Idiot မ, အရူးအပေါမ, စာရင်းသွင်းထားတာ၊ ကောင်လေးတစ်ယောက်နဲ့ နုမျစ်က ရိုးရိုးသားသား စကားတစ်ခွန်းလောက်ပြောမိရင်ကို အဲဒီကောင်လေးကိုပဲ နုမျစ်က နောက်ပိုးပိုးတော့မှာလိုလို၊ သူတို့မိဘတွေ မိသားစုတွေက မျက်ကလဲဆန်ပြာ ဖြစ်ကြတာ၊ ဘယ်သူကမှလဲ နုမျစ်နဲ့ ခင်မင်ချင်တယ်၊ မိတ်ဆွေဖွဲ့တယ်လို့မှ မရှိခဲ့တာပဲ၊ နေဦး တစ်ယောက်သာ ခင်မင်ပြန်တော့လည်း သူက ..."

"သူ့အကြောင်းလည်း ထည့်ပြောမနေနဲ့၊ နင့်ကိုငါ သဘောပေါက်တယ် နုမျစ်ရဲ့၊ သူများတွေက သဘောပေါက်ချင်မှ ပေါက်မယ်၊ ကိုယ်ဟာ တခြားသာမန်မိန်းကလေးတွေထဲက သူလို ငါလို မိန်းကလေးတစ်ယောက်ပဲဆိုတဲ့ ယုံကြည်ကျေနပ်မှုမျိုးနဲ့ နင်က ပျော်နေတာ၊ တချို့က ဒါကို နားမလည်ရင် ကောင်လေးတွေနဲ့ အင်မတန် ရောချင် နှောချင် ခင်ချင် အဖွဲ့ကျချင်တယ် ထင်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နုမျစ်ကလည်း ဘယ်သူ့ကိုမှ မပြောပါဘူး၊ မဇွန် တစ်ယောက်ကိုပဲ ကိုယ့်အစ်မ ကိုယ့်ဆရာသဘောနဲ့ ..."

"ဘာကိုယ့်ဆရာလဲဟဲ့"

"ဟုတ်တယ် ... နုမျစ်က မဇွန်တပည့်ပဲ၊ မဇွန် လက်မခံလည်း မရဘူး"

မဇွန်က ဟက်ဟက်ပက်ပက် ရယ်ပါလေတော့သည်။ နုမျစ်သည် မဇွန်ကို ဘာကိုမှ မချွင်းမချန် ပြန်ပြောပြရင်ဖွင့်ပြ။ တစ်ဖက်ကလည်း မဇွန်တို့ရဲ့ မိတ်ဆွေအပေါင်းအသင်းအသိုင်းအဝိုင်းနှင့် ရင်းနှီးခင်မင်လာသည်။

အဲဒီထဲမှာ မင်းထင်ဘိုရဲ့အဒေါ် အန်တီကြီး အန်တီလေးတို့ ညီအစ်မလည်း ပါသည်။ ထိုညီအစ်မဟာ သူတို့အပေါ်ရှိသေရိုကျိုး ရှိလှပြီး အမြဲပြုံးရွှင်ချိုသာကာ ချစ်စဖွယ် ဆက်ဆံတဲ့ နုမျစ်ကို အင်မတန် ချစ်စနိုးရှိကြတဲ့ ညီအစ်မလည်း ဖြစ်ပေသည်။





၇

"ဒီပစ္စည်းမျိုးလေး အခုတစ်ရာလောက် ရနိုင်မလားလို့၊ ကျွန်တော်က ပွဲတစ်ခုမှာ ကမ်းချင်လို့ပါ"

နုမျစ်က ကောင်တာရှေ့က လူကို မျက်လုံးလေးဝိုင်းကြည့်လိုက်ပါသည်။ ဒီလူဟာ ဆိုင်ကိုလာတာ သုံးခါ။ တစ်ကြိမ်ကို တစ်ရက်ပဲ ခြားပြီး ဆက်တိုက်။ နုမျစ်ကိုလည်း စကားရော ဖွဲရောနှင့် ဟိုဟာမေးမလို ဒီဟာမေးမလို တစ်စုံတစ်ခုကြောင့် လာနေတဲ့ပုံက ပေါက်နေသည်။

ပထမဆုံး နေ့ကတည်းက 'ဒီဆိုင်ဟာ ဘယ်သူ့ဆိုင်လဲ၊ ခင်ဗျား ဆိုင်လား၊ ဒီဆိုင်မျိုးလေး စိတ်ဝင်စားလို့ ဖွင့်ဖို့ ဝါသနာပါတဲ့အတွက် ဆိုင်ရှင်ကို အဆက်အသွယ်တွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မေးချင်တာ' အစရှိသဖြင့် မရေမရာ စကားတို့နှင့် စကားလက်ဆုံ လာကျသည်။

'အစ်မနာမည် ဘယ်သူလဲ'လို့ တဲ့တိုးမိတ်ဆက် ခင်မင်ချင်ပုံပြသော တခြားကောင်လေးတွေနှင့် မတူ။ ရှိးသားပုံမရ။ နုမျစ်က မျက်လုံးလေး ဝင့်ကာ တစ်ခဏ စဉ်းစားကြည့်ပြီး တစ်ခုကို သတိရကာ ...

"ခဏလေးနော်၊ ကျွန်မ တစ်နေရာကို ဖုန်းဆက်ပေးမယ်"

နုမျစ်က ကောင်တာနောက်ဘက် ဟိုးဘက်ထောင့်လေးက တယ်လီဖုန်းဆီ လှမ်းခဲ့ပြီး ဆိုဖာပုလေးမှာ ထိုင်ကာ ဖုန်းကို ဂဏန်းတချို့ နှိပ်လိုက်သည်။

"ဟယ်လို"

"မဇွန်လား"

"အေး"

"မဇွန် ... နုမျစ် ဟိုနေ့က ပြောတဲ့ လူလေ၊ ရောက်နေပြန်ပြီ သိလား၊ စကား လာပြောနေပြန်ပြီ၊ ပုံကိုက မရိုးသားဘူး ထင်တာပဲ"

"ဟဲ့ ... နင်က အခု သူ့ရှေ့မှာပဲ ပြောနေတာလား"





"ဖုန်းက နောက်ထဲမှာ၊ သူ မကြားနိုင်ပါဘူး၊ သူက ပန်းခြောက်အိုးအသေးလေး စုစုပေါင်း အခုတစ်ရာလောက် ပွဲမှာ ကမ်းဖို့ ရမလားဆိုလို့ နုမျစ်က မေးကြည့်မယ်ဆိုပြီး ဖုန်းဆက်တာ၊ မဇွန် လှမ်းကြည့်လိုက်စမ်းပါ၊ သူဟာ ဘာသဘောလဲ'လို့၊ နုမျစ် ပြန်အဖွဲ့ကျရမှာလား"

"နေဦး၊ ငါမှန်ပြောင်း ယူလိုက်ဦးမယ်"

နုမျစ်က မျက်နှာချင်းဆိုင်မှ မဇွန်ကို ဒီလိုပဲ လှမ်းပြောကာ အကဲခတ်ခိုင်းတာမျိုးဟာ မကြာခဏပါ။ မဇွန်သည် ညှိသည် မရှိခိုက်ဖြစ်၍ မှန်ပြောင်းတစ်လက်နှင့် မျက်နှာချင်းဆိုင်ဆိုင်ကို ကြည့်ကာ ...

"စပို့ရှပ်အဖြူနဲ့ လူလား"

"ဟုတ်တယ် ... ဟုတ်တယ် ... မဇွန်"

"အင်း ... လူပုံက မဆိုးပါဘူးဟဲ့၊ ရင့်ကျက်တဲ့ စိတ်ကောင်းရှိတဲ့ ရုပ်ရည်မျိုးပါပဲ၊ ချောကလည်း ချောသေးတယ်၊ အရပ်လည်း မြင့်မြင့်၊ ကြည့်ကောင်းသားပဲ"

"သူ့ပုံက ပစ္စည်းဝယ်ဖို့ထက် ရည်ရွယ်ချက်ပိုနေပုံ မရဘူးလား မဇွန်"



www.burmeseclassic.com

www.burmeseclassic.com



“အစစ်ပေါ့၊ တစ်ခုခုကို နင့်ကို ပြောမလို့ ချီတုံချတုံပဲ၊ ဂုနာမငြိမ်ဘူး၊ ပစ္စည်းဝယ်ဖို့က အကြောင်းပြပါ၊ တခြား ရည်ရွယ်ချက် ရှိတယ်ဟဲ့၊ နင့်ကို မြင်မြင်ချင်း ကြိုက်သွား သလားမှ မသိတာ၊ သူ့ အခု တစ်ခုခုတော့ ပြောလိမ့်မယ် ထင်တယ်

ခင်မင်မှုကို လက်ခံပါတယ် ဆိုတာလောက်အတွက် တော့ သူက တန်ပါတယ်၊ မဆိုးပါဘူး ကောင်တာပေါ်မှာ သူ့ ကားသော့၊ ဖုန်း၊ ပိုက်ဆံအိတ်နဲ့ အဆင့်အတန်းရှိတဲ့ ပုံပါပဲ”

“ဒါဖြင့် သူက မိတ်ဆွေဖွဲ့ရင် ပြန်ဖွဲ့လိုက်ရမလား”

“ဖွဲ့လိုက်ပါ ရပါတယ်၊ နင့်ဘက်ကြည့်နေပြီ၊ ဒါပဲ”

“ပစ္စည်းကိစ္စ ဘယ်လို ပြောရမလဲ”

“မှာပေးကြည့်မယ်လို့၊ ဒါပေမဲ့ ရမယ်ဆိုရင်တောင် တစ်လ လောက်တော့ ကြာမယ်လို့၊ သူလည်း ဒီပစ္စည်းက အကြောင်း ပြ ဖြစ်မှာပါဟာ၊ ယူချင်မှ ယူမှာပါ”

နုမျစ်က ဖုန်းကို ချလိုက်ပြီး အိုက်တင်နှင့် ပြန် လျှောက်လာပါသည်။





“ဟို ... ပစ္စည်းကလေ၊ မှာလို့တော့ ရနိုင်ပါတယ်တဲ့၊ ဒါပေမဲ့ ဟိုမှာ ရှိသေးလို့ ရမယ်ဆိုရင်တောင် တစ်လလောက် တော့ စောင့်ရမယ်တဲ့”

“ဘယ်သူကလဲ”

“ကျွန်မ အလုပ်ရှင်က”

“အဲဒါလေး တဆိတ်သိချင်လို့ပါ၊ ဒီက ညီမရဲ့ အလုပ်ရှင်က ဇွန် မဟုတ်လား ခင်ဗျ”

နုမျစ်က ဖျတ်ခနဲ ပါးစပ်ဟ,သွားကာ အံ့အား တသင့်နှင့် ...

“ဟုတ် ... ဟုတ်ပါတယ်၊ ဘာလို့လဲ”

“ဒီဆိုင်ကို ဇွန် ပိုင်တယ်လို့ ကျွန်တော် သိထားလို့ပါ”

“ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ”

“အဲဒီ ဇွန်ကို ကျွန်တော် ဘယ်လို ဆက်သွယ်လို့ရမလဲ၊ ဆိုလိုတာက လိပ်စာဖြစ်ဖြစ်၊ ဖုန်းနံပါတ်ဖြစ်ဖြစ်”

နုမျစ်က အံ့အားတသင့်နှင့် ...

“ရှင်က မဇွန်နဲ့ သိသလား”



www.burmeseclassic.com

www.burmeseclassic.com



"ညီသလားဆိုတာက နှစ်ခါလောက် ဆုံဖူးပါတယ်၊ ပွဲလမ်းသဘင်တွေမှာပါ၊ ကြားလူတွေထဲမှာ နှစ်ယောက်လုံးနဲ့ ခင်တဲ့သူရှိတော့ သူ့ကို ဖွန်လို့ သိထားတယ်၊ ဒီဆိုင် ဖွင့်ထားကြောင်း သိထားတယ်၊ ဒီလောက်ပဲ"

"ရှင်က မဖွန်ကို ဘာကိစ္စရှိလို့ ဆက်သွယ်ချင်တာပါလဲ"

"ကိစ္စက ... ဟို ... ကိစ္စက အရေးတကြီးတော့လည်း မဟုတ်ပါဘူး၊ ဒီလိုပဲ မိတ်ဆွေဖွဲ့ရင်း ဒီက တချို့ပစ္စည်းလေးတွေ ဝယ်ချင် မှာချင်တာနဲ့ ပတ်သက်လို့ စကားလည်း ပြောချင်တာရှိလို့၊ မေးချင်တာလေးတွေလည်း ရှိတာနဲ့"

ကပေါက်တိကပေါက်ချာ အကြောင်းပြနေသော ထိုလူ့ကို နှမျစ်ပင် အရိပ်အကဲ ခတ်မိကာ နားလည်သဘောပေါက်နိုင်သည်။ ကိုယ်ကဖြင့် ကိုယ့်ကို ရစ်ချင်သလား ထင်နေတာ၊ သူက လက်စသတ်တော့ မဖွန်ကိုသာ ရစ်ချင်နေတာကိုး။

"ဒီက ပစ္စည်းဝယ်ချင်တာ မှာချင်တာ ကိစ္စကတော့ ကျွန်မနဲ့ ပြီးပါတယ်"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့"





ဟိုလူက နဖူးကို လက်ညှိုးလေးနှင့် ကုတ်ကာ ဘာပြောရမှန်း မသိသလို ခက်နေသည်။ နှမျစ်က ရယ်ချင်ကာ ပြုံးစေ့စေ့ ဖြစ်လာပြီး ...

"အလုပ်ရှင်ရဲ့ လိပ်စာတို့ ဖုန်းနံပါတ်တို့ကိုတော့ အလုပ်ရှင်က ခွင့်မပြုပဲ ကျွန်မ ဟိုဟိုဒီဒီ ပေးလို့ မဖြစ်ဘူးဆိုတာ နားလည်မှာပါ"

"ဟာ ... ဟုတ်ကဲ့ နားလည်ပါတယ်"

"အဲဒီတော့ တခြားကနေ ရှင် စုံစမ်းလို့ ခက်မယ်မထင်ပါဘူး၊ ကြားမှာ နှစ်ဖက်သိတဲ့သူ ရှိနေတာပဲ၊ တခြားကပဲ စုံစမ်းလိုက်ပါ"

"ဟုတ်ပါတယ်၊ အဲသလို တစ်ယောက်ယောက်ဆီက စုံစမ်းဖို့ကျတော့ မျက်နှာပူတာနဲ့ ဒီဆိုင်ကို သူများ လာထိုင်မလားလို့ လာကြည့်နေတော့လည်း သူက ဆိုင်မထိုင်ဘူး ထင်တယ်"

"ဟုတ်ကဲ့ ... ဒီဆိုင်မှာ မထိုင်ဘူးရှင့်"

"ဒါဖြင့် ဘယ်ဆိုင်မှာ ထိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်က မအောင့်နိုင်ဘဲ ရယ်မောမိ၍ ထိုလူကလည်း ရယ်ကျဲကျဲ ဖြစ်လာကာ ...

"ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ၊ ဒေါက်တာအောင်သန့်စင်ပါ၊ မိကောင်းဖခင်သားသမီးပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ခင်ဗျားတို့ အလုပ်ရှင် မဇွန်နဲ့ ခင်မင်သိကျွမ်းချင်လို့ပါ"

"အကောင်းဆုံးကတော့ ဒေါက်တာ ကြားထဲက နှစ်ဖက်သိတဲ့ သူတွေဆီက စုံစမ်းလိုက်တာ ကောင်းပါတယ်၊ မဇွန်မှာ ဒီဆိုင်ထက် နာမည်ကြီးတဲ့ ဆိုင်တစ်ဆိုင် ရှိသေးတယ်ရှင့်၊ မှုရင်းလုပ်ငန်းပေါ့၊ အဲဒီက ပိုတောင်စုံစမ်းရလွယ်ဦးမှာပါ၊ ကျွန်မကိုတော့ ခွင့်လွှတ်ပါ၊ မဇွန် စိတ်ဆိုးမှာစိုးလို့ မပြောရဲလို့ပါရှင်"

ဒေါက်တာအောင်သန့်စင်က နားလည်ပုံနှင့် ပြုံးကျဲကျဲနှင့်ပင် ...

"ကောင်းပါပြီ၊ စကားပြောပေးတာ ကျေးဇူးပဲဗျာ၊ ကျွန်တော်လည်း တခြားက စုံစမ်းကြည့်လိုက်ပါဦးမယ်၊ ဒီဆိုင်ကိုတော့ သူ မလာဘူးပေါ့"





"ဟုတ်ကဲ့"

"သွားဦးမယ်"

အဲဒီလူ ထွက်သွားလျှင် နုမျစ်မှာ အတော်ရယ်ချင်လာကာ မဇွန်ဆီ ဖုန်းပြန်နှိပ်လိုက်သည်။ မဇွန်ကလည်း 'ဟယ်လို' ထူးတာမို့ နုမျစ်သည် တဟားဟား ရယ်နေမိ၍ စကားမစနိုင်။

"ဟဲ့ ... ဘာအူမြူးနေလဲ၊ မိန်းမ၊ နင် သိပ်ပြောပြချင်နေတာ ငါ ဖုန်းဘစ်လ် တက်တယ် ဟွန်း၊ ကြည့်စမ်း ရယ်နေလိုက်တာ၊ အတော်ပျော်နေတယ် ဟုတ်လား၊ ငါ ကြည့်နေသေးတယ်၊ နင်ကလည်း ရယ်လို့မောလို့၊ ဟိုလူကလည်း ပြုံးကျဲကျဲ ရှက်တက်တက်နဲ့ ဟုတ်လို့"

"မှားနေပြီ မဇွန်ရေ မှားနေပြီ"

"ဘာမှားနေတာလဲ"

"အရှက်ကွဲတာပဲ မဇွန်ရာ၊ နုမျစ်ကိုများ ရစ်ချင်နေသလားလို့ပေါ့"

"ဟုတ်မှာပေါ့၊ သူ့ပုံစံက ရိုးမှမရိုးတာ"

"အဲဒီ မရိုးတာက မဇွန်ကို"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်က မဗွန်ကို အကြောင်းစုံပြောပြရသည်။ ရယ်သံနှင့် အလုံးလုံး အထွေးထွေး။ မဗွန်မှာ နားထောင်ရင်း အံ့အားတသင့်။

"ဒီဆရာဝန်လည်း သနားပါတယ်နော်၊ နီးရက်နဲ့ဝေး နာမည်ပိုရနေတဲ့ အလုပ်ကိုတော့ မသိရှာဘူး၊ ဒီဆိုင်ကိုပဲ သိတယ်၊ သူ တွေ့ချင်တဲ့ မဗွန်က သူ့ကို မှန်ပြောင်းနဲ့ လှမ်းကြည့်နေတာ သိရင် အတော်ရှက်သွားမှာပဲ၊ ရှက်တတ် တဲ့ပုံရတယ် မဗွန်ရဲ့၊ သူ့ခမျာ အရဲစွန့်မေးရတာ၊ နောက် တစ်ခါလာရင် ပြောပြလိုက်ရမလား"

"ပြောစရာလားဟဲ့၊ သြော် ... မသိပါဘူး ငါ့နယ်၊ ငါ့ညီမ တော့ ပြေလည်နေပြီ ထင်တာ၊ နှစ်ယောက်လုံး ပြုံးကာ ရယ်ကာ တွေ့ရတာကိုး၊ ငါ့ညီမ နုမျစ်တော့ ပိုင်တာပဲလို့၊ ဖုန်းနဲ့ ကားနဲ့ လူပုံလည်း သိန့်တယ်လို့၊ ငါမှာတော့အားရ နေတာ၊ ဒီလူကလည်းနော်၊ လမ်းတလွဲလိုက်နေပြန်ပြီ"

"အဲဒါ လမ်းတလွဲဟုတ်မလား မဗွန်ရဲ့၊ အဲဒါ လမ်းမှန် ကမ်းမှန်ပေါ့၊ ရုပ်ချောသဘောကောင်း အပျံစားဆရာဝန် တစ်ယောက်က နုမျစ်လိုဟာမျိုးကို စဉ်းစားမလား၊ မဗွန်





ကိုပဲ ကြိုက်မှာပေါ့၊ စောစောကတည်းက နားလည်ဖို့သင့် တယ်၊ နုမျစ် အ,လို့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင် နေတာ ... ဟား ဟား"

နုမျစ် ပြောပုံကလေးကို မဗွန်က ကရုဏာသက်လှ သည်။ ဗွန်သည် နုမျစ်ကို တကယ်လည်း လူ ကောင်းသူကောင်း နှင့် စုံဖက်စေလိုလှသည်။ ဒါကြောင့်လည်း ရန်ကုန်က မပြန်နဲ့လို့ ကို နားသွင်းထားသည်။ သူတို့ မြို့မှာဆိုရင် နုမျစ်ကို ဘယ်သူကမှ အကောင်းအကန်း စားရင်းသွင်းတာ မဟုတ်။ လင်ကောင်းသား ကောင်း ရနိုင်လောက်တဲ့ မိန်းကလေးလို့လည်း ဘယ်သူမှ မြင်တာ မဟုတ်။ ဟိုမှာဆို နုမျစ်ဟာ အထင်မကြီးစရာ အင် တင်တင်ဖြစ်စရာ မိန်းကလေး။

ရန်ကုန်မှာတော့ ဘာပဲဖြစ်ဖြစ် နုမျစ်ဟာ အသွင် သည်း ပြောင်းစပြုပြီး သူ့ကို နှိမ်ချမြင်မဲ့သူ မရှိ။ မကြာခင်လည်း အဝေးသင်ပထမနှစ်ကို စတင်တက်ရတော့မည်။ သူ့ဟာနှင့်သူ တင့်တင့်တယ်တယ် အနေအထားလေးတစ်ခုမှာ ရှိသည်။

နုမျစ်ခမျာ အရာရာကို တဟားဟား ရယ်မောကာ စိတ်မညစ်တတ်သော်လည်း သူ့ကို ဘယ်ယောကျ်ားကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကမှလည်း လာစိတ်ဝင်စားမှာ မဟုတ်၊ ပြည့်စုံတင့်တယ်တဲ့ ယောကျ်ားမျိုးနှင့်လည်း သူဟာ ဖူးစာဆုံလောက်ဖို့ အံရည်အချင်း မရှိ ဆိုတဲ့ အထင်အမြင် သိမ်ငယ်စိတ် ရှိနေသည်။

ဒါကို မဟုတ်ဘူးဆိုတာ ဖွန်က နုမျစ်ကို သိပ်သိစေ လိုသည်။ နုမျစ်ကို ညီမရင်းလိုလည်းချစ်၊ စေတနာလည်း ထား မိပါသည်။ အရွယ်ရောက်စ နုမျစ်ကို မြှောက်ပေးချင်တယ်လို့ တော့ မယူဆကြစေလို။ နုမျစ်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လည်း ရှိစေချင်သည်။ တကယ်လည်း အကောင်းစားလူတစ်ယောက် ရစေချင်သည်။

မရနိုင်ဘူး၊ မရထိုက်ဘူးဆိုတာ မရှိဘူး မဟုတ်ဘူးလို့ လည်း ဖွန်က ခိုင်ခိုင်မာမာ ယုံကြည်ထားပါသည်။ နုမျစ်ဟာ လှတော့မလှပဘူးပေါ့။ ဒါပေမဲ့ ရုပ်ကလေးက သန့်ပါသည်။ ငွေကြေးပြည့်စုံပြီး အဆင့်အတန်းလည်းရှိတဲ့ ရုပ်ကလေးတော့ ထွက်နေပါသည်။

ပြီးတော့ အလှအပ ဆိုတာကလည်း အချော တစ်ယောက်စာနှင့် ကြည့်ဆုံးဖြတ်လို့ရတာမှ မဟုတ်ဘဲ။ အတွင်းက စိတ်ဓါတ် ဗိုလ်လျှင် မျက်နှာဟာ ကြည်လင်အရောင်ထွက်ပြီး





တစ်မျိုးကြည့်ကောင်းတတ်တာ လူတိုင်း ကြုံဖူးမည်။ ပြီးတော့ ကိုယ် ချစ်ခင်မြတ်နိုးလျှင်လည်း ကိုယ့်မျက်စေ့ထဲ ကြည့်ရှုနှစ်လို ဖွယ် ဖြစ်တတ်သည်။ ဤနည်းအားဖြင့် နုမျစ်ကို ဖွန်က မလှဘူး လို့ မထင်။

စိတ်သဘောဖြူစင်ဖြောင့်ရှင်း၍ အရိုးခံဆန်လှတဲ့ ဖုံးကွယ်နေတဲ့ သူ့အလှကို မြင်နိုင်သူတိုင်းကတော့ နုမျစ်ကို ချစ်ကြသည်။ အထူးသဖြင့် လူကြီးသူမတို့ မျက်စိတွင် နုမျစ်က ချစ်စရာကောင်းသူလေးတစ်ဦး ဖြစ်လေသည်။

* * *

"ဘိုဘို ဒီနေ့ဟာ မင်း နှစ်ဆယ့်တစ်နှစ်နဲ့ခြောက်လတိတိ ပြည့်တဲ့နေ့"

လျှောခနဲ လျှောခနဲနေအောင် မျိုချစားသောက်နေ သက်စ မုန့်ဟင်းခါးသည် မင်းထင်ဘို လည်ချောင်းထဲ နင်သွား သလိုဖြစ်ကာ သူက စိတ်ပျက်လက်ပျက်နှင့် ဖွန်းကို ဇွမ်းခနဲ ခစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ လို့မပြောနဲ့၊ သားရယ် ... သားအတွက် အန်တီလေးတို့ လုပ်နေတာဆိုတာ မင်း နားလည်စမ်းပါ"

"ဒီအမွေ မရတော့ရော ကျွန်တော်က မွဲသွားမှာမို့လို့လား ဗျာ၊ အန်တီလေး အန်တီကြီး နှစ်ယောက်လုံး အပျိုကြီး၊ ဘယ်သူ့မှ ပေးစရာရှိတာ မဟုတ်ဘူး၊ ကျွန်တော်ပဲ ရှိတာ၊ ဒီမိန်းမ ယူဖို့ကို မယူချင်ပါဘူးဆို"

"ဟဲ့ ... ကျုပ်တို့နှစ်ယောက်က သူဌေးမတွေ မဟုတ်ဘူး၊ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ရှိတယ် ဒါလေးပဲ၊ ရရစားစားပဲ၊ ဘာမှ ဟုတ်တိပတ်တိ စုနိုင်တာ မဟုတ်ဘူး သား၊ ကောင်းကောင်းနေနိုင်စားနိုင်တယ်၊ ဒါလောက်ပဲ၊ ဘယ်ဘက်က စဉ်းစားစဉ်းစား ဒါဟာ သား ရထိုက်တဲ့ မိဘ အမွေအနှစ်ပဲ၊ ရသင့်တယ်"

"မပေးချင်လို့ တမင် စည်းကမ်းချက်တွေ လုပ်ထားတာ ဖြစ်မှာပေါ့၊ ဘယ်သူက ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမယူချင် မလဲ"

"အသက်နှစ်ဆယ်နဲ့ မိန်းမယူ ယောကျ်ားယူသွားတာတွေ ပြည့်လို့၊ ဒါပေမဲ့ သား အဘိုးကတော့ မပေးချင်လို့





စည်းကမ်းချက် လုပ်သွားတာ မဖြစ်နိုင်ပါဘူး ဘိုဘိုရယ်၊ မင်း အဘိုးက မင်းကို မိန်းမကောင်းလေး သဘောဖြူအူစင်း မျိုးလေးနဲ့ စောစောစီးစီး အိမ်ထောင်ကျစေချင်တာတော့ အမှန်ပဲ၊ မင်းအတွက် အိမ်ထောင်ရှင်မ လိုတယ်၊ ဒါကြောင့် မင်း အဘိုးက အိမ်ထောင်ပြုကို ပြုဖြစ်စေချင်တယ်၊ ငယ် တုန်းရွယ်တုန်းမှာမှ အိမ်ထောင်ပြုဖြစ်ဖို့ ပိုပြီး လမ်းများ တယ်ဆိုပြီး နှစ်ဆယ့်နှစ်နှစ်မှာ အိမ်ထောင်ပြုဖို့ စည်းကမ်း လုပ်သွားတာ ဖြစ်မှာပါ၊ အသက်တွေ ကြီးရင့်လာပြီးမှဆို ရင် သားကိုယ်တိုင်ကလည်း သိပ်စဉ်းစားလာတော့မယ်၊ သား ယူရမဲ့ မိန်းမဟာလည်း အသက်ကြီးရင့်လာတာနဲ့ အမျှ စဉ်းစားတာ၊ ဆင်ခြင်တာ၊ တွက်ချက်တာတွေ ရှိလာမှာပဲ"

"ဒီတွက်ချက်နည်းတွေက မမှန်သေးပါဘူးဗျာ၊ အထူးသဖြင့် အားနည်းချက် ရှိနေတဲ့ ကျွန်တော့်လို လူတစ်ယောက်အဖို့ အလျင်စလိုဆုံးဖြတ် အိမ်ထောင်ပြုဖို့ဆိုတာ ..."

အန်တီလေးက မင်းထင်ဘို ဆံပင်လေးများကို သပ်ရင်း ဝမ်းနည်းသွားပုံရတဲ့ မင်းထင်ဘိုကို ကရုဏာသက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြီးအကျယ် အားနည်းချက်ကြီးလို့ မဆိုနိုင်ပါဘူး ကွယ်"

"ဆိုနိုင်တာပေါ့ အန်တီလေးကလည်း"

အန်တီလေးက သက်ပြင်းချရင်း ...

"အင်း ... မင်း အဖေရဲ့ အဖေတူ မအေကွဲမောင်နှမတွေကိုက မင်းကို အမွေခွဲမပေးရလေ ကြိုက်လေမို့လို့ ခုလိုစည်းကမ်းချက်တွေ ဘာညာတွေ ကြံဖန်ပေါ်လာရတာ၊ သူတို့ အသာတကြည် ကြည်ကြည်ဖြူဖြူရှိရင် ကိုယ့်အစ်ကိုရဲ့ သားကို ပေးစရာရှိတာ ပေးလိုက်ရုံပဲ၊ ဘာမှ ဒီလောက် ခေါင်းရှုပ်နေစရာ မရှိဘူး ...

သူတို့က အဲသလို ထစ်ထားချင်လို့လည်း ပိုအသည်းယားလို့ ပိုအရယူချင်တာ သားရေ၊ ကိုယ် ရရမဲ့ဟာပဲ၊ အိမ်ထောင်ပြုလိုက်ပြီး ရရမဲ့ဟာရအောင် ယူလိုက်၊ ဒါပဲ"

"အမွေရဖို့ ကောက်ကာငင်ကာ အိမ်ထောင်ပြုပစ်လိုက်ပြီး ဒီအိမ်ထောင်ဟာ မခိုင်မြဲပြန်ရင်ကော အန်တီလေးရယ်"

"ခိုင်မြဲအောင်တော့ ကျိုးကျိုးနွံနွံ ဖြူဖြူစင်စင် မိန်းမကောင်းလေးမျိုး ရှာရမှာပေါ့ သား"





မင်းထင်ဘို မိဘနှစ်ပါးစလုံးမှာ မင်းထင်ဘို ဆယ့်ခြောက်နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ကြပါသည်။ တစ်ပြိုင်နက် ကားမှောက်ဆုံးပါးခဲ့ကြတာဖြစ်ပြီး အဲဒီတုန်းက ကားပေါ်မှာ မင်းထင်ဘိုလည်း ပါသည်။ သူ တစ်ယောက်သာ အသက်မသေဘဲ ကျန်ရစ်တာဖြစ်လျက် ဖေဖေရော မေမေပါ ပွဲချင်းပြီး။

မေမေ့ ညီမများဖြစ်တဲ့ အန်တီကြီး၊ အန်တီလေးတို့နှင့် သူ ဆက်လက်နေထိုင်ကြီးပြင်းခဲ့ရပါသည်။ ဖေဖေ့ဘက်က အလွန်ကြွယ်ဝချမ်းသာလှတဲ့ အဘိုးတွင် ပထမဇနီးမှ ဖေဖေတစ်ယောက်သာ မွေးဖွားပြီး အဘွား ကွယ်လွန်မှ ယူသော ဒုတိယဇနီးမှ သားသမီးသုံးယောက် မွေးဖွားပါသည်။

ဖေဖေက သူ့ရဲ့ အဖေတူ အမေကွဲ မောင်နှမတို့နှင့် အသက်ကွာသည်မို့ နည်းနည်းလေးလည်း စိမ်းသက်ကြပါသည်။ ဖေဖေ ကွယ်လွန်ချိန်မှာ အဖိုးက သက်ရှိထင်ရှား ရှိပါသေးသည်။ မိဘထက် အရင်စောသေတဲ့ သားဟာ အမွေမခံစားရ ဘာညာ အစရှိသဖြင့် ဥပဒေထုံးတမ်းတွေကို ဖေဖေ့မောင်နှမတွေက ရေရွတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အပြင်းအထန်ကြီး အမွေလုတိုက်ပွဲဝင်တာလည်း မဟုတ်။ အဘိုးက ပထမဇနီးရဲ့ သားသမီးအတွက် အမွေတစ်ဝက် ဒုတိယဇနီးရဲ့ သားသမီးအတွက် အမွေတစ်ဝက်လို့ သတ်မှတ်ခွဲခြားလိုက်တဲ့အတွက် မကျေမနပ် ဖြစ်ကုန်ကြတာပင်။ ပထမဇနီးမှာ ဖေဖေတစ်ဦးတည်း မွေးခဲ့သည်။ ဒုတိယဇနီးမှာက သုံးဦး မွေးခဲ့သည်။ ဒါကို တစ်ဝက်စီဆိုတော့ ဖေဖေ့မောင်နှမများက မကျေနပ်။

ဒါကို ဟိုဘက်က လှည့်ရစ်၊ ဒီဘက်ကလှည့်ရစ်၊ မင်းထင်ဘိုဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ် မရပ်သေး၊ ကိုယ်ပိုင်မိသားစု မရှိသေးဘဲ တစ်ဖက်က အဒေါ်တွေရဲ့ အုပ်ထိန်းမှုအောက် ချုပ်ကိုင်မှုအောက်မှာ ရှိသေးတာမို့ အမွေခွဲဝေပေးလျှင် အုပ်ထိန်းသူ အဒေါ်တွေကပဲ ကြိုးကိုင်လက်ဝါးကြီးအုပ်ထားမယောင်ယောင် သွေးထိုးပြောဆိုရင်းက ရှေ့နေရှေ့ရပ် စာချုပ်စာတမ်းအခိုင်မာနှင့် အဘိုးရဲ့ ဒီအစီအစဉ်ကြီး ဖြစ်လာရခြင်းတည်း။

မင်းထင်ဘို အသက်နှစ်ဆယ့်နှစ်နှစ်မှာ အိမ်ထောင်ပြုရမည်။ ဒီအချိန်မှာ ရသင့်တဲ့ အမွေတွေ လွှဲအပ်မည်။ ကိုယ့်မိသားစု ကိုယ့်ခြေ ကိုယ့်လက် ဖြစ်သွားပြီမို့ အဒေါ်တွေ ချုပ်





ကိုင်ထိန်းသိမ်းလို့ မရတော့ပြီ။ အိမ်ထောင်မပြုဖြစ်ခဲ့သော် အမွေအနှစ်များကို အဘိုးရဲ့ နောက်သားသမီးသုံးယောက်က ချုပ်ကိုင်စီမံခန့်ခွဲရမည်ဖြစ်ပြီး နောင်အခါ မင်းထင်ဘို အိမ်ထောင်ပြုချိန်၌ စေတနာရှိသရွေ့ ပေးကမ်းလိုသလောက်ကိုသာ မင်းထင်ဘို လက်ခံရရှိမည်။ အဘိုးရဲ့ ဤညွှန်ကြားချက်ကြောင့် အန်တီကြီး အန်တီလေးတို့ ကြားကာစ မခံချင်ဒေါသနှင့် ဆွေ့ဆွေ့ခုန်ခဲ့ကြပါသေးသည်။

မင်းထင်ဘို ရထိုက်တာကို ရစေလိုတာသာ ရှိပြီး ဒီအဒေါ်အပျိုကြီးနှစ်ယောက်က ဘာမှ ချုပ်ကိုင်စီမံခန့်ခွဲဖို့လဲ ရည်ရွယ်ချက် မရှိ။ သို့ပေမဲ့ ဖြစ်လာသည့် အခြေအနေအရ မင်းထင်ဘို အိမ်ထောင်ပြုကိုပြုရမည်။ အိမ်ထောင်မပြု၍ ဆိုပြီး အမွေတွေ လက်လွှတ်သွားမှာကိုလည်း အဖြစ်မခံနိုင်တာ အမှန်ပါ။

ထို့ကြောင့် မင်းထင်ဘိုကို အသက်နှစ်ဆယ်ကျော်အရွယ်ကစပြီး ဖူးစာဖက် ရှာဖွေစပ်ဟပ်သည်။ မိန်းမစပ်တိုင်းလည်း တစ်ဖက်က ဖေဖေ့ရဲ့ အဖေတူ အမေကွဲ မောင်နှမသုံးယောက်က ကဖျက်ယဖျက် လုပ်ကာ သတင်းပို့တွေ ချဲ့ကားထုတ်လွှင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ဘိုဟာ ကားမှောက်စဉ်က မည်သို့ မည်ပုံ ဒဏ်ရာအကြီးအကျယ် ရခဲ့၍ ဘယ်ကဲ့သို့ လူစဉ်မမှီ ဖြစ်နေသည် စသဖြင့်။ ဤသတင်းစကားတို့ကြောင့် ခုထိကိုပဲ မင်းထင်ဘို မိန်းမစပ်ရေး မအောင်မြင်ခဲ့တာပင်။ သူ့အဖေဘက်က အဒေါ်တွေ လုပ်ရပ်ကြောင့် မင်းထင်ဘိုခမျာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်၊ မခံမရပ်နိုင်ခံပြင်း၍ ဒီဖက်က အဒေါ်တွေကိုပါ မကျေနပ် ဖြစ်လာခဲ့သည်။

"ကျွန်တော့်ကို မိန်းမပေးစားဖို့ မစပ်ပါနဲ့တော့ အန်တီကြီးတို့ရာ၊ အန်တီကြီးတို့ကစပ် ဟိုဘက်က သတင်းတွေလွှင့် ဖျက်၊ တဖြည်းဖြည်းနဲ့ ကျွန်တော့်သတင်းတွေက အရမ်းကို ပျံ့ကား လူသိများကုန်ပြီ၊ သိပ်ရှက်ဖို့လည်း ကောင်းတယ်၊ ဒီအမွေတွေ ဒီငွေတွေ မရလည်း ဘာမှ မဖြစ်ဘူး၊ မပေးချင်လည်းနေကြ၊ ကိုယ့်ဟာကိုယ် အေးအေးပဲနေမယ်၊ မိန်းမလည်း မယူဘူး"

"သူတို့က အဲသလို ချဲ့ကားပြီး မဟုတ်တာတွေပါ ပိုပြော ပြီး ဖျက်လေ၊ ကိုယ်က တင့်တင့်တယ်တယ် အိမ်ထောင် ပြုပြနိုင်ဖို့ လိုလေပဲ၊ ကိုယ် ရရမဲ့ ဟာလည်း ရရမှာပဲ၊ တရားသဖြင့် ရရမဲ့ အမွေပဲဟာ"





ဤသို့ဖြင့် ဒီဘက်က အဒေါ်တွေကလည်း မလျှော့။ မင်းထင်ဘိုသည် လောကကြီးကို မကျေနပ်၊ ဒေါသထွက်နေရတော့ သည့် လူရွယ်ကလေးတည်း။

"သား သိထားဖို့က အန်တီလေးတို့က သားကို ရသင့်တဲ့ အမွေလည်းရ၊ အကောင်းဆုံး အနေအထားတစ်ခု ရောက် စေချင်တဲ့ စေတနာ အပြည့်အဝရှိတယ်"

"အန်တီလေးတို့ စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ အန်တီလေးတို့ စီစဉ်သမျှ ဖြစ်လာတာလည်း မဟုတ်၊ ဟိုဘက်က စကားတွေကြောင့် ငြင်းကြ နောက် ဆုတ်ကြတဲ့သူချည်းပဲ၊ ကြာတော့ ကျွန်တော် သိက္ခာကျလာ တယ်ဗျာ"

"ဒီတစ်ခါတော့ အဆင်ပြေမယ်လို့ အန်တီလေး ယုံကြည် တယ်၊ အန်တီလေးတို့ စကားတောက်သမျှ စ,သလို နောက်သလို အတည်လိုပြောနေသမျှ ရှက်စနိုးလေးနဲ့ပဲ ရယ်နေပြီး လူကြီးမိဘတွေက ကောင်းတာစီစဉ်ရင် လက်ခံ မယ့်ဆိုတဲ့ အခြေခံမူမျိုး စိတ်ထဲမှာပါတဲ့ ဂုဏ်မျိုးမလောင်း လျာ တွေ့ထားပြီးပြီကွယ့်၊ သားကသာ မငြင်းပါနဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ဘိုက မျက်လုံးပြူးကာ ...

"ဘယ်သူလဲ"

"ပြီးခဲ့တဲ့ ချောင်းသာခရီးတုန်းက တွေ့ခဲ့တယ်လေ၊ သားသာ သူနဲ့ ထပ်မဆုံတာ၊ အန်တီလေးတို့က အမြဲဝင်ထွက်သွားလာ အကဲခတ် ဆက်ဆံနေတာ အန်တီလေးတို့နဲ့က ရင်းနှီးချစ်ခင်နေပြီ"

"ဘယ်သူလဲ၊ ကျွန်တော် မသိပါလား၊ ချောင်းသာတုန်းက ဘယ်သူမှလဲ မှတ်မှတ်ရရ မသိခဲ့ပါလား"

"သား မေ့နေလို့ပါ၊ နုမျှစ်ဆိုတဲ့ ကလေးမလေးလေ"

"နုမျှစ် ... ! မသိပါဘူး"

"အိုကွယ်၊ ဒွန်တို့ သားအမိနဲ့ ပါလာတာကော၊ ကောင်မလေးက အခု အသက်နှစ်ဆယ်ထဲမှာ၊ ပထမနှစ် အဝေးသင်တက်နေပြီ၊ အန်တီလေးဖြင့် သူလေးကို သိပ်ချစ်တာပဲ"

မင်းထင်ဘိုက မဒွန်နှင့် ပါလာသည်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မနည်းပြန်စဉ်းစားယူသည်။ တဖြည်းဖြည်းနှင့် အာရုံထဲ ပြန်ပေါ်လာတော့သည်မှာ မဒွန် လက်ကို တစ်ချိန်





လုံး တွဲခိုပါနေတဲ့ ဘယ်လိုမှန်းမသိ တစ်မျိုးကြီး ကိုးရိုးကားယားဖြစ်နေတဲ့ မိန်းကလေးတစ်ဦး။

"ဟာ ... ဟို ... လူပုံထွားထွား၊ ဝတုတ်တုတ် ခေါင်းကြီးကြီးနဲ့ ကိုးရိုးကားယားတစ်ယောက်လား"

"အမယ်လေးတော်၊ မင်း ပြောပုံက ဆိုးလိုက်တာ၊ ထွားတော့ထွားတယ်၊ မဝပါဘူး၊ ခုဆို ရန်ကုန်ရောက်မှ ကိုယ်ရည်စစ်သွားတယ်၊ ကလေးစိတ်နဲ့ မနေတတ် မထိုင်တတ်ရှက်ကိုးရှက်ကန်း အမူအရာရှိနေလို့ပါ၊ ကိုးရိုးကားယားမဟုတ်ပါဘူးကွယ်"

"ဟာ ... အန်တီလေးကလည်း ကျွန်တော် သိပါပြီ၊ လုံးဝလည်း မလှဘူးလေ၊ ခါးတုတ်တုတ်နဲ့၊ ဘယ်လိုကြီးလဲ မသိတာကြီး၊ သူ့ပုံကြည့်ရတာ ပေါတာတာကြီး၊ အား ... ကျွန်တော် မကြိုက်ပါဘူး"

"ဘိုဘိုရယ်၊ အခု နုမျှစ်က ပုံပြောင်းနေပါပြီကွယ့်၊ ရန်ကုန်ရောက်နေတာ ကြာပြီ၊ ပြင်တတ် ဆင်တတ်နဲ့ ကိုယ်ရည်လေးလည်း စစ်သွား၊ ဆံပင်လေးကလည်း အရှည်ထားလိုက်တော့ ကလေးရုပ်ပျောက်ပြီး အပျိုရုပ်လေး ပီပီ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြင်နဲ့ ကြည့်ကောင်းလာတယ် သားရဲ့၊ သား သွားကြည့်လိုက်ပါဦး ...

နမျစ်ကလေးက တကယ်ချစ်စရာကောင်းတယ် သားရဲ့၊ သူ ခင်မင်မိပြီဆိုရင် လိုက်လျောရိုကျိုးတတ်ပုံလေးဟာ ဘယ်သူ့ဆီမှ မတွေ့ဖူးဘူး၊ စိတ်သဘောလေးက ဖြောင့်ရှင်းပြီး စိတ်ကောင်းရှိရှိလေး။ သူ့စိတ်သဘောထားလေးနဲ့က အိမ်ထောင်ရေး သာယာချမ်းမြေ့ဖို့ သေချာတယ်"

"ကျွတ် ... အန်တီလေးတို့ကလည်းဗျာ၊ ကဲ ... နေပါဦး၊ အန်တီလေးတို့ စိစဉ်တိုင်း ယူရအောင် သူ့မိဘတွေကကော ဘာမှ မပြောတော့ဘူးလား"

"သူ့အမေနဲ့ သူ့ကြီးဒေါ်က အန်တီမိရဲ့အစ်မ ဆရာမဒေါ်အေးသင်ပြီးရင် ပြီးတဲ့သဘောရှိတယ်ဆိုတာ အန်တီလေး တီးခေါက်ကြည့်ပြီးပြီ၊ ဒါကတော့ မိဘတွေဆီ အန်တီလေးတို့က နားဖောက်တောင်းရမ်းယူရမှာပေါ့"

"အန်တီလေးကလည်း အပိုင်ကြီး သေချာနေပြန်ပြီ၊ အဲဒီကောင်မလေးကို ကျွန်တော် မကြိုက်ပါဘူး၊ ကြိုက်လည်း မကြိုက်နိုင်ပါဘူး"





"သူ့ဆီ သွားကြည့် စကားပြောကြည့်ပါဦးကွယ်၊ တရင်းတနှီး ပေါင်းကြည့်ပါဦး၊ အန်တီလေးတို့ အကျိုးအတွက် မဟုတ်ပေမဲ့ အန်တီလေးတို့ စိတ်ချမ်းသာအောင်လည်း တစ်ဖက်တစ်လမ်း ကြည့်သင့်တယ်ကွယ်"

မင်းထင်ဘိုက အဒေါ်ဖြစ်သူကို စေ့စေ့ကြည့်မိသည်။ ဒီအဒေါ်နှစ်ယောက်ဟာ သူ့ကို အမေရင်းတွေလို တုန်နေအောင် ချစ်ကြတာ သူ သိသည်။ မေမေ မရှိတော့ ပိုပြီး ကြင်နာဂရုစိုက်ကြသည်။ သူတို့ လုပ်သမျှဟာ ကိုယ့်အတွက်ပဲဆိုတဲ့ စေတနာကိုလည်း သူ နားလည်သည်။ ဒါကြောင့်ပဲ အန်တီလေးတို့ကို သူက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်မှုမျိုး မပြုမိခဲ့တာပင်။ ကြီးသူမတွေကို စိတ်ချမ်းသာစေချင်စိတ်မျိုး သူ့မှာ ရှိတာမို့ သူ့လိုပဲ ရှိတယ်ဆိုတဲ့ ကောင်မလေးကို သူ ဆက်ဆံကြည့်လိုက်ပါဦးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ခင်ဗျား ကျွန်တော့်ကို မှတ်မိလား"

ကောင်တာမှာ လာရပ်ပြီး သူ မေးလိုက်လျှင် နုမျစ်သည် ခြေလက်များ အေးစက်၍ ရင်တဒိတ်ဒိတ် တုန်နေရာမှ ရင်ခွင်တစ်ခုလုံး ကတုန်ကယင် ဖြောင်းဆန်မတတ် ဖြစ်သွားရသည်။

သူ ဝင်လာကတည်းက နုမျစ် သိနေတာလေ။ သူက နုမျစ်ကို မသိသလို လုပ်နေလို့သာ နုမျစ် နှုတ်မဆက်ရဲဘဲ ရှိနေတာ။ သူဟာ ချောင်းသာမှာကတည်းက မျက်နှာထား ခပ်တည်တည်နှင့် ဘယ်သူ့ကိုမှ အရောတဝင် မရှိတဲ့သူမို့ နုမျစ်က သူ့ကို နှုတ်မဆက်ရဲပါ။





ဆိုင်ထဲမှာ သူ လှည့်ပတ်ကြည့်ရှုနေပြီး အတန်ကြာ ကောင်တာဆီ လာရပ်ကာ ဆိုင်းမပါ ဗုံမပါ ရုတ်တရက် ေးချလိုက်လျှင် နုမျစ် မျက်နှာကလေးမှာ နီမြန်းမြန်းနှင့် ရှက် ကြာက်သော အပြုံးလေးတစ်ခု ဖူးပွင့်လာပြီးလျှင် ...

"ရှင်က ကိုမင်းထင်ဘိုလေ"

"ဩော ..."

နာမည်ပါ မှတ်မိနေ၍ သူက အံ့ဩသလိုနှင့် ...

"သေချာမှတ်မိတာကိုး"

"ဟုတ်ကဲ့၊ နုမျစ် မှတ်မိပါတယ်။ ဝင်လာကတည်းက သိပါတယ်၊ ရှင် မမှတ်မိဘူးဆိုပြီး မခေါ်ရဲလို့ မခေါ်တာပါ"

ဟန်ဆောင်ပန်ဆောင် ကိုယ့်ကိုယ်ကိုယ် ဂုဏ်တင် ည့်ဖျားမှုမပါ၊ အရိုးခံပြောပုံကလေးက ဖြောင့်ရှင်းသူလေးမှန်း ိသာလှသည်။ သိပ်မလှသော သူမ မျက်နှာဟာ ချိုသာကြည်လင် ှင်းတစ်မျိုးနှင့် အေးမြနေတာကို သူက ဘာမှ မပြောမဆို ာရပ်ကြည့်နေမိသည်။

"ဘာဝယ်ချင်လို့လဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... သူက ရှက်နေရပြန်ပြီ။ မေးခွန်းက တုန်ယင်ယင်လေး ဖြစ်နေတာ မင်းထင်ဘို ရိပ်မိသည်။ အန်တီလေးတို့က ဘယ်လောက်တောင်ထိအောင်များ စကားတွေ ပစ်ပေါက်သွင်းပြီးပြီပါလိမ့်။

"အန်တီလေးတို့နဲ့ တွေ့လား"

"ဟုတ်ကဲ့၊ အမြဲ တွေ့ပါတယ်"

"ကျွန်တော့်အကြောင်းတွေ ပြောကြသလား"

"ဟုတ်ကဲ့"

"ဘာတွေ ပြောတာလဲ"

"ဪ ... ဟိုလေ ... ဟို ... မိဘတွေ ကွယ်လွန်ပြီဖြစ်တာတို့၊ ကိုမင်းထင်ဘိုက မနှစ်ကပဲ အဓေးသင်နဲ့ ကျောင်းပြီးတာတို့၊ ကိုမင်းထင်ဘိုက သူငယ်ချင်းတစ်ယောက်နဲ့ အစုရတဲ့ လက်ဖက်ရည်ဆိုင်ကြီးကြီးတစ်ဆိုင် စပ်တူဖွင့်နေတာတို့၊ ဟို ... အဲလိုမျိုးတွေ အတော်များများ ပြောပြပါတယ်"

"ဒီတော့ ကျွန်တော့်အကြောင်း ခင်ဗျား အားလုံး သိနေတာပေါ့"





"အန်တီလေးတို့ ပြောသလောက်ပေါ့"

ဘာတွေ လာပြောနေပါလိမ့်ဟု နုမျစ်က အံ့အားသင့်မိသည်။ ချောင်းသာတုန်းကတည်းက သူ့ကို နုမျစ် နှစ်လိုစိတ်အပြည့်နှင့် စိတ်ဝင်စား စွဲလမ်းသလို ဖြစ်ခဲ့မိတာပင်။ ဒါပေမဲ့ သူလို သားသားနားနား ချောမောခန့်ညားတဲ့သူတစ်ယောက်ဟာ နုမျစ်ကို ခင်မင်အရောဝင်ဖို့ အထူးတလည် လိုလားနေမှာမဟုတ်ဘူးဆိုသည့် အတွေးနှင့် စိတ်ကို ဖြေလျှော့ထားလိုက်ပါသည်။

ဟိုးအပင်မြင့်ကြီးထက်က ကိုယ် မမီတဲ့ ပန်းတစ်ပွင့်ကို ကိုယ်က မက်မောပန်ဆင်ချင်လို့ အပိုပေါ့။ နောက်ထပ်လည်း တွေ့တော့တဲ့အတွက် နုမျစ်က သူ့ကို စိတ်ကူးထဲက မေ့ဖျောက်ထားသည်။ အန်တီလေးတို့ကို မြင်ရတိုင်းတော့ သူနဲ့များ တစ်နေ့နေ့ အမှတ်မထင် ထပ်ဆုံခွင့် ရနေဦးမလားလို့ မျှော်လင့်ချက်တစ်ခု ထားနေမိဆဲပင်။

ခုတော့ ရုတ်တရက် ပေါ်လာတဲ့အပြင် နှုတ်ဆက်စကား လာဆိုနေတာမို့ နုမျစ် အံ့သြနေသည်။ ပျော်လည်းပျော်သည်။ ရင်တွေ ခုန်ကာ လှက မြူးထူးနေပါသည်။

"ရှင် ... ဒီနေ့ ဆိုင်မဖွင့်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဆိုင်က မနက်အစောကြီးကနေ နေ့လယ်တစ်နာရီအထိပဲ ဖွင့်တယ်၊ နေ့လယ်တစ်ချိန်ပြီးရင် ပိတ်ပြီ၊ ညနေပိုင်း မဖွင့်ဘူးဗျ"

"ဩော် ... အခု ရှင် ဘာဝယ်ချင်လို့လဲဟင်"

"ကျွန်တော် ဘာမှ မဝယ်ချင်ဘူး၊ ဒီလိုပဲ လာကြည့်တာ"

"ဒါ ... နုမျှစ် ... အဲ ... မဇွန် ဆိုင်မှန်းရော သိလား"

"သိတယ်၊ ဒီရှေ့က မဇွန်တို့ အိမ်ဆိုတာလည်း သိတယ်လေ"

ဟင် ... ဒါဖြင့် မဇွန်တို့ကို တွေ့ချင်လို့လာတာမဟုတ်ဘဲ နုမျှစ်ရှိရာ ဆိုင်ကိုမှ တမင်တကာ ဝင်လာတာပေါ့။

"နုမျှစ် ဒီမှာ ဝင်လုပ်နေတာ ရှစ်လလောက် ရှိပြီ၊ ဆိုင်ဖွင့်ကတည်းကပဲ"

"အင်း ... သိတယ်"

ဟင် ... သူကလည်းပဲ နုမျှစ်အကြောင်းတွေအားလုံးသိနေပြီးပုံပါလား။ နုမျှစ်က မျက်လုံးလေးပြူး၍ မင်းထင်ဘိုကို အကဲခတ်နေသလို မင်းထင်ဘိုကလည်း ကောင်တာမြင့်မြင့်ပေါ် အလိုက်သင့် တံတောင်ဆစ်ထောက်တင်ရင်း နုမျှစ်ကိုအကဲခတ်နေပါသည်။





မင်းထင်ဘိုဟာ မိန်းမတွေကို သိပ်စိတ်မဝင်စားလှပါ။ ဒါပေမဲ့ သဘာဝတရားအားဖြင့်တော့ မိန်းကလေးချောချောလှလှကို သဘောကျပါသည်။ ဒီနုမျှစ်ဆိုတဲ့ မိန်းကလေးဟာ သဘောကျချင်စရာ အချောအလှလည်း မဝင်။ ရုပ်အဆိုးကြီးလည်း မဟုတ်ဘဲ ဘာမှန်းမသိတဲ့ ရုပ်ဆန်းကြီးပင်။

တစ်ခုသေချာတာကတော့ နက်မှောင်ဝိုင်းကျယ်တဲ့ သူမရဲ့ မျက်ဝန်းတွေထဲက အရိပ်သင်္ကေတာန်တွေဟာ ဖြူစင်လှတာပင်။ မျက်နှာတစ်ပြင်လုံးပေါ်မှာ နေရာမလပ် သဘောကောင်းခြင်း၊ စိတ်ကောင်းရှိခြင်း အရိပ်သင်္ကေတာန် ထင်ဟပ်နေသည်။ ပြီးတော့ သူ့ကို ကြည့်နေသည့် မျက်ဝန်းတို့က ကိုယ့်ထက် အဘက်ဘက်က အစစအရာရာ သာသူတစ်ယောက်ကို ကြည့်နေသလို အားကျလေးစားနှစ်လိုကြည်ညိုမှုတို့ အပြည့်အဝ ပေါ်လွင်နေသည်။

ဤအချက်ဟာ မင်းထင်ဘိုရဲ့ စိတ်နှလုံးကို အားအင်တစ်မျိုး ဖြစ်စေသည်။ မင်းထင်ဘိုက သက်ပြင်းတစ်ချက်ချရင်း သူ့ဘဝကိုသူ အနည်းငယ်တော့ စိတ်ပျက်လက်ပျက် ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဘိုးက ချမ်းသာကြွယ်ဝလှပေမဲ့ သူ့အဖေ အမေတို့ဟာ အသက်ရှိစဉ်က သာမန်မရှိမရှား လူတန်းစားပင်။ သူတို့ မိသားစုဘဝလေးဟာ အေးချမ်းသာယာခဲ့ပါသည်။ ရုတ်တရက် ဖေဖေနဲ့ မေမေ ကားမှောက်ကွယ်လွန်ကြချိန်မှာ သူ ဆယ်တန်းဖြေပြီးကာစ။ ကားက အဆမတန် ပျက်စီးရှုံ့တွသွား၍ ပြန်ရောင်းတော့လည်း ဘာမှမရ။ သူတို့မှာ သာမန် တိုက်ခန်းလေး တစ်ခန်းသာရှိသည်။

ထိုစဉ်က အဲဒီတိုက်ခန်းလေးကို ရောင်းချငွေဟာ သူ့ ဆေးကုသစရိတ်ပင် မလုံလောက်ခဲ့။ မင်းထင်ဘိုကို ပထမဦး စွာ အသက်လုကုသရကာ နောက်ပိုင်းမှာတော့ လပေါင်းများစွာ ကြာအောင် နာတာရှည် လူမမာ ဖြစ်ခဲ့ရသည်။

သူ့ရဲ့ ခါးရိုး ပေါင်ရိုးတို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရပြီး တချို့တလေ ကျိုးကြေ၍ ဝမ်းတွင်းကလီစာ တချို့ပါ ဒဏ်ရာ ရခဲ့တာမို့ အကြိမ်ကြိမ် ခွဲစိတ်ကုသခဲ့ရပါသည်။ ဝမ်းပိုက် တွင်းမှာ၊ ဆီးအိမ်မှာ ဒဏ်ရာအပြင်းအထန်ဆုံး။ ပြန်လည်ကောင်း မွန်လာချိန်မှာ ဆရာဝန်များရဲ့ မှတ်ချက်က မင်းထင်ဘို အိမ် ထောင်ရက်သားကျလျှင် ကလေးရနိုင်ခြေ ငါးဆယ် ငါးဆယ် ရာခိုင်နှုန်း ဖြစ်သည်။





ပုံမှန် ကလေးရနိုင်သော ဖခင်လောင်း ဖြစ်ချင်လည်း ဖြစ်မည်။ ကလေးမရနိုင်တော့ဘူးလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲ ဖြစ်ဖြစ် ဤအချက်သည် ယောကျ်ားတစ်ယောက်အတွက် ချို့ယွင်း ချက် အားနည်းချက်တစ်ခုတော့ ဖြစ်ခဲ့သည်။

ခါးရိုးဆစ်နှင့် ပေါင်ရိုးနေရာ၌ စတီးချောင်းတချို့ အစားထိုးထည့်သွင်းခဲ့ရသည်။ ခွဲစိတ်မှု အကြိမ်ကြိမ်၊ ကုသမှု လပေါင်းများစွာ၊ လေ့ကျင့်ခန်း လုပ်နေခဲ့ရသည့် လပေါင်းများစွာ။ ဆေးရုံစရိတ်၊ ဆေးကုစရိတ်တွေဟာ နင့်နေခဲ့ပါသည်။

တိုက်ခန်း ရောင်းချငွေနှင့်လည်း မလုံလောက်နိုင် တော့။ အန်တီကြီး အန်တီလေးတို့ဟာ မေမေနှင့် အတူတကွ အမွေဆိုင်ခြံနှင့်တိုက်မှာ နေကြတာဖြစ်သည်။ ဤခြံသာ အမွေ ဆိုင်ဖြစ်၍ ကျန်စုဆောင်းငွေ လက်ဝတ်ရတနာတို့မှာ သူတို့ဘာ သာ ရှာဖွေစုဆောင်းခဲ့ကြသည်များသာ။

အန်တီကြီးရော အန်တီလေးပါ ဤမိဘမဲ့သော ဘကလေးအတွက် အနေခြောအတွန့်တိုမရှိ သူတို့ ရှိသမျှ လက် ဝတ်လက်စားတို့ကို ထုခွဲရောင်းချ၍ ဆေးကုသခဲ့ကြသည်။ တခြား တစ်ဖက်က ဦးလေး အဒေါ်တို့နှင့် ယှဉ်ကြည့်တော့ ဤအဒေါ်နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဟာ မိခင်ရင်းနှင့်မခြား စေတနာ၊အနစ်နာခံ၍ ကောင်းလွန်း

ကြသည့် အဒေါ်များပင်တည်း။

မင်းထင်ဘို အသက်ဟာ သူတို့ကြောင့်သာ ဆ

လက်ရှင်သန်ခွင့် ရခဲ့ပါသည်။ ဒါတင်မက ခုလို လူကောင်းပက

အနေထားနှင့် သွားလာနိုင်နေတာဟာလည်း သူတို့ အစွမ်းအ

ကြောင့်သာပင်။ တစ်ချက်မညည်းညူစတမ်း သူ့အတွက် ပုံအေ

သွန်ချကြ၍ ရှိပစ္စည်းကုန်သလောက် ဖြစ်သွားတဲ့ အဒေါ်နှစ်ယော

ကျေးဇူးကို သူ ဘယ်သို့ ဆပ်ရမည်နည်း။

အရောင်းအဝယ် တတ်၍ နောက်တစ်ဆိုင် ထပ်တိုး

ဖို့ သူတို့ ရည်ရွယ်ထားသမျှ မင်းထင်ဘိုကြောင့် ပျက်ခဲ့ရတာ

ဤအဒေါ်နှစ်ယောက် ကျေးဇူးကို ငွေကြေးနှင့် ဆပ်ရုံနှင့် မ

နိုင်တာသိသော်လည်း အနည်းဆုံးငွေကြေးတစ်ပုံနှင့်တော့

ကန်တော့ချင်သေးသည်။ အန်တီကြီးတို့ လုပ်ချင်ရာတိုးချဲ့

လို့ ရဖို့ အရင်းအနှီးဆိုပြီး သူ့ရှိသမျှ ထိုးအပ်လိုက်ချင်

သည်။

သို့ပေမဲ့ သူ့မှာ ဘာရှိလို့လဲ။ ဆန္ဒနှင့် စိတ်ကူး

ရှိပြီး သူ ဘာမှ မတတ်နိုင်ခဲ့။ လက်ဖက်ရည်ဆိုင်တင်





သူငယ်ချင်းနှင့် စပ်တူဖွင့်ဖို့ပင် အန်တီကြီးတို့ အန်တီလေးတို့က

ပဲ ငွေရင်းရှာကြံထုတ်ပေးခဲ့ပြန်သည်။ ဆိုင်ကရသမျှ ဝင်သမျှ

သူက အဒေါ်တွေလက်ကို အပ်သည်။ သူ့အတွက်လည်း ဘာမှ

သုံးစရာမရှိလှ။

ဟိုးအရင်က တစ်ကိုယ်လုံး စိန်ရောင်တဝင်းဝင်း

တလက်လက်နေသော အဒေါ်နှစ်ယောက်ဟာ ခုတော့ စိန်နားကပ်

လောက်ကလွဲလျှင် ကိုယ်ပေါ်မှာ ရွှေထည်သာ ဆင်ယင်နိုင်ကြ

သည်။ သို့ပေမဲ့ အဒေါ်နှစ်ယောက်လုံးဟာ သူ့အပေါ် မေတ္တာ

စေတနာ ကွက်တယ် တွန့်တိုတယ် မရှိဘဲ သူ့ကို အရိပ်တကြည့်

ကြည့် ဦးစားပေးလို့သာ ထားခဲ့ကြသည်။

ဤအဒေါ်နှစ်ယောက်ကို စိတ်အားဖြင့် ချမ်းသာစေ

ရန်လည်းကောင်း၊ ကိုယ်အားဖြင့် ချမ်းသာစေရန်လည်းကောင်း

သူ ဆောင်ရွက်ပေးလိုစိတ်ဟာ ရင်ထဲ အသည်းထဲ သွေးထဲ

သားထဲကအပြင် ဦးနှောက်အသိဉာဏ်ထဲကပါ ပြင်းပြင်းထန်ထန်

ပြဋ္ဌာန်းနေပါသည်။

ဒါကြောင့်လည်း သူတစ်ယောက်တည်းအဖို့ဆိုလျှင်

သူ လုံးဝ စိတ်မပါတဲ့ အချိန်မီ အိမ်ထောင်ရက်သားပြုဖို့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ သဘောတူလက်ခံခဲ့တာဖြစ်သည်။ အဒေါ်တွေ လှုပ်ရှားစီစဉ်ကြကာ ပျက်ရတာ သုံးလေးခါရှိတော့ သူ စိတ်ပျက်လာမိတာသာ ဖြစ်ပါသည်။

သူ့ဘဝရဲ့ အိမ်ထောင်ပြုခြင်းကဏ္ဍတစ်ခုကို သူ့အတွက် မဟုတ်ဘဲ အဒေါ်နှစ်ယောက်အတွက် သက်သက်ဖြည့်ဆည်းဆောင်ရွက်ပေးလိုတာမျိုးပင်။ ဒါကြောင့် သူ လက်ထပ်ပါမည်။ လက်ထပ်ခြင်းကို တာဝန်တစ်ရပ်လို ပြုမူမည်ဆိုတဲ့အခါ 'အချစ်'ဆိုတဲ့ သဘောတရားက လိုအပ်ပါသေးသလား။ ကဲ ... သူ့ဘက်ကတော့ ထားလိုက်ပါတော့။ ကိုယ့်ဆန္ဒ ကိုယ့်အနေအထားတွေအရ ဒီလို ဆုံးဖြတ်လက်ထပ်မှာ။

သူနဲ့ လက်ထပ်ဖြစ်မဲ့ အမျိုးသမီးဘက်က ကြည့်ရင်ကော။ အားနည်းချက်လည်း ရှိနေသေးသည့် သူနှင့်၊ ဝတ္တရားကျေလက်ထပ်မှုအတွက် ဘယ်လိုမိန်းကလေးမျိုးက နေရင်းထိုင်ရင်းဝင်စတေးခံမှာနည်း။

အန်တီလေးတို့ မဓွန်ကို စကားကမ်းလှမ်းသည်ဆိုတာ သိရပြီးတဲ့နောက် သူ မဓွန်တို့ကို မျက်နှာပူကာ သုံးလေးလရှောင်ပုန်းနေခဲ့ရသည်။ မဓွန်လို ချောမောလှပ၍ စီးပွားလည်း





ရှာနိုင်တဲ့ မိန်းမတစ်ယောက်ကို သူက သူ့အိမ်ထောင်ဖက်အဖြစ် မျှော်မှန်းမထားခဲ့ပါ။

သူ မျှော်မှန်းထားသည်က သာမန်မထင်မရှား ဆွေမဲ့မျိုးမဲ့ ပစ္စည်းဥစ္စာမဲ့ထဲက စိတ်သဘောထား အေးဆေးမဲ့ မိန်းကလေးတစ်ယောက်လောက်သာ။ ဒါမှ မဟုတ်ရင်လည်း သူ့ပဲ အပြစ်မကင်းတဲ့ အားနည်းချက်တစ်ခုခု ရှိနေတဲ့ မိန်းကလေးမျိုးပေါ့။

နုမျစ်အကြောင်း အန်တီလေးတို့ထံမှ တချို့တလေ သူ သိထားရသည်။ နုမျစ် အဖေဟာ ပိုက်ဆံရှိသည်။ နုမျစ်ရဲ့အစ်ကိုနှင့် အစ်မဟာ သိပ်ပြီးတော့ ကျပ်မပြည့်ချင်ကြတဲ့ သူတွေတဲ့။ နုမျစ် အမေဟာလည်း အတီးအတ လူရာမဝင်မို့ နုမျစ်ရဲ့အဖေဟာ အခြားမြို့တစ်မြို့မှာ နောက်မိန်းမတစ်ယောက်နှင့် နောက်ထပ်အိမ်ထောင်တစ်ခု တည်ဆောက်ကာ ဟိုတစ်ဖက်မှာ ပိုပြီး အချိန်ပေးနေထိုင်သူ ဖြစ်သည်တဲ့။

နောက်အိမ်ထောင်နှင့် မွေးထားတဲ့ သားကလေးဟာ ခုမှ ဆယ်နှစ်ဝန်းကျင် ငယ်ငယ်ကလေးပဲ ရှိပါသေးသတဲ့။ နုမျစ်တစ်ယောက်သာ သူတို့မိသားစုထဲမှာ ဟုတ်ဟုတ်ဟက်ဟက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဖြစ်နေပေမဲ့ သူတို့ မြို့မှာတော့ သူတို့မိသားစုဟာ လူတကာရဲ့ မိုလ်ကျခံ အနိုင်ကျင့်ခံဟုဆိုသည်။

နုမျစ်ဟာ အမြင့်စားထဲကလည်း မဟုတ်၊ အနိမ့်ပါး ထဲကလည်း မဟုတ်။ တစ်မျိုးလေးဆန်းကျယ်တဲ့ သူ့ဘဝအနေ အထားကလည်း စိတ်ဝင်စားစရာပင်။

"ကိုမင်းထင်ဘို"

"___"

"ကိုမင်းထင်ဘို၊ ရှင် ဘာစဉ်းစားနေတာလဲ"

နုမျစ် အသံကလေးက မရဲတရဲ တုန်လှုပ်နေသည်။ သူမကို ငေးကြည့်တွေစိုက်နေတဲ့ မင်းထင်ဘိုကြောင့် စိတ်အနှောင့် အယှက်ဖြစ်ကာ ရက်အမ်းအမ်း ရှိနေပါသည်။ မင်းထင်ဘိုက နုမျစ်ကို မျက်မှောင်တွန့် စူးစိုက်ကြည့်ရင်း ...

"ခင်ဗျားမှာ ချစ်သူ ရှိသလား"

"ရှင် ...၊ ဟင့် ... ဟင့်အင်း ... မရှိပါဘူး"

တခြားမိန်းကလေးတွေဆိုလျှင် ရှင် ဘာတွေ လာမေး နေတာလဲတို့၊ ရှင်နဲ့ ဘာဆိုင်လို့လဲတို့ ဆိုတာမျိုးတွေ ပြန်လာနိုင် သည်။ သူမကတော့ မျက်လုံးဝိုင်းလေးနှင့် ကမန်းကတန်း ငြင်း





သဖြင့် မင်းထင်ဘိုက မရည်ရွယ်ဘဲ အမှတ်တမဲ့ ပြုံးလိုက်မိပါ သည်။

"ဘာ ... ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ မေးကြည့်တာပါ၊ ကျွန်တော် သွားလိုက် ဦးမယ်"

စကားလည်းဆုံး၊ ချာခနဲ လှည့်ထွက်သွားသော မင်းထင်ဘိုကို နုမျစ်က ပါးစပ်အဟောင်းသားနှင့် လိုက်ပြီး ငေးမောကြည့် ကျန်ရစ်ခဲ့ပါသည်။ အူကြောင်ကြောင်ကလေး ငြိမ်ငေးကျန်ရစ်ဆဲ တယ်လီဖုန်းသံ ထွက်ပေါ်လာ၍ နုမျစ်က အလန့်တကြား ပြေးကိုင်လိုက်သည်။

"ဟဲ့ ... နုမျစ်၊ ဒီလောက်တောင်လည်း ငေးကြည့်ပြီး ကျန်ရစ်ဖို့ မလိုအပ်ပါဘူးဟယ် တကတဲ"

"ဟယ် ... မဖွန် ... အဟီးဟီး"

"အမြူးနေပြီ၊ မင်းထင်ဘို ဘာလာလုပ်တာလဲ"

"ဟင် မဖွန် တွေ့တယ်"

"တွေ့တာပေါ့၊ သူ့ကား ရပ်ပြီး သူ ဆင်းလာတာ လှမ်း မြင်လိုက်တာနဲ့ ငါ မှန်ပြောင်းနဲ့ လှမ်းကြည့်နေတာ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလဲ လာဝယ်တာ မဟုတ်ဘူး၊ နင့်ကို ဘာတွေ ပြော
သွားလဲ"

"အဟင်း ဟင်း၊ မဖွန့်ရယ် ဘာမှလဲ မဟုတ်ပါဘူး၊ သူက
အကြောင်းကြောင်းနဲ့ ရယ်ရတယ်၊ သူ့ကို မှတ်မိလားတဲ့"

"ဒီတော့ နင်က တန်းပြီး မှတ်မိကြောင်း ပြောရော
လား"

"နုမျစ် မှတ်မိတာပဲဟာ"

"အေးပါ၊ နောက်တော့ရော"

"နောက်တော့ အန်တီလေးတို့နဲ့ တွေ့လား၊ သူ့အကြောင်း
ဘာပြောလဲ ဆိုတာတွေပါ မဖွန့်ရဲ့၊ သူက နုမျစ်အကြောင်း
လည်း နည်းနည်းပါးပါး သိပုံရတယ်"

ထိုစကားတွေကို နားထောင်ရင်း တစ်ဖက်တွင်
ဖွန့်သည် မျက်မှောင်ကလေး ကုတ်နေမိသည်။ ဘာသဘောတွေလဲ၊
ဘာလာလုပ်တာလဲရယ်လို့ ခေါင်းထဲ၌ တထပ်ထပ် တွက်ချက်
စဉ်းစားနေမိသည်။

"မဖွန့် ပြန်ခါနီးကျတော့လေ ... အဟင်း"

"ဘာလဲ"





"နုမျစ်ကိုလေ သူက ခင်ဗျားမှာ ချစ်သူ ရှိလားလို့ မေး
သွားတယ်"

"ဟင် ... ဒီတော့ နင်က"

"ဟင့်အင်း မရှိပါဘူးလို့ ဖြေလိုက်တာပေါ့ မဖွန့်ရဲ့"

"အင်း ... အဲဒါကျ ပြောဖို့သွက်လိုက်တာ၊ တတ်လိုက်တာ"

"ဘာဖြစ်လို့လဲဟင် မဖွန့်"

"ငါ တစ်ခုခုကို စိတ်ထင့်နေတယ်နော်၊ မင်းထင်ဘို နင့်
ဆီလာတယ်ဆိုတာ သူ့ဘက်က အင်မတန် သဘောကောင်း
လိုက်လျောမှုဟဲ့၊ အင်း ... အန်တီလေးတို့တော့ တကယ်
လှုပ်ရှားနေကြပြီ ထင်တယ်"

"ဘာလဲဟင် မဖွန့်"

"အဲဒီ အန်တီကြီးတို့ အန်တီလေးတို့ဟာ နင့်ကို တစ်ချိန်
လုံး တူမလေး ချွေးမလေးနဲ့ တသသ လုပ်နေကြတာ နင်
မမြင်ဘူးလား"

"အဲဒါ သူတို့ နုမျစ်ကို ချစ်လို့ စ,နေကြတာ မဟုတ်လား"

"မဟုတ်ဘူး၊ ဘယ်က ဟုတ်ရမှာလဲ၊ ကဲ ... ကဲ ... ဒါပဲ
နုမျစ်၊ ဆိုင်ပိတ်ပြီးမှ ညကျမှ နင့်ကို ငါ စကားပြောစရာ
ရှိသေးတယ်၊ ခုတော့ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မဖွန်က ဖုန်းချသွားခဲ့သည်။ နုမျစ်ကတော့ တစ်ချိန်လုံး မင်းထင်ဘိုကို ပြန်လည်မြင်ယောင်နေကာ ခင်ဗျားမှာ ချစ်သူ ရှိသလားဆိုတဲ့ အသံက နားထဲ အချိန်တိုင်း ပြန်၍ ပဲ့တင်ထပ်နေသည်။ ဒါကိုပဲ ပြန်ကြားယောင်ကာ မကြာခဏ 'ခိ'ခနဲ အသံထွက်မိတဲ့အထိ တစ်ယောက်တည်း ကျိတ်ရယ်နေမိပါသည်။

သူ့ပုံစံဟာ ချစ်လို့မဆုံး ဖြစ်ချင်စရာ။ ကြည့်ဦးလေ၊ ဒီနေ့လည်း စပို့ရှပ်လက်တိုအဖြူပေါ်မှာ အဖြူနှင့် မီးခိုးနုသိုးမွှေးကို ဆန့်ငမကင်းကွက် ထအောင် ထိုးထားတဲ့ ချိုင်းပြတ်ဆွယ်တာလေး ထပ်ဝတ်လို့။ ခပ်နက်နက် ခပ်မှောင်မှောင် ပုဆိုးကို တင်းတင်းဝတ်ထားပုံသည်လည်းကောင်း၊ သူ့ခြေထောက်က ကတ္တီပါဖိနပ် အနက်ရောင်ကလေးသည်လည်းကောင်း တစ်ခုမကျန်ဟာ ကြည့်လို့ကောင်းနေခဲ့သည်။

ဆံပင်လေးတွေက ခပ်တိုတိုနဲ့။ သူ့မျက်နှာဟာ နုမျစ် တွေ့ဖူးသမျှ ယောကျ်ားအားလုံးထက် ချောမောသည်။ ဒီလို လူတစ်ယောက်က နုမျစ်ကို မေးသွားပုံမှာ 'ခင်ဗျားမှာ ချစ်သူ ရှိသလား' တဲ့။





"ဟိ"

အူရွှင်၍ မြူးဖျနေတော့တာကို ထိန်းလို့မရ။ သိမ်းလို့ ရ။ ရင်ထဲမှာ ဘုရားပွဲလှည့်နေသည် ဆိုရမလို ဖြောင်းဆန်လှုပ် ားနေသည်။ တစ်နေကုန် အင်မတန်ပင် ပျော်ရွှင်စိတ်ချမ်းသာ နေမိပါသည်။

ထိုနေ့ညနေ ဆိုင်တွေသိမ်း၊ အိမ်မှာ ရေမိုးချိုးကြ မင်းစားကြတဲ့အထိ မဖွန်က ဘာမှ မပြောသေး။ အားလုံး ီးရင်တော့ အန်တီမီ၊ မဖွန်၊ နုမျစ်နှင့် အိမ်ဖော်မလေး မိပေါက်တို့ ပေါ်ထပ် တက်ကာ တီဗီကြည့်ရင်ကြည့်၊ ဝရန်တာနား စုထိုင်၍ စ်ခုခုစားရင်း စကားစမြည် ပြောရင်ပြော။ တစ်ခါတစ်ရံ မဖွန် ချက်ချင်းယူမည့် အရေးကြီးအော်ဒါထည်များ ရှိလျှင် အထည် ပ်တတ်ပါသေးသည်။

ဒီနေ့ ညဘက်တော့ တီဗီက ကားကောင်း၍ နုမျစ် တီဗီရှေ့မှာ တီဗီထဲ တစ်ခေါင်းလုံးဝင်မတတ် အာရုံစိုက်နေ ည်။

"ဟဲ့ ... နုမျစ်၊ နင့်ကို ပြောစရာရှိလို့၊ ဒီကိုလာ"

"ခဏလေး မဖွန်၊ ခဏလေးနော်၊ ကိုရီးယားကားက ကောင်းနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"နှင့် ကိုရီးယားကားကို ထားလိုက်၊ ဘာမှ အရေးမပါဘူး ငါ့ဆီကိုလာ"

"သြော် ... သမီးကလည်း ကြည့်ချင်ကြည့်ပါစေဦး၊ ပြီး ပြောပေါ့၊ ပြောစရာလည်း ဘာမှ များတာ မဟုတ်ဘူး"

"မဖွန်ရယ် ... မင်းသမီးက သေတော့မှာ ထင်တယ်"

"နှင့် မင်းသမီး သေရုံမကလို့ အသုဘချချ၊ ဂူသွင်းသွင်း မီးရှို့ရှို့ နှင့် ခဏလာဦး၊ ငါ အလေးအနက်ပြောမှာ"

ဒီလောက်ပြောတော့ နုမျစ် မနေရဲဘဲ ဖွန့်အနား ရောက်လာသည်။ နုမျစ်သည် ဖွန့်စကားကို နားထောင်ရိုသေ ပါသည်။ အနားရောက်လာတဲ့ နုမျစ်က ပြုံးပြုံးကလေး။ တော ကောင်းကန်းကန်း အမျိုးကောင်းသားတို့နှင့် နုမျစ် ဆက်ဆံရင်း ခွင့်ရလျှင် ကျေနပ်သဘောကျတတ်၍ အပြောဆိုကအစ သင်ကြ ပေးတတ်သော မဖွန်ထံမှ ကန့်ကွက်စကားမျိုး ကြားရမယ် နုမျစ်က ထင်ကိုမထင်။

နေပုံထိုင်ပုံ ပြောပုံဆိုပုံ နည်းနည်းပါးပါး သွန်သ လိမ့်မည် ထင်မှတ်မိတာ။ မေးလေးထောက်၍ ပြုံးပြုံး နားစွင့်ဆဲ ...





"နုမျစ် ... အန်တီကြီးတို့ အန်တီလေးတို့ နှင့်ကို တူမ ချွေးမလေး ဘာညာနဲ့ ဟိုပြောဒီပြော ပြောနေတာတွေဟာ ချစ်စနိုး နောက်တီးနောက်တောက် မဟုတ်တော့ဘဲ အတည် စကားသွင်းနေတာဆိုတာ သေချာပြီ၊ သူတို့ မလွှတ်ဘဲ မင်းထင်ဘို နှင့်ဆီ ရောက်မလာဘူး"

"ဟုတ်ကဲ့"

"သူတို့ ကြည့်ရတာ နှင့်ကို တကယ်ပဲ နားဖောက်ထောင်း ရမ်းတော့မဲ့ပုံပဲ"

နုမျစ်က ပါးစပ်မပိတ်နိုင်ဘဲ ပြုံးတုံ့တုံ့ ရှက်သွေး ဖြန်းနေသည်။

"မင်းထင်ဘိုကလည်း နှင့်ကို လာကြည့်တယ်၊ လာတွေ့ တယ် ဆိုတော့ ရာနှုန်းအတော်များများက အပြုသဘော ဆောင်နေပြီ"

"အမျက်သဘောကော ရှိလို့လား မဖွန်"

"ရှိတယ် ငါပဲ၊ ငါ ဒီကိစ္စကို တားမှာ၊ ဖျက်မှာ၊ အဖျက် သမားက ငါပဲ၊ နှင့်ကို ဘာမှ စကားမလွန်ကျွံခင် ငါ ကြို ပြောထားမယ်၊ မင်းထင်ဘိုကို နှင် ငြင်းရမယ်နော် နုမျစ်၊ သွားလက်မခံလိုက်မိစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နုမျှစ်က မျက်နှာ သိသိသာသာ ပျက်ကာ ...

"ဟင် ... ဘာဖြစ်လို့လဲ မဗွန်"

"ဒီပုံစံ ဒီအဖြစ်အပျက်မျိုးကြီးကို ငါ မကြိုက်လို့ပေါ့ဟဲ့"

"ဟို ... ကိုမင်းထင်ဘိုက"

"သူဟာ လူသာမန်တစ်ယောက်ပဲ၊ နင် မရနိုင်တဲ့ ရွှေမင်းသားကလေးလိုမျိုး နင် ထင်မှတ်မနေနဲ့"

နုမျှစ်က မရဲတရဲနှင့် ...

"သူက နုမျှစ်ထက် အဘက်ဘက်က အစစအရာရာ သာပါတယ် မဗွန်ရယ်"

"မသာဘူး နုမျှစ်၊ နင် ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ်ချ တွေးမနေနဲ့"

နုမျှစ်က မဗွန်ကို နားမလည်သလို မျက်လုံးအဝိုင်းသားနှင့် ကြောင်ကြောင်ငေးငေး ကြည့်နေပါသည်။ ကိုရီးယားကားလည်း စိတ်မဝင်စားတော့။ ဒီကိစ္စကိုပဲ အရေးတကြီး စိတ်ဝင်စားနေပြီ။

"နံပါတ်တစ်က လူကြီးတွေ ပေးစားလို့ ယူကြရတယ်ဆိုတဲ့ အဖြစ်အပျက်က အချစ်စစ်ကို အရင်းမခံဘူး၊ သင့်တော်မှု ဆိုတာလောက်အပေါ်ပဲ အခြေခံပြီး စဉ်းစားကြတာ၊ အချစ်





မပါတဲ့ အိမ်ထောင်ရေးတစ်ခုမှ သူ့သည်းညည်း၊ ကိုယ့်သည်းညည်း ဘယ်လိုခံနိုင်ကြမှာလဲ၊ ချစ်မှ မချစ်တာ၊ သိပ်အသက်တွေကြီး အရွယ်လွန်ကုန်ကြလို့၊ ရည်းစားထားဖို့ ဆိုတာလည်း မျှော်လင့်ချက် မရှိတော့လို့၊ အဲဒီအရွယ်ပိုင်း ကျမှ လူကြီးမိဘ ဆွေမျိုးတွေက စပ်ဟပ်ပေးစားတာကတစ်မျိုး၊ ကိုယ်တိုင်တွေလည်း အသိဉာဏ်နဲ့ ပြည့်စုံပြီး စိတ်တွေ ငြိမ်ပြီ၊ လူငယ်ဆိုတာ ကိုယ်က ချစ်တဲ့သူ ကိုယ့်ကို ချစ်တဲ့သူတွေ့လာဖို့ အခွင့်အရေး အပြည့်အစ ရှိနေကြတဲ့ သူတွေပဲ၊ မရနိုင်တော့လို့ ဆွဲလွဲကောက်ကာက်ယူရမဲ့ အဖြစ်လည်း မဟုတ်ဘူး"

"ဒါပေမဲ့"

"နေဦး နုမျှစ်၊ ငါ ပြောချင်တာအားလုံး နားထောင်ပြီးမှပဲ ဆင်ခြေတက်တော့။ မင်းထင်ဘိုလို ငယ်ငယ်ရွယ်ရွယ် ကောင်လေးတစ်ယောက်ဟာ ကိုယ့်ဟာကိုယ် ရှေ့ဆက်သွား၊ ကိုယ်ကြိုက်တာ ရှာယူလို့ ရနိုင်သေးရက်နဲ့ အခေါ်တွေ စကားတို နားထောင် ခေါင်း[illegible] [illegible]ဟာ အကြောင်း ရှိလို့ဆိုတာ နင့်အသိဉာဏ်နဲ့ [illegible] စဉ်းစား"

"အဲဒါ ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း သူ့အားနည်းချက်နဲ့ သူမို့ပေါ့"

"သူက အစစပြည့်စုံနေတာပဲ"

"အန်တီလေးတို့ကတော့ ကြည့်ရတာ နင့်ကို တကယ်ချစ်ကြပုံလည်း ရပါတယ်"

"နုမျစ်လည်း အန်တီကြီးတို့ အန်တီလေးတို့ကို ချစ်တယ်"

"အေး ... သူတို့ကို ချစ်ရုံနဲ့ သူတို့တူကို ယူဖို့ မလိုဘူးနော် နုမျစ်၊ တခြားစီပဲ၊ နင် သူတို့ကို တစ်သက်လုံး ကိုယ့်အဒေါ်တွေလို ချစ်ချစ်ခင်ခင် နေသွားလို့ရပါတယ်"

"မဖွန်က ကိုမင်းထင်ဘိုကို လက်မခံရဘူးလို့ ပြောနေတာလားဟင်"

ဖွန်က နုမျစ်ရဲ့ အံ့အားတသင့် မျက်နှာလေးကို ကြည့်ရင်း

"အေး ... ဟုတ်တယ်"

"ဘာဖြစ်လို့လဲ မဖွန်"

"ကိုယ်ချစ်သူမှ မဟုတ်ဘဲ၊ သူ့အဒေါ်တွေက ပြောရုံနဲ့ သူတို့ တူမတစ်ယောက်ကို ကောင်းပုံရပါတယ်လို့ ကြိုက်





မိတ်လက်ခံဖို့ မလိုဘူး၊ ငါ ပြောတာ သဘောပေါက်လား၊ နင့်အဖို့ ရှေ့လျှောက် နင့်ကို ချစ်တဲ့ နင်က ချစ်တဲ့ ချစ်သူမျိုး တွေ့နိုင်ခြေ ရှိနေတာပဲ၊ ကိုယ် ချစ်တဲ့ လူ ရှိလာမှ သူ့လူကြီး ကိုယ့်လူကြီး ဖွင့်ပြောပြီး ယူကြရုံပေါ့"

"ကိုမင်းထင်ဘိုကလည်း နုမျစ်ကို လက်ထပ်မယ်ဆိုရင်ကော"

"ဟဲ့ ... သူ လက်ထပ်မယ်ဆိုလည်း ကိုယ်က လိုက်လက်ထပ်စရာလား၊ ကိုယ် ကြိုက်မှ ကိုယ် လက်ထပ်ပေါ့၊ သူတို့မှာက အရေးတကြီး ဖုတ်ပူမီးတိုက် အချိန်မီ လက်ထပ်ရမဲ့ အခြေအနေမျိုး၊ ကိုယ်က ဘာမှ အရေးတကြီး နောက်ကြောင်းမအေး မရှိဘူး၊ အေးအေးဆေးဆေးပဲ၊ သူ နှစ်ဆယ့်နှစ်နှစ်မှာ လက်ထပ်မှ အမွေရမယ်ဆိုတဲ့ ကိစ္စ နင့်ကို ငါ ပြောဖူးတယ်မို့လား"

"ဟုတ်ကဲ့"

"သူ့အဖို့က အမွေရဖို့အတွက် ဒီမိန်းကလေးမဟုတ်ရင် ဟိုမိန်းကလေး၊ ဟိုမိန်းကလေးနဲ့ မဖြစ်ရင် နောက်မိန်းကလေး၊ တစ်ယောက်မဟုတ် တစ်ယောက် ရှာမွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ ယူရမဲ့သဘော၊ ကိုယ့်ဆိုကိုယ့်ကိုမှ ကြိုက်နှစ် သက်မြတ်နိုးလို့ လိုချင်တဲ့သဘော မဟုတ်ဘူး၊ ဘယ်သူ့ ကိုမဆို ယူမှာ၊ ကိုယ်က အရေးပေါ် ယောကျာ်းယူစရာ မလိုဘူး၊ သူက အရေးပေါ် မိန်းမယူဖို့လိုတယ်၊ ယူလိုက်ရင် သူက အမွေရမယ်၊ သူ့အကျိုးနဲ့သူမို့လို့ သူတို့ဘာသာ စီစဉ်နေကြတာ ...

နင်က ရှုးကြောင်မှုးကြောင် ယောင်တောင်ပေါင် တောင်နဲ့ သိပ်မဆိုးတဲ့ လူတစ်ယောက်ကို လက်ထပ်ရမှာ ဆိုပြီး အန်တီလေးတို့ကိုလည်း ခင်မင်တဲ့ စိတ်နဲ့ ခေါင်း ညိတ်ချပစ်လိုက်မိမှာ စိုးလို့"

"နုမျစ်က ခေါင်းမညိတ်ရဘူးပေါ့၊ အဲဒါ ဘာဖြစ်လို့လဲ မဇွန်"

"သြော် ... အာပေါက်အောင်ပြောပြီးမှ အစက ပြန်ကောက် နေပြန်ပြီနော်၊ နုမျစ်ရယ် မောလိုက်တာဟဲ့၊ ငါ ပြောပြီး ပြီလေ"

မဇွန်ရဲ့ မေမေ အန်တီမိက လက်ဖက်ကလေး မြုံ ရင်း ခပ်ပြုံးပြုံးနှင့် မှတ်ချက်ချမိသည်မှာ ...





"ညည်းကလေးမက သူကိုယ်တိုင်က ကြိုက်နေတယ် ထင်ပါ့ဟယ်၊ မေးစမ်းလည်း ကြည့်ပါဦး"

"ဟုတ်လား နုမျစ်"

"ရှင် ... ဘာလဲ မဇွန်"

"နင် မင်းထင်ဘိုကို ကြိုက်လား၊ ဒါမှမဟုတ် ချစ်လား"

နုမျစ် မျက်နှာဟာ ရုတ်တရက် ဖြန်းခနဲ သွေးရောင် လျှမ်းတက်လာပြီး ရဲရဲနီသွားတော့၍ ဇွန်က အံ့အားတသင့် ငေးကြည့်နေမိသည်။

"မေမေ မပြောဘူးလား သူ့ စိတ်ကိုက"

"မဟုတ်ဘူး မေမေရဲ့၊ နုမျစ်မှာ တခြားစိတ်ထားတစ်ခု ရှိသေးတယ်၊ သူ့ကို ကောင်းကောင်းမွန်မွန် မြင့်မြင့်မားမား တူတူတန်တန်ထဲက ယောကျာ်းလေးတွေက လာစိတ်ဝင်စား ကြမှာ မဟုတ်ဘူးလို့ ထင်တဲ့ အားငယ်စိတ်က အရင်က သူ့မှာ အချိန်ပြည့် ရှိခဲ့တာလေ ...

အဲဒီတော့ သူ့ကို ခပ်ကောင်းကောင်း လူတစ်ယောက် က သဘောကျတယ်ဆိုတဲ့ အပေါ်မှာ သူက ပျော်တယ်၊ ဂုဏ်ယူချင်တယ်၊ အဲဒီ အဖြစ်ကို ကြိုက်နှစ်သက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟာ ဒီလူကို ချစ်တာနဲ့ တခြားစီပဲ၊ အခုလည်း မင်းထင်ဘို အဒေါ်တွေက မင်းထင်ဘိုနဲ့ သူ့ကို သဘောတူတယ်ဆိုတဲ့ အပေါ် သူက ပျော်ပြီး ဂုဏ်ယူကျေနပ်တယ်၊ ဒီကြားထဲ မင်းထင်ဘိုကသာ ခွင့်တောင်းလာရင် သူ ပိုပြီး ဝမ်းသာဂုဏ်ယူလိမ့်ဦးမယ်၊ အဲဒီစိတ်နဲ့ လက်ခံပစ်လိုက်မိမှာကို ဒွန်က စိုးရိမ်တာ"

"မဟုတ်ဘူး မဒွန်"

နုမျစ် အသံက ခပ်တိုးတိုး။

"ဘာမဟုတ်တာလဲ"

"နုမျစ် ... အဲ ... အဲဒီလို ဝမ်းသာတာမျိုး မဟုတ်ဘူး၊ နုမျစ် ... နုမျစ်"

"ဘာဖြစ်လဲ နင်က"

"သူ့ကို နုမျစ် ... ချစ် ... ချစ်တယ်"

မဒွန်က ဘာမှ မပြောနိုင်ဘဲ မျက်လုံးပြူးကာ နုမျစ်ကို ကြည့်နေသည်။ အံ့အားတသင့်ပင် ဖြစ်သွားပေမဲ့ နုမျစ်စကားကို သူ မယုံပါ။ နုမျစ်တစ်ယောက် မအူမလည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျသွားပြီး နောင်မှ သူ့ ကိုယ်မချဉ်





ကိုယ့် သူ့မချစ် အိမ်ထောင်ရေးထဲ ဘဝဆုံးသွားမှာ စိုးလေသည်။

နစ်နှာစရာရှိ နုမျစ်ဘက်က နစ်နာမှာ၊ ဟိုတစ်ဖက်ကတော့ ရည်ရွယ်ချက်နှင့်ကို အိမ်ထောင်ပြုမည့်ကိစ္စမို့ နစ်နာဖို့မရှိ။ မင်းထင်ဘိုတို့ မိသားစုကို ခင်မင်တာကတခြား။ ခုကိစ္စကတော့ ကိုယ့်ရဲ့ မလည်မဝယ် ညီမငယ်တစ်ယောက် အစတေး အနစ်မွှန်း မခံနိုင်ပါ။

"မဟုတ်သေးဘူး နုမျစ်၊ နင် မင်းထင်ဘိုကို မချစ်ပါဘူး၊ မင်းထင်ဘိုလို ချောချောဖြောင့်ဖြောင့် လူကောင်းသူကောင်း တစ်ဦးက နင့်ကို လက်ထပ်ချင်တယ်ဆိုရင် အဲဒီအချက်ပေါ် နင် ဝမ်းတွေသာ ဂုဏ်တွေယူပြီး နင့်အတွက် ရောမ အခွင့်အရေးကြီးရသလို နင် ထင်ပြီး ဒီအခွင့်အရေး လက်လွှတ်သွားမှာ စိုးတာ"

"မဒွန်"

"ဘာလဲ"

"နုမျစ် ကိုမင်းထင်ဘိုကို ချစ်တာပါ၊ ချောင်းသာမှာကတည်းက တကယ်ချစ်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မဇွန်ရဲ့ မျက်နှာဟာ မည်းပုပ်သွားလား ထင်ရပြီး သူ့အမေကို လှည့်ကြည့်သည်။ အန်တီမိကတော့ သူလည်း မပြောတတ်ဆိုတဲ့ မျက်နှာမျိုးနှင့်သာ။

"ညည်းကတော့ နုမျစ်အပေါ် စေတနာအကြီးကြီး ထားပြီး ပြောပြနေတာပဲ ဇွန်ရေ၊ ဒါပေမဲ့ သူ့ကြည့်ရတာ စိတ်က စားသလား အတည်အတံ့လားသာ မသိတာ၊ မင်းထင်ဘို ကို ကျနေတာတော့ အမှန်ပဲ"

မဇွန်က စိတ်ရှုပ်ထွေးသွားသလို ခေါင်းကို ခါယမ်းလိုက်သည်။

"နုမျစ် နင့်ကို ငါ ရှေးရေစက်ပါလာသလို ညီမလေးတစ်ယောက်လို ချစ်မိပြီး နင့်မြို့ နင့်အသိုင်းအဝိုင်းက နင့်ကို နှိမ်ချင်တာ၊ အထင်မကြီးတာတွေကို ကြားထဲက မခံမရပ်နိုင်ဖြစ်လို့ နင့်ဘဝလေးကို ကောင်းစားအောင် မြှင့်တင်ပေးချင်တာ"

"နုမျစ် နားလည်ပါတယ် မဇွန်"

"အခုကိုပဲ နင်ဟာ ပုံစံပါ အတော်ပြောင်းလာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်ပြီး ကိုယ့်ယုံကြည်ချက် ကိုယ်





ရှိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်လာပြီ၊ ဟိုတစ်နေ့က နင်တို့မြို့က ဟိုကောင်မလေးအုပ်စုလေ နေဇာတို့လေ၊ သူတို့တောင် နင့်ကို တွေ့ပြီး အံ့အားတသင့် ဖြစ်ကြရတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"နင့် အနေအထားက တဖြည်းဖြည်း တိုးတက်မြင့်မားလာနေတယ်၊ အချိန်တန်ရင် နင်ဟာ နင့်ကို သိပ်ချစ်တဲ့ နင့်ကို မြတ်နိုးတဲ့ ယောကျ်ားကောင်းတစ်ယောက်ကို ခေါင်းခေါက်ရွေးချယ်နိုင်တဲ့ အခွင့်အလမ်းမျိုး တခြားမိန်းကလေးတွေနဲ့ တန်းတူရှိတယ်၊ ဖြစ်ကတတ်ဆန်း အပြေးအလွှား အိမ်ထောင်ကျစရာ ဘာအကြောင်းမှ မရှိဘူး"

"ဟုတ်ကဲ့"

"နောင်ကို မင်းထင်ဘိုလောက်ကောင်းတဲ့ သူမျိုးတောင် ထပ်မတွေ့နိုင်လောက်ဘူးလို့ နင် တွေးနေလို့လား"

"မတွေးပါဘူး မဇွန်၊ တွေ့တွေ့ မတွေ့တွေ့ အရေးမကြီးပါဘူး၊ နုမျစ်က ရည်းစားထားချင်နေတာလည်း မဟုတ်ပါဘူး၊ အိမ်ထောင်ပြုချင်နေတာလည်း မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နုမျစ် သူ့ကို ချစ်မိနေတာကိုပဲ ပြောပြတာပါ"

မဇွန်က သက်ပြင်းချသည်။ သူ့စိတ်ထဲ အဲသလို မယုံနိုင်တာ။ နုမျစ် ဝမ်းသာပျော်ရွှင် ဂုဏ်ယူနေတာလို့ပဲ ထင်သည်။ အခွင့်အရေး လက်လွတ်မှာစိုးတာလို့ပဲ ထင်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းနေဟာလို့ပဲ ထင်သည်။ အန်တီမိက ဝင်ကာ ...

"သမီးရဲ့ အန်တီကြီး အန်တီလေးတို့က အန်တီမိ သူငယ်ချင်းတွေပါ၊ စိတ်ကောင်း သဘောကောင်း ရှိကြပါတယ်"

"ကိုမင်းထင်ဘိုကတော့ မကောင်းလို့လား အန်တီမိ"

"ဘိုဘိုလေးလည်း လူကောင်းတော့ လူကောင်းပါ၊ ဒါပေမဲ့ သူ့မှာ အားနည်းချက်တစ်ခုတော့ ရှိတယ် သမီးရဲ့၊ အားနည်းချက် ရှိနေလို့လည်း ဒီအရွယ် ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး အဒေါ်တွေ စီမံတာ နာခံမယ်လို့ ရေစုန်မျော ထားတာပေါ့၊ သူ့အရွယ် သူ့ရုပ် သူ့ရည်နဲ့ ဘယ်ကောင်မလေးတစ်ယောက်ကိုမဆို ရည်းစားစကားပြော ပိုးပန်းယူလို့ရတယ် ...





ဒါပေမဲ့ သူ့အားနည်းချက်နဲ့သူ သူကလည်း အားငယ်နေတတ်တဲ့သူမျိုးဆိုတော့ အချစ်ရေး စိတ်မကူးဘူးလို ဖြစ်နေတာပေါ့"

"ဘာအားနည်းချက်လဲဟင် အန်တီမိ"

အန်တီမိက ပြောရခက်သလို တုံ့ဆိုင်းနေပြီးမှ မထူးဘူးဆိုတဲ့ ပုံနှင့် ...

"သူတို့ မိသားစု ကားမှောက်တုန်းက ဘိုဘို့မှာလဲ အကြီးအကျယ် ထိခိုက်ဒဏ်ရာရခဲ့တယ်၊ အဲဒီဒဏ်ကြောင့် ဘိုဘိုဟာ အိမ်ထောင်ပြုတဲ့အခါ ကလေးရနိုင်ဖို့ ခဲယဉ်းတယ်၊ ဖခင်လောင်း ဖြစ်နိုင်ချေ သိပ်မရှိတဲ့သူတစ်ယောက်ပဲ"

နုမျစ်က ဘယ်လိုမှ နေပုံမရ။ အန်တီမိကိုသာ တအံ့တသြနှင့် ...

"ဒါပဲလား အန်တီမိ"

"အေးလေ၊ အဲဒါ အားနည်းချက် ချို့ယွင်းချက်ပေါ့"

"ကလေးမရနိုင်တော့ကော ဘာဖြစ်လို့လဲ အန်တီမိ"

"နုမျစ်ရယ် နင်ဟာ ရေရှည်တဆုံး ဘယ်တော့မှ မစဉ်းစားဘူး၊ ယောကျ်ားနဲ့ မိန်းမ အိမ်ထောင်ပြုပြီးကြတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျိုးဆက်လေးတွေ ရှင်သန်ပေါက်ဖွားလာရေးဟာလည်း တာဝန်တစ်ရပ်ပဲလေ၊ ရိုးရိုးပဲ ပြောရရင် အိမ်ထောင်တစ်ခုဟာ ကလေးရှိမှ သားသမီးရှိမှ ပိုပြီး သာယာစိုပြည်တယ်၊ နောင်ကြီးသံယောဇဉ်ကြီးတွေ ပိုပြီး ခိုင်မြဲတယ် ...

အိမ်ထောင်ကျပြီး ကလေးမရလို့ စိတ်ဆင်းရဲမပြည့်စုံကြတဲ့ အိမ်ထောင်တွေ အများကြီး၊ နင့်မှာ လင်နဲ့ သားနဲ့ သမီးနဲ့ ဆိုတဲ့ ပုံမှန်သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးမျိုး ရနိုင်ခြေရှိရက်သားနဲ့ ကလေးမရနိုင်ဘူးဆိုတဲ့ ယောကျ်ားတစ်ယောက်ကို စွန့်လွှတ်စတေး နစ်နာခံပြီး လက်ထပ်စရာ ဘာအကြောင်းရှိလို့လဲ ... ကဲ"

နုမျစ်က မဖွန်ကို ထပ်မပြောရဲ၍ ရင်ထဲက တိုးတိုးလေးပဲ ပြောသည်။ နုမျစ် သူ့ကို ချစ်တယ်လေ။ အချစ်ကို အဓိပ္ပာယ် မဖွင့်ဆိုတတ်ပေမဲ့ ချစ်မိတာကိုတော့ နုမျစ်ဟာ အသေအချာ ခံစားသိနိုင်တဲ့ မိန်းကလေးပါ မဖွန်ရယ်။





၉

"ကျွန်တော်နဲ့ ဒီနားက ကော်ဖီဆိုင်လေးကို ခဏလိုက်ခဲ့နိုင်မလား၊ ကျွန်တော် စကားနည်းနည်းပြောချင်လို့ပါ"

သူ့ကို ယဉ်ယဉ်ကျေးကျေး ခွင့်ပန်နေတဲ့ မင်းထင်ဘိုကို မရဲတရဲ ကြည့်ရင်း ရင်ထဲ ဝမ်းသာရွှင်မြူးခြင်း၊ စိတ်ချမ်းသာခြင်းပီတိများ ဖိလှိုက်နေသည်။ နုမျစ်သည် မျက်လုံးဝိုင်းလေးနှင့် ပြူးပြူးလေးပင် ...

"မဖွန် ဆူလိမ့်မယ် ကိုမင်းထင်ဘို၊ နုမျစ် အပြင်ထွက်လို့တော့မရဘူး"

"ဒါဖြင့် ဒီမှာပဲ ကျွန်တော် စကားပြောရမလား"

"ဟုတ်ကဲ့ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ဘိုသည် သူ ရနိုင်သလောက်ထဲက အလှဝ
ဆုံး မဟုတ်ပေမဲ့ သူ ရနိုင်တာထဲက အရိုးသားဆုံးတော့ဖြစ်တာ
သေချာနိုင်သည့် နုမျစ်ကို တစ်ခဏငေးစိုက်ကြည့်နေလိုက်မိသေး
သည်။ ဟန်ပန်မူရာတွေ မရင့်မကျက် မပြည့်မဝနှင့် ကိုးရိုးကား
ယား တစ်ချက်တစ်ချက် ဖြစ်တတ်သည့် နုမျစ်သည် အခုလည်းပဲ
မင်းထင်ဘို ထိုင်ဖို့ ပလတ်စတစ်ခုံတစ်လုံးကို အူယားဖားယား
အပြေးရှာကာ တစ်နေရာမှ ဆွဲယူလာသည်။

"ရော့ ... ကိုမင်းထင်ဘို ထိုင်"

သူ ထိုင်ဖို့ တစ်လုံးတော့ ရှိပြီးသား။ နောက်ဘက်
ဖုန်းအနားကဆိုဖာလေးဆီ ခေါ်မသွားတာကတော့ အဲဒီမှာဆိုရင်
နီးနီးကပ်ကပ်နှင့် ယှဉ်ထိုင်ကြရမှာက တစ်ချက်။ ထိုနေရာလေး
ဟာ ကောင်တာမြင့်မြင့်နှင့် ကွယ်နေတဲ့ ချောင်ကလေးလို ဖြစ်
နေတာက တစ်ချက်မို့ နုမျစ်က အဲဒီကို မဖိတ်ခေါ်ပေ။

မင်းထင်ဘိုသည် စိတ်လှုပ်ရှားနေပုံရတဲ့ နုမျစ်
အသွင်သဏ္ဍာန်ကို အကဲခတ်နိုင်သည်။ ဒီမိန်းကလေးဟာ အရိုင်း
လေးသက်သက်ပဲဆိုတာ သူ သဘောပေါက်သည်။ ခုမှ အသက်နှစ်
ဆယ်တဲ့။ သူ့အဖို့ကတော့ သူ ဆုံးဖြတ်ပြီးတဲ့အတိုင်း လပိုင်းအတွင်း





က်ထပ်တော့မည်ဆိုသည့် အခြေအနေက အခိုင်အမာ ဖြစ်နေပြီး
ပြီ။

သူ လက်ထပ်ပြီးတဲ့အခါ သူ ရမည့် အမွေအနှစ်
တွေ များစွာရှိသည်။ ခြံကလေးတစ်ခြံနှင့် တိုက်ကလေးတစ်လုံး ရ
င် ပါသေးသည်။ ငွေသားများစွာနှင့် အဖိုးရဲ့ ကုမ္ပဏီလုပ်ငန်းစု
ကြီးထဲ ရှယ်ယာစာချုပ် အနည်းငယ်ကိုလည်း ရပါဦးမည်။
န်တီကြီး အန်တီလေးတို့ကိုလည်း ဆိုင်လုပ်ငန်း ချဲ့ထွင်ဖို့
ငွေပေးမည်။ သူ့ဇနီး ဖြစ်လာမည့် သူ့ကိုလည်း သူ ရှိတာ
အကုန် အပ်လိုက်မည်ပင်။ ဒါဆို သူ့တာဝန် ကျေလောက်သည်
သင်ပါရဲ့။

"နုမျစ်"

"ဟုတ်ကဲ့ ကိုမင်းထင်ဘို"

"အခု ကျွန်တော် ပြောမဲ့ စကားက အရေးကြီးပါတယ်၊
နုမျစ် သေသေချာချာ ဆုံးဖြတ်ပါနော်"

နုမျစ်က ရင်တုန်သွားကာ မျက်လုံးက ပိုပြီး ဝိုင်း
ကျယ်လာသည်။ ပါးစပ်လည်း ပွင့်ဟလာသည်။ ထိုအသွင်သဏ္ဍာန်
ဖြီး နုမျစ်ထံမှာ တစ်ချက်တစ်ချက် တွေ့ရတတ်တာ မင်းထင်ဘို



www.burmeseclassic.com

www.burmeseclassic.com



ဂရုပြုမိသည်။ ဤအချိန်တွေမှာ နုမျစ် ပုံစံဟာ အထုံအထိုင်းဉာဏ်ရည်မပြည့်တဲ့ရုပ်မျိုး ထွက်လာတတ်သည်။

မင်းထင်ဘိုက နုမျစ်ကို မျက်နှာလွှဲကာ သက်ပြင်းချရင်း ...

"ကျွန်တော် နုမျစ်ကို လက်ထပ်ချင်ပါတယ်"

"အဲ ... အဲဒါက ... ဟို ... ဟို"

"နုမျစ်က မိန်းကလေးဆိုတော့ စဉ်းစားရမယ်၊ ဒါပေမဲ့ နှစ်နဲ့ချီပြီး စဉ်းစားဖို့တော့ အချိန်မလုံလောက်ဘူးဗျ၊ နုမျစ်ကသာ ခေါင်းညိတ်ရင် နုမျစ်တို့ဘက်ကို ကြောင်းလမ်းပြီး ခပ်မြန်မြန်ပဲ လက်ထပ်ဖြစ်ဖို့ ရှိပါတယ် ...

ကျွန်တော့်အကြောင်းတွေနဲ့ ကျွန်တော့်ဘက်မှာ မြန်မြန်အိမ်ထောင်ပြုဖို့ အနေအထားရှိနေတဲ့ အဖြစ်ကိုတော့ နုမျစ် သိပြီးဖြစ်ပါလိမ့်မယ်၊ ကျွန်တော့်အကြောင်းဆိုတဲ့ နေရာမှာ ကျွန်တော် ချမ်းသာသလောက် နုမျစ် ချမ်းသာမယ်ဆိုတာမျိုးကတော့ တကူးတက ပြောနေဖို့ မလိုပါဘူး တစ်ခုရှိတဲ့ ကျွန်တော့်ရဲ့ ချို့ယွင်းချက်က"

"ကိုမင်းထင်ဘို ... ဟို ... ဟို ... နုမျစ် သိပါတယ်"





မင်းထင်ဘိုက မျက်နှာလွှဲကာ ခေါင်းကို ငုံ့ထားရင်း ...

"အန်တီလေးတို့ ပြောတာလား"

"အန်တီမိတို့ မဇွန်တို့ ပြောပါတယ်"

မင်းထင်ဘို မျက်နှာက ခပ်ဖျော့ဖျော့ နီမြန်းလာရင်း ...

"အင်း ... အန်တီလေးတို့ကလည်း ကိုယ်တိုင် ပြောပြဖို့ကောင်းတယ်၊ အန်တီမိတို့ မဇွန်တို့က ပြောတယ်ဆိုတာက နုမျစ်ကို ကန့်ကွက်တဲ့အနေနဲ့များ ပြောတာလား"

နုမျစ်သည် မင်းထင်ဘို မျက်နှာကို ကြည့်ကာ ကြီးစွာသော ကရုဏာသက်ခြင်း ဖြစ်မိသည်။ သူ ရှက်ရွံ့အားငယ်သလို ခံစားနေရတာကို ဘာမှမဖြစ်သယောင် ပြုမူနေတဲ့ မျက်နှာမူရာကပင် အလွန်သနားစရာကောင်းပါသည်။

"နုမျစ် သေချာထည့်စဉ်းစားဖို့လို့ ထင်ပါတယ်"

အင်း ... ကိုယ်ကဖြင့် ခုမှ ပြောတယ်၊ တစ်ဖက်က အန်တီလေးတို့ကြောင့် သိပြီးသား ဖြစ်နေပြီပင်။ ထည့်စဉ်းစားဖို့ဆိုကတည်းက ကြိုတင်စဉ်းစားထားကြပြီးသား ဆိုတာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းထင်ဘိုမှာ ပြောရတာပင် ကိုးလိုးကန့်လန့် အချိုးမကျ သလိုကြီး ခံစားရပါသည်။

"ဒါဖြင့် နုမျစ် အားလုံး စဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့"

ဟင် ...။ အဖြေက မြန်လှ၍ မင်းထင်ဘို စိတ်တောင် ကျဉ်းကျပ်မိသလို ကိုယ်ကို တွန့်လိမ်လှုပ်ရှားလိုက်မိသည်။ ဒီကောင် မလေးဟာ တခြားမိန်းကလေးတွေလို ဟန်ကိုယ့်ဖို့နှင့် သူ့သိက္ခာ သူ မြှင့်တင်ကာချွေဆယ်နေဖို့ သူ့အနေအထား အောက်မကျ အောင် နေရာယူဖို့ ကြည့်ကောင်းအောင် တန်ဆာဆင်ဖို့ ဘာတစ်ခု မှ စိတ်ထဲ ထားပုံမရ။

သူ့စိတ်ထဲ ရင်ထဲ ရှိနေသမျှဟာ ရှောရှောရှူရှူ အပြင်ကို အရင်းတိုင်း ထွက်လာဖို့ အဆင်သင့်။ အဖြောင့်တိုက် ဆန်လှတာလား၊ ရိုးထုံလွန်းတာလား။ ဘာမှ မတွေးခေါ်တတ် တာလား။ သူ့မှာ စဉ်းစားပြီးပြီဆိုတဲ့ သူကို မေးဖို့ပင် တုံ့သွား သည်။

"အဲ ... အဲဒါဆိုရင် နုမျစ် တစ်ခုခုပြောဖို့ အဆင်သင့် ရှိတယ်ဆိုတဲ့ သဘော နားလည်ရမလား"





နုမျစ်က ရှက်ကိုးရှက်ကန်း ခေါင်းငုံ့ချလိုက်၍ မင်းထင်ဘိုမှာ သက်ပြင်းတစ်ချက် ချမိရသည်။ ရှက်နေတဲ့ ပုံစံ ဟာ ကလေးကလားကြီးနှင့် ဘယ်လိုကြီးပါလိမ့်။

"ဟိုလေ ... **အန်တီလေးတို့** ... မြို့ကို သွားပြီး အဖေ့ကို နား ... **နားဖောက်တောင်းရမ်းပါလို့**"

နုမျစ် အသံက တုန်၍ တိုးလျလွန်းတဲ့အတွက် မင်းထင်ဘိုက ကိုယ်ကို ရှေ့ငိုက်ပြီး မနည်းနားထောင်ယူရသည်။ ထို့နောက် မျက်ခုံးကို ပင့်ကာ ...

"လူကြီးတွေက သွားတောင်းရမ်းပြီဆိုတဲ့ အနေအထားက အားလုံး အတည်ဖြစ်တဲ့သဘောနော် နုမျစ်၊ ပြီးသွားမှ နုမျစ် ငြင်းလို့ မရတော့ဘူး"

"နုမျစ် မငြင်းပါဘူး"

မင်းထင်ဘိုက နုမျစ်ကို တစ်ခဏ စိုက်ကြည့်နေမိ သည်။ အခြေအနေက မြန်ဆန်လွယ်ကူလွန်းနေ၍ သူ ဇဝေဇဝါ ဖြစ်နေတာပင်။ သူ မျှော်လင့်တာက 'လက်ထပ်ချင်ပါတယ်'ဆိုတဲ့ ယောက်ျားတစ်ယောက်ကို အချစ်ကိစ္စနှင့် ပတ်သက်ပြီး တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တရာ မေးမြန်းလိမ့်ဦးမည် ထင်မိသည်။ မေးလာလျှင်လည်း သူက အချစ်ကို ရှေ့တန်းတင်ဖို့ထက် သူ့ဘက်က သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမဲ့အကြောင်းတွေ ရှေ့တန်းတင်ဖြေဖို့ စဉ်းစားလာခဲ့သည်။

ခုတော့ နုမျစ်မှာ သူ့ကို မေးစရာ၊ ထောက်စရာ သိချင်တာ ဘာတစ်ခုမှ ရှိမနေဘဲ ခေါင်းညိတ်လိုက်ဖို့သာ ကြိုတင်ဆုံးဖြတ်ချက်ကျပြီး ဖြစ်နေတာမို့ အခြေအနေကြီးက ပေါ့ဖွယ်ဖွယ် ဟာတာတာနှင့် သူ့စိတ်ကိုပင် ရှုပ်ထွေးစေသလို ဖြစ်ခဲ့ရပါသည်။

* * *

နုမျစ်သည် စိတ်တွေ ဆိုးနေတဲ့ မဖွန်ကို မရဲတရဲ ကြည့်ပြီး ကြောက်နေမိပါသည်။ မဖွန်တို့ကို ကြိုတင်တိုင်ပင်နေလျှင် မဖွန်က ကန့်ကွက်နေ ဖျက်နေပါက သူ ဘာလုပ်ရမှန်းမသိ စိတ်ဆင်းရဲနေရမှာစိုးတာမို့ ဘာမှ ကြိုမပြောထားမိခဲ့။





အန်တီကြီး အန်တီလေးတို့က မြို့ကို သွားကာ ဆရာမဒေါ်အေးခင်မှတစ်ဆင့် နုမျစ် အိမ်ကို နားဖောက်ကာ တောင်းရမ်းဖို့ ရက်တောင်းတာတွေ ဘာတွေဖြစ်မှ ဒေါ်အေးခင်က ဒီကို အကြောင်းကြားမှ **မဖွန်တို့သားအမိ** သိကြရတာဖြစ်သည်။

"နင် ငါတို့ကိုတော့ **ကြိုအသိပေး**ကို ပေးရမယ်၊ ငါဟာ နင့်ကို ဘယ်လောက် စေတနာထားလဲ နင်သိရဲ့လားဟင်၊ နင့်စိတ်ထဲမှာ ငါ့ကို ကဖျက်ယဖျက်လုပ်မဲ့ မိန်းမများ ထွေ့နေသလား၊ ကဲ ... ကြည့်စမ်း၊ ဟိုမှာတောင် ရောက်နေကြပြီ၊ တောင်းရမ်းဖို့ပဲ ကျန်တော့တယ်၊ နင့် မိဘတွေလည်း မင်းထင်ဘိုအကြောင်း ဘာမှ သိရမှာ မဟုတ်ဘူးလေ"

"ဟို ... အ ... အဖေ ဖုန်းဆက်တယ်"

"ဟင် ... ဘယ်တုန်းကလဲ"

"မနေ့ကပါ၊ ဆိုင်ကို ဆက်တာပါ"

"နင် ငါ့ကို ဘာဆိုဘာမှကို မပြောဘူး၊ ငါ ဖျက်မှာကြောက်လို့ပေါ့လေ ဟုတ်လား၊ ငါနင့်ကို တားတယ်၊ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတယ်ဆိုတာဟာ နင့်အတွက်ဟဲ့၊ နလပိန်းတုံးမရဲ့၊ ဟိုက ပြောတယ်ဆို တန်းပြီး ခေါင်းညိတ်ချတော့ နင် ဘာဖြစ်သွားလဲ၊ နင် ဘာတန်ဖိုးရှိသေးလဲ၊ မိန်းမဆိုတာ ကိုယ့်တန်ဖိုးကိုယ် မြှင့်တင်ရတယ်၊ ခပြော ခတစ်ထိုင်တည်း အဖြေပေးတော့ နင့်ကို ဟိုက ဘာတန်ဖိုးထားဦးမှာလဲ”

“ဖြည်းဖြည်းပြောပါ ဇွန်ရယ်၊ သူ့စိတ်က ကလေးသာသာဆိုတာ သမီး သိသားနဲ့”

“မဟုတ်ဘူး မေမေရယ်၊ ခေါင်းညိတ်လိုက်တာ၊ မြို့ကို လွှတ်တာတွေ သမီးတို့သားအမိကို ဖုံးထားတယ် ကြည့်စမ်း၊ ကန့်ကွက်မှာစိုးလို့လေ၊ သူ့ကို စေတနာထားရတဲ့ သမီးတို့က လူဆိုးမတွေ ကျနေတာပဲ”

“မဟုတ်ပါဘူး မဇွန်ရယ်၊ ကန့်ကွက်မှာစိုးတာကလေနဲ့... နုမျစ် သူ့ကို ချစ်လို့ပါ”

“ဘာချစ်တာလဲ၊ နင် သူ့ကို ချစ်တယ်လို့ နင့်ကိုယ်နင် ထင်ရင်တောင် ဒါဟာ သေချာမသေချာ နင် သေချာ စောင့်ကြည့်ဆုံးဖြတ်ရဦးမယ်၊ တစ်ခါတည်း ခေါင်းညိတ်





ပစ်စရာလား၊ နင် စဉ်းစားစမ်း နုမျစ်၊ နင် မင်းထင်ဘိုကို လက်ထပ်ပါမယ်လို့ ခေါင်းညိတ်ပြလိုက်တဲ့ အချိန်မှာ မင်းထင်ဘိုဟာ နင့်ဆီ လာတာ ဒုတိယအခေါက်ပဲ ရှိသေးတယ်ဟဲ့ အနုံမရဲ့ ...

ဟိုက အံ့အားတောင် သင့်ဦးမယ်၊ သူလည်း သူ့အရေးနဲ့သူ မြန်မြန်လက်ထပ်ရမဲ့သူမို့ပဲ၊ ရိုးရိုးအခြေအနေဆိုရင် ယောက်ျားလေးက အင်တင်တင်တောင် ပြန်စဉ်းစားသွားဦးမယ်၊ နင် ဒီလောက်လွယ်လွယ် ခေါင်းညိတ်တာဟာ နင့်ဘက်မှာ ဘယ်လို ချို့ယွင်းချက် အားနည်းချက်များ ရှိနေလို့လဲ၊ ဘာလဲ၊ တွေးတော့မှာပဲ”

နုမျစ်သည် မျက်ရည်တွေတွေ ကျလာကာ ...

“နုမျစ်တို့ မိသားစုအကြောင်း သူ ... သူ သိပြီးသားပါ မဇွန်ရယ်”

“ဒါကိုရည်ရွယ် ပြောနေတာ မဟုတ်ပါဘူး၊ အနည်းဆုံး ဒီလောက် အရလွယ်တဲ့ဟာအပေါ် ယောက်ျားဆိုတာ တန်ဖိုးမထား အထင်သေးမှာပဲ၊ ငါ့ကို ဖွင့်ပဲပြောပါဦး၊ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ညိတ်ချင်ပါပြီဆိုလည်း ငါ ကြည့်ကျက်ပြီး နင့်အနေအထားကောင်းအောင် မြှင့်ပေးလုပ်ပေးလို့ ရသေးတာပဲ”

“နုမျစ်ကို စိတ်မဆိုးပါနဲ့ မဇွန်ရယ်၊ ခွင့်လွှတ်ပါနော်”

“ခွင့်မလွှတ်ပါဘူး၊ စိတ်ဆိုးတယ်၊ ငါမြှင့်ပေးထားတဲ့ အနေအထားလေးကို နင်က တန်ဖိုးမထားပဲ နင်ကိုယ်တိုင် ခြေနင်းဖတ်ထဲ ပစ်ချခင်းပေးတာ၊ နင့်အဖေ မနေ့ကဖုန်းဆက်တာ ဘာပြောလဲ”

“ဟို ... အဖေက ကိုမင်းထင်ဘို အကြောင်း မေးတယ်၊ မြို့မှာလည်း နည်းနည်းပါးပါး သိသင့်တာ အကြမ်းဖျင်းတော့ သိပြီးပြီ”

“နင်က ဘာတွေ ပြောလိုက်လဲ”

“ဟို ... ရန်ကင်းမှာ နေတဲ့အကြောင်း၊ ကိုမင်းထင်ဘိုက ဘွဲ့ရပြီးတဲ့အကြောင်း၊ မိဘမရှိပဲ အဒေါ်အပျိုကြီးတွေနဲ့ပဲ နေတဲ့အကြောင်း၊ လက်ထပ်ပြီးရင် ခြံနဲ့တိုက်ရယ်၊ အမွေတွေက သိန်းရာထောင်ချီပြီးရမဲ့အကြောင်း”





“အေး ... ကောင်းလိုက်တဲ့ အကြောင်းတွေ ... နော်၊ အကောင်းချည်း ရွေးပြောလိုက်တာပေါ့”

“ဟိုလေ ... မနေ့က အဖေက နုမျစ်ကို စကားပြောတာ မအော်မဟောက်ပဲ နုနည့်ညံ့ ပြောဝါတယ် မဇွန်၊ အဖေ ဝမ်းနည်းဝမ်းသာ ဖြစ်မိတယ်တဲ့၊ ပြီးတော့ ... နုမျစ် ဒီကောင်လေးကို တကယ်ချစ်သလားတဲ့”

“ဒီတော့ နင်က”

“သမီး သိပ်ချစ်ပါတယ်လို့”

“အေး ... ကောင်းတယ်၊ နင် ချစ်တာပဲပြော၊ ဟိုကမချစ်တာကို မပြောနဲ့၊ နင် ပြောသလောက်နဲ့ နင့်အဖေကတော့ လူကောင်းလူချမ်းသာလေး တစ်ယောက်နဲ့ တွေ့မိကြ ကြိုက်မိကြတယ် ထင်မှာပေါ့၊ ဒီလို သဘာဝမကျတဲ့ အနေအထားကြီးမှန်း ဘယ်သိမှာလဲ၊ ငါ့သမီးလေး ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ကျမှာမို့ နှမြောပေမဲ့ ကောင်းကောင်းကန်းကန်းလေးမို့ စိတ်အေးလက်ချ ရှိတယ်ပဲ တွေးမှာပေါ့၊ ကြိုက်ပြီး ယူကြတယ်ပဲ ထင်တော့၊ တစ်သက်လုံးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ့မလားတွေ ဘာတွေလဲ ထည့်တွက်မိဦးမှာ မဟုတ်ဘူး၊ နင့်အဖေကလည်း နဂိုကတည်းက နင့်ကို စိတ်တထင့်ထင့်နဲ့ အထင်မကြီးတော့ ဒါကိုပဲ အရတော်လှပြီ၊ ကုသိုလ်ကံကောင်းလှတယ် ဆိုပြီး သူ့ပါ မြန်မြန်ပေးစားချင်မှာပဲ၊ အဲဒီအတိုင်းပဲ မဟုတ်လား"

"ဟုတ်ကဲ့ ... အဖေက အဲဒီအတိုင်း ပြောပါတယ်"

ဖွန်သည် တရားလိုတရားခံ ကြေကာ ကြားက ကျော်ကြီးက မဆီမဆိုင် မကြေနိုင်သလို ဖြစ်နေသည့် သူ့အဖြစ်သူ ခံရခက်ခက်ရှိသည်။ သူဟာ နုမျစ်အတွက်ကိုပဲ ဦးစားပေး ကြည့်မိနေတာပါ။

"ကောင်းတဲ့အချက်တွေပြောရင် ဆိုးတဲ့အချက်လည်း ပြောကိုပြောရမယ်၊ အားသာချက်ချည်းပဲ ပြောပြီး အားနည်းချက်မပြောလို့ ရမလား၊ နင့်အဖေ စဉ်းစားတဲ့အခါ မျှတစဉ်းစားနိုင်ရမှာပေါ့"

"မကောင်းတာတွေ မပြောပါနဲ့ မဖွန်ရယ်၊ အဖေ့ကိုမပြောပါနဲ့"





"မပြောလို့ ရမလား၊ နင်တို့ချင်း ကြိုက်လို့ယူတာဆိုရင် အချစ်က ရှေ့က ကောင်းတာမကောင်းတာက နောက်က ဖြစ်ရဦးမယ်၊ ခုတော့ စီစဉ်စပ်ဟပ် ပေးစားတဲ့သဘောမို့ ကောင်းတာ မကောင်းတာက ရှေ့ကလာရမှာပဲ"

"ကိုမင်းထင်ဘိုက ကောင်းပါတယ် မဖွန်ရယ်"

"သူ့ ချို့ယွင်းချက် အားနည်းချက်ဟာ အရည်သဖြင့်အတွက် ထည့်ကိုစဉ်းစားသင့်တဲ့ကိစ္စ နုမျစ်၊ နင်သာ မစဉ်းစားတာ၊ နင့်အုပ်ထိန်းသူတွေလည်း သိသင့်တယ်"

ဖွန်သည် တကယ်ပဲ မင်းထင်ဘိုရဲ့ အားနည်းချက်ချို့ယွင်းချက်ကို ဆရာမဒေါ်အေးခင်မှ တစ်ဆင့် နုမျစ်ရဲ့အုပ်ထိန်းသူ မိဘသိအောင် အချိန်မီလှမ်း၍ အသိပေးလိုက်ပါသေးသည်။ ဖွန့် စိတ်ထဲမှာ နုမျစ်တို့ အိမ်ထောင်ရေးဟာ နုမျစ်ရဲ့ အချစ်တစ်ခုတည်းနှင့် ဘယ်လိုမှ ရေရှည်မတည်တံ့နိုင်ဘူးလို့ ယုံကြည်သေချာနေသည်။

နစ်နာစရာရှိ နုမျစ်ဘက်ကသာ နစ်နာရမှာဖြစ်သည်။ ခုမှ အသက်လေးက နှစ်ဆယ်။ တစ်ဖက်က သူတို့ဟာသူတို့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ အိမ်ထောင်ပြုကို ပြုရမှာမို့ ကောက်ကာငင်ကာ ပြုတဲ့ ကိစ္စမှာ နုမျစ်က သူ့မျက်ကန်းတောတိုး အချစ်လေးနှင့် မားခုတ်ရာ လက်ဝင်လျှိုတာလို့ပဲ မြင်သည်။ သို့သော် ...။

နုမျစ် အဖေထံမှ ဝမ်းသာအားရ သတင်းပြန်ရောက်လာသည်မှာ ...

"မင်းထင်ဘိုဟာ ကလေးမရနိုင်ဘူး ဆိုတဲ့အတွက် ပိုစိတ်အေးရပါတယ်၊ သူတို့အမေဘက်က မျိုးရိုး Gene တွေ နုမျစ်မှာ ငုပ်ပြီး ပါမနေဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး၊ သူတို့မွေးလာမဲ့ ကလေးအတွက်တောင် ကြိုပူပင်နေမိတာ၊ ခုတော့ ... နည်းနည်းစိတ်အေးသွားရပြီဗျာ" ... တဲ့။





## ၁၀

မင်းထင်ဘိုနှင့် နုမျစ်တို့၏ လက်ထပ်မင်္ဂလာသည် နှစ်လအတွင်း အောင်မြင်ပြီးစီးသွားပါသည်။ မင်္ဂလာပွဲမှတိုင်မီ မြို့ကိုပြန်၍ စေ့စပ်ပွဲ လုပ်သည်။ နုမျစ်တို့အိမ်မှာပဲ အကျဉ်းရုံး ဆိုသော်လည်း မြို့ရဲ့ရပ်မိရပ်ဖ ဂုဏ်သရေရှိ လူကြီးများတော့ပါ ပါသည်။

နုမျစ် တစ်ယောက် အင်မတန်ချောတဲ့ သူဌေးသားနှင့်ရသည် ဆိုတဲ့ သတင်းမှာ သူတို့မြို့ပေါ်မှာတော့ အုတ်အော်သောင်းတင်းပင်။ တစ်မြို့လုံး အံ့အားသင့်ကြသည် အမှန်။ ဤအတွက် နုမျစ် ဂုဏ်ယူကျေနပ်လှသည်။ စေ့စပ်ပွဲမှာတော့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



က အမေ့ကို ဘာစကားမှ မပြောဘဲ ဝတ်ကောင်းစားလှနှင့် ထိုင်နေစေသည်။

ဦးခေါင်းကြီးကြီး မျက်နှာပြည့်ပြည့်နှင့် ပါးစပ်အဟသား၊ ပဝါခြုံထိုင်နေသော နုမျစ်အမေရဲ့ ခံစားချက်ကင်းမဲ့လှတဲ့ ဗလာမျက်နှာကို မင်းထင်ဘို အံ့အားသင့်လှသည်။ ဘာမှမသိ နားမလည်တဲ့ သနားစရာ မိန်းမကြီးပုံပင်။ သူ့သမီးနှင့် စကားပြောဆိုစဉ်မှာတော့ ပြုံးပျော်ရွှင်နေတတ်တာ တွေ့ရသည်။

မင်္ဂလာဆောင်ကို ရန်ကုန်မြို့က ထင်ရှားသော ဘုန်းတော်ကြီးကျောင်း တစ်ခုမှာ ဆွမ်းကျွေး၍ ကျင်းပသည်။ ဟိုတယ်မင်္ဂလာပွဲ မလုပ်တော့ပါ။ မင်္ဂလာဆောင်သို့ နုမျစ်အဖေ တစ်ဦးတည်းသာ မိသားစုထဲမှ တက်ရောက်လာသည်။ မြို့ကဆွေမျိုးဝမ်းကွဲများနှင့် အဖေ့ရဲ့ စီးပွားမိတ်ဆွေ မြို့မျက်နှာဖုံးအချို့လည်း တက်ရောက်လာပါသည်။

"အဖေ ... အမေ မပါဘူးလားဟင်"

မဇွန်တို့အိမ်မှာပဲ ရှိနေသေးသည့် နုမျစ်က သူ့အဖေရောက်လာသည်နှင့် ဝမ်းပန်းတနည်း မေးတာပင်။





"ညည်းအမေ ခုတလော နည်းနည်းနေမကောင်းချင်ဘူးလေ၊ ဇေ့စပ်ကတည်းက သိသားပဲမို့လား၊ ဒီကို လိုက်လာပြီး နေထိုင်မကောင်းရင့်လည်း စိတ်ညစ်နေရဦးမယ်၊ အနေအထိုင် ကိုးလိုးကန့်လန့် ဖြစ်နေရင်လည်း စိတ်ရှုပ်နေရဦးမယ်ဆိုပြီး ခေါ်မလာဘူး၊ ကြီးတော်ကလည်း ဟိုအိမ်က ခွာလို့မှ မရတာ"

နုမျစ်သည် သူ့မင်္ဂလာပွဲတွင် အမေ၊ ကြီးတော်၊ အစ်ကို၊ အစ်မတို့ မပါကြသည့်အတွက် စိတ်မကောင်းတော့ ဖြစ်မိပေသည်။

မြို့က ထွက်လာပြီး မဇွန်တို့ထံ လာနေရတာ ဘာမှ အားမငယ်။ မဇွန်တို့ သားအမိက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့သည်လေ။ မင်းထင်ဘိုကား ဤအတောအတွင်းလည်း နုမျစ်နှင့် မရင်းနှီး။ မေးတစ်ခွန်း ပြောတစ်ခွန်း၊ သူ့ဟာနှင့်သူ သီးခြားကြီး။ ဒီလိုလူနှင့် နှစ်ယောက်တည်းနေပြီး ကိုယ်က အရာရာ အပေါက်လမ်းတည့်အောင် နားမလည် မသိတတ်တာနှင့် အဆူများခံရမလား စိတ်ညစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဒွန်ကတော့ နုမျစ် မင်္ဂလာကိစ္စ အတည်ဖြစ်ကတည်းက နုမျစ်ကို အရင်လို ချစ်ချစ်ခင်ခင် ဟက်ဟက်ပက်ပက် မရှိ။ နုမျစ်ကို စိတ်ဆိုးနေသလား မေးကြည့်မိတော့ ... "နင့်အတွက် ရင်လေးနေလို့ပါဟယ်"ဟု ဆိုသည်။ နုမျစ် မင်္ဂလာကိစ္စကို မဒွန် လုံးဝသဘောမကျတာတော့ သေချာသည်။

နုမျစ်ကို တောင်းရမ်းစဉ်က အန်တီကြီးတို့က နုမျစ်အတွက် လက်ဝတ်လက်စားအချို့ အဖေ့ထံ တင်တောင်းသည်ဟု သိရသည်။ ဘာတွေလဲ နုမျစ် စိတ်မဝင်စား။ အဖေက လက်ခံသိမ်းထားပြီး နုမျစ်ကို ပေးတော့လည်း နုမျစ်က ဒီအတိုင်းသာ ဘူးထဲထားသည်။ မင်္ဂလာဆောင်နေ့ နံနက်မှာ အန်တီလေးကို နုမျစ်က ထိုဘူးလေးပေးရင်း ...

"အန်တီလေး ... နုမျစ် ဒါတွေ မလိုချင်ဘူး"

"ဟင် ... ဘယ့်နှယ် မလိုချင်ရမှာလဲ၊ ဒါ ကိုယ့်ကိုတင်တောင်းတဲ့ပစ္စည်း၊ တန်ဖိုးထားရတယ်၊ မဝတ်ချင်လည်း သိမ်းထားသမီး"

"မဟုတ်ဘူး ... နုမျစ် လိုချင်တာရှိလို့၊ တခြားဟာ"

"ဘာလိုချင်လို့လဲ"





နုမျစ်သည် ဒါမျိုးတွေ မင်းထင်ဘိုကို မပြောရဲပေ။ အန်တီလေးကိုသာ အရာရာ ပြောဆိုရဲသည်။

"နုမျစ် ပိုက်ဆံသုံးသိန်း လိုချင်တယ်"

"ဟင် ... ဘာလုပ်ဖို့လဲ"

"အဖေ့ပိုက်ဆံသုံးသိန်း နုမျစ် သုံးဖြုန်းပစ်လိုက်တာ ရှိတယ်၊ အဲဒါ နုမျစ် ပြန်ဆပ်ချင်တယ် အန်တီလေးရဲ့၊ ဆပ်မယ်လို့လည်း ပြောထားတယ်"

"ညည်းနှယ်အေ ... ဒီ လက်ဝတ်လက်စားတွေက သိန်းသုံးဆယ်လောက် တန်တာ"

"ဒါပေမဲ့ မလိုချင်ပါဘူး၊ သုံးသိန်းပဲ လိုချင်တယ်"

"ဪ ... နုမျစ် ... နုမျစ်၊ နောက်ဆို သမီးလက်ထဲ သုံးသိန်းမကဘူး၊ သိန်းအများကြီး ပိုင်မှာကွယ့်၊ ဘိုဘို ပိုင်တာ သမီးဟာပဲ၊ သမီး ဘယ်လိုသုံးသုံးပေါ့၊ သုံးသိန်းလေးကို သရဲမရဲ တောင်းနေစရာလား"

နုမျစ်တွင် တစ်ခု ကံကောင်းသည်မှာ လူကြီးသူမများသည် နုမျစ်ကို ချစ်ခင်ခွင့်လွှတ် နားလည်ကြသူများချည်းဖြစ်တာပင်။ အန်တီလေးတို့ ညီအစ်မမှာလည်း နုမျစ်ကို ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရှာသည်။ သူတို့တူအတွက်လည်း စိတ်သဘောဖြူ ဖနီးကောင်း အဖော်လေးရ၊ သူတို့တူအတွက် အမွေတွေလည်းရ၊ ဒီအမွေထဲက တူဖြစ်သူက သူတို့ကို ပြန်ကန်တော့တာတွေလည်း ရသဖြင့် နုမျစ်ကို ကျေးဇူးရှင်မလေးလိုတောင် သဘောထားကြတာဖြစ်သည်။

"အဖေက နက်ဖြန်ပြန်မှာဆိုတော့ နက်ဖြန်ပေးလိုက်ချင်လို့ပါ အန်တီလေးရဲ့၊ အဲဒါပေးပြီးရင် သိန်းအများကြီးရလည်းပဲ ဘာမှ သုံးစရာမရှိဘူး၊ ပြီးတော့ ကိုမင်းထင်ဘိုဆီကလည်း မတောင်းရဲပါဘူး"

"အင်း ... ညည်းလေးကတစ်မျိုး၊ ကဲ ... ကဲ ... အန်တီလေးပဲ ထုတ်ပေးလိုက်မယ်၊ ရော့ ... သုံးသိန်း၊ ဒီရတနာဘူးက ကိုယ့်ဘာသာ သိမ်းထား"

ထိုညနေတွင်ပင် နုမျစ်တို့ရဲ့ တိုက်ကလေး၌ နှစ်ဖက်လူကြီးသူမများ ဆွေမျိုးလူကြီးများကို ကန်တော့ကြစဉ် နုမျစ်က ငွေသုံးသိန်းပါသော စာအိတ်ကိုထုတ်၍ အဖေ့ကို ...

"အဖေ ... ဒါလေ နုမျစ် အဖေ့ကို သုံးသိန်း ပြန်ဆပ်တာပါ"





ဦးရဲတင့်မှာ မျက်နှာကြီးနီမြန်း ကိုးရိုးကားရားဖြစ်ရကာ ...

"အို ... မလိုပါဘူး နုမျစ်ရယ် ...၊ ညည်းဟာ ကိုယ်လုပ်ချင်တာလုပ်ဖို့ပဲ သိတယ်၊ သွား၊ ပြန်ယူထား"

"မဟုတ်ဘူးလေ အဖေ၊ ဒါက ဟိုတုန်းကတည်းက ပြန်ဆပ်မယ်လို့ သဘောတူထားတဲ့ သုံးသိန်းပဲ"

"မဆပ်နဲ့တော့၊ သမီးဟာ သမီးပဲ သုံးလိုက်"

"အဖေမယူတော့ရင် သမီး အမေ့ကို ပေးလိုက်မယ်"

"မပေးပါနဲ့ သမီးရယ်၊ ညည်းအမေကို လိုရင်ပေးမဲ့ အဖေတစ်ယောက်လုံး ရှိပါတယ်"

ဦးရဲတင့်မှာ ချောင်းသာသွားစဉ်က သုံးသိန်းတန်ချက်လက်မှတ်ကို ထုတ်ပြီး နုမျစ် ဘယ်လိုသုံးဖြုန်းပစ်လိုက်တာတွေ အန်တီလေးတို့ထံ အကြောင်းသိရအောင် ဖောက်သည်ချနေရပါသည်။ ကုန်သည်ချင်း ငွေချေဖို့ ထားရစ်တဲ့ငွေကို အမေလုပ်သူကလည်း ထုတ်ပေးလိုက်၍ သမီးလုပ်သူကလည်း ကုန်အောင်သုံးပစ်တာကို ဒေါ်သဖြစ်ဖြစ်နှင့် ပြောတဲ့စကား နုမျစ် မှတ်ထားတာကို ရှင်းအောင် ပြောပြနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နုမျစ် လုပ်ပုံက ကောင်းပါ့မလား။ ယောက်ျားဘက်က ငွေတောင်းပြီး အမေ့ကို "ရော့ အင့်"နှင့် ထိုးပေးလိုက်တော့ ဦးရဲတင့်မှာ မျက်နှာတွေ ထူပူရပါသည်။ ဒါကို နုမျစ် နားမလည်ပါလားလို့ အဖေလုပ်သူမှာ သမီးအတွက် ရင်လေးရသည်။ ဒီငွေကို တကယ်လည်း ပြန်ယူဖို့ စိတ်ကူးထဲ မထားခဲ့ပါ။

ပြောတုန်းက ဒေါသအလျောက် ပြောမိတာ ဖြစ်ပေမဲ့ သူဟာလည်း သူ့ဟာနှင့်သူ စီးပွားရေးကောင်း ငွေဝင်ဖြောင့်တဲ့ သူတစ်ဦးပါပင်။ ထိုစဉ်က အရှုံးပေါ်တဲ့ အလုပ်တစ်ခုအတွက် စိတ်တိုနေသခိုက်နှင့် တိုက်ဆိုင်ကာ ဒေါသကြီးမိတာ မှန်သည်။ ဒီလိုတော့ ဘယ်ပြန်ယူချင်ပါမည်နည်း။

"ဒါဖြင့် အမေ့ကိုတော့ ပေးလိုက်ပါ အဖေရယ်၊ အဲဒီတုန်းက အမေလည်း အဆူခံရတာ သနားပါတယ်၊ အခုလည်း အမေ့ခမျာ မလိုက်လာရရှာဘူး၊ အမေ့ကို ပေးလိုက်ပါနော် အဖေ"

"ညည်းအမေကိုလည်း ဒီလို ပိုက်ဆံအပုံလိုက် ပေးလိုက်ရင် ဘာတွေ လုပ်ပစ်မယ် ညည်း မသိဘူးလား နုမျစ် ပေးချင်ရင် လက်ဆောင်ပစ္စည်းလေး အမှတ်တရ ဝယ်ပေးလိုက်တာမှ သူပိုဝမ်းသာပါဦးမယ်"





"ဟုတ်သားပဲ နုမျစ်ရယ်၊ လက်ဆောင်တစ်ခုခု ပေးလိုက်ပေါ့"

ဒီတော့မှ နုမျစ်လည်း စိတ်ကူးရကာ လက်ဖွဲ့ပစ္စည်းတွေထဲက ပိုးချိတ်လုံချည်တစ်ဘူး၊ အရောင်လိုက်တဲ့ ပိတ်စတစ်စ၊ ပဝါတစ်ပိုင်း၊ အမေ့အတွက် လက်ဆောင်ထည့်ပေးလိုက်ပါသည်။ ဦးရဲတင့်သည် နုမျစ်ကို ချစ်ပုံရတဲ့ သတို့သားအဒေါ်တို့ကြောင့် စိတ်ချမ်းသာရကာ အေးတိအေးစက်ရှိလှတဲ့ သတို့သားကြောင့်တော့ အံ့သြရင်မောရသည်။

အခြေအနေ အဖြစ်သနစ်တွေကို စေ့စေ့စုံစုံ မသိသော်လည်း သူ့သမီးကို သတို့သားကိုယ်တိုင်ထက် အဒေါ်တွေက ပိုပြီးချစ်ခင်လိုလားတာတော့ သတိပြုမိပါသည်။ သူ့သမီးကကျတော့ သတို့သားကို ချစ်မြတ်နိုး လေးစားအားကိုးပုံမှာ ပေါ်လွင်လှသည်တည်း။ ဘာပဲဖြစ်ဖြစ် နုမျစ် တစ်ယောက် မျိုးကောင်းရိုးကောင်းမှ တင့်တောင်းတင့်တယ် ဂုဏ်သရေရှိ အမျိုးသားလေးနှင့် အိမ်ထောင်ကျသွားတာ အတွက်တော့ ကြည်နူးနှစ်သိမ့်လှသည်။

ပြန်ခါနီးတော့ သမက်ကိုတစ်လှည့် သမီးကိုတစ်လှည့်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဘိုဘို၊ နုမျစ်ဟာ ကလေးစိတ်ပါ၊ မှားတာလည်း ရှိရင်ရှိမယ်၊ နားမလည်တာလည်း ရှိရင်ရှိမယ်၊ အန်ကယ့်သမီးကို တတ်နိုင်သမျှ သည်းခံပါ ဆုံးမပါလို့ မှာချင်တယ်၊ တော်ရုံတန်ရုံ ဇွဲမယူပဲ ခွင့်လွှတ်ပေးပါလို့၊ သမီးကလည်း အစစ လိမ္မာရေးခြား ရှိပါကွယ်၊ နားလည်သိတတ်မှုရှိပါ"

အဖေ့ရဲ့ နူးညံ့တဲ့ လေသံကြောင့် နုမျစ် ဝမ်းနည်းလှသည်။

* * *

"အဲဒါ ခင်ဗျားအခန်းပဲ နုမျစ်"

လှပသော အိပ်ရာခမ်းနား ပြင်ဆင်ထားပုံကြောင့် ပျော်တပြုံးပြုံး စိတ်နှလုံး ချမ်းသာနေသည့် နုမျစ်သည် တစ်မျိုးသော စကားအဓိပ္ပာယ်ကြောင့် မင်းထင်ဘိုကို မော့ကြည့်မိလျှင် ...

"ဟိုးဘက်က အဲဒါ ကျွန်တော့်အခန်း၊ ဘုရားခန်းလည်း တွေ့ပြီနော်၊ အိပ်ခန်းတွေမှာ အိမ်သာ ရေချိုးခန်းတစ်ဆက်တည်းဆိုတော့ ခင်ဗျား ဒီအခန်းမှာ လွတ်လွတ်လပ်





လပ်နေလို့ရတယ်၊ ဗီရိုထဲမှာလည်း ပိုက်ဆံတွေ ထည့်ပေးထားတယ်၊ ခင်ဗျား စိတ်ချမ်းသာတာ အားလုံးလုပ်နိုင်တယ်နော်၊ ကျွန်တော်လည်း နားဦးမယ်"

မင်းထင်ဘို သူ့အခန်းဆီ လျှောက်သွားကာ ဝင်ရောက် တံခါးပိတ်သွားတဲ့အထိ **နုမျစ်** ငေးကြည့်နေခဲ့မိသည်။ ထို့နောက်တော့ ကိုယ့်အခန်းတံခါး ကိုယ်စေ့ပိတ်ကာ မင်္ဂလာခမ်းနားပြင်ထားတဲ့ ခုတင်ကြီးပေါ် ထိုင်နေမိပါသည်။ ဝမ်းနည်းသွားသလိုလို ကြောက်သွားသလိုလိုနှင့် ကယောင်ချောက်ချား ဖြစ်နေမိကာ မျက်ရည်စို့လာသည်။

အိပ်ခန်းထဲမှာ တီဗီပါရှိသည်။ ဗီရိုကို သွားဖွင့်ကြည့်တော့ အဝတ်အစား အသစ်တွေ တွေ့ရသည်။ အံဆွဲထဲမှာ ထောင်တန် ငါးရာတန် အထပ်။ ထိုညက ဟိုလူ့လွမ်းသလိုလို ဒီလူ့ဆွေးသလိုလိုနှင့် အားငယ်ပါးငယ် နိုင်လှကာ ကြက်အိပ်ကြက်နိုး ဖြစ်နေသည်။ မနက် အရုဏ်တက် ဖျတ်ခနဲ နိုးလာချိန်တွင် မဖွန် ကျင့်ပေးထားသလို ငါးနာရီခွဲ ရှိနေ၍ အိပ်ရာမှထသွားတိုက် ကိုယ်လက်သန့်စင်၊ ဘုရားခဏရှိခိုး။ ထို့နောက် မီးဖိုထဲဝင်ကာ ရင်တခုန်ခုန်နှင့် ချက်ဖို့ပြုတ်ဖို့ စဉ်းစားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပစ္စယတွေ အနှံတီလေးတို့ ဖြည့်ပေးထား၍ အားလုံးအသင့်။ နုမျစ်က ထမင်းတစ်အိုး တည်သည်။ ကော်ဖီကို ကြိုးစားပမ်းစား ဖျော်သည်။ ပေါင်မုန့်မီးကင်သည်။ ဟင်းအဖို့ရာ ရေခဲသေတ္တာဖွင့်ကြည့်ရာ ဝက်သား၊ ကြက်သား နှစ်မျိုးရှိ၍ အောက်ထပ်မှာလည်း ကြက်ဥ ဘဲဥ၊ ဟင်းသီးဟင်းရွက်တချို့။ မင်းထင်ဘို အတွက် ကြက်ဥကြော်ထားပေးပြီး ဝက်သား အခဲလိုက်ကို့ထုတ်၍ ဘာလုပ်ရမလဲ အကြံထုတ်နေဆဲ မင်းထင်ဘို အနားရောက်လာသည်။

အဝတ်အစားတောင် လဲလှယ်ပြီးနေကာ ...

"ကျွန်တော် ဆိုင်သွားတော့မယ်၊ ခုနစ်နာရီ ထိုးတော့မယ်"

"ဪ ... အဲဒါဆိုရင် ဒါတွေ စားသွားဦးလေ"

မင်းထင်ဘိုသည် ထမင်းစားပွဲပေါ်က အငွေ့တက်နေတဲ့ ကော်ဖီပန်းကန်၊ မည်းတူးနေတဲ့ ပေါင်မုန့်နှစ်ချပ်၊ အကြော်များ အကျက်လွန်သွား၍ သေးကြုံ့သိမ်မည်းနေတဲ့ ကြက်ဥတို့ကို ငေါ့ကြည့်ကာ ...





"ကျွန်တော်က ဆိုင်ကျမှ မနက်စာ စားတယ်၊ ဟိုမှာ ဘာမဆို ရတာပဲ၊ နောက်နေ့ အပင်ပန်းခံပြီး မလုပ်နဲ့တော့၊ နုမျစ် စားဖို့ပဲလုပ်၊ မနက်စာထမင်းလည်း အိမ်မှာ မစားဘူး၊ ညစာပဲ အိမ်မှာစားမယ် နုမျစ်"

နုမျစ်သည် လှည့်ထွက်သွားသော မင်းထင်ဘိုကို မျက်လုံးဝိုင်းနှင့် ငေးကြည့်နေမိရာမှ သတိဝင်ကာ ...

"ကိုမင်းထင်ဘို ... မဇွန်တို့ဆီ ဒီကနေ ဘာကားစီးသွားရမလဲဟင်"

"ကားသာ ငှားသွားလိုက်တော့၊ ဘာစီးရလဲ ကျွန်တော်လည်း သေချာမသိဘူး၊ နောက်နေ့တွေကျ မဇွန်တို့ဆီ သွားမယ်ဆိုရင် ဒီအချိန် ကျွန်တော်နဲ့ အတူလိုက်လို့ရတယ်၊ ဒီထက်နောက်ကျရင်တော့ ကိုယ့်ဟာကိုယ် သွားပေါ့"

ကိုယ့်ဟာကိုယ်သွား ဆိုတဲ့အတိုင်း နုမျစ်သည် မဇွန် ထံသို့ ထိုနေ့က ကားငှားစီးကာ ရောက်လာသည်။

"နင် အိမ်ထောင်သည် ဖြစ်လာပြီဆိုတော့ အိမ်မှုကိစ္စက ရှိသေးတယ်၊ ငါ့ဆိုင်မှာ မလုပ်ရင်လည်း မလုပ်နဲ့တော့လေ နုမျစ်၊ ငွေလည်း လိုမှမလိုတော့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နုမျစ်ကို အလုပ်ဖြုတ်တာလားဟင် မဇွန်"

"ဖြုတ်တာတော့ မဟုတ်ဘူးပေါ့ဟယ်၊ နင် ဒီမှာမိုးချုပ်ထိ လည်း နေလို့မရ၊ အိမ်ပြန် ချက်ပြုတ်ရမှာ အိမ်မှုကိစ္စက လည်း ရှိသေးတယ်၊ နေ့တစ်ဝက်လာရင်လည်း ငါ့မှာ နေ့တစ်ဝက် လူငှားရမှာပဲ၊ မင်းထင်ဘိုကလည်း နင်အလုပ် ဆက်လုပ်နေတာ ကြိုက်ချင်မှ ကြိုက်မှာပေါ့"

"သူက ဘာမှမပြောပါဘူး၊ မနက်စောစောထွက်ရင် သူနဲ့ အတူလိုက်လို့ရတယ်လို့တောင် ပြောပါသေးတယ်"

ဤသို့ဖြင့် နုမျစ်သည် မဇွန်ရဲ့ဆိုင်မှာ မနက်ကနေ နေ့လယ်ထိ တစ်ပိုင်းဝင်လုပ်**နေ**သေးသည်။ ဤသို့မှ မလုပ်ရရင် လည်း ငြီးငွေ့ခြောက်**ကပ်၍** အိမ်တွင်းပုန်းဘဝပဲ ဖြစ်သွားရဖို့ ရှိသည်။ မနက်ဆို **လျှော်ဖွပ်**၊ အိမ်လှည်း၍ မင်းထင်ဘိုနှင့်အတူ လိုက်ကာ မဇွန်ရဲ့ဆိုင်ကို လာသည်။ နေ့လယ်ကျ မဇွန်တို့အိမ် မှာ ထမင်း**စားပြီး**ပြန်။ အပြန်**ကို**တော့ ကိုယ့်ဘာသာ ပြန်ရသည်။ မဇွန်ထံမှလည်း **လခမယူတော့**ပါ။

အိမ်ရောက်ရင် ညစာချက်။ တစ်ခါတစ်ရံ နေ့လယ် မပြန်သေးပဲ အန်တီလေးတို့ ဗိုလ်ချုပ်ဈေးကို ဝင်လည်။ ညစာ





ကို မင်းထင်ဘို ရှိလျှင် နှစ်ယောက်အတူစား၊ သူ ညနေပိုင်း အပြင်သွားလျှင် တစ်ယောက်တည်းစား။ တစ်ယောက် သော့တစ် ချောင်းကိုင်ကာ ဝင်ချင်သလိုဝင် ထွက်ချင်သလို ထွက်နေကြသည်။ နုမျစ် ဘယ်သွားလဲ ဘာလုပ်လဲ မင်းထင်ဘိုက မမေး။

ဤသို့ လည်ပတ်နေခဲ့တဲ့ အိမ်ထောင်ရေး စက်ဝန်း ထဲ နုမျစ်ဟာ ဘယ်တော့မှ အချိုးမွမ်းခံရတယ် မရှိ။ လုပ်သမျှ ဟာ အရာရာနှင့် အကြောင်းကြောင်းမို့တည်း။ ဘယ်တုန်းကမှ မချက်ပြုတ် မလျှော်ဖွပ်ခဲ့ရတဲ့ နုမျစ်သည် အိမ်မှုကိစ္စလုံးဝမကျွမ်း ကျင်ပေ။

စေတနာပါပါနှင့် အားသွန်ခွန်စိုက် လျှော်ဖွပ်၍ ဖြူတာများသော်လည်း မီးပူတိုက်လျှင် မပြန့်တာမပြန့်၊ ကျွမ်းတာ ကျွမ်း။ အိမ်ကိုတော့ ပြောင်အောင် ဖုန်သုတ်ထားသည်။ ဟင်း ချက်လျှင်တော့ အပေါက်လမ်း မတည့်တာက များပါသည်။

"ဟာ ... သွားပြီဗျာ။ ဒီအကျႌက ဆင်တူလုံးဝမလာလို့ ကြိုက်လို့ဝယ်ထားတဲ့အကျႌ၊ ဈေးမကြီးလှပေမဲ့ ပိုက်ဆံပေး နိုင်လည်း ပြန်ဝယ်မရတော့ဘူး၊ ခင်ဗျား မီးကျွမ်းပစ်လိုက် ပြန်ပြီဗျာ၊ တောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... အကျီကလှတော့ နုမျစ်က ပိုဖြီးပြန့်အောင် သေချာဂရုစိုက် တိုက်လိုက်မိတာနဲ့၊ ဟို ... ပူ ... ပူသွားပြီးတော့ ..."

အမှန်လည်း နုမျစ်သည် မင်းထင်ဘို ကြိုက်တဲ့ ဝတ်စုံဆိုလျှင် မျက်နှာလုပ်ချင်ကာ မပြီးနိုင် မစီးနိုင် လျှော်ဖွပ်မီးပူတိုက်သည်။

"ဒါက ဘာဟင်းလဲ နုမျစ်"

"ဒါက အာလူးနဲ့ ခရမ်းချဉ်သီးဟင်းချို၊ ဒါက ငါးဖယ်ခြစ်နဲ့ ဘဲဥဟင်း"

နုမျစ်သည် စိတ်ကူးထဲပေါ်ရာ တွဲစပ်ရောချက်တတ်တာလည်း အကျင့်တစ်မျိုးတည်း။

"ငါးဖယ်ခြစ်ဆို ငါးဖယ်ခြစ်၊ ဘဲဥဆို ဘဲဥ တစ်မျိုးပဲ ချက်ပါဗျာ၊ ခင်ဗျားဟာက နှစ်မျိုးလည်း ကုန်သေးတယ်၊ ဘာမှလဲမလိုက်ဖက်ဘူး၊ ဆော်ကြာမတည့်တာတွေ လျှောက်ရောချက်မိပြီး နှစ်ယောက်လုံး အိမ်ထဲမှာ သေနေပြီး အတော်ကြာမှ ပုပ်စော်နံမှ ရပ်ကွက်ကသိတဲ့ သေချင်းဆိုးမျိုးနဲ့ သေနေပါဦးမယ်ဗျာ"





"ဟယ် ... မပြောပါနဲ့ ကိုမင်းထင်ဘိုရယ်၊ ကြောက်စရာကြီး"

ဟင်းကို နှစ်မျိုးတွဲချက်ရတာ ဝါသနာပါပုံရသော နုမျစ် တစ်ယောက်က ဘယ်လိုပြောပြော၊ ပြည်ကြီးငါးနဲ့ ခရမ်းသီးရောနှပ်တို့၊ မုန်လာဥနဲ့ ကြက်သားဆီပြန်တို့၊ ဝက်ကလီစာနဲ့ မှိုစ်ကို ရောကြော်တာတို့ စသဖြင့် မကြားဖူးတဲ့ အဆန်းတကြယ် မနူးမနပ် အရသာစပ်ပေါင်းဟင်းတွေ စီမံတတ်သည်။

နောင်မှ မင်းထင်ဘို သိလာရသည်မှာ နုမျစ်ဟာ အသားတွေကို စာရင်းနှင့် တန်းစီချရေး၊ တစ်ဖက်က အသီးအနှံ အရွက်တွေ စာရင်းနှင့် တန်းစီချရေးပြီး အစီအစဉ်အတိုင်း အလှည့်ကျရာ တွဲချက်နေတာပင်။ အသားအမျိုးအမည်ကနည်းပြီး အသီးအရွက် အမျိုးအမည်က များလှ၍ အသားကို နောက်တစ်ကြော့ထိပ်က ပြန်စ,တွဲ စသဖြင့် ထာဝစဉ် ရှီးသွားတယ်မရှိတဲ့ ဟင်းလျာဆန်းတွေ ထွက်ပေါ်လာရတာ ဖြစ်သည်။

"ခင်ဗျားကို ဘယ်သူက အဲသလို လုပ်ရမယ် သင်ထားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... မဗွန်က၊ မစဉ်းစားတတ်ရင် ချရေးထားပြီး လိုက်ဖက်သလို တွဲချက်ဆိုလို့ ချရေးထားပြီး ..."

"သူပြောတာက ဟင်းလျာတွေ ခင်ဗျားခေါင်းထဲ စဉ်းစားရခက်မှာစိုးလို့ နာမည်တွေ ချရေးထားပြီးမှ ပြန်ကြည့်ပြီး သင့်သလို ချက်ခိုင်းတာပေါ့၊ ဥပမာ ကြက်သားဆီပြန်ဟင်းနဲ့ မုန်လာဥချဉ်ရေ စသဖြင့် အဲသလို ဆိုလိုတာပေါ့၊ ကြက်သားနဲ့ မုန်လာဥရောပြီး ချက်ရမယ်လို့ ဆိုလိုတာမှ မဟုတ်ပဲ၊ ကျွတ် ... ခင်ဗျားဟာ ကြောင်တောင်တောင်နဲ့ နုမျစ်ရာ"

ဒါကြောင့် မဗွန်က နုမျစ်ကို ပြောတာ။ အဲလေး အနက်ကြီး ကောင်းချင်ဇောမကြီးနဲ့၊ သိပ်စိတ်မထည့်နဲ့တဲ့။ စိတ်ထည့်လွန်းအားကြီးပြီး တအားဂရုတစိုက်လုပ်လေ နုမျစ်က မှားယွင်းတတ်လေ။ ပေါ့ပေါ့ပါးပါး သဘောထားလျှင် ဘာမှမဖြစ်။ သို့သော် နုမျစ်သည် မင်းထင်ဘိုနှင့် ပတ်သက်လျှင် ပေါ့ပေါ့ပါးပါး သဘောမထားနိုင်ပဲ ကောင်းစေချင်ဇော၊ ချီးကျူးခံလိုဇော၊ တီထွင်လိုဇောနှင့် ထာဝစဉ် Serious ဖြစ်နေသည်။

"နုမျစ် ... ကျွန်တော့် စားပွဲပေါ်က စာရင်းစာရွက်နှစ်ရွက် တွေ့လား"





"စာရွက်စုတ်နှစ်ခုပဲ တွေ့တယ်"

"ဘယ်က စာရွက်စုတ်လဲ၊ ဆိုင်အမိုးပြင်တဲ့ ကုန်ကျစရိတ်စာရင်း ရေးထားတာ၊ ပျောက်လို့မရဘူး၊ သူငယ်ချင်းနဲ့ နှစ်ယောက် ပြန်ရှင်းရမှာ၊ ဘယ်မလဲ"

"စာရွက်တွေက တအားဟောင်းစုတ်နေပြီး ရေစိုပျော့ပြဲနေတယ်၊ မှင်လည်း ပျံ့နေတယ်၊ အနားတွေလည်း ဟောင်းလွန်းလို့ လိပ်နေပြီ၊ ခေါက်ရိုးကျိုးတဲ့နေရာက စုတ်ခါနီးပြီ"

"ခင်ဗျားကို မေးနေတာက အဲဒီ အရမ်းအဖြစ်ဆိုးနေတဲ့ စာရွက်စုတ် ဘယ်မလဲ"

"နုမျစ် ... လွှင့်ပစ်လိုက်ပြီ"

"ဟာ ... ခင်ဗျားကို ကျွန်တော့်အခန်း ရှင်းရင် ဘာမှမပစ်နဲ့၊ ပစ်စရာရှိတာ ကျွန်တော့်ဘာသာ ပစ်မယ်၊ အခန်းထဲရှိနေတာတွေဟာ မပစ်ရမဲ့ဟာတွေမို့ ရှိနေတာ ဆိုတာ တစ်ခါ သတိပေးထားပြီးပြီ မဟုတ်လား"

"ဒါပေမဲ့ ဒီတစ်ခါစာရွက်တွေကတော့ တကယ်စုတ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သေလိုက်ပါတော့ကွာ၊ ငါပဲ သေလိုက်ပါပေ့ာ၊ ခင်ဗျားကို ပြောတယ်၊ စုတ်ရုံမကလို့ အမြှာမြှာ ဖြစ်နေပစေ၊ အမှုန်ကျနေပစေ၊ မင်ပျံ့ရုံမကလို့ မင်ပျောက်သွားသွား မပစ်နဲ့ဆို မပစ်နဲ့ပေါ့"

နုမျစ် တစ်ယောက် အတွက်ကြောင့် မင်းထင်ဘို အော်ဟစ်တောက်ခတ်ရတာတွေ များလွန်းပါသည်။ ကလေးလေး မဟုတ်၍ မှတ်အောင်ရိုက်လို့လည်း မဖြစ်။

"နုမျစ် ...စပို့ရှပ် အသားရောင်လေး ဘယ်မှာလဲ၊ သိလား"

"ဩော် ... အဲဒါ မရှိတော့ဘူး ကိုမင်းထင်ဘို"

"ဟင် ... ဘာဖြစ်လို့ မရှိရတာလဲ"

"မီးသွေးအိတ်ပို့တဲ့ ဦးလေးကြီးက သနားပါတယ် ကိုမင်းထင်ဘိုရယ်၊ စွပ်ကျယ်ကလည်း ပေါက်ပြဲပြီး အရိအရွဲကျနေတယ်၊ ပုဆိုးဆိုလည်း စုတ်ပြီး အလွှားအလွှား ဖြစ်နေတယ်၊ မည်းသည်းပြီး ချုပ်ရာဖာရာတွေ ..."

"နားလည်ပြီ၊ သူ့ကို ပေးလိုက်လား"

"ဟုတ်ကဲ့"





"လုပ်ပြန်ပြီ၊ ဟိုးတစ်ခါ မြက်ခုတ်တဲ့လူကို ပုဆိုးဟောင်း ပေးကတည်းက ကျွန်တော် သေချာပြောထားတယ်၊ ဗီရို အောက်ဆုံးထပ်က သိပ်မဝတ်ချင်တာတွေ ထားတယ်၊ ပေးချင်တာရှိရင် အဲဒီထဲက ပေးပါလို့ မှာပြီးသား၊ အဲဒီ အသားရောင်စပို့ရှပ်က ကျွန်တော် ကြိုက်လည်းကြိုက် ဝတ်လည်း ဝတ်နေသေးတယ်"

"ဟောင်းနေပါပြီ ကိုမင်းထင်ဘိုရယ်၊ ချေးရောင်တောင် နည်းနည်းသမ်းနေတယ်"

"ဘာသမ်းသမ်း ... ပေးဆိုတဲ့ထဲက ပေးပေါ့ဗျာ၊ ခင်ဗျား ဘယ်လိုမိန်းမလဲဗျာ နုမျစ်၊ ကျွန်တော့်ကို လိုက်နှောက်နေလားတောင် ထင်ရတယ်၊ မှာထားရင် ဆန့်ကျင်ဘက်ကို လုပ်ပြီ၊ တောက် ... စိတ်ကုန်လိုက်တာကွာ"

"ဟို ... အဲ ... အဲဒါလေးက အဲဒီဦးလေးကြီးနဲ့ လိုက်မှာပဲ ဆိုပြီး ..."

"သူနဲ့ လိုက်တာတွေ ရွေးပေးရအောင် သူက ခင်ဗျား အဖေလား၊ ဆိုင်ခေါ်သွားပြီး အသစ်ပဲ ရွေးဝယ်ပေးလိုက်ပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



"အသစ်တော့လည်း မဝယ်ပေးချင်ပါဘူး၊ ဝတ်ပြီးသားထဲက ပဲ"

"တော်တော့ ... တော်တော့၊ အနားက သွားတော့ဗျာ၊ ကျွတ်"

နုမျစ်ကလည်း နုမျစ်ပါပင်။ တစ်ခါတစ်ရံ မင်းထင်ဘို အပျင်းပြေ ကွန်ပျူတာနှင့် ဂိမ်းမ်ကစားနေသည်။ အမှတ်တွေ အများကြီးရ၊ ငွေတွေအများကြီးရ၊ ကစားပွဲ အောင်နိုင်နေတုန်း၊ မီးအားမြှင့်ဖို့ဆိုပြီး မီးအားလုံး ဖြတ်ချလိုက်သည်။ ကြိုးစားပမ်းစား အကြိတ်အနယ် နိုင်ထားသမျှ အားလုံးပျောက်သွားပြီ။

မင်းထင်ဘို အဖျားကြီးလို့ဆိုပြီး မင်းထင်ဘို အခန်းမှာ လာစောင့်သည်။ မစောင့်နဲ့ ဘယ်လိုပြောပြော မရ။ စိတ်မချလို့ဆိုပြီး အတင်းစောင့်မယ်ဆိုရာ လက်မြှောက်ပြီး စောင့်ဟာဟု လိုက်လျောလိုက်သည်။ ရေချိုးခန်းတံခါးပေါက်ကို မှီပြီး နုမျစ် ပိတ်အိတ်နေတဲ့အတွက် တစ်ရေးနိုး အိမ်သာဝင်ချင်တဲ့ မင်းထင်ဘို မှာ သူ့ကို အော်မရ ခေါ်မရ နှိုးမရ။ ကိုင်လှုပ်မှ နိုးလာသည်။ စိတ်မချလို့ စောင့်တဲ့သူက လူနာအသက်ထွက်သွားလျှင်လည်း သိလိုက်မည့်ပုံ မရ။ လန့်နိုးလာပြီးတဲ့နောက် ကယောင်ကတမ်း





နှင့် မီးဖိုထဲသွားပြီး ထမင်းချက်နေသည်။ ညသန်းခေါင်ကျော် နှစ်နာရီသာ ရှိသေးတာ မသိ။ မင်းထင်ဘိုမှာ နုမျစ် ရူးသွားမှာ တောင် ကြောက်မိကာ နောင်ဆို နှိုးရဲတော့မည် မဟုတ်။

အချိုးကျူး ခံချင်တာရော၊ စေတနာပိုပိုနှင့်ရော၊ နံနက်စောစောကြီးထပြီး ကားကိုရေဆေးသောအခါ ရှမ်ပိုင်းကူရှင် တွေ ရေရွှဲနစ်ကုန်ပြန်သည်။ ခြင်ဆေးခွေကို အလူမီနီယမ်အဝတ် တန်းငယ်အောက် ထည့်ထွန်းထားရာ ဖြန့်လှန်းထားတဲ့ ပုဆိုးစကို သေချာမသိမ်းခဲ့၍ ပုဆိုးအောက်နားစွန်း မီးစွဲပြီး အငွေ့တလူလူနှင့် ညှော်တော့မှပဲ မင်းထင်ဘို အပြေးအလွှား ဖယ်ပစ်ရသည်။

ပစ္စည်းတစ်ခုကို ကိုင်ပြီး နေရာတကျ ပြန်မထား၍ တူတို့ ပလာယာတို့ ဝက်အူလှည့်တို့လို ပစ္စည်းတွေ မင်းထင်ဘို သုံးကာနီးမှ ဒေါင်းတောဖွာအောင် ရှာကြရတာ မကြာခဏ။ ကြမ်းတိုက်ဝတ်ကို နေရာတွင် ချထားခဲ့၍ တက်နင်းပြီး မင်းထင်ဘို ချောခနဲ ဘိုင်းခနဲ ပစ်လဲတာက နှစ်ကြိမ်ရှိလေပြီ။ သူကိုယ်တိုင် ရေချိုးခန်းထဲ သူချထားခဲ့တဲ့ ဆပ်ပြာတုံး တက်နင်းကာ ချော်လဲ တာကလည်း ရှိသေးသည်။ ချက်ချင်း မထနိုင်တဲ့ သူ့ကိုယ်ကြီး ကို မင်းထင်ဘိုလည်း မပွေ့နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရက်သား ချိုင်းနှစ်ဖက်မှ လက်လျှိုပြီး နည်းနည်းချင်း နည်းနည်းချင်း ဒရွတ်ဆွဲပြီး ရေချိုးခန်းအပြင်ကို ထုတ်ရသည်။ တော်တော်နာသွားပုံရ၍ ပါးစပ်ကို အသကုန်ဟဖြပြီး လက်ဖမိုးနှစ်ဖက် မျက်လုံးကို ပွတ်ကာ ပွတ်ကာ အူလှိုက်သည်းလှိုက် ငိုချင်းကြီး ငိုချလိုက်တဲ့ပုံမျိုး မိန်းမတစ်ယောက်ထံ တစ်ခါမှ မမြင်ဖူး၍ မျက်ခုံးကြီးအပင့်သား အထူးတဆန်း ငေးကြည့်လိုက်ရပါသေးသည်။

အဲတော်ဆိုးတဲ့ အကျင့်တစ်ခုကား ဖုန်းလာသည်နှင့် ...

"ဟယ်လို ... ကျွန်မ ကိုမင်းထင်ဘိုရဲ့ဇနီး နုမျစ်ပါရှင် ..."လို့ ထူးတတ်ခြင်းပင်တည်း။ မင်းထင်ဘိုထံ လာတဲ့ဖုန်းဖြစ်စေ၊ သူ့ထံလာတဲ့ ဖုန်းဖြစ်စေ ဆီးကြိုနှုတ်ခွန်းဆက်ပုံမှာ ဒီအတိုင်းတူတူ ဖြစ်သည်။ မင်းထင်ဘို သူငယ်ချင်း တစ်ယောက်စနှစ်ယောက်စက ...

"မင်းမိန်းမကလည်း ကြော်ငြာလိုက်ရတာကွာ"

ဟုတ်ပါရဲ့။ သူပဲ အဆန်းတကြယ်။ သူထူးပုံက မဏ္ဍာပ်တိုင် တက်ပြနေသလိုကြီး ဖြစ်နေတာ သူ ရှက်ဖို့နားလည်သင့်သည်။





"ဟယ်လိုဆိုရင် တော်ပြီလေဗျာ၊ မင်းထင်ဘို ဇနီး နုမျစ်ဆိုတာ ဘယ်သူက သိချင်လို့လဲ၊ ဒီကိုဆက်တဲ့လူဟာ ခင်ဗျားနဲ့ ကျွန်တော် တစ်ယောက်ယောက်နဲ့ ပြောဖို့ဆက်တာပဲ၊ ကျွန်တော် ဘယ်သူလဲ ခင်ဗျား ဘယ်သူလဲ သိပြီးသား။ ဘာမှ ထပ်ရှင်းပြနေဖို့ မလိုတော့ဘူး"

"ကိုမင်းထင်ဘို့ဇနီးလို့ မပြောစေချင်လို့လားဟင်"

"မလွဲနဲ့၊ မချော်နဲ့၊ ရိုးရိုးတွေး၊ ခင်ဗျားအတွက် ပြောနေတာ၊ ကျွန်တော် ဘာမှမဖြစ်ဘူး ... အနေသာကြီး၊ ခင်ဗျားပဲ ရှက်စရာကောင်းသလိုကြီး ဖြစ်နေတယ်"

"ဘာလို့ ရှက်စရာ ကောင်းတာလဲ၊ ကိုမင်းထင်ဘိုရဲ့မိန်းမဖြစ်ရတာ ရှက်စရာကောင်းတဲ့ သဘောလားဟင်"

"ကျွတ် ... တော်ပြီဗျာ၊ ကြိုက်သလိုသာ လုပ်တော့"

ဒါကို သူက အန်တီလေးတို့ကိုလည်း ညည်းညူပြတော့ အန်တီလေးတို့က ရယ်စရာသာ သဘောထားကြသည်။

"သူ့ဟာသူ ဘာပြောပြောပေါ့ ဘိုဘိုရယ်၊ ဟုတ်တာပြောတာပဲ၊ မင်းအသားလည်း ပဲ့မပါသွားပါဘူး၊ ကြားရတဲ့လူအဖို့ ပြုံးစပ်စပ်တောင် ဖြစ်ရသေးတယ်၊ ရှက်စရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း မင်း ရှက်စရာ မကောင်းပါဘူး၊ သူ့ပဲရှက်စရာ ကောင်းတာ၊ သူ မရှက်ရင် ပြီးတာပဲပေါ့၊ သူ့ခမျာ မဏ္ဍာပ်တိုင် တက်ချင်ရင်လည်း တက်ရှာပါစေကွယ်၊ အဲသလို ပြောတဲ့ လေသံမှာ ဂုဏ်ယူသံက အပြည့်ကွယ့်၊ သူ ပြောရတာ စိတ်ချမ်းသာနေရှာတာ ထင်ပါရဲ့ သားရယ်”

မင်းထင်ဘိုသာလျှင် နုမျစ်ကြောင့် စိတ်တွေရှုပ်ခေါင်းတွေ နောက်ရသည်။ နုမျစ်ကတော့ စိတ်ရှုပ်ပုံ လုံးဝမရ၊ သူ့ကို ဘယ်လိုငေါက်ငေါက် ဟောက်ဟောက်၊ ခဏတဖြုတ်ကုပ်ပုကာ မျက်လုံးကြီးဝိုင်းနေပြီးလျှင် သီချင်းတအေးအေးနှင့် ချက်ချင်းပြန်ပြီး ပျော်ရွှင်ကြည်လင်သည်။

တစ်ခါတွင် သူ့အမေထံမှ စာလာတယ်ဆိုပြီး ဝမ်းသာမျက်ရည်ရွှန်းလဲ့နေတဲ့ နုမျစ်က မင်းထင်ဘိုကို စာလာပြပါသည်။

“သမီး

သမီးတို့ လင်းမရာပုံ ပုန်းကြီးခြိပြီး
အမေ့ထံ ပို့ပေးဘာ။ အမေ အိမ်မာ
ခြိတ်ဆဲထားခြင်းသိ။

အမေ”





သူ့မှာ မနည်းအခ်ိပ္ပာယ်ပေါ်အောင် ဖတ်ယူရပါသည်။ စာသိပ်မတတ်လှတဲ့ နုမျစ်အမေ စာရေးပုံကို သနားပြီး သူကိုယ်တိုင်ပဲ စုံတွဲမင်္ဂလာဓာတ်ပုံတစ်ပုံကို ပုံကြီးချဲ့ ယူလာပေးသည်။ ဒါလေးကိုပဲ ကျေးဇူးတင်လွန်းကာ သူ့ကို တရှိုက်မက်မက် ကြည်နူးပီတိပြုံးနှင့် နုမျစ်က ကျေးဇူးတင်မဆုံး ရှိလှသည်။

နုမျစ် သူ့အမေနှင့်တွေ့လိုသည်ဆိုတာ သူ မသိခဲ့။ နုမျစ်ကလည်း မပူဆာခဲ့။ နုမျစ် စိတ်ထဲမှာ သူ့ကို မင်းထင်ဘို ပိုင်ဆိုင်သည်မို့ မြို့ကို အကြောင်းမရှိပဲ ပြန်ဖို့မသင့်လို့ ယူဆနေတာ၊ ပူဆာခွင့်တောင်းမရဲ ဖြစ်နေတာကို မင်းထင်ဘို မသိခဲ့ပေ။

***



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ထိုတစ်နေ့က မဓွန်ဆီကအပြန် မဓွန် အကူအညီတောင်းသဖြင့် မဓွန် ချုပ်ပေးနေတဲ့ သတို့သမီးဝတ်စုံတစ်ခု၊ အရံသတို့သမီးဝတ်စုံနှစ်ခုတို့အတွက် ဝတ်စုံတွေမှာ သီခတ်ဖို့ သော်ကြယ်ဆီးကွင့်စ်ပြားများ၊ ပုတီးစေ့၊ ပုလဲစေ့များဝယ်ပေးရန် ဗိုလ်ချုပ်ဈေးကို ရောက်ခဲ့သည်။

မဓွန် နမူနာပေးလိုက်တဲ့ အရောင်တွေနှင့်တိုက်ကာ မှာသလောက် ဝယ်ပြီးသော် ထိုအထုပ်ကိုဆွဲလျက် အန်တီလေးတို့ဆိုင်ဆီ တစ်ချက်ဝင်နှုတ်ဆက်ရန် ရည်ရွယ်ချက်ဖြင့် ဈေးအလယ်မင်းလမ်းအတိုင်း လျှောက်လာခဲ့ပါသည်။





လျှောက်လာရင်း ရှေ့ခပ်လှမ်းလှမ်းမှာ လမ်းကြားတစ်နေရာ၌ ဘွားခနဲ လှမ်းတွေ့လိုက်ရတဲ့ စုံတွဲတစ်တွဲကြောင့် လှမ်းနေလက်စ ခြေလှမ်းများ ဖြုန်းခနဲ ရပ်တန့်သွားကာ မင်းလမ်းမကြီးပေါ် ကြောင်တောင်တောင်ကြီး မတ်တတ်ရပ်နေမိပါသည်။

ကိုမင်းထင်ဘို။

ကြီးကြီးချိတ်တွေရောင်းသည့် ဆိုင်တစ်ဆိုင်ရှေ့၌ လှပသော မိန်းမပျိုတစ်ဦးနှင့် အတူရပ်နေတဲ့ မင်းထင်ဘို။ နှစ်ဦးသား တပြုံးပြုံးနှင့် မိန်းကလေးက ဟိုဟာညွှန်ပြ၊ ဒီဟာညွှန်ပြ။ မင်းထင်ဘိုက ခေါင်းတညိတ်ညိတ်။

ဤမြင်ကွင်းမျိုးကို မြင်လည်း မမြင်ဖူး"မြင်ခဲ့လျှင်"ရယ်လို့ တစ်ကြိမ်မှလည်း ကြိုတင်မတွေးစဖူး။ မင်းထင်ဘိုဟာ သူမရဲ့ယောက်ျားဖြစ်တဲ့အတွက် သူမကလွဲရင် ဘယ်မိန်းမနဲ့မှ မဆိုင်တော့ဘူးလို့ ရိုးရိုးကြီး တွေးသိနားလည်ထားခဲ့သဖြင့် တခြားမိန်းမပျို တစ်ယောက်နှင့် မင်းထင်ဘိုကို တွဲလျက်တွေ့စရာအကြောင်းရင်းမျိုးလည်း ရှိတယ်မထင်ပေ။

သူမနှင့် မင်းထင်ဘိုဟာ လင်မယား။ ဟုတ်သည်။ ဒီလိုပဲ အားလုံးက သတ်မှတ်ထားသည်။ အိမ်တစ်လုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းကိုယ်စီ သီးသန့်ခွဲနေကာ လိုအပ်တဲ့စကားမျိုးတွေပဲ ပြောဆိုနေထိုင်ကြတဲ့ သူမတို့နှစ်ယောက်ဟာ ဘာပဲဖြစ်ဖြစ် ဇနီးနဲ့ခင်ပွန်း။ လင်မယားပဲ။

နုမျစ် အပေါ် မင်းထင်ဘိုက ဘယ်လိုဆူဆူငေါက်ငေါက် ဘာတွေပြောပြော နုမျစ် စိတ်ထဲ အမှုအမှတ်မရှိ။ သူညံ့တာ အသုံးမကျတာတွေကို ပြောတာပဲ။ ပြောခွင့်ရှိတယ်လို့ပဲ လက်ခံနာယူပါသည်။ သူ့ကို မင်းထင်ဘိုက သူချစ်မြတ်နိုးသလို မချစ်တာ မေတ္တာမထားတာကို သိနေသော်လည်း ဤအတွက်လည်း ရောင့်ရဲဖြေသာခဲ့သည်။

သူဟာ ကိုယ့်ယောကျ်ားပဲ။ အဲဒါဖြင့် ပြီးတာပဲ။ သူ့ဟာသူ ချစ်ချစ် မချစ်ချစ် သူဟာ နုမျစ် ချစ်တဲ့ ယောကျ်ား။ ဤသို့ အရာရာကို ကျေနပ်ခဲ့ပေမဲ့ နုမျစ် ဤအန္တရာယ်မျိုးကို ယောင်မှားလို့မှ စိတ်မကူးမိခဲ့ဖူးပေ။ ကိုယ့်ယောကျ်ားဖြစ်သူ မင်းထင်ဘိုကို တခြားမိန်းကလေးတစ်ယောက်နှင့် တွဲတွေ့ရလိမ့်မည်လို့ ဘယ်တုန်းကမှ မပူပင်ခဲ့။

ခုတော့ နုမျစ်သည် လမ်းလယ်ကောင်တွင်ရပ်လျက် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာပါသည်။ မမြင်ထိုက်





မမြင်အပ်ရာကို မြင်လိုက်ရသလို ခါးခါးသီးသီး စက်စက်ဆုပ်ဆုပ်နှင့် ဒေါသတကြီး ဖြစ်လာသည်။

ငယ်စဉ်က အဖေ့ထံမှ "ပြဿနာမ"အမည်တွင်ခဲ့ရသည်မှာ သူ့ကို သည်းမခံနိုင်လောက်အောင် ပြုမူတယ်၊ နှိမ်တယ် ခွဲခြားတယ် ထင်လျှင် သောင်းကျန်းတတ်တဲ့၊ ပြဿနာရှာတတ်တဲ့ နုမျစ်ရဲ့စရိုက်ကြောင့်ပင်။ တဖြည်းဖြည်း အသက်လေးရလာ၊ သူ့အခြေအနေလေးနဲ့သူ လူထဲဝင်ဆန့် တိုးလာလေလေ၊ နုမျစ်ရဲ့ ရန်လိုခြင်းတို့က မှေးမှိန်ပျောက်ကွယ်သွားခဲ့တာ။ နောက်ပိုင်းမှာတော့ နုမျစ်ကို နှိမ်ချကြည့်တဲ့သူ၊ နှပ်ချမည့်သူ၊ ကျပ်မပြည့်သလို ဆက်ဆံမည့်သူတွေ မရှိကြတော့တာမို့ နုမျစ်ဟာ အေးချမ်းမွန်ရည်သွားပြီး "ပြဿနာမ" မဟုတ်တော့တာပါ။

အခုတော့ နုမျစ်သည် ဟိုတုန်းက ခံပြင်းခြင်းမျိုး ဒေါသကြီးမှုမျိုး၊ တစ်မဟုတ်ချင်း သွေးထဲ၌ ပြန်လည်လှည့်ပတ်စီးလာသလိုပင်။ နှစ်ပေါင်းများစွာ "ဒေါသ"ဆိုတာ မရှိပဲ နူးညံ့နေခဲ့တဲ့ နုမျစ် တစ်ကိုယ်လုံး ဒေါသနှင့် တုန်လှုပ်လာတာပါ။ သူ့အပေါ် မင်းထင်ဘို နှပ်ပစ်ရက်တယ် ဆိုတဲ့ အသိမျိုး ကမူးရှူးထိုးဝင်သည်။ သူ့ကို ဂရုစိုက်ဖို့မလိုတဲ့ မိန်းမတစ်ယောက်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် အီးပေါ်လောမတစ်ယောက်လို သဘောထားလိုက်တာပဲ။

နုမျစ်သည် ထိုဆိုင်ရှေ့ ခြေလှမ်းကျဲများနှင့် ကမန်းကတန်း အပြေးလှမ်းသွားလိုက်ကာ ...

"ကိုမင်းထင်ဘို"

စူးစူးဝါးဝါး အသံကြောင့် မင်းထင်ဘို အလန့်တကြား လှည့်ကြည့်လိုက်မိသည်။ မင်းထင်ဘို နံဘေးမှ မိန်းကလေးကလည်း လှည့်ကြည့်သည်။

"ဟင် ... နုမျစ် ... မင်း ဘာလာလုပ်တာလဲ"

"နုမျစ် ... ကိုယ့်ဘာသာ ကိုယ့်ကိစ္စနဲ့ လာတာပါ၊ ရှင့်ကို လိုက်ချောင်းတယ်လို့များ ထင်လို့လား"

မင်းထင်ဘို မျက်ခုံးများ တွန့်တက်သွားကာ ...

"ဟာ ... ဘာတွေ လာပြောနေတာလဲ"

နုမျစ်ရဲ့ မျက်လုံးကြီးပြူးကာ ခက်ထန်နေသော ရုပ်လက္ခဏာက ဘေးလူတွေ သတိထားမိလောက်အောင်ပင် ကြောက်စရာကြီး။ မျက်နှာကြီး နီရဲကာ သွားတွေက စေ့နေသည်။ ဘေးလူတွေ တစ်ချက်အကဲခတ်ရုံနှင့် အိမ်ကယောက်ျားကို မိန်းမ





တစ်ယောက်နှင့် တွဲတွေ့ကာ ဒိန်းဒလိန်းနတ်ဖမ်း ပွဲကြမ်းတော့မည့် မိန်းမတစ်ယောက်ရုပ်လို သဘောပေါက်နိုင်သည်။

"ဘာတွေ လာပြောနေရမှာလဲ၊ ရှင် အခု ဘာလုပ်နေတာလဲ"

မင်းထင်ဘိုသည် ရှက်အားကြီး ရှက်ကာ ...

"ငါ့ဟာငါ ဘာလုပ်လုပ်၊ ကိုယ့်လမ်းကိုယ်သွား၊ ကျွတ် ... စိတ်ပျက်ဖို့ ကောင်းလိုက်တာ"

"သိတယ်လေ ... ရှင် စိတ်ပျက်တာ သိတယ်၊ နုမျစ် ဘယ်လိုပဲ ကောင်းအောင်လုပ်ပေးပေး၊ ရှင်က စိတ်ချည်း ပျက်နေတော့မှာပဲလေ၊ ရှင်က ဒီလိုကိုး၊ ဒါကြောင့် ဘယ်လိုပဲ မျက်နှာသာရဖို့ ကြိုးစားကြိုးစား အရာကို မထင်နိုင်တာ"

"တိတ်စမ်း နုမျစ်၊ မင်း မရှက်ဘူးလား၊ လူပုံအလယ်မှာ မင်း ကြမ်းတမ်းရိုင်းပျလှချည်လား၊ သွားကွာ၊ ပြန်တော့"

"ဟယ် ... ဘိုဘို"

ဘေးက မိန်းကလေးက ဝင်ပါဖို့ ကြိုးစားသည်။ မင်းထင်ဘိုက လှည့်ကြည့်ကာ ...

"အသာနေ သိတာ၊ ဝင်မပါနဲ့၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ဘိုသည် လမ်းမကြီးလယ်ကောင် မျက်ရည်တွေပါ အသွယ်အသွယ် စီးကျလာနေပြီဖြစ်သော နှမျစ်ကို စိတ်ပျက်ဒေါသထွက်စွာကြည့်ရင်း ...

"မင်း တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ မိန်းမကွာ၊ မင်းမှာ ဆင်ခြင်ဉာဏ်ဆိုတာ မရှိဘူး၊ ဆင်ခြင်တုံတရားဆိုတာ မသိဘူး၊ မင်းကို ဘယ်လိုအတွေးမှားနဲ့များ လက်ထပ်မိတယ် မသိဘူး၊ မင်းလည်း မင်းမောင်နှမ မိသားစုတွေလိုပဲ ကျပ်ပြည့်ပုံ မရပါဘူး၊ သိပ်ရှက်ဖို့ကောင်းတာပဲ"

မင်းထင်ဘိုရဲ့ စကားသည် နှမျစ် အသည်းနှလုံးကို ဓားတုံးတုံးနှင့် ကြိတ်လှီးလိုက်သလိုပင်။ နာကျင် နာကြည်းစွာ နှမျစ် မိုက်ခနဲ ယိုင်လဲမလို ဖြစ်ရသည်။ ဘာမှမပြောနိုင်တော့လောက်အောင် ရင်နာလာကာ ထိုနေရာမှ အရူးမတစ်ယောက်လို အပြေးတစ်ပိုင်း ထွက်လာခဲ့ပါသည်။

မုန်းတယ် ... မုန်းတယ်။ ကိုမင်းထင်ဘိုကို နှမျစ်မုန်းတယ်။ နှမျစ်ကို နှမျစ် အနာကြည်းဆုံးစကားနဲ့ စွပ်စွဲရက်တယ်။ ရှင်သိထားဖို့က နှမျစ် ကျပ်မပြည့်တဲ့မိန်းမ မဟုတ်ဘူး။ နှမျစ် လူကောင်း။ မလိမ်မိုး မလိမ္မာ မသိနားမလည်ခြင်းသာရှိတဲ့





မိန်းမတစ်ယောက်ပါ။ ခုတော့လည်း တဖြည်းဖြည်းနဲ့ ရှင်ဟာ အမွေရဖို့ တစ်ခုတည်းအတွက်သက်သက် နှမျစ် နှလုံးသားကို အရင်းအနှီးလုပ်ပြီး ရှင့်အကျိုးစီးပွား ရယူခဲ့တာပဲဆိုတာ သိပြီ။ လက်ထပ်ပြီးတာနဲ့ ရှင် ထမင်းနပ်မှန်စားရဖို့၊ လျှော်ဖွပ်မီးပူတိုက်ပြီးသား ဝတ်ရဖို့လောက်သာ နှမျစ်ကို ခိုင်းစေအသုံးချပြီး ကျန်တဲ့နေရာတွေမှာ အရာမသွင်း ချောင်ထိုးထားခဲ့တာပဲ။

နှမျစ်သည် ကားငှားစီးကာ အိမ်သို့ပြန်ရောက်လာသည်။ အိမ်ခြံဝမှာ စာပုံးထဲ စာအိတ်တစ်အိတ် တန်းလန်းတင်နေ၍ ဆွဲယူကြည့်တော့ မြို့ကလာတဲ့စာ။ ကြီးတော် လက်ရေး။ ကမန်းကတန်း ဖောက်ဖတ်သည်တွင် ...

"နှမျစ် ... သမီး၊

ညည်းအမေ နေမကောင်းလှဘူး၊ ညည်းကိုလည်း တွေ့ချင်တယ်။ ညည်းတို့လင်မယားလာဖို့ အဆင်ပြေတယ်ဆိုရင် ခပ်မြန်မြန်ပဲ လာခဲ့စေချင်တယ်။ ညည်းအဖေလည်း ခရီးသွားနေလို့ ဒီနေ့ပဲ လူကြုံနဲ့ ရအောင်မှာလိုက်တယ်။ ညည်းအမေ အခြေအနေကို ငါစိတ်မချဘူး။ ပြန်လာခဲ့ ပါဦး နှမျစ်ရယ်။

ကြီးတော်"



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်သည် စာကိုဆုပ်ကိုင်ကာ ကုလားထိုင်မှာ ဖစ်ပုံကျ၍ မောဟိုက်ပင်ပန်းနေလေသည်။ အမေ ... အမေနေမကောင်းဘူး။ အမေ့ဆီ သိပ်လာချင်တာ၊ သိပ်တွေ့ချင်တာပါ အမေရယ်။ ဒါပေမဲ့ ... မျက်နှာကြည့်နေရတဲ့ လင်ယောကျ်ားက ကြိုက်လားမသိ မကြိုက်လား မသိမို့ သမီးမိုက်ဟာ အမေ့ဆီလာဖို့တောင် မဝံ့ရဲခဲ့ဘူး။

လင့်မျက်နှာကြည့်ပြီး ပူတောင် မပူဆာကြည့်ရဲတဲ့ ဘဝပါ။ ဘာကိုပဲလုပ်လုပ် သူ ကြိုက်ပါ့မလား၊ သူကျေနပ်ပါ့မလားနဲ့ သူ့အရေးပဲ ရှေ့တန်းတင်နေမိခဲ့တယ်။ ဟိုးရင်ထဲမှာ အမေ့ဆီ နုမျစ် တကယ်လာချင်ပါတယ်။ စေ့စပ်ပွဲကတည်းက နေမကောင်းချင်လှတဲ့ အမေ့ကို ပြန်ကြည့်ချင်လှပါတယ်။ မျက်နှာသာမရတဲ့ လင်လုပ်သူကို မျက်နှာလုပ်နေရတာနဲ့ အမေ့ကိုတောင် လျစ်လျူရှုထားနိုင်သလို ဖြစ်ခဲ့တဲ့ နုမျစ်ကို ခွင့်လွှတ်ပါ အမေရယ်။

နုမျစ် အဝတ်အစားသေတ္တာ ကောက်ထည့် ပြင်နေချိန်မှာ မင်းထင်ဘိုက ကားကိုမောင်းကာ အိမ်ပြန်လာနေပါပြီ။ မျက်နှာထားကတော့ မောင်းတင်လာတဲ့ ရုပ်နှင့်ပင်။





သီတာက သူ့ကို ဖျောင်းဖျပါသည်။

“ဘိုဘိုရယ် ... နင်ကလည်း နင်ပဲဟယ်၊ သူတစ်ခွန်းမေးကတည်းက ကောင်းကောင်းဖြေလိုက် ပြီးနေတာပဲဟာ၊ ငါနဲ့စပ်တူ ဆိုင်ဖွင့်ထားတဲ့ ငါ့သူငယ်ချင်း မိုးအောင်နဲ့ ယူတော့မဲ့ သီတာလို့၊ ပြောလိုက်ရင် ရှင်းနေပြီ”

“မဟုတ်ဘူးဟာ၊ ဒီမိန်းမ အရူးမဟုတ် အကောင်းမဟုတ် လူကြားထဲ ငါ့ကို အရှက်လိုက်ခွဲတာကို ဒေါသဖြစ်တာ”

“နင်ပြောတော့ နင်ယူထားတဲ့ မိန်းမဟာ ကလေးသာသာ မအူမလည်ဆို၊ သူ အိမ်မှာ လုပ်တာကိုင်တာတွေ နင်ပြန်ပြောသမျှ ငါတို့ ရယ်နေကြရတာပဲ၊ ဒါမျိုးက အတော်အတန် ရင့်ကျက်တဲ့ မိန်းမတောင် သည်းခံနိုင်ရည်မရှိတဲ့ ကိစ္စမျိုးပါ၊ ငါတို့က နီးနီးကပ်ကပ်ရပ်ပြီး အထည်တွေကြည့်နေကြတော့ သူ ထင်မယ်ဆိုလည်း ထင်စရာဖြစ်လောက်တာပေါ့ဟယ်”

“ထင်စရာလား၊ မေးစမ်းပါဦးလား၊ ဟန်ပုံမပေါ်မှ ဘာလုပ်လုပ်ပေါ့၊ ခုတော့ နင်ရော ငါရောကို သောလူတွေက ဘာထင်မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာထင်ထင်ပါ၊ နောင် တွေ့ကြမှာမှ မဟုတ်တာ၊ ငါ တောင် စိတ်မဆိုးဘူး၊ နင်က စိတ်ဆိုးမနေပါနဲ့ဟာ၊ ငါ့ ကိုက နင့်ကို ခေါ်မိတာ မှားတာပဲ"

"မဆိုင်ပါဘူး"

"ကိုမိုးက သူ မအားလို့ နက်ဖြန်မှသွားဆိုတာ စောင့်လိုက် ရင် ပြီးရော၊ ဒီဆိုင်နဲ့ကလည်း ချိန်းပြီးသားဖြစ်နေ၊ သူတို့ ရက်ကန်းစင်က အဆင်သစ်ချိတ်တွေ ရောက်မယ်ဆိုလို့ ငါကလည်း သူများလက် ပါသွားမှာစိုးလို့ ဒီနေ့ သွားကို သွားရမှ ဖြစ်မိတာ နင် ကံဆိုးတာပဲဟာ၊ ငါစိတ်မကောင်း ဘူး"

"သွားစမ်းပါ၊ ငါ ကံဆိုးတာ မဟုတ်ဘူး၊ ဒီမိန်းမဟာ နလပိန်းတုံးကို နိုင်တယ်၊ နင်နဲ့က ကလေးတည်းက သူငယ်ချင်းပဲ၊ အတူသွားတော့ ဘာဖြစ်လဲ"

"အဲဒါကို နင့်မိန်းမက သိလို့လား၊ နင် ငါ့အကြောင်း ငါ့ နာမည် ပြောဖူးလို့လား၊ သူ့ပုံစံက သနားစရာပါဟယ်။ လုံးဝအထင်လွဲသွားရှာတယ်"

"ဦးနှောက်မှ မပါတာ"





မင်းထင်ဘို့ ဒေါနှင့် မောနှင့် အိမ်ကို ပြန်လာတာ ဖြစ်သည်။ အိမ်ရောက်တော့ ခြံတံခါးလည်းပွင့်၊ အိမ်တံခါးက လည်း ဟောင်းလောင်း။ အိမ်တံခါးမှ လှမ်းဝင်လိုက်လျှင် နုမျစ်ရဲ့ ငိုရှိုက်သံ ပလုံးပထွေးနှင့် ဖုန်းပြောနေတာကို ကြားလိုက်ရပါ သည်။

"နုမျစ် သူ့ကို မုန်းတယ် မဖွန်၊ နုမျစ် စိတ်နာတယ်၊ ဒါပဲ မဖွန်ရယ်၊ ပစ္စည်းတွေ ဒီအိမ်သာ လာယူလိုက်ပါတော့နော်၊ နုမျစ် အခုပဲ ကားဂိတ်သွားတော့မယ်၊ မိတ်ကားခေါက်နဲ့ လိုက်မယ်၊ ရတယ် မဖွန်၊ နေပါစေ၊ နုမျစ် သွားတာတ်ပါ တယ်၊ ဒါပဲနော်"

ဖုန်းချပြီး လှည့်လိုက်တဲ့ နုမျစ်သည် သူ့ကို ခါး ထောက်ရပ်ကာ တင်းမာစွာ စူးစိုက်ကြည့်နေတဲ့ မင်းထင်ဘိုကို မြင်လျှင် ဆတ်ဆတ်တုန်သွားပါသည်။

"ဒါ ... ဘာလဲ"

"... ... ..."

"မေးနေတယ်၊ ဒါ ဘာသဘောလဲ"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်သည် မျက်ရည်သာ တွေတွေကျလာသည်။ တကယ်တမ်း နှစ်ယောက်တည်း ရင်ဆိုင်တွေ့တော့ သူ့ကိုသတ်ချင်ဖြတ်ချင်လောက်အောင် မုန်းတီးခက်ထန်နေတဲ့ နုမျစ် စိတ်တွေ အညွန့်ကျိုးကျပြန်ကာ အရိုးထဲစွဲနေတဲ့ သူ့အပေါ်ရိုကျိုးခြင်းတို့က ဘာတစ်ခွန်းမှ နှုတ်လှန်မထိုးရဲအောင် လှကိုညှဲ့ဖျင်းစေပြန်သည်။

"မင်းဟာမင်း လုပ်ပုံအလယ် အရှက်မရှိ၊ ငါ့ကိုဟစ်အော်ရန်တွေ့၊ ဈေးလယ်ကောင် ငိုလိုငို ယိုလိုယို၊ လူတောင်သတ်မလိုလို စိတ္တဇရုပ်နဲ့ ပြောချင်ရာလည်းပြောပြီး ထွက်သွားသေး၊ အခု မင်းကပဲ ငါမရှိတုန်း ငါ့အိမ်ကဆင်းတယ်ပေါ့၊ မြို့ကို ပြန်မယ်ပေါ့၊ ဟုတ်လား"

နုမျစ်သည် စိတ်ကို အနိုင်နိုင်ဆောက်တည်ရင်း ...

"အမေ နေမကောင်းဘူး"

"တော်စမ်းပါ၊ မင်းအမေ နေမကောင်းတာ မင်းသိတာကြာပြီပဲ၊ တွေ့ကရော ကောက်ပြောမနေနဲ့၊ အေး ... မင်းသိအောင် ပြောထားမယ်နော်၊ မင်းစိတ် မင်းသဘောနဲ့ မင်းဟာမင်း ငါ့သဘောတူညီချက် မရပဲ အိမ်ကထွက်သွား





တဲ့ကိစ္စမှာ ငါကလိုက်ပြီး ဒူးထောက် ချော့မော့ပြန်ခေါ်မယ် မမျှော်လင့်နဲ့၊ မင်း အခု ဒီကထွက်ရင် မင်းနဲ့ငါနဲ့ အပြီးအပြတ်ပဲ"

နုမျစ်သည် မင်းထင်ဘိုကို မျက်ခုံးပင့်ကာ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်လိုက်သည်။ ပြောရက်လိုက်တာ ကိုမင်းထင်ဘိုရယ်။ အပြီးအပြတ်ပဲတဲ့။ ဒါပေါ့လေ၊ ရှင့်ရဲ့လက်ထပ်ထိမ်းမြားရခြင်း အကြောင်းရင်း ရည်ရွယ်ချက်က ပြည့်ဝသွားပြီကိုး။ မျက်ကန်းဘာ္သွေမကြောက် အချစ်စိတ်လေး အားကိုးနဲ့ ရှင့်ရင်ခွင်ထဲ ရောက်ခွင့်ရနိုးနိုး၊ အရှုံးတစ်ပိုင်း တိုးဝင်လာတဲ့ ဟောဒီမိန်းမတစ်ယောက်ဆီက ရှင် တကယ်လိုချင်တာက "အပြီးအပြတ်ဖြစ်မှု"ပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မဖွန်က နုမျစ်ကို သူမှာလိုက်သည့် ဘော်ကြယ်ပုတီးစေ့ထုပ်များ မင်းထင်ဘိုအိမ်၌သာ ကျန်နေတာမို့ ထိုညဦးမှာပင် လာယူပါသည်။ မင်းထင်ဘိုရဲ့ ဆီးကြိုရင်ဖွင့် ဒေါသသင့်တဲ့အသံတွေကို နားထောင်ကာ မဖွန် မျက်နှာက ရေခဲလို အေးစက်နေပါသည်။

"နုမျစ်ဟာ မလိမ်မိုး မလိမ္မာ၊ မသိနားမလည်၊ ဆင်ခြင်ဉာဏ်နည်းနည်းနဲ့ ကလေးလိုပါဆိုတာ အရင်ကတည်းက မင်း သိသားပဲ ဘိုဘို၊ မပြောပဲ ဖုံးထားတာမှ မဟုတ်တာ၊ သူ့မိသားစု အနေအထားကအစ တို့ ပြောပြခဲ့သားပဲ၊ ဒါတွေ မင်း ကြိုသိပြီးသားပါ ...





ဒါပေမဲ့ သူဟာ မင်းဇနီးတစ်ယောက်အနေနဲ့ သူ တစ်သက်လုံး မလုပ်တတ် မကိုင်တတ် နားမလည် အပေါက်အလမ်း မတည့်တဲ့ အရာတွေကို ကြိုးစားပမ်းစား လုပ်သွားရှာသားပဲ၊ မင်းရော အန်တီလေးတို့ရော နုမျစ် အဆင့်ဟာ ဒီလောက်ပဲရှိတယ် ဆိုတာ သိသိနဲ့ မင်းနှစ်ဆယ့် နှစ်နှစ် ပြည့်ကာနီးမှာ ယူဖြစ်အောင် ယူခဲ့တာပဲ မဟုတ်လား"

မင်းထင်ဘို မျက်နှာက မည်းသွားကာ ...

"မဖွန် ကျွန်တော့်ကို ဒီလိုပြောတော့ ကျွန်တော် ဘာဖြစ်သွားသလဲ၊ ကျွန်တော် သူ့ကို တစ်သက်လုံး သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ် ဆုံးဖြတ်ပြီး ယူခဲ့တာပါ၊ ဒီ တစ်ခဏလေးအတွက် အမွေရလိုမှုနဲ့ ကောက်ယူတာ မဟုတ်ပါဘူး၊ ကိုယ်ရမဲ့အမွေကို ရအောင်ယူတာက တစ်ကဏ္ဍပါ"

"ဟုတ်ပါတယ်၊ ဘိုဘို့ကိုလည်း မဖွန်က အဲလိုစွပ်စွဲတာ မဟုတ်ဘူး၊ ထိုက်သင့်သလို ခွင့်လွှတ်တတ်ဖို့ ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုဟာက လူပုံအလယ် မဆင်မခြင် ကျွန်တော် အရှက်ကွဲအောင် သိက္ခာချတယ်၊ သိပ်ရှက်စရာကောင်းတယ်၊ အော်ကြီးဟစ်ကျယ်နဲ့၊ အသိဉာဏ်မပြည့်စုံသလိုပဲ"

"မင်း ဘာကြောင့် သီတာဟာ ဘယ်သူပါလို့ ရှင်းမပြလဲ"

မင်းထင်ဘို ဘာပြန်ဖြေရမှန်း မသိပါ။ သူလည်းပဲ ချက်ချင်းပြောချလိုက်ရရင် ကောင်းသား ဆိုတာကို စိတ်တိုတိုနှင့် တွေးခဲ့မိပြီးပါပြီ။

"မင်း နုမျစ်ကို လက်ထပ်တာတော့ မင်းအကြောင်းနဲ့မင်း ဆုံးဖြတ်ချက်တွေ ရည်ရွယ်ချက်တွေ ရှိပါလိမ့်မယ် ဘိုဘို၊ နုမျစ် မင်းကို လက်ထပ်ခဲ့တာကကော ...။ တို့က ရှုးလို့လို့ ပြောခဲ့သေးတယ်၊ သူဟာ မင်းကို ချစ်တဲ့စိတ်ရှုးလေးတစ်ခုနဲ့ မျက်ကန်းတောတိုး လက်ထပ်တာ၊ နုမျစ် မင်းကို သိပ်ချစ်တာ မင်းသိရဲ့လား ဘိုဘို"

မင်းထင်ဘိုက ခဏငြိမ်သက်သွားပါသည်။

"တို့လေ ... ဖျက်လိုက်တာ ... ဖျက်ဆိုက်တာ၊ အန်တီလေးကိုလည်း ဖျက်တယ်၊ နုမျစ်တို့မိသားစုအကြောင်း စိတ်ပျက်ရင်လည်းပျက်လို့ဆိုပြီး ခရေစေ့တွင်းကျ ပြောဖျက်





တယ်၊ နုမျစ်တို့ဘက်ကိုလည်း မင်းရဲ့အားနည်းချက်ကို ပြောဖျက်ခဲ့တယ် ဘိုဘို"

မင်းထင်ဘို မျက်နှာနီမြန်းသွားပါသည်။

"ဘာလို့ဖျက်လဲဆိုတော့ ရှေ့ရေးအလားအလာကို မျှော်မြင်လိုက်တော့ နုမျစ်အတွက် ကောင်းဖို့မမြင်လို့ပဲ၊ ကိုယ့်ကို အချစ်လုံးဝမပါပဲ အကြောင်းတစ်ခုခုကြောင့်ယူတဲ့ယောကျ်ားတစ်ယောက်လက်ထဲမှာ မိန်းမတစ်ယောက်ဘဝဟာ ရေရှည်မလှပနိုင်ပါဘူး"

"ကျွန်တော် သူ့ကို စိတ်ဆင်းရဲအောင် မထားပါဘူး မစွန်"

မင်းထင်ဘို လေသံက ပျော့လာပါသည်။

"နုမျစ်ကလည်း သူ့ဟာနဲ့သူ ရှာကြံစိတ်ချမ်းသာနေတတ်တဲ့သူပါ၊ ဘာတွေ ဘယ်လိုအဆင်မပြေမပြေ၊ ပြုံးရွှင်ပြီး သူဟာ အမြဲရယ်မောနိုင်ခဲ့တယ်၊ သူအသုံးမကျလို့ မင်း ဆူပူငေါက်ငမ်းတာကို ကလေးလေးလို မာနမရှိ ငုံ့ခံပြီး ခဏနေပြေပျောက် ပျော်ရွှင်နိုင်တာပဲ၊ ဒါတွေ မင်းပြန်သတိရနိုင်ပါတယ် ဘိုဘို၊ ဒီကိစ္စတစ်ခုမှာပဲ သူဒီလောက်ထိ ကြမ်းတမ်းပေါက်ကွဲသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူ ဒီလို တစ်ခါမှ မလုပ်ဖူးပါဘူး"

"ဒီကိစ္စကျမှ ဒီလိုဖြစ်ရတာက သူ မင်းကို ချစ်လွန်းအားကြီးလို့ပဲလေ၊ ဆံတစ်ပင်တင်း ဆိုတဲ့ ခံစားချက်ကို သူ အဆင်အခြင်မရှိ ဖောက်ခွဲမိတာ၊ ဒါပါပဲ၊ ကဲလေ ... တို့လည်း ဒီထက်ပြောစရာ မရှိပါဘူး၊ ကျန်တာရှေ့လျှောက်က မင်းတို့ကာယကံရှင်တွေ သဘောပါ၊ မင်းတို့တွေ အိမ်ထောင်သည်တွေပဲ၊ ကိုယ့်အတွက် ကိုယ်စဉ်းစားတတ်ပါတယ်"

မဇွန်က သူ့တပည့်ကလေးနှင့်အတူ ထ,ပြန်တော့ရန် ဟန်ပြင်သည်။

"နေပါဦး မဇွန်၊ အခု သူလုပ်သွားတာ ကောင်းသလား"

"သူ ဘာလုပ်သွားလဲ"

"လူလယ်ကောင် သူပဲ အော်ဟစ်စွပ်စွဲတယ်၊ သူပဲငိုတယ်၊ သူပဲ ရန်တွေ့တယ်၊ အိမ်လည်းရောက်ရော သူပဲ အိမ်က ထွက်သွားတယ်၊ သူ မသွားခင် ကျွန်တော် တားတယ်နော်၊ ဒီလိုဖြဲ့သနာဖြစ်တာနဲ့ ခုလိုထွက်သွားစရာ မဟုတ်ဘူးဆိုတာ ပြောတယ်"





"ဒီတော့ သူက ဘာပြောလဲ"

"ပြောမရဘူးလေ၊ မြို့အထိပြန်မှာ၊ ဒါနဲ့ ကျွန်တော်က ပြောလိုက်တယ်၊ ကျွန်တော့်ဆန္ဒ မပါပဲ သူထွက်သွားတာ၊ လင်မယား ရန်ဖြစ်လို့ ဆင်းတယ်ဆိုတဲ့အချိုး၊ စိတ်လုပ်တယ်ဆိုတဲ့ သဘောပေါ့၊ ကျွန်တော်က သွားခိုင်းတာလည်း မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ထွက်သွားရင် လိုက်ချော့မခေါ်နိုင်ဘူးလို့ ကျွန်တော် ပြောလိုက်တယ်"

"နုမျစ်က ဘာကြောင့်သွားတယ်ဆိုတာ ဘိုဘို့ကို မပြောဘူးလား"

"သူကတော့ သူ့အမေ နေမကောင်းဘူးလို့ ပြောတာပေါ့"

"အဲဒါ ဟုတ်တာပဲဟာ၊ သူ့အမေ အသည်းအသန်ဖြစ်နေတာ ဒီနေ့ စာလာတယ်၊ ဒါကြောင့် သူ ပြန်ရောက်ရောက်ချင်း အဲဒီစာတွေ့ပြီး ချက်ချင်းကောက်ထွက်သွားဖို့ လုပ်တာပဲ၊ ဘိုဘို့ကို အကြောင်းရင်းမှန် ပြောသားပဲ ဘိုဘို၊ လင်မယား ရန်ဖြစ်လို့ စိတ်မလုပ်ကြေးဆိုရင် မင်း နုမျစ်ကို ကားဂိတ်လောက်တော့ လိုက်ပို့ပေးသင့်ပါတယ်၊ သူ့မှာ အထုပ်အပိုးတွေနဲ့၊ ပြီးတော့ ကားဂိတ်ဟာ မြောက်ဥက္ကလာပ



www.burmeseclassic.com

www.burmeseclassic.com



အထိ အဝေးကြီး သွားရတာ၊ သူ တစ်ယောက်တည်းလည်း တစ်ခါမှ သွားဖူးတဲ့နေရာ မဟုတ်ဘူး၊ မင်း ဘာလို့မပို့လဲ ဆိုတော့ တာဝန်မသိတာတော့ ဘယ်ဟုတ်မလဲ၊ မင်းရဲ့ဒေါသကို မင်းမထိန်းနိုင်သေးလို့ စိတ်ဆိုးနေလို့ဆိုတာ နားလည်ပါတယ်၊ နုမျှစ် အနေနဲ့လည်း စိတ်ဆိုးဒေါသမွန်ထူတဲ့အခါ မင်းလောက်တောင် ထိန်းနိုင်စွမ်းရှိပုံမဟုတ်ဘူးဆိုတာ နားလည်သင့်တယ်"

မင်းထင်ဘိုက ခေါင်းငိုက်စိုက် ကျနေပါသည်။

"ဘိုဘို"

မဇွန် အသံကြောင့် မင်းထင်ဘိုက မော်ကြည့်သည်။

"မင်းတို့နှစ်ယောက် အခုလက်ထပ်ခဲ့ကြတဲ့ကိစ္စမှာ ဘိုဘိုသာ အကျိုးရှိသင့်သလောက် ရှိခဲ့တယ်၊ နုမျှစ်မှာ ဘာအကျိုးတစ်ခုမှ မဖြစ်ထွန်းဘူးဆိုတာ တို့တွေ့ရတယ်၊ ယေဘုယျအားဖြင့် လက်ထပ်ခြင်းဆိုတာ အကျိုးရှိရာရှိကြောင်း မျှော်ကိုးပြီး လုပ်ကြရတဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး ...





ဒါပေမဲ့ တစ်စုံတစ်ယောက်အတွက် အကျိုးယုတ်စရာအထိ ဖြစ်လာမယ်ဆိုရင်တော့ ဒီလက်ထပ်ခြင်းဟာ မမှန်ကန်ဘူး၊ မင်းနဲ့ ချောင်းသာမှာဆုံပြီး မြင်မြင်ချင်း ချစ်မိတာဟာ နုမျှစ် ကံဆိုးခဲ့တာပဲ ဘိုဘို၊ ခွင့်ပြုရင် မဇွန် အကြံတစ်ခု ပေးချင်တယ်"

မင်းထင်ဘိုက မဇွန်ကို စေ့စေ့ကြည့်ရင်း ...

"ပြောပါ မဇွန်"

"မင်း နုမျှစ်ကို မြန်မြန်ကွာရှင်းပေးလိုက်ရင် နုမျှစ်အတွက် ကောင်းမယ်လို့ တို့ ထင်တယ်၊ သူ့ခမျာ တစ်ခုလပ်တော့ ဖြစ်သွားရှာမယ်၊ ဒါပေမဲ့ နုမျှစ် သိပ်ငယ်ပါသေးတယ်၊ နှစ်တွေ တော်တော်ကြာအောင် နုမျှစ် အနည်ထိုင် အချိန်ယူရှာပါစေ၊ ဒါမှ သူ့ဘဝကိုသူ အသစ်ပြန်စတင် ဖန်တီးဖို့ အရှယ်မီနိုင်လိမ့်မယ်၊ အကျိုးမရှိပဲ ဓာတ်ကိုမျှော်ထားခြင်းအားဖြင့် နုမျှစ်ဘဝကို မင်းမညှာတာရာ ကျပါလိမ့်မယ် ဘိုဘို၊ သူ့ဘက်က အချစ်ကြောင့် သူခံစားရ သုံးလေးနှစ်ပေါ့၊ ကြာရင် သူအနည်ထိုင်သွားပါလိမ့်မယ်၊ မင်းဘက်မှာတော့ ဘာမှအကျိုးယုတ်စရာ မမြင်ဘူး၊ ပို ကောင်းသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ဘိုက မဇွန်ကို စေ့စေ့ကြည့်၍ ငြိမ်သက်နေပါသည်။

* * *

အမေ့နံဘေးမှာထိုင်၍ အမေ့ကို ဘုရားစာရွတ်ပြနေရာမှ အမေ တဖြည်းဖြည်း အိပ်မောကျသွားသလို အသက်ရှူသံပြင်းပြင်းလေး ထွက်လာချိန်တွင် အပြင်ဘက်မှ ဆူဆူညံညံအသံတို့ကြောင့် နုမျစ် ကမန်းကတန်း ထ,လိုက်ပါသည်။

အမေ့ရင်ဘတ်ပေါ် မျက်နှာသုတ်ပဝါ အခေါက်ကလေး တင်ဖိပေးခဲ့၍ အခန်းတံခါးဖွင့်ထွက်ကာ မြန်မြန်ပြန်ပိတ်လိုက်သည်။ ရှားရှားပါးပါး အမေအိပ်မောကျ အနားရတဲ့ အခိုက်လေး လန့်နိုးမှာ စိုးရိမ်၍ ကမန်းကတန်း အောက်ထပ်ဆင်းပြေးလာခဲ့ပါသည်။

"သားရယ် ... တစ်ထောင်ပဲ ယူသွားပါ တိုးနှစ်ရယ်၊ ရုပ်ရှင်ကြည့်ပြီး ပြန်လာခဲ့ပါကွယ်နော်"





"ဟာ ... မရဘူး ကြီးတော်ကလည်း၊ လေးထောင်ပေး၊ ရုပ်ရှင်ကြည့်မယ်၊ ဘီလိယက်ထိုးမယ်၊ ညကျ ဘောလုံးပွဲသွားကြည့်ဦးမယ်"

"သားရယ် ... ကိုယ့်အမေလည်း နေမကောင်းဘူးကွယ်"

"အမေ နေမကောင်းလည်း ကျွန်တော်က ဆရာဝန်မှမဟုတ်တာဗျ"

အသံသြကြီးနှင့် အော်ဟစ်ကျိတ်ိုက်နေသော အစ်ကိုကိုလှေကားရင်း၌ရပ်ကာ နုမျစ် ခါးထောက်ကြည့်နေမိသည်။ သနားစရာလည်း ကောင်း၊ ဒေါသဖြစ်စရာလည်း ကောင်း။ အစ်ကိုရော အစ်မပါ နေ့လားညလား မသိသည့် အမေ့အတွက် စိုးရိမ်ပူပန်သောကရောက်ရကောင်းမှန်း မသိကြပါ။ နေမြဲတိုင်း စားမြဲတိုင်း။

အစ်ကိုက ပိုဆိုးသည်။ နေ့စဉ်နှင့်အမျှ ပိုက်ဆံတောင်းသည်။

"ကဲ ... သားရယ်၊ ထောင့်ငါးရာ ယူသွားလိုက်၊ ဘီလိယက်ခဏပဲထိုးပေါ့၊ အိမ်ပြန်လာနေဦး၊ တော်ကြာ အမေက တွေ့ချင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



"အမေက နေမှမကောင်းတာ မတွေ့ချင်ပါဘူး၊ ကြီးတော်နော်၊ ငွေလေးထောင်ပေးပါ ဆိုတာ"

"ထောင့်ငါးရာပဲ ယူပါ တိုးနှစ်ရယ်၊ ခုတလော မင်းအဖေလည်း အကုန်အကျ များနေတယ်၊ ကြီးတော်လည်း ထပ်ထပ်ခါခါ မတောင်းချင်ဘူးကွယ့်"

"ဟာ ... ကြာတယ်ဗျာ၊ လေးထောင်ပေးဆို ပေးဗျာ၊ မပေးဘူးလား"

"ငါ့နှယ် စိတ်ညစ်လိုက်တာ၊ ပြောလို့လည်း မရပါလား တိုးနှစ်ရယ်"

"ပေး ... အခုပေးပါ"

"ကြီးတော်"

နုမျစ်က လှမ်းခေါ်လိုက်၍ ကြီးတော် လှည့်ကြည့်သည်။ နုမျစ်ကို မြင်လျှင် ရှုံ့မဲ့ပြကာ ...

"နုမျစ်ရယ် ... ညည်းအစ်ကိုဟာ ..."

"နုမျစ် ကြားတယ် ကြီးတော်၊ တစ်ပြားမှ မပေးနဲ့"

တိုးနှစ် မျက်နှာက ခက်ထန်မဲ့ခွက် နီမြန်းလာသည်။ နုမျစ်သည် အစ်ကို့မျက်နှာထက် နှစ်ဆသာအောင် မျက်နှာခေါက်ကို တွန့်ခွက်ထားပြီး မျက်မှောင်တင်းတင်းကုတ်လျက် ...





"အစ်ကိုတိုးနှစ်၊ ပြောတာ ကြားလား၊ တစ်ပြားမှ မရဘူး၊ မပေးဘူး၊ အခန်းထဲပြန်ဝင်၊ အဝတ်ပြန်လဲပြီး အေးအေးစာဖတ်နေ"

"ဘာ"

"ဘာဆိုတာ မကြားဘူးလား၊ အမေ နေမကောင်းတုန်း ပြဿနာမဖြစ်ချင်နဲ့၊ ညီမလေး ပြောတာ ကြားတယ်နော်၊ တစ်ပြားမှ မပေးနိုင်ဘူး"

"အောင်မာ ... နင်က ဘာမို့လို့လဲ"

"နုမျစ်က အစ်ကို့ညီမပဲ၊ ဒါပေမဲ့ ပြောမရရင်တော့ မအေလို တုတ်ဆွဲရိုက်သင့် ရိုက်ရမယ်၊ နုမျစ် ပြန်ရောက်ကတည်းက ကြည့်နေတယ်၊ အစ်ကို ပိုက်ဆံသုံးအားကြီးတယ်၊ အဖေလည်း အသက်ကြီးပြီ၊ အမေ့ကို ဆေးကုနေရတာလည်း ကုန်ကျနေတယ်၊ အစ်ကို့ကို အခုကစပြီး တစ်နေ့မုန့်ဖိုး ငါးရာပဲ ပေးနိုင်မယ်၊ အဲဒါပဲ သုံးတော့"

"ငါတခြားသုံးစရာရှိတယ်၊ ငါးရာ မလောက်ဘူး"

"မလောက်လည်း ဒီထက်ပိုမပေးဘူး၊ ကြီးတော်ကိုလည်း အနိုင်မကျင့်နဲ့၊ နုမျစ် ပြောတာ ကြားတယ်နော်၊ အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြီး ခါးပတ်နဲ့ ရိုက်ပါလို့ နုမျစ်က ပြောရင် အဖေရိုက်မှာဆိုတာ သိတယ်မဟုတ်လား၊ ဒီနေ့လည်း ရုပ်ရှင်လည်း မကြည့်ရဘူး၊ ဘိလိယက်လည်း သွားမထိုးရဘူး၊ ဘောလုံးပွဲလည်း မကြည့်ရဘူး၊ ကိုယ့်အမေ အခြေအနေက အတော်မကျန်းမာနေတာ အစ်ကို နားမလည်ဘူးလား"

"နင် ငါ့ကို ဆရာ မလုပ်နဲ့"

"နုမျစ် ဒီကိုပြန်လာတာလေ၊ ဆရာလုပ်ဖို့ ပြန်လာတာ၊ အစ်ကို့ကိုရော အစ်မကိုရော ဆရာလုပ်မှာပဲ၊ နှစ်ယောက်လုံး နုမျစ် စကား နားထောင်ရမယ်၊ နားမထောင်ရင် နုမျစ်နဲ့ တွေ့မယ်"

နုမျစ် နှုတ်မှ ကျယ်လောင်မာကျောသော အသံကို နားထောင်ရင်း အစ်ကို ပါးစပ်အဟောင်းသားဟ,ကာ အနည်းငယ် ပျော့လာသည်။

"မုန့်ဖိုးငါးရာ မယူရင်နေ၊ နုမျစ် စကား နားမထောင်ရင် ပိုက်ဆံဖြတ်မယ်၊ တစ်ပြားမှ မရဘူး၊ အစ်ကိုသိထားဖို့က အခုကစပြီး အစ်ကိုရော အစ်မရော နုမျစ်စကား နားထောင်ရမယ်၊ နားမထောင်ရင် ထောင်မဲ့နည်း သုံးရလိမ့်မယ်"





"ဘာနည်းလဲ"

"နည်းပေါင်းစုံ ရှိတယ်၊ နုမျစ် ရန်ကုန်က ပြန်လာတာဆိုတာ သိတယ်မဟုတ်လား၊ ရန်ကုန်မှာတောင် လူလည်လုပ်နိုင်လာတာ၊ ဒီမှာတော့ အပျော့ပဲ၊ ကဲပါ ... တစ်ခွန်းပဲဖြေပါ၊ အစ်ကို ငါးရာယူပြီး ကောင်းကောင်း တိတ်တိတ်ဆိတ်ဆိတ် နေမလား၊ တစ်ပြားမှ မယူဘဲ ဒဏ်ပေးခံမလား"

"ဘာလို့ ဒဏ်ပေးခံရမှာလဲ၊ ကြီးတော်ကလည်း ငါ့ကို ထောင့်ငါးရာပေးမယ် ပြောပြီးသား"

"ပြောပြီးလည်း မပေးရဘူး၊ မပေးနိုင်ဘူး"

အစ်ကိုသည် သူ့ရဲ့ အနည်းငယ် ရှေ့ခေါချင်သောသွားတို့နှင့် အောက်နှုတ်ခမ်းကို ကိုက်ထားရာမှ ဖြေလွှတ်လိုက်သည်။ တင်းမာရူးရှ ဝင်းပြောင်တဲ့ နုမျစ် မျက်လုံးဒဏ်ကိုလည်း မခံနိုင်။ သူ့ကို မအော်စဖူး အော်ဟစ်ဒေါသကြီးနေသော ညီမကို တစ်ချီတည်းနှင့်ပင် အာမခံရဲ့ပဲ ချီတုံချတုံ ဖြစ်နေသည်။ မျက်လွှာချလိုက်၊ ပြန်ပင့်ကြည့်လိုက်၊ ဂနာမငြိမ်နှင့် ဘာကိုလန့်မှန်းမသိ လန့်နေပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ညီမ ဒီလိုကြမ်းတမ်းဟစ်အော်မည် ထင်မထားပဲ ဝင်အော်တာ ခံလိုက်ရ၍ အူကြောင်ကြောင်နှင့် မရွံ့မရဲ ဖြစ်လာသည်။ သူဟာ နုမျစ် စကားကို တကယ်ပဲ နာခံရတော့မှာလား၊ ဝေခွဲမရပုံနှင့် ပေရပ်နေသည်။

"အစ်မ"

နုမျစ် အသံကျယ်ကြီးကြောင့် အစ်မသည် ချောင်းကြည့်နေရာမှ အပြေးထွက်လာကာ နုမျစ် ရှေ့သို့ လာရပ်လေသည်။

"ဒီနေ့ကစပြီး အစ်ကိုရော အစ်မရော တစ်နေ့ကို တစ်ယောက်မုန့်ဖိုး ငါးရာ၊ သဘောပေါက်လား"

"အင်း ... အင်း"

"နုမျစ် စကား နားမထောင်ရင် တကယ်တုတ်နဲ့ရိုက်ပစ်မယ်၊ အမေ နေမကောင်းတဲ့အချိန်မှာ ပြဿနာလုပ်တာ ဂျီကျတာ ရစ်တာတွေ၊ ဆူပူသောင်းကျန်းတာတွေ လုံးဝ မလိုချင်ဘူး၊ အခန်းထဲပိတ်ပြီး သော့ခတ်ထားပစ်မယ်"

"ငါ နင့်စကား နားထောင်ပါ့မယ်"

အစ်မက ခပ်မြန်မြန် ကတိပေးသည်။

"ကြီးတော် ... အစ်မ လိမ္မာတယ်၊ ငါးရာပေးလိုက်ပါ"





ကြီးတော်က ငါးရာ ထုတ်ပေးလိုက်ရာ အစ်မက ဝမ်းသာအားရယူပြီး သူ့အခန်းသူ ပြေးဝင်သွားသည်။ အစ်မသည်လည်း သူ တကြွပ်ကြွပ်စားနေရဖို့ သားရေစာဖိုးကုန်သည်။

"ဘာဆူညံသံမှ မကြားချင်ဘူးနော် အစ်ကို၊ ကြားတယ်နော်"

"ငါ့ကို ငါးရာပေးဦး"

"မုန့်ဖိုးပဲနော်၊ အိမ်ကထွက်ပြီး ရုပ်ရှင်ကြည့် ဘီလိယက်ထိုး ဘောလုံးပွဲကြည့်တာတွေ ဒီရက်ထဲ လုံးဝမလုပ်ရဘူး၊ အမေ နေမကောင်းဘူး၊ အစ်ကို နားလည်လား၊ ကြီးတော်ကိုလည်း လုံးဝပိုက်ဆံမတောင်းပါနဲ့"

မေးခွန်းထုတ်လိုက်တဲ့ နုမျစ် အသံက ငိုသံပါ၍ တုန်သွားသည်။ အစ်ကိုက နုမျစ်ကို တအံ့တဩ တွေကြည့်နေသည်။ သူ့အဆူအအော် ခံနေရတာကို မနှစ်သက်သော်လည်း ပြန်လှန်ရဲခြင်းတော့ မရှိ။ ဗိုလ်ကျလို့ရတဲ့သူ့အပေါ်သာ ကျတာဖြစ်ပြီး၊ ဟန်ပုံမပေါ်တဲ့အခါ ရှိန်ရှိန်ကြောက်ကြောက် ဖြစ်နေသည်။

"ကြီးတော် ... အစ်ကို့ကို ငါးရာပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်ဆီက ငါးရာတန်ကို တိုးနှစ်က မကျေမချမ်း လှမ်းဆွဲယူသည်။

"ကိုယ့်အခန်း ကိုယ်သွား၊ အကျီပြန်လဲပြီး တိတ်တိတ်ဆိတ်ဆိတ်နေပါ အစ်ကို၊ နုမျစ် ပြောတာ ကြားတယ်နော်၊ ဘာသံမှ မဆူညံပါနဲ့၊ အမေ ခုမှ အိပ်ပျော်တယ်၊ အဖေ ပြန်လာရင်လည်း နုမျစ် အစ်ကို့အကြောင်း မတိုင်ချင်ဘူး"

အစ်ကိုက စိတ်လျှော့ချလိုက်ပုံဖြင့် နုမျစ်ကို ချက်ချင်း လက်တွဲပူးပေါင်းဟန်ပြရင်း ...

"အဖေ မကောင်းဘူးဟ"

"ဘာဖြစ်လို့လဲ"

"တခြားက သူ့မိန်းမလေ"

"အင်း"

"ဒီကို ပါလာတယ်"

"ဟုတ်လား ... ဘယ်မှာလဲ"

"တည်းခိုခန်းမှာ ထားထားတယ်တဲ့၊ အမေသေရင် သူက ဒီအိမ်ပေါ် တက်လာမှာလို့ ပြောတယ်ဟ"

"ဘယ်သူက ပြောလဲ"





"မြို့ထဲက တခြားလူတွေ ပြောကြတယ်"

နုမျစ်က တင်းမာထားသော မျက်နှာကို ဖြေလျှော့ လိုက်သည်။

"ကဲ ... အစ်ကိုလည်း အေးအေးဆေးဆေးသာနေ၊ အမေ ဘယ်လောက်သနားဖို့ ကောင်းသလဲ အစ်ကိုရယ်၊ ဝေဒနာ ခံစားနေရတယ်၊ အစ်ကို ဒီရက်အတွင်း လိမ်လိမ်မာမာနေ သင့်တယ်"

နုမျစ် ပြန်ရောက်လာချိန်မှာ အစ်ကိုရော အစ်မရော ဟာ အရင်ကထက်တောင် ဆိုး၍ ဘာမှမသိတတ်၊ နားမလည်တတ် တွေ ဖြစ်နေကြသည်။ နှစ်ရှည်လများ တာဝန်မဲ့ အသိမဲ့ နေထိုင် လာကြပုံဟာ အရိုးစွဲ၍ ရင့်ရော်နေပြီ။ အစ်မက သနားစရာ ကောင်း၍ အစ်ကိုက တစ်ခါတစ်ခါ စိတ်တိုစရာ ကောင်းသည်။

အမေ့ရောဂါဟာ ကင်ဆာဟု သိရသည်။ နုမျစ် ပြန်ရောက်သည်နှင့် အမေဟာ ရက်ရှည်မခံတော့ဘူးဆိုတာ သိခဲ့ရ သည်။ ဒါကြားထဲ တောက်လျှောက် နေမကောင်းတာ သိသိသာ သာ အမေ့ထံမှ သိရကတည်းက အဖေလည်း ကုသရှာပါသည်။ ငွေကုန်ကြေးကျခံကာ ဆေးတွေဝယ်ပါသည်။ နေဦး အဖေလည်း အမေ့ကို ကြည့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ထားရက်ဖြစ်၍ မြို့မှာ ပြန်ရောက်နေသော နေဦးကလည်း နှမျစ် ပြန်ရောက်တဲ့ရက်က သတင်းကြား၍ တစ်ကြိမ် လာကြည့်သည်။ နှမျစ်သည် ဒီကိုပြန်ရောက်ကတည်းက သူလူကြီးလုပ်ရမည်ကို နားလည်သည်။ အဖေက ငွေနှင့် ကူညီပေးနိုင်သော်လည်း သူ့အလုပ်တစ်ဖက်နှင့် ဂရုစိုက်၍တော့ မကြည့်နိုင်။ ကြီးတော်ကလည်း ခုချိန်မှာ နှမျစ်လောက်မှ ဗဟုသုတ မရှိသူ ဖြစ်နေပါသည်။ ညွှန်ကြားသလို ဂရုစိုက်ပြုစုပေးဖို့ စေတနာသာ ရှိသည်။

နှမျစ် နေရာတကာ၌ပါကာ ရုတ်တရက် မိခင်လို အုပ်ချုပ်ကိုင်တွယ်ရသည်။ နှမျစ် မျက်နှာသည် မိန်းမကြီးတစ်ယောက်လို မျက်နှာကြောတင်းတင်းနှင့် တင်းတည်ရင့်ကျက်နေလေသည်။ နေဦးကပင် ...

“နင် အရမ်းပြောင်းလဲသွားပြီ နှမျစ်ရ၊ နင်က လူကြီးမကြီး တစ်ယောက်လိုပဲ”

ထိုလူကြီးမကြီးသည် တစ်အိမ်လုံးကို ရုတ်တရက် အပိုင်ကိုင်တွယ်ကာ ဩဇာအာဏာသိမ်းယူလိုက်ပါသည်။ ကြီးတော်ကအစ နှမျစ် ဩဇာအောက် ရောက်သွားခဲ့သည်။ အဖေသည်





အိမ်ပြန်လာချိန်တွေမှာ ငြိမ်ဝပ်၍ စနစ်တကျ အေးချမ်းနေတဲ့ အခြေအနေကြောင့် အံ့အားတသင့် ဝမ်းမြောက်နေပုံရလေသည်။

တစ်အိမ်လုံးရဲ့ ချက်ရေးပြုတ်ရေး စားရေးသောက်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေး ကျန်းမာရေး အစရှိရှိသမျှအားလုံးကို နှမျစ် စီမံခန့်ခွဲကိုင်တွယ်ထား၍ အဖေသည်ပင်လျှင် နှမျစ်ကို စကားပြောဆိုတာ လေသံပြောင်းလဲခဲ့ပါသည်။ သဟောက်သဟန့် ပြောဆိုတတ်တဲ့ အဖေဟာ နှမျစ်ကို လူကြီးတစ်ယောက်လို အရာထား၍ တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေး ပြောဆိုတတ်လာသည်။

အမေ့အခြေအနေကလည်း တစ်နေ့တခြား ပိုပိုဆိုးဝါးနေပါသည်။ မစားနိုင် မသောက်နိုင် ကြုံလှီနေ၍ နာကျင်ခြင်းဝေဒနာကို ခံစားနေရသော အမေ့ကို ကြည့်မိတိုင်း မနက်ဖြန်၌ အမေ မရှိနိုင်တော့လို့ ထင်မိသည်။ လူကြီးမကြီးလို တင်းဆည်ထားသော နှမျစ်သည် အမေ မှိန်းနေစဉ် အမေ့လက်ဖဝါးလေးကို ပါးမှာကပ်လျက် မျက်ရည်တွေတွေကျကာ တအီအီ အသံတိတ် ရှိုက်နေတတ်ပုံမှာ ကလေးငယ်တစ်ယောက်ကဲ့သို့တည်း။

“အမေ့ကို နှမျစ် တစ်ခုလောက် မေးချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နုမျှစ်"

"အဖေ့မိန်းမကို ဒီခေါ်လာတယ်ဆိုတာ ဟုတ်သလား အဖေ၊ ပြီးတော့ ဒီအိမ်ပေါ် ခေါ်တင်မယ် ဆိုတာရော ဟုတ်သလား"

အဖေက တစ်ခဏ တုံ့နေပြီးမှ ...

"ဟုတ်တယ် သမီး"

"ဘာဖြစ်လို့လဲ အဖေ၊ နေမြဲတိုင်း နေစေလို့ မဖြစ်ဘူးလား"

"အမေလည်းဆုံးရော နောက်မိန်းမ ခေါ်တင်ရောဆိုတဲ့ အဖြစ်က ကြားရရုံနဲ့တော့ ဘေးလူတွေအတွက်ရော သမီးတို့အတွက်ရော နားထဲ အဝင်ဆိုးပြီး ကြမ်းတမ်းနေလိမ့်မယ်၊ ဒါပေမဲ့ အဖေတို့မိသားစုရေး အခြေအနေနဲ့က ဒါဟာ အသင့်တော်ဆုံးပဲဆိုတာ သေချာစဉ်းစားရင် နုမျှစ် သဘောပေါက်လိမ့်မယ်လို့ အဖေ ထင်တယ်"

နုမျှစ်က အဖေ့ကို ငေးကြည့်နေသည်။

"တင်တင်ရီက စိတ်ထားကောင်းပါတယ်၊ အဖေ့သြဇာလည်း ခံပါတယ်၊ သမီးမောင်ကလေး ဇာနည်ကိုလည်း သမီးတွေ့ရင် သဘောကျမှာပါ"

"ဇာနည်တဲ့လား အဖေ"





နုမျှစ် ရင်ထဲ၌ လှုပ်ခနဲ ဖြစ်သွားလေသည်။

"မြို့နှစ်မြို့မှာ အိမ်နှစ်အိမ်ထောင် ထားနေတဲ့အတွက် ငွေအပိုလည်း ကုန်တယ်၊ ပြီးတော့ သမီးကြီးတော်ဟာလည်း တိုးနှစ်ကို နိုင်တာမဟုတ်ဘူး၊ ဒီအိမ်မှာ အဖေပဲပြန်ပြီး အုပ်ချုပ်ရမယ် မဟုတ်ဘူးလား နုမျှစ်"

"နုမျှစ်လည်း ရှိပါသေးတယ်"

"နုမျှစ်က အိမ်ထောင်သည်လေ၊ အချိန်တန် အိမ်ပြန်ရမယ် မဟုတ်လား"

နုမျှစ် ငိုင်ငေးနေမိသည်။ ရင်ထဲ ဆို့နင့်လာသည်။ အဖေ့ကိုရော ကျန်ဘယ်သူ့ကိုမှ နုမျှစ် ဖြစ်ပျက်လာခဲ့တာကို ပြောမပြပါ။ စာရေး၍ နုမျှစ် ထ,လိုက်လာသည်လို့ပဲ အားလုံး အလွယ်တကူ လက်ခံထားကြသည်။ လိုက်ပြီး ဒူးထောက်ချော့မော့ ပြန်ခေါ်မယ် မမျှော်လင့်နဲ့၊ မင်း ဒီကထွက်တာနဲ့ မင်းနဲ့ငါ အပြီးအပြတ်ပဲ ဆိုတဲ့ စကားလုံးများကို နာကျင်စွာ ပြန်လည်ကြားယောင်ပါသည်။

အပြီးအပြတ်ပဲတဲ့။ အဖေက နုမျှစ် ဒီမှာမနေနိုင်ဘူး ထင်ပေမဲ့ နုမျှစ်ကတော့ ဒီမှာပဲ ရှိနေရတော့မှာပါ အဖေရယ်။



www.burmeseclassic.com

www.burmeseclassic.com



"တင်တင်ရီတို့ သားအမိကိုပါ ဒီမှာပေါင်းပြီး အတူနေလိုက်ကြခြင်းအားဖြင့် ကောင်းကျိုးတွေကို သမီးစဉ်းစား၊ စရိတ်စက နှစ်အိမ်ထောင်စာ မကုန်ကျတော့ပဲ သက်သာမယ်၊ အဖေလည်း ခရီးထွက်စရာ ကုန်ရောင်းကုန်ဝယ်လုပ်စရာရှိရင် တစ်ရက် နှစ်ရက်ပဲ အိမ်ကခွာမယ်ဆိုတော့ အိမ်ကို မျက်ခြည်မပြတ်ဘူး၊ အရင်လို ဒီမြို့တစ်လှည့် ဟိုမြို့တစ်လှည့် နေမယ်ဆိုရင် သမီးရဲ့ အစ်ကိုအစ်မတွေအပေါ် အဖေ အာရုံလျော့မှာပဲ၊ ပြီးတော့ တင်တင်ရီဟာ စဉ်းစားဆင်ခြင်ဉာဏ်နဲ့ တတ်သိနားလည်တဲ့ အိမ်ရှင်မတစ်ယောက်ပဲ၊ ကြီးတော်ထက်လည်း အများကြီးသာတယ်၊ အရည်အချင်းရှိတဲ့ အိမ်ရှင်မတစ်ယောက် အုပ်ချုပ်စီမံတဲ့ အိမ်ဟာ သာယာချမ်းမြေ့မှာပဲ၊ တစ်ခုပဲ ရှိတယ်"

နုမျစ်သည် ခံစားချက် ထုံထုံဟုန်ဟုန်နှင့် ငြိမ်နားထောင်နေဆဲ။ အဖေ ပြောနေတဲ့ အချက်အလက်တို့ဟာ အမှန်တွေချည်းပဲ။

"အဲဒီတစ်ခုက ဘေးပတ်ဝန်းကျင်နဲ့ သမီးတို့က တွေးစရာပါ၊ တင်တင်ရီဟာ မိထွေး၊ မိထွေး ဆိုတာဟာ ဆိုးမလား၊ နှိပ်စက်မလား၊ လက်ဝါးကြီးအုပ်မလားပေါ့၊ တင်တင်ရီ





ဟာ အဲသလို လုံးဝမဟုတ်ဘူးဆိုတာ အဖေ ကြိုပြောရင်ကြားရရုံပဲ၊ နောက်တော့ နုမျစ် တွေ့လာလိမ့်မယ်၊ အိမ်ရဲ့အခြေအနေ အနေအထားဟာ ပြီးခဲ့တဲ့ကာလတွေထက်တိုးတက်ကောင်းမွန် အဆင်ပြေလာလိမ့်မယ်"

နုမျစ် နားလည်သဘောပေါက်သည်။ အဖေ့စကားတွေက တရားနည်းလမ်းလည်း ကျသည်။

"အဖေမှာ သားသမီး လေးယောက်ရှိတယ်၊ ရှိသမျှ ပစ္စည်းဥစ္စာကတော့ သားသမီးလေးယောက်အညီအမျှပဲ၊ ဓာနည်ဟာဆယ်နှစ်ကျော်ပြီ၊ ဓာနည်ကို အဖေဘယ်လောက်အားကိုးအားထား မျှော်လင့်ရည်မှန်းထားမယ်ဆိုတာ သမီးတွက်ကြည့်စမ်း နုမျစ်၊ မောင်လေးကိုဆီးကြိုနွေးထွေးစေ့ချင်တယ်"

နုမျစ် ခေါင်းညိတ်လိုက်ပါသည်။

"ဓာနည့်ကို တွေ့ချင်ပါတယ် အဖေ"

အဖေသည် ချက်ချင်းပင် တပည့်တစ်ယောက်လွှတ်ကာ မြို့လယ်တည်းခိုခန်းမှ ဓာနည့်ကို သွားခေါ်ခိုင်းလိုက်ပါသည်။ ခဏအတွင်း ပြန်ရောက်လာသော တပည့်နှင့်အတူ ပါလာသည့် သန့်စင်ဖြူဖွေးကာ ရင်သပ်ရှုမော် ချောသန့်ထက်မြက်ပုံရသော ဓာနည့်ကို ငေးကြည့်တွိရင်း နုမျစ် မျက်ရည်လည်မိသည်။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေလည်း ချောပေလိမ့်မည်။ အဖေကလည်း ချောသည်ဖြစ်၍ ကလေးငယ်ဟာ ရုပ်က သန့်ပြန့်ချောမောလှသည်။ အသားက ဖြူဖြူဖွေးဖွေး။ မျက်လုံးနက်ကြီးတွေက ရူးစမ်းထိုးထွင်းဟန်၊ နှာရွက်ကားကားလေးက ဉာဏ်ရည်ကျယ်ပွင့်ဟန်။ သူသည် အဖေ့ထံ ပြေးဝင်အပြီး နုမျစ်ကို ပြုံးကြည့်နေသည်။

တစ်ထိုင်တည်း၌ပင် နုမျစ် ရင်ထဲ၌ ချစ်ခင်စိတ်တွေနှင့် မွှန်းသီးသွားရသည်။

"မောင်လေး ... လာပါဦး"

မောင်အရင်းလေးပေပဲ။ ဂုဏ်ယူလောက်မဲ့ ကလေး။ အဖေ့ မျှော်လင့်ချက်ကလေးရယ်ပေါ့။

"အစ်မရေ ... ငါတို့မောင်ကလေး ရောက်နေတယ်၊ လာကြည့်စမ်း"

နုမျစ် အော်ခေါ်သံမှာ လိုဏ်စည်၍ ရွှင်ပျအားပြည့်လှသည်။

* * *





၁၃

အမေ့အသုဘဟာ မြို့ကလေးအနေနှင့် စည်ကားလှသည်။ ကရုဏာနှင့် လာကြည့်သူတို့ ပါသည်။ အိမ်တွင်းရေးကို အကဲခတ်ချင်၍ ရောက်လာသူတွေပါသည်။ ဒေါ်တင်တင်ရီသည် အမေဆုံးတဲ့ မနက်မှာပင် အိမ်ပေါ်ရောက်လာသည်။ အသုဘအိမ်တစ်အိမ်၏ များမြောင်လှသော ကိစ္စဝိစ္စ ကျွေးမွေးဧည့်ခံရေးတို့၌ တာဝန်ယူ ကိုယ်တိုင်ကိုယ်ကျ စီစဉ်လေသည်။

ဒေါ်တင်တင်ရီ အပေါ် နုမျစ် ဆက်ဆံပုံကို အရိပ်တကြည့်ကြည့် အတုခိုး၍ အစ်ကို၊ အစ်မ၊ ကြီးတော်တို့ကလည်း အလိုက်တသင့် ရှိသည်။ အမေ့ကို ဆုံးရှုံးလိုက်ရခြင်းတစ်ခုကလွဲ၍ အိမ်ရဲ့အခြေအနေတာ ကျေနပ်ဖွယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို သင်္ဂြိုဟ်မည့်နေ့တွင် နုမျစ် မင်္ဂလာဦးက ကန်တော့လိုက်သော ပိုးချိတ်လုံချည် အင်္ကျီ ပဝါတို့နှင့် ဆင်ယင်ထား၍ အမေ့တစ်သက်တွင် ခန့်ခန့်ညားညား ကျက်သရေအရှိဆုံး ပုံစံပင် ဖြစ်တော့သည်။ အသုဘချမဲ့ မနက်တွင် အိမ်ရဲ့ဧည့်ခန်းထောင့်၌ ကျုံ့ကျုံ့ထိုင်၍ မျက်ရည်ပေါက်ကြီးတွေ အသီးလိုက်အသီးလိုက် ကျနေသော နုမျစ် အနား ဒေါ်တင်တင်ရီ ရောက်လာကာ ...

"နုမျစ် ... ရော့၊ နို့လေးတစ်ခွက်တော့ သောက်လိုက်၊ မူးမိုက်နေမယ်"

နုမျစ်က နို့ဖန်ခွက်ကို လှမ်းယူလိုက်ပါသည်။

အမေ ... အမေရယ် ...။ ရှိနေစဉ်ကလည်း အမေ့အပေါ် မှီခိုပုံအပ် အားကိုးလို့ မရခဲ့သူမျိုး ဖြစ်ပေမဲ့ မရှိတော့တဲ့အခါမှာ ဆုံးရှုံးရခြင်းကတော့ တန်ဖိုးကြီးလှပါသည်။ အမေဟာ နုမျစ် တစ်ယောက်အတွက်တော့ စိတ်ချလက်ချ ရှိသွားရှာသည်။ အမေ စိတ်ချစိတ်အေးရတဲ့ သမီးရဲ့အဖြစ်မှန်ကို အမေ သိမသွားဘူးနော်။

"ဧည့်သည် လာတယ် ... ဧည့်သည်"





အိမ်ရှေ့မဏ္ဍပ်က အသံကြောင့် ဒေါ်တင်တင်ရီကပဲ ခပ်သုတ်သုတ် ထွက်သွားပါသည်။ ခဏအကြာ ဒေါ်တင်တင်ရီ ပြန်ဝင်လာချိန်တွင် သူ့နောက်၌ ဧည့်သည်ပါလာသည်။ ဒေါ်တင်တင်ရီ့လက်၌ ဧည့်သည်၏အိတ် ဆွဲကိုင်လာလျက် ...

"နုမျစ်"

နုမျစ် မော်ကြည့်လိုက်လျှင် ...

"နုမျစ် ယောကျ်ား လာတယ်"

နှလုံးခုန်များ ရပ်သွားသလား ထင်မိအောင် နုမျစ် တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားပါသည်။ ဒေါ်တင်တင်ရီက အိတ်ကို အိမ်တွင်းခန်းထဲ တစ်ခါတည်း ဆွဲယူသိမ်းသွားသည်။ ကြောင်တက်တက် ရပ်လျက်ရှိသော မင်းထင်ဘိုနှင့် အတောင့်လိုက် ထိုင်လျက်ရှိသော နုမျစ်တို့ တစ်ယောက်ကိုတစ်ယောက် အကဲခတ် စိုက်ကြည့်နေမိကြသည်။

အကြည့်ဟာ အကြာကြီး။ မျက်ဝန်းနှစ်စုံထဲက အရိပ်အငွေ့ချင်းဟာ ကူးလူးယှက်သွယ်နေသည်။ အသံတိတ်နှင့် စကားများစွာ ဆိုနေသကဲ့သို့။ မင်းထင်ဘိုက နုမျစ် အနားသို့ ဖြည်းညင်းစွာ လာရောက်ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က သတင်းစာထဲပါတာ ညဘက်မှ တွေ့တယ်၊ ဒါနဲ့ ဒီမနက်အစောကြီးကို အမိကားမောင်းလာတာ"

"ကျေးဇူးတင်ပါတယ်"

သတင်းမေးလာသူတိုင်းအား ပြောနေကျစကားနှင့်သာ တုံ့ပြန်မိသည်။ ဝမ်းနည်းခြင်းမက ပိုပြီးဝမ်းနည်းစူးနင့်လာကာ သူ့ကိုဖက်၍ သူ့ရင်ခွင်ထဲ အတင်းတိုးဝင်၍ ငိုလိုက်ချင်စိတ်ကို ခဲခဲယဉ်းယဉ်း တင်းဆည်ထားရသည်။ သူနှင့်ကိုယ်ဟာ မင်္ဂလာဆောင်စဉ်က လက်ချင်းချိတ်တွဲဖူးတာကလွဲပြီး မထိမတို့ မပူးမကပ် ဝေးကွာလှသူတွေဖြစ်၍ စိမ်းသက်ရက်ကြောက်နေမိသည်။ မင်းထင်ဘိုက နုမျစ်ရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ဆွဲယူဖိညှစ်ကာ ...

"ကျွန်တော် အရမ်းစိတ်မကောင်းဘူး"

"......... "

"အားတင်းထားပါနော်၊ နုမျစ်မှာ ... နုမျစ်မှာ ... ကျွန်တော်ရှိပါတယ်"

တအိအိနှင့် ပခုံးတွေ တသိမ့်သိမ့်တုန်အောင် ငိုချလိုက်မိပါသည်။ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်နှင့် တအားကို မွန်းဆို့နေသည်။





"ရက်လည်ပြီးရင် အိမ်ကို ပြန်လိုက်ခဲ့ပါနော်"

"......... "

"ကျွန်တော် သိပါပြီ နုမျစ်၊ ကျွန်တော် နုမျစ် မရှိပဲ နေလို့မရဘူး၊ မနေတတ်ဘူး၊ နုမျစ်က ကျွန်တော့်ဆီက ဘာမှမရယူချင်ဘူးလို့ နားလည်ရပေမဲ့ ကျွန်တော်က နုမျစ်ဆီက ရယူချင်တာတွေ ရှိသေးတဲ့ယ်၊ ရခဲ့ဖူးသမျှလေးကိုလည်း ဆုံးရှုံးမခံနိုင်ပါဘူး"

"......... "

"နုမျစ်ကို ကျွန်တော် သိပ်ချစ်ပါတယ်ဗျာ"

သူ့ကိုပြန်၍ တင်းတင်းကြီး ဆုပ်ကိုင်ထားမိကာ ကိုယ့်အဖြစ်ကိုကိုယ် မယုံကြည်နိုင်လောက်အောင် ခံစားခဲ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



နုမျစ်တို့ဇနီးမောင်နှံ မြို့ကလေးကနေ ရန်ကုန်ပြန်သော နေ့ရက်က ရာသီဥတုလည်း ကြည်လင်သာယာသည်။ အိမ်တံခါးဝမှာ ထွက်ရပ်၍ နှုတ်ဆက်နေသော လူစုံတက်စုံမိသားစုကြီး တစ်ခုလုံးကို လက်ကလေး ဝှေ့ယမ်းပြပြီးလျှင် ကားမောင်းသော မင်းထင်ဘိုရဲ့ ပခုံးစွန်းပေါ် ခေါင်းကလေး အသာမှေးမှီတင်၍ လုံခြုံစိတ်ချစွာ လိုက်ပါလာခဲ့သည်။

***

လမင်းမိုမို



BURMESE CLASSIC .com

www.burmeseclassic.com